သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

တရားအလှူသည် အမြတ်ဆုံးဖြစ်၏

______________________________

______________________________

______________________________

______________________________သို့

ဓမ္မဒါန ပြုပါသည်။

2009. Graphic Design : Shwemyay-Nanda

သဗ္ဗညုတဉာဏ်ရှင် မြတ်စွာဘုရားသခင်နှင့် တကွ

နှစ်ပါးသော အဂ္ဂသာဝက အစုံတို့၏

**ပရိနိဗ္ဗာန် ပြုတော်မူပုံ**

အကြောင်းစုံ အဋ္ဌုပ္ပတ် ပြဆိုအပ်သည့်

**ဝင် ၉-ဝင် အဝင်အပါ**

# ရွှေပြည်ဝင်ဝတ္ထု

ဦးခင်စိုးအမှူးရှိသော ပါဠိဆရာများ
ကြပ်မ,ကြည့်ရှု ပြင်ဆင်သည်။

☆

ရန်ကုန်မြို့
ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်

# နိဒါန်း

**ဝံသကျမ်းများ**

"ဝနောတိ ပဝတ္တတီတိ ဝံသော-သန္တာနော" ဟူသော ဓာတွာဒိမောဂ္ဂလာန် ဝိဂ္ဂြိုဟ်, "ဝံသော တန္တိပဝေဏီ"ဟူသော မဟာဝံသဋီကာနှင့်အညီ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအဍ္ဍုပ္ပတ်ကို ပြဆိုသော ကျမ်းများသည် "**ဝံသကျမ်း**"မည်၏၊ ထိုဝံသကျမ်းသည် (၁) ဗုဒ္ဓဝင်, (၂) အနာဂတဝင်, (၃) ဒီပဝင်, (၄) မဟာဝင်, (၅) ဗောဓိဝင်, (၆) ဒါဌာဓာတုဝင်, (၇) နဠာဋဓာတုဝင်, (၈) ထူပဝင်, (၉) ရွှေပြည်ဝင်နှင့်တကွ ဆကေသဓာတုဝင်, သာသနာဝင်, ဂန္ထဝင်, ရာဇဝင်စသောအားဖြင့် များစွာရှိလေသည်။

**၁။ ဗုဒ္ဓဝင်ကျမ်း**

ပွင့်တော်မူပြီးကုန်သော ဘုရားသခင်တို့၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအဍ္ဍုပ္ပတ်ကို ပြဆိုသော မူလ **ဗုဒ္ဓဝင်ပါဠိတော်**, အရှင်မဟာဗုဒ္ဓဒတ္တထေရ် စီရင်တော်မူအပ်သော ဗုဒ္ဓဝင်အဋ္ဌကထာ, အရှင်သောဘိတထေရ် စီရင်တော်မူအပ်သော ဗုဒ္ဓဝင်ဋီကာ-များနှင့်တကွ ရှေးဆရာတို့စီရင်တော်မူအပ်သော ဗုဒ္ဓဝင်ပါဠိတော်နိဿယ, ဗုဒ္ဓဝင်အဋ္ဌကထာ နိဿယ, **ဗုဒ္ဓဝင်ဝတ္ထု** ဟူ၍ ရှိလေသည်။

**၂။ အနာဂတဝင်ကျမ်း**

ပွင့်တော်မူလတ္တံ့သော ဘုရားသခင်တို့၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်း အဍ္ဍုပ္ပတ်ကို ပြဆိုသော မူလ **အနာဂတဝင် ပါဠိတော်**, သီဟိုဠ်ကျွန်း အရှင်မဟာဥပတိဿထေရ် စီရင်အပ်သော အနာဂတဝင် အဋ္ဌကထာ, အမည်မသိဆရာ စီရင်အပ်သော ဒသဗုဒ္ဓ အနာဂတဝင်ပါဠိ-များနှင့်တကွ ရှေးဆရာတို့ စီရင်တော် မူအပ်သော အနာဂတဝင်ပါဠိတော်နိဿယ, အနာဂတဝင်အဋ္ဌကထာနိဿယ, **အနာဂတဝင်ဝတ္ထု** ဟူ၍ ရှိလေသည်။

**၃။ ဒီပဝင် ကျမ်း**

ကျွန်းကြီး ၄–ကျွန်းနှင့်တကွ သီဟိုဠ်စသော ကျွန်းငယ်တို့၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်း အဋ္ဌုပ္ပတ်ကို ပြဆိုသော မူလ **သီဟဠ ဘာသာ ဒီပဝင်**, မာဂဓ ဘာသာဒီပဝင်ပါဠိ, မန္တလေးမြို့ ဒက္ခိဏာရာမ ပဌမ ဘုရားကြီးဆရာတော်စီရင်အပ်သော ဒီပဝင်ဋီကာ-များနှင့်တကွ ရှေးဆရာတို့ စီရင်တော်မူအပ်သော ဒီပဝင် နိဿယ, **ဒီပဝင်ဝတ္ထု** ဟူ၍ ရှိလေသည်။

**၄။ မဟာဝင် ကျမ်း**

မြတ်စွာဘုရားသခင်နှင့်တကွ သာသနာပြု သံဃာတော်များ, သာသနာပြု ဘုရင်မင်းများ၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအဋ္ဌုပ္ပတ်ကို ပြဆိုသော မူလ **သီဟဠဘာသာ မဟာဝင်**, သာသနာ ရှစ်ရာကျော်တွင် သီဟိုဠ်ကျွန်းအရှင်မဟာနာမထေရ် စီရင်အပ်သည့် မာဂဓဘာသာ မဟာဝင်ပါဠိ, နောက်ဆရာတို့ စီရင်အပ်သော မဟာဝင်နောက်ဆက်တွဲခေါ် စူဠဝင်ပါဠိများနှင့်တကွ ရှေးဆရာတို့ စီရင်တော်မူအပ်သော မဟာဝင် နိဿယ,ကျီးသဲလေးထပ်ကျောင်းဆရာတော် စီရင်အပ်သော **မဟာဝင်ဝတ္ထု** ဟူ၍ ရှိလေသည်။

**၅။ ဗောဓိဝင် ကျမ်း**

မဟာဗောဓိနှင့် အာနန္ဒာဗောဓိ ဒက္ခိဏသာခါ ဗောဓိတို့၏ ဖြစ်စဉ်ဖြစ်ရပ်အကြောင်းအဋ္ဌုပ္ပတ်ကို ပြဆိုသော မူလ **သီဟဠဘာသာဗောဓိဝင်**, သီဟိုဠ်ကျွန်းအရှင်မဟာဥပတိဿထေရ်စီရင်အပ်သည့် မဟာဗောဓိဝင်ပါဠိ, ပုဂံပြည် ပေါင်လောင်အရှင်မဟာကဿပစီရင်အပ်သောမဟာဗောဓိဝင်ဋီကာနှင့်တကွ ဒုတိယခုံဆရာတော်စီရင်အပ်သောမဟာဗောဓိဝင် နိဿယ, အမည်မသိဆရာ စီရင်အပ်သော မဟာဗောဓိဝင် ဋီကာနိဿယ, **ဗောဓိဝင်ဝတ္ထု** ဟူ၍ ရှိလေသည်။

**၆။ ဒါဌာဓာတု ဝင်ကျမ်း**

စွယ်တော်မြတ်၏ ဖြစ်စဉ် ဖြစ်ရပ် အကြောင်းအဋ္ဌုပ္ပတ်ကိုပြဆိုသော မူလ **သီဟဠဘာသာ ဒါဌာဓာတုဝင်**, သီဟိုဠ်ကျွန်း အရှင်သဒ္ဓမ္မကိတ္တိထေရ် စီရင်အပ်သော မာဂဓဘာသာ ဒါဌာဓာတုဝင်ပါဠိ, အမည်မသိ

ဆရာစီရင်အပ်သော ဒါဌာဓာတုဝင် ဋီကာ, ဒါဌာဓာတုဝင်နိဿယ, ဒါဌာဓာတုဝင်ဝတ္ထုဟူ၍ ရှိလေသည်။

၇။ နဠာဋဓာတုဝင်ကျမ်း

နဖူးသင်းကျစ်တော်၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအဌုပ္ပတ်ကိုပြဆိုသော အမည်မသိ ဆရာများစီရင်သည့် မူလ နဠာဋဓာတုဝင်ပါဠိ,နဠာဋဓာတုဝင် ဋီကာ,နဠာဋဓာတုဝင်နိဿယ, နဠာဋဓာတုဝင် ဝတ္ထုဟူ၍ ရှိလေသည်။

၈။ ထူပဝင်ကျမ်း

ဟေမမာလီမည်သော သီဟိုဠ်ကျွန်း မဟာစေတီတော်မြတ်၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအဌုပ္ပတ်ကို ပြဆိုသော သီဟိုဠ်ကျွန်း အရှင်ဝါစိဿရထေရ် စီရင်အပ်သည့် မူလထူပဝင်ပါဠိ, အမည်မသိ ဆရာများ စီရင်အပ်သည့် ရှုဠ်ထူပဝင်ပါဠိ, ထူပဝင်နိဿယ, ထူပဝင်ဝတ္ထုဟူ၍ ရှိလေသည်။

၉။ ရွှေပြည်ဝင်ကျမ်းစသည်

မြတ်စွာဘုရားသခင်နှင့် အဂ္ဂသာဝက အရှင်မြတ် ၂-ပါးတို့၏ ပရိနိဗ္ဗာန်ပြုတော်မူပုံ အကြောင်းအရာကို ပြဆိုသော အမည်မသိဆရာ စီရင်သည့် ရွှေပြည်ဝင်ဝတ္ထု, ခြောက်ဆူသော ဆံတော်မြတ်တို့၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအဌုပ္ပတ်ကို ပြဆိုသော အမည်မသိ ဆရာ စီရင်အပ်သည့် ဆကေသဓာတုဝင်ပါဠိ,သာသနာပြု ဆရာအစဉ်အဆက်ကို ပြဆိုသော မောင်းထောင် ဆရာတော် စီရင်သည့် သာသနဝံသပဒီပိကာပါဠိနှင့် သာသနာလင်္ကာရ စာတမ်း, မည်သည့်ကျမ်းဂန်ကို မည်သည့်ဆရာပြုသည်ဟု ကျမ်းဂန်များနှင့် ကျမ်းပြုဆရာများကို ပြဆိုသော အမည်မသိ ဆရာ စီရင်သည့်မူလ ဂန္ထဝင်ပါဠိ, ကျီးသဲလေးထပ်ကျောင်းဆရာတော် စီရင်သည့် ရှုဠ်ဂန္ထဝင်ပါဠိ, မင်းစဉ်မင်းဆက်ကို ပြဆိုသော ရာဇဝင်ကျမ်းဟူ၍ ရှိလေသည်။

ဟံသာဝတီ၏ အာသီသ

ကျွန်ုပ်တို့ ဟံသာဝတီပိဋကတ် ပုံနှိပ်တိုက်၏ အာသီသ ပေါင်တရင်း နှလုံးသွင်းမှာ ပါဠိတော်များ, အဋ္ဌကထာများ, ဋီကာများ, [illegible]များ, ဂန္ထန္တရများ နှင့်တကွ ရှေးသမုတ် [illegible]ကျမ်းများ ရေးသားပေါက်[illegible]

သော ပိဋကတ်တော်လာ စာပေများ, ဝင် ၉–ဝင်နှင့်တကွသော ဝံသ ကျမ်းများ····မတိမ်ကော မပပျောက်စေရန်၎င်း, မသူတော်တရား ပွယ်ပ၍ သူတော်တရားထွန်းကားလာစေရန်၎င်း,ဗုဒ္ဓသာသနာတော် ကြီး စည်ပင်ပြန့်ပွား၍ အဓွန့်ရှည်စွာ တည်စေရန်၎င်း ရည်သန်ပြီး လျှင် အဆက်မပြတ် ပိဋကတ်တော် ကျမ်းစာများကို ရိုက်နှိပ်အပ် သည်ဖြစ်၍ ယခုအခါ ဝင် ၉-ဝင် အကျုံးဝင်သည့် ဤနွေဖြည်ဝင်ဝတ္ထု ကို ရှင်းလင်းသေသပ်သော အထား အသို အပိုအလိုမရှိသောပုဒ်ပါဠိ အဖြတ် အရပ် ကျ-န-သေချာ၍ အက္ခရာပုဒ်ဗျည်း မလိပ်လည်းစေရ အောင် ပါဠိဆရာကြီး ဦးခင်စိုး [သာသနဓဇ သိရိပဝရ ဓမ္မာစရိယ] အမှူးရှိသော ပါဠိဆရာအဖွဲ့အား ကောင်းစွာသုတ်သင် ပြင်ဆင်စေ ကာ စက်တင် ပုံနှိပ်အပ်သည် ဖြစ်ပါကြောင်း။

“ဟံသာဝတီ”

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | အာယုကပ်ပတ်လုံး တည်နေနိုင်ကြောင်း မိန့်တော်မူခဏ်း | .... | ၁ |
| ၂။ | အာယုသင်္ခါရလွှတ်ရန် မာရ်နတ် တောင်းပန်ခဏ်း | .... | ၆ |
| ၃။ | မြေလှုပ်ခြင်း၏အကြောင်းရှစ်ပါး ဟောတော်မူခဏ်း | .... | ၁၄ |
| ၄။ | မာရ်နတ်လျှောက်ပုံ မိန့်တော်မူခဏ်း | .... | ၁၇ |
| ၅။ | ဝေသာလီပြည်မှ ဘဏ္ဍုဂါမသို့ ကြွတော်မူခဏ်း | .... | ၂၂ |
| ၆။ | မဟာပဒေသတရားကို ဟောတော်မူခဏ်း | .... | ၂၀ |
| ၇။ | သားပြွမ်းဆွမ်းကို ဘုဉ်းပေးတော်မူခဏ်း | .... | ၃၃ |
| ၈။ | သောက်တော်ရေ သုံးဆောင်လို၍ စေခိုင်းတော်မူခဏ်း | .... | ၃၆ |
| ၉။ | အာဠာရရသေ့၏ ကာယိန္ဒြေ,သမာဓိန္ဒြေကို ဘုရားသခင်အား လျှောက်ခဏ်း | .... | ၃၉ |
| ၁၀။ | ဘုရားသခင်အား နှုးညံ့သောပုဆိုးနှစ်စုံကို ကပ်လှူပူဇော်ခဏ်း | .... | ၄၂ |
| ၁၁။ | ဥယနေ့မိုးသောက်ယာမ်၌ ပရိနိဗ္ဗာန် ပြုလတ္တံ့-ဟုမိန့်တော်မူခဏ်း | .... | ၄၆ |
| ၁၂။ | စုန္ဒလှူသောဝက်ပျို့သားပြွမ်းဆွမ်းအကျိုးကို ဟောတော်မူခဏ်း | .... | ၄၉ |
| ၁၃။ | ရှင်အာနန္ဒာထေရ်အား ပျောင်းသက်ရန် စမ္မခဏ်တော်ကို ခင်းပေးတော်မူခဏ်း | .... | ၅၃ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၄။ | ပရိနိဗ္ဗာန်ပြုတော်မူခါနီး သက်ရှိ,သက်မဲ့တို့က ပူဇော်ခန်း | .... | ၅၈ |
| ၁၅။ | ဝလာဟကနတ်တို့ ပန်းကုံးကိုယူပြီးလျှင် ကခုန် ကျူးရင့်ပူဇော်ကြခန်း | .... | ၆၁ |
| ၁၆။ | ရှင်အာနန္ဒာအား အကျိုးတရားကို ဟောကြားတော်မူခန်း | .... | ၆၅ |
| ၁၇။ | ခစားလျက်ရှိသော ရှင်ဥပဝါဏမထေရ်အား ဖယ်ရှားစေခန်း | .... | ၆၈ |
| ၁၈။ | ရဟန်းများ၏ ဖူးမြင်ရာအရပ်ကို ဟောကြားတော်မူခန်း | .... | ၇၃ |
| ၁၉။ | မာတုဂါမတို့၌ ကျင့်ရာသောနည်း,အလောင်းတော် သဂြိုဟ်နည်းကို လျှောက်ခန်း | .... | ၇၆ |
| ၂၀။ | ရှင်အာနန္ဒာမထေရ်အား တရားဓမ္မဖြင့် ဟောပြတော်မူခန်း | .... | ၈၀ |
| ၂၁။ | သုဘဒ်ပရိဗိုဇ်အား အမြိုက်ဆေးဓမ္မောသဓဖြင့် ဩဝါဒပေးတော်မူခန်း | .... | ၈၅ |
| ၂၂။ | ဆန္နရဟန်းကို ဗြဟ္မဒဏ်ပေးရစ်-ဟုမိန့်တော်မူ၍ ရွှေပြည်နိဗ္ဗာန်စံဝင်တော်မူခန်း | .... | ၈၉ |
| ၂၃။ | အလောင်းတော်ကိုမချီနိုင်၍ အနုရုဒ္ဓါမထေရ်အား မေးလျှောက်ကြခန်း | .... | ၉၆ |
| ၂၄။ | ရှင်မဟာကဿပမထေရ် ရဟန်းငါးရာနှင့် ကြွလာတော်မူခန်း | .... | ၉ |
| ၂၅။ | သုဘဒ်ရဟန်းတဦး ရန်ငြိုးထားသည်ကို ပြဆိုခန်း | .... | ၁၀၀ |
| ၂၆။ | အလောင်းတော်ကို မီးမတောက်လောင်၍ ရှင်အနုရုဒ္ဓါအား လျှောက်ခန်း | .... | ၁၀၄ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၇။ | ပရိနိဗ္ဗာန်စံသည်ကို အဇာတသတ်မင်းအား လျှောက်ထားရာ မိန်းမောတွေဝေခဏ်း | .... | ၁၀၈ |
| ၂၈။ | ဒေါဏပုဏ္ဏားမာတ်တော်ဝေခဏ်း | .... | ၁၁၂ |
| ၂၉။ | လက်ျာတော်ရံ ရှင်သာရိပုတ္တရာမထေရ်မြတ် ပရိနိဗ္ဗာန် စံဝင်တော်မူခဏ်း | .... | ၁၁၆ |
| ၃၀။ | အရှင်မောဂ္ဂလာန်မထေရ် ပရိနိဗ္ဗာန် စံဝင်တော်မူခဏ်း | .... | ၁၂၆ |

# ရွှေပြည်ဝင်ဝတ္ထု

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ။

## ၁။ အာယုကပ်ပတ်လုံး တည်နေနိုင်ကြောင်း မိန့်တော်မူခဏ်း

ဗု,ဓံ,သံ,နှ|ပဏာမဂိုဏ်း|ပိုင်းခဲ့ပြီးမှ သုံးလောကာဓိပတိ သိရီပဝရဓမ္မသာမိ ဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည် မည်တွင်သာချို ရာဇဂြိုဟ်ပြည်နဂရ၌ လင်းတနှင့်တူသော တောင်ထွတ်တောင်ဖျား ထင်ရှား ရှိခြင်းကြောင့် ဖွင့်လင်းမြွက်ဘော် ခေါ်ဝေါ် သမုတ်အပ်သော ဂိဇ္ဈကုဋ်တောင်မှသည် အစဉ်အားဖြင့် ကြွသွားတော်မူပြီး၍ အသီးသီးအဝဝ တရားဓမ္မတို့ကို မိန့်ဟတိုက်ကျွေး ဩဝါဒပေးပြီးလျှင် အစဉ်အားဖြင့် များစွာသော ရဟန်းအပေါင်းတို့နှင့်တကွ ကြွသွားလှည့်လည်တော်မူခဲ့ရာ ဝေသာလီပြည်သို့ ရောက်တော်မူပြီးသည်ရှိသော် ဘုန်းတော်ခြောက်တန် ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသောမြတ်စွာဘုရားသခင်သည် နံနက်သောအခါ၌ ညီညွတ်စွာသင်္ကန်းကို ဆင်မြန်းဝတ်ရုံတော်မူ၍ ဆွမ်းအလို့ငှါ ဝေသာလီပြည်သို့ ကြွချီလှမ်းဝင်တော်မူ၏။

ထိုသို့ လှမ်းဝင်ကြွချီ လှည့်လည်တော်မူ၍ ဆွမ်းပြည့်စုံပြီးသည် ရှိသော် ဆွမ်းခံရွာမှဘဲခဲ့၍ ရှည်သောသက်တော်ရှိသော ရှင်အာနန္ဒာကို သာယာမြွက်ဘော် ခေါ်တော်မူ၏၊အဘယ်သို့ခေါ်တော်မူသနည်း ဟူမူကား—

> "ချစ်သားအာနန္ဒာ....စမ္မခဏ်တော်ကို ယူခဲ့လော့၊အကြင်အရပ်၌ စာပါလအမည်ရှိသော နတ်၏နေရာသည်ရှိ၏၊ထိုအရပ်သို့နေ့သန့်ခြင်းငှါ ကောင်းစွာကပ်တော်မူကုန်အံ့"—

ဤသို့လျှင် ရှင်အာနန္ဒာကို သာယာစွာသော စကားဖြင့် မိန့်ကြားတော်မူ၏၊ထိုသို့မိန့်ကြားတော်မူသောအခါ ရှင်အာနန္ဒာသည် မြတ်စွာဘုရားသခင်၏ ဗျာဒိတ်သံကို နာခံမှတ်သား"ကောင်းပါပြီဘုရား"ဟု ဝန်ခံခြင်းပြုပြီး၍ စမ္မခဏ်တော်ကို ကိုင်ယူပြီးလျှင် ဘုရားသခင် ကြွမြန်းတော်မူရာသို့ နောက်တော်မှ အစဉ်လိုက်၏၊ ထိုအခါ မြတ်စွာဘုရားသခင်သည် အကြင်အရပ်၌ စာပါလအမည်ရှိသော နတ်၏နေရာသည်ရှိ၏၊ထိုအရပ်သို့ ချဉ်းကပ်တော်မူပြီးလျှင် ခင်းထားအပ်သော နေရာ၌ ကောင်းစွာဣန္ဒြေဖြင့် စံနေတော်မူ၏။

အရှင်အာနန္ဒာလည်း မြတ်စွာဘုရားသခင်ကို ရိုသေစွာရှိခိုး၍ တင့်အပ်လျောက်ပတ်သော အရပ်၌နေ၏၊ ထိုသို့ တင့်အပ် လျောက်ပတ်သောအရပ်၌ နေပြီးသော် သက်တော်ရှည်သော အာနန္ဒာထေရ်ကို ဤဆိုလတ္တံ့သောစကားဖြင့် မိန့်ကြားတော်မူ၏။

"ချစ်သားအာနန္ဒာ....

(၁) ဝေသာလီပြည်သည် မွေ့လျော်ဘွယ်ရှိ၏။

(၂) ဥဒေန အမည်ရှိသော နတ်၏နေရာအရပ်သည် မွေ့လျော်ဘွယ်ရှိ၏။

(၃) ဂေါတမအမည်ရှိသော နတ်၏နေရာအရပ်သည် မွေ့လျော်ဘွယ်ရှိ၏။

(၄) သတ္တမ္ဗ အမည်ရှိသော နတ်၏ နေရာအရပ်သည် မွေ့လျော်ဘွယ်ရှိ၏။

(၅) ဗဟုပုတ္တအမည်ရှိသော နတ်၏ နေရာအရပ်သည် မွေလျော်ဘွယ်ရှိ၏။
(၆) သာရန္ဒဒအမည်ရှိသော နတ်၏နေရာအရပ်သည် မွေ့လျော်ဘွယ်ရှိ၏။
(၇) စာပါလအမည်ရှိသော နတ်၏နေရာအရပ်သည် မွေ့လျော်ဘွယ်ရှိ၏။

ချစ်သားအာနန္ဒာ····တစုံတယောက်သော ပုဂ္ဂိုလ်သည် လေးပါးကုန်သော ဣဒ္ဓိပါဒ်တို့ကို ပွားစေအပ်ကုန်၏၊ အဘန်တလဲလဲ အလေ့အလာ ပြုအပ်ကုန်၏၊တည်ရာကိုကဲ့သို့ပြုအပ်ကုန်၏၊အဘန်တလဲလဲ ဖြစ်စေအပ်ကုန်၏၊ အဘန်တလဲလဲ ပွားစေအပ်ကုန်၏၊ အလွန်အားထုတ်အပ်ကုန်၏၊ ထိုပုဂ္ဂိုလ်သည် အလိုရှိသော် အာယုကပ်ပတ်လုံးလည်း တည်နိုင်ရာ၏၊ အနှစ်တရာထက် အလွန်မူလည်း တည်နိုင်ရာ၏'' ဟု အမှတ်မရှိသောအားဖြင့် ဟောကြားတော်မူပြီး၍ တဘန် အမှတ်မရှိမူ၍ ဟောပြတော်မူလိုရကား–

> ''ချစ်သား အာနန္ဒာ····စင်စစ်အားဖြင့် ငါဘုရားသည်မူလည်း လေးပါးသော ဣဒ္ဓိပါဒ်တို့ကို ယာဉ်ဆိုခဲ့တိုင်းသော နည်းအားဖြင့် ပွားများအားထုတ်၍အလိုရှိသည်ဖြစ်အံ့၊အာယုကပ်ပတ်လုံးငှင်း,အနှစ်တရာထက်အလွန်မူငှင်းတည်နိုင်ရာ၏''။

## အာယုကပ်မတည်ခြင်းအကြောင်း

[ဤနေရာ၌နန်း ဗုဒ္ဓဝစနဖြင့် နာတိသင်္ခေပဖြစ်ခြင်းကြောင့် ထင်လင်းစွာသိကြစေခြင်းငှါ အဋ္ဌကထာဆရာ၏စကားကို ရေးသားတည့်သွင်းပေအံ့၊ အာယုကပ်ပတ်လုံးငှင်း,အနှစ်တရာထက်အလွန်မူငှင်း တည်နိုင်ရာ၏-ဟူသောစကား၌ ဘုရားရှင်တို့၏အရာမဟုတ်သည်၌ကြိုးဝါးခြင်းမည်သည်မရှိ၊အဘန်တလဲလဲ အမြဲနိစ္စပါတ်သမာပတ်ကို မပြတ်ဆင်ခြင်သည်ဖြစ်အံ့၊ ဤဘဒ္ဒကပ်ပတ်လုံးသာလျှင် တည်နိုင်ရာ၏၊ထိုသို့ဖြစ်လျက် အဘယ့်ကြောင့်မတည်သနည်း-ဟုဤသို့မေးငြားအံ့၊ဥပါဒိဏ္ဏကဖြစ်သောကိုယ်မည်သည်ကိုခေါင်း, နားတူ,ဆံပြီ, သွားတို့ဖြင့်အစရှိသည်သည် နှိပ်စက်အပ်၏၊ ဘုရားတို့မည်သည်ကား ခေါင်း,နားတူ, ဆံဖြူ,သွားကျိုးသည်၏အဖြစ် အစရှိသောသဘောသို့ မရောက်မူ၍ ငါးခုခမြောက်သော ဗုဒ္ဓသက်အဘို့၌ များစွာသော လူအပေါင်းတို့သည် ချစ်နှစ်သက်အပ်, နှလုံးမွေ့ပါးစေတတ်

သောအခါ၌သာလျှင် ပရိနိဗ္ဗာန်ပြုတော်မူကုန်အံ့၊ ထိုသို့ပြုကုန်သည်ရှိသော် မြတ်စွာဘုရားသို့အတုလိုက်၍ သစ္စာလေးပါးတရားကိုသိကုန်သော မဟာသာဝကတို့သည် ပရိနိဗ္ဗာန်ပြုကုန်သည်ရှိသော် ကိုယ်တော်တည်းသာလျှင် ဈာန်သမာပတ်ဝင်စားသကဲ့သို့ဖြစ်၏၊ သာမဏေကယ်အခြံအရံရှိသည်ဖြစ်၍လည်း တည်သည်ဖြစ်၏၊ ထိုသို့တည်ရာဖြစ်သောကြောင့်ဘုရားတို့၏ပရိသတ်သည် အံ့ဩဖွယ်ရှိပေစွ-ဟု ရှုတ်ချကဲ့ရဲ့အပ်သည်အဖြစ်သို့ရောက်ရာ၏၊ထို့ကြောင့်တည်တော်မမူ-ဤသို့ဖြေအပ်၏-ဟု အဋ္ဌကထာဆရာမိန့်ဆိုတော်မူ၏။]

အရှင်အာနန္ဒာသည် မြတ်စွာဘုရားသခင် ဤသို့ပင် ရှန့်ရင်းသော နိမိတ်,အရိပ်အမြွက်ကို သုံးကြိမ်,သုံးတန် အဘန်ဘန် မိန့်ဆိုပြသခြင်း ပြုသည်၌ ထိုးထွင်း၍သိခြင်းငှါမစွမ်းနိုင်။

## ရှင်အာနန္ဒာမသိခြင်းအကြောင်း

[ဤသို့ထိုးထွင်း၍သိခြင်းငှါမစွမ်းနိုင်ရာဌာန၌လည်းဗုဒ္ဓဝစနဖြင့် နာတိသခ်ေပ ဖြစ်ခြင်းကြောင့် ထင်လင်းစွာသိကြစေခြင်းငှါ အဋ္ဌကထာဆရာ၏ စကားကို ရေးသားထည့်သွင်းပေအံ့။ ။ဝသဝတ္တီမာရ်နတ်သည် နှိပ်နင်းလွှမ်းမိုး ထိုးကျင့်အပ်သောစိတ်ရှိသောအခါ အရှင်အာနန္ဒာမှတပါးဖြစ်သော တစုံတယောက်သော ပုထုဇဉ်ပုဂ္ဂိုလ်သည် ထိုးထွင်း၍သိခြင်းငှါ မစွမ်းနိုင်ရာသကဲ့သို့ ထို့အတူသာလျှင် ရှင်အာနန္ဒာမထေရ်သည်လည်း သိခြင်းငှါမတတ်စွမ်းနိုင်။

အဘယ့်ကြောင့် သိခြင်းငှါမစွမ်းနိုင်သနည်းဟူမူကား အကြင်ပုထုဇဉ်ပုဂ္ဂိုလ်သည် အချင်းခပ်သိမ်းအားဖြင့်တဆယ့်နှစ်ပါးကုန်သော ဘောက်ပြန်ကြောင်း ဖြစ်သော သညာစိတ်တို့ကို မပယ်အပ်ကုန်၊ထိုမပယ်အပ်သောပုဂ္ဂိုလ်၏စိတ်ကို နှိပ်စက်အပ်၏၊ ထို့ကြောင့် ရှင်အာနန္ဒာမထေရ်သည်လည်း လေးပါးကုန်သော ဘောက်ပြန်ကြောင်းဖြစ်သော သညာစိတ်တို့ကို မပယ်အပ်ကုန်၊ ထိုသို့လေးပါးသောစိတ်တို့ကို မပယ်အပ်သည်၏ အဖြစ်ကြောင့် ရှင်အာနန္ဒာမထေရ်၏စိတ်ကို မာရ်နတ်သည်နှိပ်နင်းမြှေးရှက်အပ်သောကြောင့် ထိုးထွင်း၍သိခြင်းငှါမစွမ်းနိုင်။

ထိုသို့သိခြင်းငှါမစွမ်းနိုင်အောင် မာရ်နတ်သည် စိတ်ကိုနှိပ်စက်ခြင်းငှါ အဘယ်သို့ပြုသနည်းဟူမူကား ကြောက်မက်ဘွယ်သော အဆင်းကိုလည်းပြ၏၊ အသံကိုလည်းကြားစေ၏၊ ထိုသို့ကြောက်မက်ဘွယ်သော ရူပါရုံကိုမြင်စေခြင်း, သဒ္ဒါရုံကိုကြားစေခြင်းကြောင့် သတ္တဝါတို့သည် ကြောက်မက်ဘွယ်သော ရူပါရုံ,သဒ္ဒါရုံကို မြင်သည်,ကြားသည်ရှိသော် သတိလွတ်ကင်းမေ့လျော့ခြင်းရှိသည်ဖြစ်၍ ဖွင့်သော ခံတွင်း ဟင်းလင်းရှိသည်ဖြစ်ကုန်၏၊ထိုဖွင့်အပ်သောခံတွင်း ဟင်းလင်းရှိကုန်သော သတ္တဝါတို့၏ခံတွင်းသို့ လက်သွင်း၍ နှလုံးသားကိုနှိပ်နယ်သကဲ့သို့ဖြစ်၏၊ ထိုသို့

နှလုံးသားကို နှိပ်နယ်သကဲ့သို့ဖြစ်သောကြောင့် သတိသညာ ကင်းကွာ မိန်းမော ခြင်းရှိကုန်သည်သာလျှင်ဖြစ်၍ တည်ကုန်၏။

မာရ်နတ်သည် ရှင်အာနန္ဒာ၏ခံတွင်းသို့ လက်သွင်းခြင်းငှါ မတတ်နိုင်ပါသော်လည်း ကြောက်မက်ဘွယ်ရှိသောအာရုံကိုပြ၏၊ ထိုကြောက်မက်ဘွယ်ရှိသော အာရုံကိုမြင်၍လျှင် ရှင်အာနန္ဒာသည် ဩဘာနိမိတ်, အရိပ်အမြွက်ပြသောစကားကို ထိုးထွင်းသောအားဖြင့် ထင်ရှားစွာမသိနိုင်။

ထိုသို့မာရ်နတ်နှိပ်စက်ခြင်းကြောင့် ထိုးထွင်း၍မသိနိုင်သည်ကို မြတ်စွာဘုရားသခင်သည် မာရ်ယုတ်နှိပ်စက်သည်၏အဖြစ်ကို သိတော်မူလျက်ပင်လျှင် အဘယ်အကျိုးငှါသုံးကြိမ်မြောက်အောင် မိန့်တော်မူသနည်းဟူမူကား နှောင်သောအခါမှ အာယုကပ်ပတ်လုံးတည်တော်မူပါဘုရား-ဟု လျှောက်ကြား တောင်းပန်သောအခါ၊ ငါဘုရားသည် ချစ်သားအာနန္ဒာအား စကားနိမိတ်, အရိပ်အမြွက်ဖြင့် ဆက်ကာ, ဆက်ကာ သုံးဖြာ, သုံးတန် အဘန်ဘန် မိန့်မြွက်တော်မူစဉ်အခါက အာယုကပ်ပတ်လုံး တည်တော်မူပါဘုရား—ဟု လျှောက်ကြား တောင်းပန်ခြင်း မပြုပါဘဲလျက် ယခုမှပင် အသင်ချစ်သားလျှောက်ကြားတောင်းပန်ခြင်းပြုသည်-ဟု မုနိထွတ်ထားမြတ်ဘုရားသည် မိန့်ကြားမြွက်ဘော် အပြစ်တော်တင်သဖြင့် ရှင်အာနန္ဒာအား များစွာသော စိုးရိမ်ပူဆွေး ငိုကြွေးခြင်း၊အားနည်းသည်၏အဖြစ်ကို ပြုတော်မူလတ္တံ့သောငှါ သုံးကြိမ်မြောက်အောင် အကြောင်းနိမိတ်, အရိပ်အမြွက် မိန့်ဆိုပြသတော်မူသတည်း၊ ဤသို့ဖြေဆိုခြင်းငှါ အဋ္ဌကထာဆရာ မိန့်ဆိုတော်မူ၏။]

ထိုသို့ပြဆိုတော်မူအပ်ခဲ့ပြီးသော နည်းအားဖြင့် လေးပါးသော ဣဒ္ဓိပါဒ်တို့ကို မပြတ်လေ့လာ အားထုတ်ပါမူ "ငါဘုရားသည်မူလည်း အလိုတော်ရှိပါက အာယုကပ်ပတ်လုံးငှင်း, အနှစ်တရာထက်အလွန်မူငှင်း တည်နိုင်ရာ၏"-ဟု မိန့်တော်မူပါလျက် မြတ်စွာဘုရားသခင်ကို ရှင်အာနန္ဒာသည် များစွာသော နတ်,လူတို့၏ အစီးအပွါး အလို့ငှါ ငှင်း,ချမ်းသာတိုးပွါး အကျိုးများခြင်းအလို့ငှါငှင်း"အာယုကပ်ပတ်လုံး တည်တော်မူပါဘုရား"ဟု လျှောက်ကြားတောင်းပန်ခြင်း မပြုနိုင်ဘဲလျှင် နေလေ၏။

ထိုအခါ မြတ်စွာဘုရားသခင်သည်အရှင်အာနန္ဒာကို သာယာမြွက်ဘော် မိန့်တော်မူ၏၊ "ချစ်သားအာနန္ဒာ····ယခုအခါ၌ အသင်သည် အကြင်သွားခြင်း၏အခါကိုသိ၏၊ ထိုသို့သွားခြင်းကို ပြုလော့"ဟု မိန့်တော်မူ၏၊ ထိုသို့မိန့်တော်မူသောအခါ ဟုန်းပေါ်အလွန်ကြီးတော်

ပူသော မြတ်စွာဘုရား၏ အမိန့်တော်ကို "ကောင်းပါပြီ"ဟု ဝန်ခံပြီးလျှင် ရှင်အာနန္ဒာသည် နေရာမှထ၍ မြတ်စွာဘုရားသခင်ကို ရိုသေစွာ ရှိခိုးသဖြင့် လက်ျာရစ်လှည့်သည်ကိုပြု၍ မနီးမဝေးလွန်းသော တခုသောသစ်ပင်ရင်း၌ ချဉ်းကပ်လျက်၊ ဆိတ်ဆိတ်နေလေ၏။

ဤသည်လျှင် အရှင်အာနန္ဒာအား ဘုရားမြတ်စွာသည် "အာယုကပ်ပတ်လုံး တည်တော်မူပါဘုရား"ဟု လျှောက်ကြား တောင်းပန်စေလိုသောကြောင့် ဩဘာနိမိတ်,အရိပ်အရောင်မျှ မိန့်ဟမြွက်ကြားဗျာဒိတ်ထားတော်မူသော အကြောင်းတည်း။

---

## ၂။ အာယုသင်္ခါရလွှတ်ရန် မာရ်နတ် တောင်းပန်ခဏ်း

ထိုသို့လျှင် ရှင်အာနန္ဒာသည် တခုသောသစ်ပင်ရင်း၌ ချဉ်းကပ်နေတော်မူသောအခါ ယုတ်မာသော အကြောင်းကြောင့် မကောင်းသော စိတ်ရှိသော မာရ်နတ်သည် ရှည်သော သက်တော်ရှိသော အရှင်အာနန္ဒာသည် မြတ်စွာဘုရားအထံတော်မှ ဘဲသွား၍ မကြာမီ ဘုရားရှိတော်မူရာအရပ်သို့ချဉ်းကပ်ခစားပြီးလျှင် တင့်အပ်လျှောက်ပတ်သော အရပ်၌နေပြီးသော်ယုတ်မာလှစွာသောမာရ်နတ်သည် မြတ်စွာဘုရားသခင်အား ဤဆိုလတ္တံ့သောစကားဖြင့် လျှောက်ကြား တောင်းပန်လေသည်မှာ–

"ဗြဟ္မာ,နတ်, လူ သုံးဘုံသူတို့၏သခင် အရှင်ဘုရား.... ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော အရှင်ဘုရားသည် ယခုအခါ၌ ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော အရှင်ဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူပါလော့၊မနှိုင်းယှဉ်အပ်သော ကျေးဇူးတော်အစုံ ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော အရှင်ဘုရား....ယခုအခါ၌ မြတ်လှစွာသော အရှင်ဘုရား၏ပရိနိဗ္ဗာန်ပြုအံ့သောအခါတည်း"–

ဤသို့အားဖြင့် ဘုရားသခင်ကိုရိုသေစွာ ဝပ်စင်း၍ ယုတ်မာသော မာရ်နတ်သည် ပရိနိဗ္ဗာန်ပြုစေချင်သည့် အကြောင်းနှင့် တောင်းပန် လျှောက်ကြားလေ၏။

ထိုအခါ မြတ်စွာဘုရားသခင်သည် စင်စစ်အားဖြင့် ဤသို့ဗျာဒိတ်စကားကိုမြွက်ကြားမိန့်ဆိုတော်မူ၏၊အဘယ်သို့မိန့်ဆိုတော်မူသနည်း-ဟူမူကား—

"မကောင်းသော နှလုံးသွင်းရှိသော မာရ်နတ်ယုတ်....အကြင်မျှလောက်သော ကာလပတ်လုံး ငါဘုရား၏ တပည့်သာဝက ဖြစ်ကုန်သော ရဟန်းတို့သည်—

၁။ အထူးထူးသော အရာတို့၌ လိမ်မာကုန်သည် မဖြစ်ကြကုန်သေး။

၂။ ကိုယ်, နှုတ်, နှလုံးကိုဆုံးမနိုင်သည် မဖြစ်ကြကုန်သေး။

၃။ ယုံမှားကင်းသည် မဖြစ်ကြကုန်သေး။

၄။ များစွာသင်ခြင်း, နာခြင်းရှိသည် မဖြစ်ကြကုန်သေး။

၅။ ပိဋကတ်သုံးပုံ အလုံးစုံကို နှုတ်ငုံပိုင်ပိုင် ရွက်ဆောင်နိုင်သည် မဖြစ်ကြကုန်သေး။

၆။ လောကုတ္တရာအား လျော်စွာသော ဝိပဿနာတရားကို အားထုတ်သင့်တင့် ဆောက်တည်၍ကျင့်သည် မဖြစ်ကြကုန်သေး။

၇။ အရိအသေ ဂါရဝဖြင့် ကျင့်ဆောက်တည်နိုင်ခြင်းရှိသည် မဖြစ်ကြကုန်သေး။

(၈) လျောက်ပတ်သော အကျင့်ကို ကျင့်လေ့ရှိသည် မဖြစ်ကြကုန်သေး။

(၉) မိမိဥစ္စာဖြစ်သော တရားကို အားထုတ် သင်ယူ၍ သူတပါးတို့အား ဟောကြားပြသ မဆုံးမနိုင်ကြကုန်သေး။

(၁၀) မိမိဥစ္စာဖြစ်သော တရားကို အပြားအားဖြင့် တပါးသော ပုဂ္ဂိုလ်တို့ကို ထုတ်ဆိုမြွက်ချေ မသိစေနိုင်ကုန်၊ မိမိလည်း မသိနိုင်သဖြင့် ဖွင့်ဖြက်ခွဲဝေ အထွေထွေထင်ပြင်သည်ကို မပြုနိုင်ကြကုန်သေး။

(၁၁) သူတပါး သန္တာန်၌ ဘောက်ပြန်သော အယူကို ဟုတ်မှန်သော အကြောင်းနှင့်တကွ ကောင်းစွာ နှိပ်နင်းခြင်းဖြင့်နှိပ်၍ အကျိုးစီးပွါးနှင့် စပ်သော တရားကို မဟောကြားနိုင်ကြကုန်သေး။

ထိုမျှလောက်သော ကာလပတ်လုံး, ငါဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မမူ"–

ဟု ဤသို့အားဖြင့် မာရ်နတ်သားကို မိန့်ကြားတော်မူ၏။

ဤသို့ မိန့်တော်မူသောအခါ ယုတ်မာသော နှလုံးသွင်းရှိသော မာရ်နတ်က–

"သတင်းဂုဏ်ထူး ချီးကျူးအံ့ဩ၍မကုန်နိုင်သော သုံးဘုံသခင် အရှင်ဘုရား.... ယခုအခါ၌ အရှင်ဘုရား၏ တပည့်သားတော် ဖြစ်ကုန်သော သာဝကရဟန်းတို့သည် အထူးထူးသော အရာ၌ လိမ်မာကျွမ်းကျင် စွမ်းအင်မယုတ် ကိုယ်,နှုတ်,နှလုံး ဆုံးမနိုင်စွာ ရွှံ့ရှာကင်းရှင်းသဖြင့် များစွာသောသင်ခြင်း,နာခြင်းရှိကုန်သည်ဖြစ်၍ သုံးပုံသော ပိဋကတ်ကို မပြတ်နိစ္စာ လေ့လာ ဆောင်ရွက်လျက် အရိယမဂ် အားလျော်သော ဝိပဿနာအကျင့်ကို အရိအသေ ကျင့်ဆောက်-တည်၍ လျောက်ပတ်စွာ ကျင့်လေ့ရှိကြပါကုန်ပြီ။

မိမိဆရာ၏ ပညာအတတ်ဖြစ်သောတရားကို အားထုတ် သင်ယူ၍ သူတပါးတို့အား ဟောကြားပြသ ဆုံးမစကား အပြားအားဖြင့် ထင်ရှားသိစေကုန်၍ ဖွင့်မြွက်ခွဲဝေ ထင်မြင်စေသည်ကို ပြုနိုင်ကြပါကုန်ပြီ၊ သူတပါးသန္တာန်၌ဖြစ်သောဘောက်ပြန်သောအယူကို ဟုတ်မှန်သော အကြောင်းနှင့်တကွ ကောင်းစွာနှိပ်နင်းခြင်းဖြင့်နှိပ်၍ အကျိုးစီးပွါးနှင့် စပ်သောတရားကို ဟောကြားနိုင်ကြ ပါကုန်ပြီ။

လောကသုံးပါး၌ ထင်ရှားကျော်စောတော်မူသော မြတ်စွာသခင် အရှင်ဘုရား....ယခုအခါ၌ ဘုန်းတန်ခိုးနှင့်ပြည့်စုံတော်မူသော အရှင်ဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော အရှင်ဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ လောကသုံးခွင် ဘုံအပြင်၌ နှိုင်းယှဉ်ဘက်ပြိုင်စရာ မရှိပါသော မြတ်စွာ

ဘုရား····ယခုအခါ၌ ကောင်းသောလာခြင်း ရှိတော်မူသော အရှင်ဘုရားသည် ပရိနိဗ္ဗာန်ပြုအံ့သောအခါတန်ပါပြီ”။

ဤသို့အားဖြင့် ဘုရားသခင်၏ ထံပါးသို့ ခစားချဉ်းကပ် ပြီးလျှင် မာရ်နတ်သည် ပရိနိဗ္ဗာန်ပြုတော်မူပါမည့်အကြောင်း တောင်းပန်လျှောက်ကြားလေ၏။

ထိုအခါ မြတ်စွာဘုရား သခင်သည် ဤသို့သော ဗျာဒိတ်စကားဖြင့် မိန့်ကြားမြွက်ဆိုတော်မူ၏၊အဘယ်သို့မိန့်ကြား မြွက်ဆိုတော်မူသနည်းဟူမူ—

“မကောင်းသောသဘောရှိသောမာရ်ယုတ်···· အကြင်မျှလောက်သော ကာလပတ်လုံး ငါဘုရား၏တပည့် သမီးတော်ဖြစ်ကုန်သော သီတင်းသည်မတို့သည် အထူးထူးသောအရာတို့၌လိမ်မာသည် မဖြစ်ကြကုန်သေး၊ ကိုယ်,နှုတ်,နှလုံးကိုမဆုံးမနိုင်ကြကုန်သေး၊ယုံမှားကင်းသည် မဖြစ်ကြကုန်သေး၊ များစွာသင်ခြင်း,နာခြင်းရှိသည်မဖြစ်ကြကုန်သေး၊ ပိဋကတ်သုံးပုံအလုံးစုံကိုနှုတ်ငုံပိုင်ပိုင် ရွက်ဆောင်နိုင်သည်မဖြစ်ကြကုန်သေး၊ လောကုတ္တရာအားလျော်သော ဝိပဿနာတရားကို အားထုတ်သင့်တင့်ဆောက်တည်၍ ကျင့်ကြံနိုင်သည် မဖြစ်ကြကုန်သေး။

လျောက်ပတ်သော အကျင့်ကိုကျင့်လေ့ရှိသည် မဖြစ်ကြကုန်သေး၊ မိမိဥစ္စာဖြစ်သောတရားကိုအားထုတ်သင်ယူ၍ သူတပါးတို့အား ဟောကြားပြသ မဆုံးမနိုင်ကြကုန်သေး၊ မိမိဥစ္စာဖြစ်သောတရားကိုအပြားအားဖြင့် တပါးသောပုဂ္ဂိုလ်တို့ကို ထုတ်ဆိုမြွက်ချေ မသိစေနိုင်ကုန်၊ မိမိလည်း မသိနိုင်သဖြင့် ဖွင့်မြွက်ခွဲဝေ အထွေထွေ ထင်မြင်သည်ကို မပြုနိုင်ကြကုန်သေး၊ သူတပါးသန္တာန်၌ဖြစ်သော ဘောက်ပြန်သောအယူကို ဟုတ်မှန်သော အကြောင်းနှင့်တကွ ကောင်းစွာနှိပ်နင်းခြင်းဖြင့်နှိပ်၍ အကျိုးစီးပွါးနှင့် စပ်သောတရားကို မဟောကြားနိုင်ကြကုန်သေး၊ ထိုမျှလောက်သော ကာလပတ်လုံး ငါဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မမူ”ဟု ဤသို့အားဖြင့် မာရ်နတ်သားကို မိန့်ကြားတော်မူ၏။

ဤသို့မိန့်တော်မူသောအခါ ယုတ်မာသော စိတ်ရှိသော မာရ်နတ်က—

"သတင်းနှံ့ကျော် ထင်ပေါ်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံတော်မူသော အရှင်ဘုရား····ယခုအခါ၌ အရှင်ဘုရား၏ တပည့်သမီးတော်ဖြစ်ကုန်သော သီတင်းသည်မတို့သည် အထူးထူးသောအရာ၌ လိမ်မာကျွမ်းကျင်စွမ်းအင်မယုတ် ကိုယ်,နှုတ်,နှလုံးဆုံးမနိုင်စွာ ရှိရှာကင်းရှင်းသဖြင့် များစွာသောသင်ခြင်း, နာခြင်းရှိကုန်သည် ဖြစ်၍ သုံးပုံသောပိဋကတ်ကို မပြတ်နိစ္စာ လေ့လာဆောင်ရွက်လျက် အရိယမဂ်အားလျော်သော ဝိပဿနာအကျင့်ကို အရှိအသေ ကျင့်ဆောက်တည်၍ လျောက်ပတ်စွာ ကျင့်လေ့ရှိကြပါကုန်ပြီ။

မိမိဆရာ၏ ပညာအတတ်ဖြစ်သော တရားကို အားထုတ်သင်ယူ၍ သူတပါးတို့အား ဟောကြားပြသ ဆုံးမစကား အပြားအားဖြင့် ထင်ရှားသိစေကုန်ပြီးလျှင် ဖွင့်မြွက်ခွဲဝေ ထင်မြင်စေသည်ကို ပြုနိုင်ကြပါကုန်ပြီ။

သူတပါးသန္တာန်၌ဖြစ်သော ဘောက်ပြန်သောအယူကို ဟုတ်မှန်စွာသောအကြောင်းနှင့်တကွ ကောင်းစွာနှိပ်နင်းခြင်းဖြင့်နှိပ်၍ အကျိုးစီးပွားနှင့်စပ်သော တရားကို ဟောကြားနိုင်ကြပါကုန်ပြီ။

လောကသုံးထပ် ဘုံသုံးရပ်၌ မြတ်သော ပူဇော်အထူးကို ခံတော်မူထိုက်သော အရှင်ဘုရား···· ယခုအခါ၌ သာယာစွာသောစကားကို ဖွင့်ဆိုတော်မူတတ်သော အရှင်ဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ လူ,နတ်,ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ပုန်းအောင်းမှီခိုရာဖြစ်သော အရှင်ဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထိုးထွင်း၍ ထင်လင်းစွာ သိတော်မူသော မြတ်စွာဘုရား···· ယခုအခါ၌ ငါးဖြာသော မုနိတို့ထက် ထူးကဲလွန်မြတ်တော်မူသော အရှင်ဘုရား၏ ပရိနိဗ္ဗာန် ပြုအံ့သောအခါ တန်ပါပြီ"။

ဤသို့အားဖြင့် မာရ်နတ်သည် ဘုရားသခင်ကို ပရိနိဗ္ဗာန်ပြုတော်မူပါမည့်အကြောင်းနှင့် တောင်းပန်လျှောက်ကြားလေ၏။

ထိုအခါ မြတ်စွာဘုရားသခင်သည် ဤသို့သော ဗျာဒိတ်စကားဖြင့် မိန့်ကြားတော်မူ၏၊အဘယ်သို့ မိန့်ကြားတော်မူသနည်း ဟူမူကား–

"မကောင်းသော သဘောရှိသောမာရ်ယုတ်....

(၁) အကြင်မျှလောက်သော ကာလပတ်လုံး ငါဘုရား၏ သာသနာတော်သည် ပြည့်စုံကြည်လင် စည်ပင်ပွံ့ပွား အများသိအပ်သည် မဖြစ်သေး။

(၂) ခပ်သိမ်းသော အခြင်းအရာဖြင့် အထူးထူးသော ဖြစ်ခြင်းရှိသည် မမည်သေး။

(၃) အကြင်မျှလောက် အလွန်လျှင် နတ်, လူ အပေါင်းတို့သည် ကောင်းစွာသိအပ်သည် မဖြစ်ကုန်သေး။

ထိုမျှလောက်သော ကာလပတ်လုံး ငါဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မမူ" ဤသို့အားဖြင့် မြတ်စွာဘုရားသည် မိန့်ကြားတော်မူ၏။

ထိုသို့မိန့်ကြားတော်မူသောအခါ ယုတ်မာသောနှလုံးသွင်းရှိသော မာရ်နတ်သားက "သတင်းပွံ့လိုင် သုံးခရိုင်တွင် ပြိုင်ယှဉ်ဘက်မရှိသဖြင့် အတိသေဋ္ဌဖြစ်တော်မူသော အရှင်ဘုရား.... ယခုအခါ၌ အရှင်ဘုရား၏ သာသနာတော်သည် ပြည့်စုံကြည်လင် စည်ပင်ပွံ့ပွား အများသိအပ်သည်ဖြစ်ပါပြီ၊ ခပ်သိမ်းသော အခြင်းအရာဖြင့် အထူးထူးသောဖြစ်ခြင်းရှိပါပြီ၊ အလွန်လျှင် အကြင်မျှလောက်သော နတ်, လူ အပေါင်းတို့သည် ကောင်းစွာသိအပ်သည် ဖြစ်ပါပြီ၊ မနှိုင်းယှဉ်အပ်သော ကျေးဇူးတော်ဂုဏ်တော်နှင့်ပြည့်စုံတော်မူသောအရှင်ဘုရား.... ယခုအခါ၌ အရှင်ဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ အမျိုးအနွယ်အားဖြင့် တင့်တယ် မြင့်မြတ်တော်မူသော အရှင်ဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ လူသုံးပါးတို့၏ ကိုးကွယ်မှီခိုရာဖြစ်တော်မူသော မြတ်စွာဘုရား.... ယခုအခါ၌ အရှင်ဘုရား၏ ပရိနိဗ္ဗာန်ပြုအံ့သောအခါ တန်ပါပြီ" ဤသို့အားဖြင့် မာရ်နတ်သားသည် ဘုရားသခင်ကို ပရိနိဗ္ဗာန်ပြုတော်မူပါမည့် အကြောင်းနှင့် တောင်းပန်လျှောက်ကြားလေ၏။

ဤသို့လျှင် သုံးကြိမ်မြောက်အောင် တောင်းပန်သောအခါ မြတ်စွာဘုရားသခင်သည် မာရ်နတ်သားအား ဤသို့သော မျှော်ဒိဋ်စကားကို မိန့်ကြားတော်မူသည်မှာ—

"ဟယ် မာရ်ယုတ်····သင်သည် ရှစ်ခုမြောက်သောသတ္တာဟမှစ၍ ပရိနိဗ္ဗာန်ပြုတော်မူပါ,ပရိနိဗ္ဗာန်ပြုတော်မူပါ-ဟု အခါခါဆိုမြည်တမ်း လျက် လှည့်လည်ဘိ၏၊ ယနေ့မှစ၍ အားထုတ်ခြင်း ကင်းသည် ဖြစ် လေ့၊ငါဘုရားအား ပရိနိဗ္ဗာန်ပြုစိမ့်သောငှါ လုံ့လမပြုလင့်၊ကြောင့် ကြမဲ့နေလေ့၊ မကြာမြင့်မီလျှင် ငါဘုရားသည် ဤလမှ သုံးလအလွန် တွင် ပရိနိဗ္ဗာန်ပြုတော်မူအံ့"ဟုမိန့်တော်မူ၏၊ထိုသို့မိန့်တော်မူပြီးသော အခါ မြတ်စွာဘုရားသခင်သည် စာပါလ အမည်ရှိသောစေတီ၌ သတိ ပညာနှင့် ပြည့်စုံသည်ဖြစ်၍ အာယုသင်္ခါရကို လွှတ်တော်မူ၏။

### အာယုသင်္ခါလွှတ်ခြင်း အဓိပ္ပါယ်

[ထို အာယုသင်္ခါရကို လွှတ်တော်မူသည်-ဟူရာ၌ အဋ္ဌကထာဆရာ၏ စကားကို ရေးသားထည့်သွင်းပေအံ့။ ။အာယုသင်္ခါရကို လွှတ်တော်မူ ရာ၌ မြတ်စွာဘုရားသခင်သည် လက်တော်ဖြင့် အုဋ္ဌကျောက်ခဲကို စွန့် လွှတ်သကဲ့သို့၊ ဇီဝိတိန္ဒြေကို ပြုပြင်တတ်သော ဖလသမာပတ်ကို စွန့်လွှတ် တော်မူသည်မဟုတ်၊ စင်စစ်သော်ကား- သုံးလမျှသာလျှင် သမာပတ်ကို ဝင်စား၍ ထိုသုံးလမှနောက်၌ ဝင်စားတော် မမူအံ့–ဟု ဤသို့ စိတ်ကိုဖြစ် စေတော်မူ၏၊ထိုသုံးလမျှသာလျှင် သမာပတ်ကိုဝင်စားအံ့၊သုံးလမှ နောက် ၌ သမာပတ်ကို မဝင်စားအံ့–ဟု စိတ်ကို ဖြစ်စေတော်မူသည် ကိုရည်၍ စွန့်လွှတ်၏-ဟု ဆိုအပ်၏။ ။ဤကား အဋ္ဌကထာဆရာ၏ စကားတည်း။]

မြတ်စွာဘုရားသခင်သည် အာယုသင်္ခါရကို လွှတ်တော်မူသည်ရှိ သော် ကြောက်ထိတ်လန့်ခြင်းကိုဖြစ်စေတတ်သော ကြက်သီးမွေးညှင်း ကိုဖြစ်စေတတ်သော တသောင်းသော လောကဓာတ်သည် ပြင်းစွာ လှုပ်၏၊ ကောင်းကင်၌ဖြစ်သော မိုဃ်းသံတို့သည်မြည်ကုန်၏၊ ထိုအခါ မြတ်စွာဘုရားသခင်သည် အကြောင်းကို သိတော်မူ၍ ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ကျူးရင့်တော်မူဟန်ကား–

> တုလ မတုလဉ္စ သမ္ဘဝံ၊
> ဘဝသင်္ခါရ မဝဿဇိ မုနိ၊
> အဇ္ဈတ္တရတော သမာဟိတော၊
> အဘိန္ဒိ ကဝစမိဝ-တ္တသမ္ဘဝန္တိ။ ။

**အနက်ကား။** ။သမ္ဗုဝံ၊ ဘဝသစ်၌ဖြစ်ခြင်း၏ အကြောင်းဖြစ်ထသော။ ဘဝသံ ဒါရိ၊ ဘဝသစ်ကိုပြုပြင်တတ်ထသော။ တုလဋ္ဌ၊ ကာမာဝစရကံကိုရင်း။ [တနည်းကား။] ကာမာဝစရကံ, ရူပါဝစရကံကိုရင်း။ [တနည်းကား။] နည်းသောအကျိုးကို ပေးတတ်သော ကံကိုရင်း။ အတုလဋ္ဌ၊ ရူပါဝစရကံကိုရင်း။[တနည်းကား။]အရူပါဝစရကံကိုရင်း။ [တနည်းကား။] များစွာသော အကျိုးကိုပေးတတ်သော ကံကိုရင်း။ မုနိ၊ မြတ်စွာဘုရားသည်။ အဇ္ဈတ္တရတော၊ မိမိ၏ သန္တာန်၌ မွေ့လျော်သည်ဖြစ်၍။ သမာဟိတော၊ ဥပစာရသမာဓိဖြင့် တည်ကြည်သောစိတ်ရှိသည်ဖြစ်၍။ အဝဿဇိ၊ စွန့်ပြီ။ အတ္တသမ္ဘဝံ၊မိမိသန္တာန်၌ ဖြစ်သောကိလေသာ အပေါင်းကိုလည်း။ မဟာရောမော၊ သူရဲကြီးသည်။ သင်္ဂါမေ၊စစ်မြေပြင်၌။ ကဝစံ၊ကာကို။ အဘိန္ဒိဝ၊ ဖျက်ဆီးသကဲ့သို့။ အဘိန္ဒိ၊ ဖျက်ဆီးပြီ။ဣတိ၊ ဤသို့။ဥဒါနံ၊ဥဒါန်းကို။ဥဒါနေသိ၊ ကျူးရင့်တော်မူ၏။

## ဥဒါန်းကျူးရင့်ခြင်းအကြောင်း

[ဤဥဒါန်းကျူးရင့်သော အရာ၌ အဋ္ဌကထာဆရာ၏စကားကိုရေးသားထည့်သွင်းပေအံ့။ ။အဘယ့်ကြောင့် ဥဒါန်းကျူးရင့်တော်မူသနည်း ဟူမူကား မြတ်စွာဘုရားသခင်၏ နောက်မှ အစဉ်လိုက်၍ ''အရှင်ဘုရား…ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ အရှင်ဘုရား….ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ အရှင်ဘုရား….ပရိနိဗ္ဗာန်ပြုတော်မူပါလော့''ဟု ဤသို့လျှင် သုံးကြိမ်မြောက်အောင် ဝသဝတ္တီ မာရ်နတ်သားသည် နှိပ်စက်အပ်သည်ဖြစ်၍ ကြောက်သဖြင့် အာယုသံခါရကို လွှတ်တော်မူ၏-ဟု ဤသို့အားဖြင့် တစုံတယောက်သောသူ မည်သည် ပြောဆိုရာ၏၊ ထိုသူ၏ ပြောဆိုခြင်းအခွင့်သည် မဖြစ်စေလင့်၊ ကြောက်သူအား ပီတိအဟုန်သည် ဖြစ်စေအပ်သော ဥဒါန်းကျူးရင့်ခြင်းမည်သည်မရှိ၊ ထို့ကြောင့် ထိုကြောက်သောသူအား ပီတိအဟုန်သည် ဖြစ်စေအပ်သော ဥဒါန်းကျူးရင့်ခြင်းမရှိသည်၏ အဖြစ်ကို ပြခြင်းအကျိုးငှါ ပီတိအဟုန်သည် လွှတ်အပ်သော ဥဒါန်းစကားကို ကျူးရင့်တော်မူ၏၊ ဤသည်သာလျှင် အဋ္ဌကထာဆရာ၏ စကားတည်း။]

မာရ်နတ်သားသည် ဘုရားသခင်၏ ထံပါးသို့ခစားချည်းကပ်ပြီးလျှင်
အာယုသံခါရလွှတ်တော်မူပါ-ဟု တောင်းပန်သော
အခဏ်းတည်း။

## ၃။ မြေလုပ်ခြင်း၏အကြောင်းရှစ်ပါး ဟောတော်မူခန်း

ထိုအခါ ရှင်အာနန္ဒာအား ဤသို့ အကြံသည် ဖြစ်၏၊ အဘယ်သို့ဖြစ်သနည်းဟူမူကား "အရှင်တို့....အံ့ဘွယ်ရှိစွတကား၊ အရှင်တို့.. မဖြစ်ဘူးသော သဘောရှိသည်ဖြစ်စွတကား၊ အဘယ့်ကြောင့်နည်းဟူမူကား-ကြောက်ခြင်းကိုငှင်း, ကြက်သီးမွေးညှင်းထခြင်းကိုငှင်း ဖြစ်စေတတ်သော ဤမြေလှုပ်ခြင်းသည် ပြင်းစွတကား၊ ဤမြေလှုပ်ခြင်းသည် အလွန်ပြင်းစွတကား၊ကောင်းကင်၌ဖြစ်သောမိုဃ်းသံတို့သည်မြည်ကုန်၏၊ ထို့ကြောင့်အံ့ဘွယ်ရှိ၏၊ပြင်းစွာသောမြေလှုပ်ခြင်း၏ ထင်ရှားဖြစ်သော အကြောင်းကား-အဘယ်နည်း" ဟု ဤသို့သော အကြံသည် ဖြစ်၏။

ထိုအခါ ရှည်သောသက်တော်ရှိသော ရှင်အာနန္ဒာသည် အကြင်အရပ်၌ ဘုရားရှိတော်မူ၏၊ ထိုဘုရားရှိတော်မူရာအရပ်သို့ကပ်၍ မြတ်စွာဘုရားသခင်ကို ရှိသေစွာရှိခိုးပြီး၍ တင့်အပ်လျောက်ပတ်သော အရပ်၌နေ၏၊ ထိုသို့နေပြီးသော် ရှင်အာနန္ဒာသည်မြတ်စွာဘုရားအား ထိုစကားကို လျှောက်ကြား၏၊ "ကြီးမြတ်သော ဘုန်းတန်ခိုး အာနုဘော်ရှိတော်မူသော အရှင်ဘုရား....ပြင်းစွာသော မြေလှုပ်ခြင်း၏ ထင်ရှားဖြစ်သော အကြောင်းကား–အဘယ်ပါနည်း"ဟုဤသို့သော စကားကိုလျှောက်ကြား၏။

ထိုအခါ "ချစ်သားအာနန္ဒာ....ပြင်းစွာမြေလှုပ်ခြင်း၏ ထင်ရှားဖြစ်သော အကြောင်းတို့သည် ဤရှစ်ပါးတို့တည်း၊ အဘယ်ရှစ်ပါးတို့နည်းဟူမူကား–

၁။ "ချစ်သား အာနန္ဒာ..ဤမြေကြီးသည် ရေ၌တည်၏၊ရေသည် လေ၌တည်၏၊ လေသည်ဟင်းလင်းသောကောင်းကင်အပြင်၌ တည်၏၊ချစ်သားအာနန္ဒာ..အကြင်အခါ၌ ပြင်းစွာသောလေ တို့သည်လာကုန်၏၊ထိုပြင်းစွာသောလေတို့သည်လာကုန်သည် ဖြစ်၍ ရေကိုလှုပ်စေကုန်၏၊ လှုပ်သောရေသည် မြေကိုလှုပ်စေကုန်၏။ ။ဤသည်လျှင် ပြင်းစွာသောမြေလှုပ်ခြင်း၏ ထင်ရှားဖြစ်ခြင်း၌ ရှေးဦးစွာသော အကြောင်းတည်း။

၂။ ချစ်သား အာနန္ဒာ····တဘန် တန်ခိုးနှင့် ပြည့်စုံသော အဘိညာဉ်စိတ်၌ လေ့လာသည်၏အဖြစ်သို့ ရောက်သော ရဟန်းသည်၎င်း,ပုဏ္ဏားသည်၎င်း,ကြီးသော တန်ခိုးအစွမ်း အာနုဘော်ရှိသော နတ်သည်၎င်း ရှိသည်ဖြစ်၏၊ ထိုတန်ခိုးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် ကျဉ်းသော ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပထဝီ-ဟူသော အမှတ်သညာကို ပွားစေအပ်သည်ဖြစ်၏၊ကျယ်သော အာပေါကသိုဏ်းလျှင် အာရုံရှိသော ရေ-ဟူသော အမှတ်သညာကို ပွားစေအပ်သည်ဖြစ်၏၊ ထိုတန်ခိုးနှင့်ပြည့်စုံသောပုဂ္ဂိုလ်သည် ဤမြေကြီးကိုလှုပ်စေ၏၊ အလွန်ပြင်းစွာ အောက်, အထက်-ထိုမှ,ဤမှ အေးယင်ကဲ့သို့လှုပ်စေ၏။ ။ဤသည်လျှင်ပြင်းစွာသောမြေလှုပ်ခြင်း၏ထင်ရှားဖြစ်ခြင်း၌ ၂ ခုမြောက်သောအကြောင်းတည်း။

၃။ ချစ်သား အာနန္ဒာ···· တဘန် အကြင်အခါ၌ ဘုရားလောင်းသည် တုသိတာဘုံမှစုတေ၍ သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ အမိဝမ်း၌ ပဋိသန္ဓေယူ၏၊ ထိုအခါ မဟာပထဝီ မြေကြီးသည် ပြင်းစွာ အောက်, အထက်-ထိုမှ,ဤမှ အေးယင်ကဲ့သို့လှုပ်၏။ ။ဤသည်လျှင် ပြင်းစွာသောမြေလှုပ်ခြင်း၏ ထင်ရှားဖြစ်ခြင်း၌ သုံးခုမြောက်သော အကြောင်းတည်း။

၄။ ချစ်သား အာနန္ဒာ····တဘန် အကြင်အခါ၌ ဘုရားလောင်းသည် သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ အမိဝမ်းမှဘွား၏၊ ထိုအခါ မဟာပထဝီမြေကြီးသည် ပြင်းစွာ အောက်, အထက် ထိုမှ,ဤမှ အေးယင်ကဲ့သို့လှုပ်၏။ ။ဤသည်လျှင် ပြင်းစွာသောမြေလှုပ်ခြင်း၏ ထင်ရှားဖြစ်ခြင်း၌ လေးခုမြောက်သော အကြောင်းတည်း။

၅။ ချစ်သား အာနန္ဒာ····တဘန် အကြင်အခါ၌ ငါဘုရားသည် မိမိထက်လွန်သော ဉာဏ်မရှိသော သဗ္ဗညုတဉာဏ်ကို သိ၏၊ ထိုအခါ မဟာပထဝီ မြေကြီးသည် ထိုမှ, ဤမှ-အောက်, အထက် အေးယင်ကဲ့သို့ပြင်းစွာလှုပ်၏။ ။ဤသည်လျှင်ပြင်းစွာ

သောမြေလှုပ်ခြင်း၏ ထင်ရှားဖြစ်ခြင်း၄ါ ငါးခုမြောက်သော အကြောင်းတည်း။

၆။ ချစ်သား အာနန္ဒာ….တဘန် အကြင်အခါ၌ ငါဘုရားသည် အလွန်မြတ်လှစွာသော ဓမ္မစကြာတရားကို ဟောကြား၏၊ ထိုအခါ မဟာပထဝီမြေကြီးသည် ထိုမှ,ဤမှ-အောက်,အထက် အေးယင်ကဲ့သို့ပြင်းစွာလှုပ်၏။ ။ဤသည်လျှင် ပြင်းစွာသော မြေလှုပ်ခြင်း၏ ထင်ရှားဖြစ်ခြင်း၄ါ ခြောက်ခုမြောက်သော အကြောင်းတည်း။

၇၊ ချစ်သား အာနန္ဒာ….တဘန် အကြင်အခါ၌ ငါဘုရားသည် သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ အာယုသင်္ခါရကို လွှတ်တော်မူ၏၊ ထိုအခါ မဟာပထဝီ မြေကြီးသည် ထိုမှ, ဤမှ အောက်,အထက် ့အေးယင်ကဲ့သို့ပြင်းစွာလှုပ်၏။ ။ဤသည်လျှင် ပြင်းစွာသောမြေလှုပ်ခြင်း၏ ထင်ရှားဖြစ်ခြင်း၄ါ ခုနစ်ခုမြောက်သော အကြောင်းတည်း။

၈၊ ချစ်သား အာနန္ဒာ….အကြင်အခါ၌ ငါဘုရားသည် ကမ္မဇရုပ် အကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြု၏၊ ထိုအခါ မဟာပထဝီမြေကြီးသည် ထိုမှ,ဤမှ-အောက်,အထက် အေးယင်ကဲ့သို့ပြင်းစွာလှုပ်၏။ ။ဤသည်လျှင် ပြင်းစွာသော မြေလှုပ်ခြင်း၏ ထင်ရှား ဖြစ်ခြင်း၄ါ ရှစ်ခုမြောက် သော အကြောင်းတည်း။

ချစ်သားအာနန္ဒာ….ဤရှစ်ပါးတို့သည် ပြင်းစွာသောမြေလှုပ်ခြင်း၏ ထင်ရှားဖြစ်သော အကြောင်းတည်း”ဟု မြတ်စွာဘုရားသည် မိန့်ကြားတော်မူ၏။

ဤသည်လျှင် ရှင်အာနန္ဒာအား မြေလှုပ်ခြင်း၏
အကြောင်း ရှစ်ပါးကို ဟောကြားတော်
မူသော အခန်းတည်း။

## ၄။ မာရ်နတ်လျှောက်ပုံမိန့်တော်မူချက်

ဤသို့အားဖြင့်မြေလှုပ်ခြင်း၏အကြောင်းရှစ်ပါးကိုဟောကြားသည့်၏ အခြားမဲ့၌ ရှစ်ပါးစီပင် အစဉ်ခွက်ဟ၍ ယထာက္ကမ အားဖြင့် ပရိသာဋ္ဌဘောဒမ္မ,အဘိဘာယနဋ္ဌဘောဒမ္မ, ဝိမောက္ခဋ္ဌဘောဒမ္မ-ဟူ၍ သုံးမည်သောတရားတို့ကို ဟောကြားတော်မူပြီးမှ—

"ချစ်သား အာနန္ဒာ····ငါဘုရားသည်တပါးသောအခါ၌ ဥရုဝေလ အမည်ရှိသောရွာ နေရဉ္စရာမြစ်၏ ကမ်းနား၌ ဆိတ်ကျောင်းသားတို့ သည်စိုက်အပ်သော အဇပါလညောင်ပင်ရင်း၌ ရှေးဦးစွာ ဘုရားဖြစ် တော်မူ၏၊ထိုအခါ၌ ချစ်သားအာနန္ဒာ···ယုတ်မာသောမာရ်နတ်သည် ချဉ်းကပ်ခစား၍ ငါဘုရားအား "ပရိနိဗ္ဗာန်ပြုတော်မူပါ၊ ပရိနိဗ္ဗာန်ပြု တော်မူပါ"ဟု သုံးကြိမ်မြောက်အောင် တောင်းပန်သောအခါ "ငါ ဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မမူသေး"ဟု ပယ်တော်မူခဲ့၏။

ချစ်သား အာနန္ဒာ··ဤယနေ့အခါ၌ပင်လျှင် စာပါလ-အမည်ရှိသော နတ်ဘီလူး၏ နေရာဖြစ်သော ကျောင်းအရပ်၌ ငါဘုရားနေတော်မူ၏၊ ထိုအခါ ယုတ်မာသော မာရ်နတ်သည်ချဉ်းကပ်ခစား၍ ငါဘုရားအား "ပရိနိဗ္ဗာန်ပြုတော်မူပါ၊ ပရိနိဗ္ဗာန်ပြုတော်မူပါ"ဟု တောင်းပန်သော အခါ "ငါဘုရား၏ တပည့်သားတော်ဖြစ်ကုန်သော ရဟန်းအပေါင်း တို့သည်ငင်း, တပည့်သမီးတော် ဖြစ်ကုန်သော သီတင်းသည်မတို့သည် ငင်း အထူးထူးသောအရာ၌ လိမ်မာကျွမ်းကျင် စွမ်းအင်မယုတ် ကိုယ်, နှုတ်,နှလုံး ဆုံးမနိုင်စွာ ရွံ့ရှာကင်းရှင်းသဖြင့် များစွာသော်သင်ခြင်း, နာခြင်းရှိကုန်သည်ဖြစ်၍ သုံးပုံသော ပိဋကတ်ကို မပြတ်နိစ္စာ လေ့လာ ဆောင်ရွက်လျက်အရိယမဂ်အားလျော်သော ဝိပဿနာအကျင့်ကို အရိ အသေ ကျင့်ဆောက်တည်၍ လျောက်ပတ်စွာ ကျင့်လေ့ရှိသည်မဖြစ် ကြကုန်သေး။

မိမိဆရာ၏ ပညာအတတ်ဖြစ်သော တရားကို အားထုတ်သင်ယူ၍ သူတပါးတို့အား ဟောကြားပြသ ဆုံးမစကား အပြားအားဖြင့် ထင် ရှားသိစေကုန်ပြီးလျှင် ဖွင့်ဖြက်ခွဲဝေ ထင်မြင်စေသည်ကို ပြုနိုင်သည် မဖြစ်ကြကုန်သေး၊ သူတပါးသန္တာန်၌ဖြစ်သော ဘောက်ပြန်သော

အယူဂါကို ဟုတ်မှန်စွာသော အကြောင်းနှင့်တကွ ကောင်းစွာနှိပ်နင်းခြင်းဖြင့်နှိပ်၍ အကျိုးစီးပွါးနှင့်စပ်သော တရားကို မဟောကြားနိုင်ကြကုန်သေး၊ ငါဘုရား၏ သာသနာတော်သည်လည်း ပြည့်စုံကြွယ်လင် စည်ပင်ပျံ့ပွါး အများသိအပ်သည်မဖြစ်ကြကုန်သေး၊ ခပ်သိမ်းသော အခြင်းအရာဖြင့် အထူးထူးသော ဖြစ်ခြင်းမရှိကုန်သေး၊ အလွန်လျှင် အကြင်မျှလောက်သော နတ်,လူအပေါင်းတို့သည် ကောင်းစွာ သိအပ်သည် မဖြစ်ကြကုန်သေး''။

ဤသို့အားဖြင့် ငါဘုရားသည် ဟောကြားမိန့်မြွက် ပယ်ဖျက်တွန်းလှန်၍ ပရိနိဗ္ဗာန် ပြုတော်မမူသေး-ဟု အရေးသင့်စွာ ဟောကြားပါသော်လည်း ယုတ်မာသော မာရ်နတ်သည် ''အရှင်ဘုရား....အရှင်ဘုရား၏ တပည့်သားတော်ဖြစ်ကုန်သောသာဝကတို့သည်ဋင်း, တပည့်သမီးတော်ဖြစ်ကုန်သော သီတင်းသည်မတို့သည်ဋင်း အထူးထူးသော အရာ၌ လိမ်မာကျွမ်းကျင်စွမ်းအင်မယုတ် ကိုယ်,နှုတ်,နှလုံး ဆုံးမနိုင်စွာ ရှံ့ရှာကင်းရှင်းသဖြင့် များစွာသောသင်ခြင်း,နာခြင်းရှိကုန်သည်ဖြစ်၍ သုံးပုံသောပိဋကတ်ကို မပြတ်နိစ္စ လေ့လာဆောင်ရွက်လျက်အရိယမဂ်အားလျော်သော ဝိပဿနာအကျင့်ကိုအရှိ အသေ ကျင့်ဆောက်တည်၍ လျောက်ပတ်စွာကျင့်လေ့ရှိသည်ဖြစ်ကြပါကုန်ပြီ။

မိမိဆရာ၏ ပညာအတတ်ဖြစ်သော တရားကို အားထုတ်သင်ယူ၍ သူတပါးတို့အားဟောကြားပြသ ဆုံးမစကား အပြားအားဖြင့်ထင်ရှား သိစေကုန်ပြီးလျှင် ဖွင့်မြွက်ခွဲဝေ ထင်မြင်စေသည်ကို ပြုနိုင်သည်ဖြစ်ကြပါကုန်ပြီ၊ သူတပါးသန္တာန်၌ ဖြစ်သော ဘောက်ပြန်သော အယူကို ဟုတ်မှန်စွာသောအကြောင်းနှင့်တကွကောင်းစွာနှိပ်နင်းခြင်းဖြင့်နှိပ်၍ အကျိုးစီးပွါးနှင့်စပ်သောတရားကို ဟောကြားနိုင်ကြပါကုန်ပြီ၊ အရှင်ဘုရား၏ သာသနာတော်သည်လည်း ပြည့်စုံကြွယ်လင် စည်ပင်ပျံ့ပွါး အများ သိအပ်သည်ဖြစ်ကြပါကုန်ပြီ၊ ခပ်သိမ်းသော အခြင်းအရာဖြင့် အထူးထူးသောဖြစ်ခြင်းရှိကြပါကုန်ပြီ၊ အလွန်လျှင်အကြင်မျှလောက်ကုန်သောနတ်,လူအပေါင်းတို့သည် ကောင်းစွာသိအပ်သည်ဖြစ်ကြပါကုန်ပြီ''။

ဤသို့အားဖြင့် မာရ်နတ်သားသည် ငါဘုရား၏ထံပါးသို့ ခစားချဉ်းကပ်ပြီးလျှင် ယခင် အဇပါလ ညောင်ပင်ရင်း၌ သီတင်းသုံးနေတော်မူသောအခါ တောင်းပန်လာဘိသကဲ့သို့ ထိုနည်းအတူ သုံးကြိမ်မြောက်အောင် "ပရိနိဗ္ဗာန်ပြုတော်မူပါ၊ အရှင်ဘုရားသည် ယခုအခါ၌ ပရိနိဗ္ဗာန်ပြုအံ့သောအခါတန်ပါပြီ"ဟု တောင်းပန်ခြင်း ပြုသောကြောင့် ''ယခုနေ့မှစ၍ အားထုတ်ခြင်းသည်ဖြစ်သော သင်မာရ်ယုတ်သည် ငါဘုရားပရိနိဗ္ဗာန်ပြုစိမ့်သောငှါ လုံ့လမပြုသင့်၊ ကြောင့်ကြမဲ့ နေလော့၊ မကြာမီပင်လျှင် ငါဘုရားသည် နောင်သုံးလလွန်လျှင် ပရိနိဗ္ဗာန်ပြုတော်မူအံ့"ဟု မိန့်တော်မူလိုက်ပြီ။

ချစ်သား အာနန္ဒာ··ဤယနေ့၌ပင်လျှင် စာပါလ အမည်ရှိသော နတ်ဘီလူး၏နေရာဖြစ်သော ကျောင်း၌ ငါဘုရားသည် သတိသမ္ပဇဉ်အမြဲယှဉ်၍ ပညာဉာဏ်စက္ခုဖြင့် ဆင်ခြင် ကြည့်ရှုတော်မူပြီးလျှင် အာယုသင်္ခါရလွှတ်တော်မူအပ်ပြီ၊ ထို့ကြောင့်သာလျှင် ဤမဟာပထဝီမြေကြီးသည် မြည်ဟီးတုန်လှုပ် အထက်,အောက်ပင် အေးယင်ပုခက်အိုးထိန်းစက်ကဲ့သို့ တသွက်သွက်လှုပ်၏" ဟု သုံးလူ့ထွတ်ထား မြတ်ဘုရားသည်မိန့်ကြားတော်မူ၏။

ထိုသို့မိန့်တော် မူသောအခါ ရှင်အာနန္ဒာသည် မြတ်စွာဘုရားသခင်အား ဤဆိုလတ္တံ့သော စကားဖြင့် ရှေ့နားတော် လျှောက်လေ၏၊ အဘယ်သို့ လျှောက်သနည်း-ဟူမူကား- "ဘုန်း တန်ခိုးနှင့်ပြည့်စုံတော်မူသော အရှင်ဘုရား····အရှင်ဘုရားသည် များစွာကုန်သော လူ,နတ်,ဗြဟ္မာ သတ္တဝါတို့၏ အစီးအပွါးအလို့ငှါလည်း၊ချမ်းသာတိုးပွါး အကျိုးများခြင်းအလို့ငှါလည်း အာယုကပ်ပတ်လုံး တည်တော်မူစေချင်၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော အရှင်ဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူစေချင်၏"၊ ဤသို့လျှင် ရှင်အာနန္ဒာသည် မြတ်စွာဘုရားအား လျှောက်ကြားတောင်းပန်လေ၏၊ ထိုအခါ"ချစ်သား အာနန္ဒာ····ငါဘုရားကို လျှောက်ကြားတောင်းပန်သဖြင့် အခွင့်မတော် မသင့်မလျော်ပြီ၊ ချစ်သားအာနန္ဒာ····ဤယခုအခါ၌ ငါဘုရားကိုလျှောက်ကြား တောင်းပန်ခြင်းငှါ အခါမဟုတ်ပြီ" ဟု ဖွင့်ထုတ်ပြက်ဘော် မိန့်ကြားတော်မူလေ၏။

ဤသို့မိန့်ကြားတော်မူပြီးလျှင် "သင်ချစ်သားသည် ငါဘုရား၏ လေးပါးသော ဗောဓိဉာဏ်၌ ကေန်သိခြင်းကို ယုံကြည်၏လော"၊ ဤသို့လျှင် ရှင်အာနန္ဒာကို ဆွေးနွေး မေးမြန်းတော်မူ၏၊ထိုသို့မေးမြန်းတော်မူသောအခါ"မြတ်စွာသခင် အရှင်ဘုရား....ယုံကြည်ပါ၏" ဟု ဤသို့လျှင် ရှင်အာနန္ဒာသည် သာယာစွာသော စကားဖြင့် ပြန်ကြားလျှောက်ဆိုလေ၏၊ ထိုသို့လျှောက်ပြီးသောအခါ"ချစ်သားအာနန္ဒာ.... ထိုသို့ယုံကြည်ပါလျက် အဘယ့်ကြောင့်ပင် သင်ချစ်သားသည် ငါဘုရားကို သနားမထောက် သုံးကြိမ်မြောက်အောင် နှိပ်စက်ဘိသနည်း"၊ ဤသို့လျှင် ရှင်အာနန္ဒာအား မိန့်ကြားဖွင့်လှစ်၍ အပြစ်တင်တော်မူ၏။

ထိုသို့အပြစ်တင်တော်မူပြီးသောအခါ "ချစ်သား အာနန္ဒာ.... တစုံတယောက်သော ပုဂ္ဂိုလ်သည် လေးပါးကုန်သော ဣဒ္ဓိပါဒ်တို့ကို မပြတ်လေ့လာ အခါခါအထပ်ထပ် ပွါးစေအပ်ကုန်၏၊အဖန်တလဲလဲ အမြဲမကွာ တည်ရာဝတ္ထုကဲ့သို့ ပြုအပ်ကုန်၏၊ အဖန်တလဲလဲလျှင် ဆင်ခြင်ပြီးခါ ကောင်းစွာမယုတ် အားထုတ်အပ်ကုန်၏၊ထိုပုဂ္ဂိုလ်သည် အလိုရှိသည်ရှိသော် အာယုကပ်ပတ်လုံးဌင်း, အာယုကပ်ထက်အလွန်မူဌင်း တည်နိုင်ရာ၏၊ ချစ်သား အာနန္ဒာ....ငါဘုရားသည်မူလည်း လေးပါးသော ဣဒ္ဓိပါဒ်တို့ကို မပြတ်လေ့လာ အားထုတ်ပါ၍ အလိုရှိသည်ဖြစ်အံ့၊ အာယုကပ်ပတ်လုံးဌင်း, အာယုကပ်ထက် အလွန်မူဌင်း တည်နိုင်ရာ၏၊ချစ်သားအာနန္ဒာ..သင်ချစ်သားသည်ယုံကြည်၏လော"၊ ဤသို့လျှင် ရှင်အာနန္ဒာကို ဆွေးနွေး မေးမြန်းတော်မူသောအခါ "မြတ်စွာသခင် အရှင်ဘုရား....ယုံကြည်ပါ၏"ဟု သာယာစွာသော စကားဖြင့် တုံ့ပြန်ကြားလျှောက်လေ၏။

ထိုအခါ"ချစ်သား အာနန္ဒာ....သင်ချစ်သားသည် ဤငါဘုရား၏ သာသနာတော်၌ ယုံကြည်ခြင်း ရှိပါလျက် ဤသို့ပြဆိုအပ်ပြီးသော ဩဘာနိမိတ်, အရိပ်အမြွက်ဖွင့်လင်း၍ ရှန့်ရင်းသော စကားကိုပြောကြားခြင်း ပြုသော်လည်း ဉာဏ်ပညာအမြော်အမြင်ဖြင့် သိခြင်းငှါ မစွမ်းနိုင်၍ ငါဘုရားအား သင်ချစ်သားသည် များစွာသော နတ်,လူ, အပေါင်းတို့၏ ကောင်းကျိုးချမ်းသာ များစွာပွါးတိုး၍ ကိုးကွယ်မှီခိုကြစေခြင်းအလို့ငှါ အာယုကပ်ပတ်လုံး တည်တော်မူပါ-ဟု မတောင်း

အမှတ် ၂၁

# မာရ်နတ်လျှောက်ပုံကို မိန့်တော်မူခြင်း

ရက်စွဲ

ပန်၊ ဤသို့လျှင် သင်ချစ်သားသည် ငါဘုရားကို လျှောက်ကြားမတောင်းပန်ခြင်းသည် သင့်အားသာလျှင် သတိသမ္ပဇဉ် ဉာဏ်အမြင် ချွတ်ယွင်းသဖြင့် အမှုလွတ်ကင်းခြင်းအကြောင်းတည်း။

ချစ်သား အာနန္ဒာ…သင်ချစ်သားသည် ငါဘုရားကိုလျှောက်ကြားတောင်းပန်ခြင်း အကယ်၍ ပြုသည်ဖြစ်အံ့၊ ဤသို့တောင်းပန်ခြင်းပြုသည်ရှိသော် သင်ချစ်သား၏ နှစ်ကြိမ်သောစကားကိုသာလျှင် ငါဘုရားသည် ပယ်ရှားရာ၏၊ ထိုနှစ်ကြိမ်မှနောက် သုံးကြိမ်မြောက်ဖြစ်သောစကားကို ပယ်ရှားမလှန် ငါ-သည်းခံရာ၏၊ချစ်သားအာနန္ဒာ…. ဤယခုအခါ၌ ငါဘုရားထံ ခွင့်တောင်းပန်ခြင်းသည် သင်၏သာလျှင် ကောင်းစွာမပြု အမှုလွတ်ကင်း သတိချွတ်ယွင်းခြင်းတည်း။

ချစ်သား အာနန္ဒာ….ငါဘုရားသည် တပါးသောအခါ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌နေတော်မူ၏၊ထိုသို့နေတော်မူစဉ်အခါကလည်း ငါဘုရားသည် သင်ချစ်သားကိုမိန့်ကြားမြွက်ဟော် ခေါ်တော်မူပြီးလျှင် အစဉ်အားဖြင့်သာ–

ရာဇဂြိုဟ်ပြည်သည် မွေ့လျော်ဘွယ်ရှိကြောင်း,
ဂိဇ္ဈကုဋ်တောင်သည် မွေ့လျော်ဘွယ်ရှိကြောင်း,
ထိုရာဇဂြိုဟ်ပြည်၌ပင်လျှင် ဂေါတမအမည်ရှိသော နတ်၏ နေရာဖြစ်သော ပညောင်ပင်၌ရှင်း,
ခိုးသူများစွာတို့ကို ပစ်ချရာဖြစ်သော ချောက်၌ရှင်း,
ဝေဘာရတောင်၏ နံပါးတွင် စရည်းပင် ရောက်သော လိုဏ်၌ရှင်း,
ဣသိဂိလိတောင်၏ နံပါး၌ရှင်း,
ရှင်းတိုက်တော၏ အတွင်း မြွေပါးပျဉ်းနှင့်တူသောတောင် ဝှမ်းတွင် တပေါဒါရုံ၌ရှင်း,
ရှဉ့်နက်တို့ကို အစာပေးရာဖြစ်သော ဝါးတော ဥယျာဉ်၌ရှင်း,
ဇီဝက သရက်ဥယျာဉ်၌ရှင်း,
ဗိမ္ဗိသာရမင်းကြီး၏ လက်ျာမဟေသီ ဝေဒေဟီအမည်ရှိ

သော မိဖုယား၏ ဝမ်းကို ဆုပ်နယ်ရာအရပ်ဝယ် သား
ကောင်တို့၏ ဘေးမဲ့ပေးရာ၌ငှင်း—

ဤသို့ပြဆိုခဲ့ပြီးသောအရပ်တို့၌ ယာပိုထ်လေးလီ မျှညီမယွင်း သီတင်းသုံးနေတော်မူ၏၊ ထိုသို့နေတော်မူသောအခါတိုင်းကလည်း ရှေးနည်းအတူ မွေ့လျော်ဘွယ်ရှိကြောင်းနှင့်တကွ ရုန့်ရင်းသော နိမိတ်, အရိပ်အမြွက်ကို မိန့်ကြားတော်မူစဉ်အခါတိုင်းကပင်လျှင် သင်ချစ်သားသည် ငါးဘုရားကိုခစားတုပ်ဝပ်၍ အာယုကပ်ပတ်လုံးတည်တော်မူပါ-ဟု တောင်းပန်ခြင်းပြုပါက ငါဘုရားသည် သင်ချစ်သား၏ နှစ်ကြိမ်သောစကားတို့ကိုသာ ပယ်ရာ၏၊ ထိုနှစ်ကြိမ်မှနောက် သုံးကြိမ်မြောက်ဖြစ်သောစကားကို မပယ်ရှားကာ သည်းခံရာ၏။

ချစ်သား အာနန္ဒာ····ဤယခုအခါမှ ငါဘုရားထံ ခွင့်တောင်းပန်ခြင်းသည် သင်၏သာလျှင် ကောင်းစွာမပြု အမှုလွတ်ကင်း သတိချွတ်ယွင်းခြင်းတည်း”၊ ဤသို့လျှင် ရှင်အာနန္ဒာအား များစွာသော စိုးရိမ်သောက,ဗျာပါရကို ဖျောက်အံ့သောငှါအဖြာဖြာသော အခြင်းအရာတို့ဖြင့်လျှင် အပြစ်တင်ရန် ပြန်လှန်မိန့်ကြား၍ အားထုတ်တော်မူ၏။

ဤသည်သာလျှင် ရှင်အာနန္ဒာအား မာရ်နတ်သား
တောင်းပန်သောစကားကို မိန့်ကြားသော
အခန်းတည်း။

---

## ၅။ ဝေသာလီပြည်မှ ဘဏ္ဍုဂါမသို့ ကြွတော်မူခန်း

“ချစ်သား အာနန္ဒာ···ဤဆိုလတ္တံ့သောစကားဖြင့် ငါဘုရားသည် ရှေးဦးစွာကပင်လျှင် သင်ချစ်သားကိုဟောကြားအပ်ပြီ မဟုတ်လော၊ အလုံးစုံသာလျှင် ချစ်ခင်မြတ်နိုးအပ်ကုန်သောအမိ,အဘ,အစ်ကို,နှမ, အဆွေခင်ပွန်း,ချစ်ကျွမ်းဝင်သော သူတို့နှင့်ပငိုသဲ့ခွဲအားဖြင့် ထူးခြားသည်၏အဖြစ်, သေသောအားဖြင့်ကင်း၍ဖြစ်ခြင်း ဘဝအားဖြင့်တပါးသောအပြားလျှင် ဖြစ်ခြင်းသည်ရှိ၏။

ချစ်သား အာနန္ဒာ..ဤဝဇ္ဇိတရား၌ ငါဘုရား၏ခန္ဓာကိုယ်ကို မပြိုမပျက်ခြင်းငှါ အဘယ်မှာ ရပါအံ့နည်း၊ ထိုသို့မပျက်စီးစိမ့်သောငှါ ဝိုကြွေးသဖြင့်ရင်း၊ တစာစာမြည်တမ်းသဖြင့်ရင်း၊ရခြင်းငှါမစွမ်းနိုင်။

ချစ်သားအာနန္ဒာ…ငါဘုရားသည် အကြင်ကိလေသာ အပေါင်းကို ထောင်းထောင်းညက်ညက် ခုတ်ဖျက်သတ်ဖြတ် ပယ်စွန့်အပ်ပြီ၊ ထိုကိလေသာအပေါင်းတို့သည် စင်စစ်အားဖြင့် ငါဘုရားကိုနောက်ကားတဘန် ပြုပြင်ရန်အကြောင်း မရှိပြီ။

ချစ်သား အာနန္ဒာ….အာယုသင်္ခါရကို မုချဆတ်ဆတ်ငါလွှတ်အပ်ပြီ၊ စင်စစ်အားဖြင့် ပရိနိဗ္ဗာန်ပြုအံ့သော စကားကို ထင်ရှားမလပ်ငါဆိုအပ်ပြီ၊ ငါဘုရားသည်ထိုကိလေသာအပေါင်းကို ထပ်လောင်းမပျက် အသက်ကြောင့်တဘန် ပြုပြင်ရန်အကြောင်းမရှိပြီ''ဤသို့အားဖြင့်မိန့်ကြားတော်မူပြီး၍ ''ချစ်သားအာနန္ဒာ..ဤနေရာဌာနမှ သွားကြကုန်အံ့၊ အကြင်အရပ်၌ လျောက်ပတ်လှစွာ မဟာဝုန်တောကြီးတွင် ကူဋာဂါရ-အမည်ရှိသောစုလစ်မွန်းချွန်တပ်သောစရပ်သည်ရှိ၏၊ ထိုအရပ်သို့ချည်းကပ်ကုန်အံ့''ဟု မိန့်တော်မူ၏။

ထိုအခါ အရှင်အာနန္ဒာလည်း''ကောင်းပါပြီ''ဟု ဝန်ခံ၍ နောက်တော်မှအစဉ်လိုက်သဖြင့် ကူဋာဂါရ-အမည်ရှိသောစရပ်သို့ မြတ်စွာဘုရား ရောက်တော်မူလေလျှင် ရှင်အာနန္ဒာလည်း တင့်အပ်လျောက်ပတ်သောအရပ်၌ ချည်းကပ်နေထိုင်လေ၏။

**အမှာ။** ။[ဤကူဋာဂါရ၌ များစွာသော တရားတို့ကို ဟောကြားတော်မူခြင်း၏အကြောင်းကို ရုံးပေါင်း၍ရေးသားက စကားပို၍ လိုရာမရောက်နိုင်မည် ဖြစ်သောကြောင့် ပေယျာလသွင်းပြီးလျှင် လိုရင်းစကားကိုသာ ရေးသားထုတ်နုတ်ပေအံ့သတည်း။]

''သံသရာတည်းဟူသော ဘေးဘယကို တွေးဆရှုံကြောက်လေ့ရှိကုန်သော ငါ၏ချစ်သား ရဟန်းများတို့….ဘဝဟောင်းမှတဘန် ဘဝသစ်ကို ပြုပြင်တတ်ကုန်သော သင်္ခါရတရားတို့သည် ပျက်ပြားခြင်းသဘောရှိကုန်၏၊ထိုသို့ပျက်ပြားခြင်းသဘောရှိကုန်သော သင်္ခါရတရားတို့ကို သင်ချစ်သားတို့သည် ပေါ့ပါးမေ့လျော့ခြင်း မရှိသည်နှင့်ပြည့်စုံ

ကြစေကုန်လော့၊ သင်ချစ်သားတို့၏ဆရာ ငါဘုရားသည် များမကြာမီ ဤလမှနောက် သုံးလမြောက်လျှင် ဘောက်ပြန်ခြင်းမရှိ၊ အတိဘေးကင်းရာဖြစ်သော ရွှေပြည်နိဗ္ဗာန်သို့ စံဝင်တော်မူရတော့မည်" ဟုမိန့်တော်မူပြီး၍ "ချစ်သားတို့‥ငါဘုရား၏အရွယ်တော်သည် ရင့်ရော်ခြင်းရှိခဲ့ပြီ၊ ငါဘုရား၏ ဇီဝိတိန္ဒြေသည် ပျက်ကွေမယွင်း အားနည်းခြင်းရှိခဲ့ပြီ၊ ချစ်သားရဟန်းတို့‥ငါဘုရားသည် သင်ချစ်သားတို့ကို ပယ်ရှားခွါစွန့် သွားရချေတော့အံ့၊ ငါဘုရားသည် သင်ချစ်သားတို့၏ ခစားဆည်းကပ် မပြတ်၊ တိုးရှိုး၍ ကိုးကွယ်ရာကို ပြုအပ်ပြီ၊ ချစ်သားရဟန်းတို့‥‥သင်ချစ်သားတို့သည် မမေ့လျော့မရှိ၊ သတိနှင့် ပြည့်စုံကုန်သည်ဖြစ်၍ သီလနှင့်ပြည့်စုံကုန်သည်ဖြစ်၍ နေရစ်ကြကုန်လော့၊ အလွန်တည်ကြည်သော စိတ်အကြံရှိကုန်သည်ဖြစ်၍ မိမိတို့၏ စိတ်နှလုံးကို ဆုံးမစောင့်ရှောက်ခြင်း ရှိရစ်ကြကုန်လော့၊ ချစ်သားရဟန်းတို့‥‥အကြင်ရဟန်းသည် ဤငါဘုရား၏ သာသနာတော်၌ မမေ့မလျော့ခြင်း ဖြစ်ရစ်ပါက ထိုရဟန်းသည် သံသရာ၌ တပြောင်းပြန်ပြန် အဘန်ဘန်ဖြစ်ခြင်းကို ပယ်ရှင်း၍ ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုရစ်ရလတ္တံ့."ဟု သင်းပုံသော ခံတွင်းကို ဖွင့်လင်း မိန့်မြွက်တော်မူ၏။

ထိုသို့မိန့်တော်မူပြီးသောအခါ မြတ်စွာဘုရားသည် နံနက်အခါ၌ ကောင်းမွန်စွာသက်န်းကိုဆင်မြန်း ဝတ်ရုံတော်မူသဖြင့် သပိတ်,သက်န်းကိုယူ၍ ဝေသာလီပြည်သို့ လှည့်လည်ကြွလှမ်းလျက် ဆွမ်းအလို့ငှါ ဝင်တော်မူ၏၊ ထိုသို့လျှင် မြန်းဝင်ကြွလှမ်း၍ ဆွမ်းပြည့်စုံသည် ရှိသော် ဆွမ်းခံရာမှဘဲခဲ့၍ နာဂါပလောကိတ-ဟုဆိုအပ်သောဆင်ပြောင်ကြီး၏ ကြည့်ခြင်းဖြင့် ဝေသာလီပြည်ကို ပြန်လည် ကြည့်ရှုတော်မူပြီးလျှင် ရှင်အာနန္ဒာကိုခေါ်တော်မူ၏၊ "ချစ်သားအာနန္ဒာ‥‥ ငါ-ဘုရား၏ ဝေသာလီပြည်ကို ဤသို့နာဂပလောကိတ-ကြည့်ခြင်းဖြင့် ကြည့်ခြင်းသည် အဆုံးစွန်သော ကြည့်ခြင်းဖြစ်လတ္တံ့."—

[နာဂါပလောကိတ-အရကို ဗုဒ္ဓဝံသနဖြင့် နာတိသခ်ေပ ဖြစ်ခြင်းကြောင့် အဋ္ဌကထာဆရာ၏ စကားကို ရေးသားထည့်သွင်းပေအံ့။ ။များစွာသော လူအပေါင်းတို့၏ အရိုးတို့သည် အရိုးတခုအစွန်းဖြင့် အရိုးတခုအစွန်းကို ထိဆက်၍ တည်သကဲ့သို့ရှင်း၊ ပစ္စေကဗုဒ္ဓါဘုရားတို့၏ အရိုးတို့သည် ချွန်းကဲ့သို့ အချင်းချင်း

ညီကုန်သည်ဖြစ်၍ တည်သကဲ့သို့ရှင်း ထို့အတူမတည်ကုန်၊ စင်စစ်သော်ကား- မြတ်စွာဘုရားတို့၏ အရိုးတော်တို့သည် သံခြေကျင်းကဲ့သို့ တပေါင်းတည်း ဖွဲ့အပ်ကုန်သည်ဖြစ်၍ တည်ကုန်၏၊ ထို့ကြောင့် နောက်သို့လည်၍ ကြည့်တော်မူသော အခါ၌ လည်တော်ကို ပြန်လည်ခြင်းငှါ မတတ်ကောင်း၊ ထို့ကြောင့် နောက်အဘို့သို့ပြန်လည်၍ ကြည့်ရှုခြင်းငှါ အလိုရှိသည်ရှိသော် ဆင်ပြောင်သည် အလုံးစုံသော ကိုယ်ဖြင့်သာလျှင် ပြန်လည်၍ ကြည့်ရှုသကဲ့သို့ ထို့အတူပြန်လည်အပ်သည် ဖြစ်၏၊ ထိုသို့ဖြစ်သော်လည်း မြတ်စွာဘုရား၏ မြို့တံခါး၌ရပ်၍ ဝေသာလီ ပြည်ကို ပြန်လည်၍ ကြည့်အံ့-ဟု စိတ်တော်ဖြစ်ကာမျှ ဖြစ်သည်ရှိသော် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် များစွာကုန်သော ကမ္ဘာ ကုဋေ အထောင်တို့ပတ်လုံး ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူရကုန်သော ဘုရားရှင်တို့သည် လည်တော်ကို ပြန်လည်၍ ကြည့်ခြင်း၏ အကြောင်းဖြစ်သော ကုသိုလ်ကံကို ပြုတော်မမူအပ်-ဟု ဤသို့ဆို၍ ဤမြေကြီးသည် အိုးထိန်းစက်ကဲ့သို့လည်၍ မြတ်စွာဘုရားကို ဝေသာလီပြည်သို့ရှေးရှုပြု၏၊ ထိုမြို့တံခါး၌ရပ်၍ ဝေသာလီပြည်ကိုလည်၍ ကြည့်အံ့-ဟု စိတ်တော် ဖြစ်ကာမျှ၌ မြေကြီးသည်လည်လျှင် မြတ်စွာဘုရားကို ဝေသာလီပြည်သို့ရှေးရှုပြုသည်ကိုရည်၍နာဂါပလောကိတ-စကားကိုမိန့်ကြားတော်မူအပ်၏။

သက်သက်အားဖြင့်ဘုရားသခင်သည် ဝေသာလီပြည်မှသာလျှင် ထွက်ကြွတော်မူသောအခါ၌ ထိုမြင်ခြင်းသည် အဆုံးဖြစ်သော မြင်ခြင်းမဟုတ်၊ သာဝတ္ထိပြည်, ရာဇဂြိုဟ်ပြည်, နာဠန္ဒမြို့, ပါဋလိရွာ, ကောဋိရွာ, နာတိက ရွာငယ်တို့၌လည်း ထိုထိုသို့သော သာဝတ္ထိပြည် အစရှိသည်တို့မှ ထွက်သောကာလ၌ အလုံးစုံသော ထိုထိုသို့သော မြင်ခြင်းသည် အဆုံးဖြစ်သော မြင်ခြင်းသည်သာလျှင်ဖြစ်၏၊ ထိုထိုသို့သောသာဝတ္ထိပြည်အစရှိသည်တို့၌အဘယ့်ကြောင့်လည်၍ ကြည့်တော်မမူသနည်း-ဟူမူ လက်ပစ်တီး၍ အံ့ချီးဘွယ်မရှိသည်၏ အဖြစ်ကြောင့် ပြန်လည်၍ ကြည့်ရှုတော်မမူ-ဟု ဖြေဆိုအပ်၏။

အကျယ်ချဲ့သောအားဖြင့် တပါးသောနည်းကို မိန့်ဆိုဦးအံ့။ ။ဝေသာလီမင်းတို့သည် နည်းသော ပျက်စီးခြင်းရှိကုန်၏၊ သုံးနှစ်တို့၏ အထက်၌ ပျက်စီးကုန်လတ္တံ့၊ ထိုဝေသာလီမင်းတို့သည် ထိုမြတ်စွာဘုရားလည်၍ ကြည့်တော်မူရာ အရင်ဖြစ်သော မြို့တံခါး၌ နာဂါပလောကိတ-အမည်ရှိသောစေတီကိုတည်၍ ပန်းနံ့သာ အစရှိသည်တို့ဖြင့် ပူဇော်ကုန်လတ္တံ့၊ ထိုပန်းနံ့သာအစရှိသည်တို့ဖြင့် ပူဇော်ခြင်းသည် ထိုဝေသာလီမင်းတို့အား ရှည်မြင့်စွာသော နေ့, ညဉ့် ပတ်လုံး ကောင်းကျိုး စီးပွါး ချမ်းသာများခြင်းငှါ ဖြစ်လတ္တံ့၊ ဤသို့လျှင် ထိုဝေသာလီမင်းတို့အား အစဉ်သနားတော်မူသဖြင့် နာဂါပလောကိတ-ဟု ဆိုအပ်သော ကြည့်ရှုခြင်းဖြင့် ပြန်လည်၍ ကြည့်ရှုတော်မူ၏။ ။ဤသည်လျှင် အဋ္ဌကထာဆရာ၏ စကားအဓိပ္ပါယ်တည်း]

ဤသို့လျှင် နာဂါပလောကိတ ကြည့်ခြင်းဖြင့် ရှုကြည့်တော်မူပြီး၍ “ချစ်သား အာနန္ဒာ….သွားကြကုန်အံ့၊အကြင်အရပ်၌ဘဏ္ဍာဂါမရွာသည်ရှိ၏၊ထိုအရပ်သို့ချဉ်းကပ်ကုန်အံ့”ဟုရှင်အာနန္ဒာကို ခေါ်တော်မူပြီးသောအခါ များစွာကုန်သော ရဟန်းသံဃာနှင့်တကွ ဘဏ္ဍာဂါမသို့ကြွတော်မူသဖြင့်ရောက်တော်မူလျှင် ထိုရွာ၌ပင်ဘုရားသခင်သည် ကြည်ရွှင်မွေ့လျော်စံနေတော်မူ၏၊ထိုအခါ မြတ်စွာဘုရားသခင်သည် ရဟန်းအပေါင်းကို ခေါ်တော်မူပြီးလျှင်“ချစ်သားရဟန်းတို့….လေးပါး အပြားရှိသောအနနုဗောဓ,အပ္ပဋိဝေဓတရားတို့ကိုထင်ရှားလျောက်ပတ်စွာ အဖြာဖြာထိုးထွင်း၍မသိနိုင်ခြင်းကြောင့် ငါဘုရားသည်၎င်း,သင်ချစ်သားတို့သည်၎င်း ဘဝရှည်ကြာ ဤသံသရာပတ်လုံး မဆုံးနိုင်ဘဲ တဝဲလည်လည် အမြဲမတည်ရ၊ ဤဘဝမှ ထိုဘဝသို့၊ ထိုဘဝမှ ဤဘဝသို့၊ တပြောင်းပြန်ပြန် ခန္ဓာပြောင်းလွှဲ၍ ကျင်လည်ရလေပြီ။

ချစ်သား ရဟန်းတို့….အဘယ်တရားတို့ကို ထင်ရှားလျောက်ပတ်စွာ ထိုးထွင်း၍မသိခြင်းကြောင့် ငါဘုရားသည်၎င်း,သင်ချစ်သားတို့သည်၎င်း ရှည်ကြာစွာသော ဤသံသရာပတ်လုံး အဘန်တလဲလဲ အမြဲမတည်ရ၊ ဤဘဝမှသည် ထိုဘဝသို့၊ ထိုဘဝမှသည် ဤဘဝသို့၊ တပြောင်းပြန်ပြန် ပြောင်းလွှဲကျင်လည်ရလေသနည်း ဟူမူကား-အရိယမဂ်နှင့်ယှဉ်သော သီလကို၎င်း,အရိယမဂ်နှင့်ယှဉ်သော သမာဓိကို၎င်း, အရိယမဂ်နှင့်ယှဉ်သော ပညာကို၎င်း,များစွာသော ကိလေသာတည်းဟူသော အပြစ်ကင်းသော အရဟတ္တဖိုလ်ကို၎င်း လျောက်ပတ်စွာ ထိုးထွင်း၍မသိခြင်းကြောင့် ငါဘုရားသည်၎င်း,သင်ချစ်သားတို့သည်၎င်း ရှည်ကြာစွာသော ဤသံသရာပတ်လုံး အဘန်တလဲလဲအမြဲမတည်ရ၊ ဤဘဝမှသည် ထိုဘဝသို့၊ ထိုဘဝမှသည် ဤဘဝသို့၊ တပြောင်းပြန်ပြန် ပြောင်းလွှဲ၍ ကျင်လည်ရလေပြီ။

ချစ်သား ရဟန်းတို့….ငါဘုရားသည် အရိယမဂ်နှင့်ယှဉ်သော ထိုသီလကို၎င်း,အရိယမဂ်နှင့်ယှဉ်သော ထိုသမာဓိကို၎င်း,အရိယမဂ်နှင့်ယှဉ်သော ထိုပညာကို၎င်း,များစွာသော ကိလေသာတည်းဟူသော အပြစ်ကင်းသော ထိုအရဟတ္တဖိုလ်ကို၎င်း လျောက်ပတ်စွာ ထိုးထွင်း

၍သိအပ်ပြီ၊ ဘဝတဏှာကိုလည်း အရဟတ္တမဂ် ဉာဏ်သန်လျက်နှင့် အကြွင်းမဲ့ခုတ်ဖြတ် သတ်ဖြတ်အပ်ပြီ၊ဘဝတည်းဟူသောကြိုးသည် ပွါးတိုးခြင်းမရှိ ကုန်ခန်းပြီ၊ယခုအခါ၌ အဝိဇ္ဇာနှင့်တဏှာအမြစ် ဘဝသစ်ဖြစ်ခြင်းသည် ကင်းရှင်းလွတ်ကွာပြီ''ဟု ဤသို့သော စကားကို ဘုရားမြတ်စွာသည် သာယာမြွက်ဘော် မိန့်တော်မူ၏။

ကောင်းသောစကားကို ဟောကြားထုတ်ဘော် မိန့်ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ဤစကားကိုဆိုပြီး၍ ထိုမှတပါးလည်း ဤသီလ,သမာဓိ အစရှိသောစကားကို မိန့်ကြားတော်မူ၏၊''သီလတရားသည်၎င်း,သမာဓိတရားသည်၎င်း,ပညာတရားသည်၎င်း,မိမိထက်လွန်မြတ်သောတရားသဘောမရှိသော အရဟတ္တဖိုလ်သည်၎င်း၊ ဤတရားတို့ကိုများသော အခြံအရံရှိသော ဂေါတမအနွယ်ဖြစ်သော ငါဘုရားသည် မဘောက်မပြန်သိအပ်ပြီ၊ ဤသို့သိအပ်ပြီးသောနည်းဖြင့် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်ဖြင့် သိတော်မူ၍ ရဟန်းတို့အား တရားစကားကို ဟောကြားတော်မူပြီ၊ ထိုသို့ဟောတော်မူပြီး၍ ဝဋ်ဆင်းရဲအဆုံးကိုပြုတတ်သော ငါးပါးသောစက္ခုနှင့်ပြည့်စုံတော်မူသောမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုပြီ''၊ဤသို့သောစကားကို မိန့်ကြားတော်မူပြီ။

ထိုဘဏ္ဍဂါမရွာ၌လည်း မြတ်စွာဘုရားသည် လေးပါးသောယာပထဖြင့် မျှတမွေ့လျော်နေတော်မူလျက် ထိုသီလ,သမာဓိအစရှိသည်နှင့်စပ်သောတရားစကားကိုသာလျှင်အဘန်တလဲလဲ အမြဲမကွာများစွာသောရဟန်းတို့အား ဟောကြားတော်မူ၏၊ အဘယ်သို့ဟောကြားတော်မူသနည်းဟူမူကား- ''သီလသည် ဤမျှအတိုင်းအရှည်ရှိ၏၊ သမာဓိသည် ဤမျှအတိုင်းအရှည်ရှိ၏၊ပညာသည်ဤမျှအတိုင်းအရှည်ရှိ၏၊သီလဖြင့်ထုံအပ်သော သမာဓိသည် ကြီးသောအကျိုးအာနိသံသ, မဟပ္ဖလရှိ၏၊ ပညာဖြင့်ထုံအပ်သောစိတ်သည် ကောင်းစွာလျှင် အာသဝေါတို့မှ ကျွတ်လွတ်၏၊ အဘယ်အာသဝေါတို့မှ ကျွတ်လွတ်သနည်းဟူမူကား-ကာမာသဝမှ၎င်း, ဘဝါသဝမှ၎င်း,

ဒိဋ္ဌာသဝမှငင်း၊ အဝိဇ္ဇာသဝမှငင်း၊ ဤအာသဝေါတို့မှ ကွာလျှောကင်းလွတ်၏။

ဤသည်လျှင် ဘဏ္ဍုဂါမရွာ၌ အနနုဗောဓတရားလေးပါးကို ဟောတော်မူခြင်းတည်း။

## ၆။ မဟာပဒေသတရားကို ဟောတော်မူခဏ်း

ထိုအခါ မြတ်စွာဘုရားသခင်သည် ထိုဘဏ္ဍုဂါမရွာ၌အလိုရှိတော်မူတိုင်း နေတော်မူပြီး၍ ရှည်သောသက်တော်ရှိသော ရှင်အာနန္ဒာကို ခေါ်တော်မူ၏၊ "ချစ်သားအာနန္ဒာ....သွားကြကုန်အံ့၊ အကြင်အရပ်၌ ဟတ္ထိဂါမ အမည်ရှိသောရွာ, အမ္ဗဂါမ အမည်ရှိသောရွာ, ဘောဂဂါမ အမည်ရှိသောရွာ ဤရွာတို့သည် ရှိကုန်၏၊ ထိုရွာတို့တွင် ဘောဂဂါမရွာ အမည်ရှိသော ထိုအရပ်သို့ ချဉ်းကပ်ကြကုန်အံ့" ဟု ဤသို့မိန့်တော်မူ၏၊ ထိုအခါရှင်အာနန္ဒာလည်း "အရှင်ဘုရား..ကောင်းပါပြီ" ဟု ဝန်ခံခြင်းပြု၏။

ထိုအခါ မြတ်စွာဘုရားသခင်သည် များစွာသော ရဟန်းသံဃာနှင့်တကွ ဘောဂဂါမ- အမည်ရှိသောရွာသို့ ကြွတော်မူသဖြင့် ထိုရွာသို့ ရောက်လေ၏၊ ထိုဘောဂဂါမအမည်ရှိသောရွာတွင် သာရန္ဒဒအမည်ရှိသောနတ်၏ နေရာဖြစ်သော ကျောင်းသခ်မ်း၌ နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသခင်သည် ရဟန်းအပေါင်းတို့ကို ညှင်းပျောင်းသာယာမွှေးကြူစွာသော ရွှေကြာကုမုဒ်ကို ဖွင့်ထုတ်မိန့်ဘော် ခေါ်တော်မူလေ၏၊ အဘယ်သို့ခေါ်တော်မူသနည်း ဟူမူကား- "ချစ်သားရဟန်းတို့.... လေးပါးကုန်သော ဤမဟာပဒေသတရားတို့ကို ဟောကြားတော်မူအံ့၊ ထိုမဟာပဒေသတရားတို့ကို သင်ချစ်သားတို့သည် နာကြားလင့်ကြကုန်၊ မြဲမြဲစွာနှလုံးပြုလင့်ကြကုန်" ဟု မိန့်ဟမြွက်ဘော် ဗျာဒိတ်တော်ရှိ၏၊ ရဟန်းတို့လည်း "အရှင်ဘုရား....ကောင်းပါပြီ" ဟု ဝန်ခံခြင်းပြုကြကုန်၏။

### မဟာပဒေသ ၄-ပါး

၁။ "ဇာတိ, ဇရာ, ဗျာဓိ, မရဏဘေးဒုက္ခတို့ကိုကြောက်ရွံ့လေ့ရှိကုန်သော ချစ်သား ရဟန်းတို့....ဤသာသနာတော်၌ ရဟန်းသည် ဤသို့

ပြောရာ၏၊ ငါ့ရှင်တို့··ဤသည်ကား-တရားတည်း၊ဤသည်ကား-ဝိနည်းတည်း၊ဤသည်ကား-ဘုရားသာသနာတော်တည်း၊ဤသို့ ငါသည် မြတ်စွာဘုရား၏မျက်မှောက်တော်၌ သင်လိုက်ရ၏၊ မြတ်စွာဘုရား၏ မျက်မှောက်တော်၌ နာလိုက်ရ၏-ဤသို့ဆိုရာ၏၊ ချစ်သားရဟန်းတို့····ထိုရဟန်း၏ဆိုသောစကားကိုနှစ်လည်းမနှစ်သက်အပ်၊ဝမ်းလည်းမမြောက်အပ်၊မြစ်လည်းမမြစ်တားအပ်၊နှစ်လည်းမနှစ်သက်၍ ဝမ်းလည်းမမြောက်၍,မြစ်လည်းမမြစ်တား၍ ထိုပုဒ်ဗျည်းတို့ကို မြဲမြဲကောင်းမွန်စွာ ကျက်မှတ်သင်ယူ၍ပါဠိ၌ ချပ္ပိအပ်ကုန်၏၊ဝိနည်း၌ထင်စေအပ်ကုန်၏၊ ထိုပုဒ်ဗျည်းတို့သည် သုတ်၌ ပို့ချအပ်ကုန်သည်ရှိသော်,ဝိနည်း၌ ထင်စေအပ်ကုန်သည်ရှိသော် သုတ်၌ အကယ်၍ မသက်ဝင်ကုန်သည်ဖြစ်အံ့၊ဝိနည်း၌အကယ်၍ မထင်မြင်ကုန်သည်ဖြစ်အံ့၊ဤသို့မသက်ဝင်, မထင်မြင်ကုန်သည်ရှိသော် ဤပုဒ်ဗျည်းတို့၌ ဤရဟန်း၏ စကားသည် ထိုမြတ်စွာဘုရား၏ စကားမဟုတ်၊ဤရဟန်း၏လည်း မကောင်းသောစွဲလမ်းခြင်းဖြင့်သာလျှင် စင်စစ်အားဖြင့် ဆုံးဖြတ်ခြင်းသို့ ရောက်ရာ၏၊ ချစ်သားရဟန်းတို့····ဤသို့ နှလုံးပြု၍ ထိုစကားကို သင်ချစ်သားတို့သည် ပယ်ရှားခွါစွန့်ရစ်ကြကုန်လော့။

ထိုပုဒ်ဗျည်းတို့သည်သုတ်၌ပို့ချအပ်ကုန်သည်ရှိသော်,ဝိနည်း၌ထင်မြင်စေအပ်ကုန်သည်ရှိသော် သုတ်၌ အကယ်၍သက်ဝင်ကုန်အံ့၊ဝိနည်း၌အကယ်၍ထင်မြင်ကုန်သည်ဖြစ်အံ့၊ ဤစကားသည်မြတ်စွာဘုရား၏စကားတော်တည်း၊ဤရဟန်း၏လည်း ကောင်းသော သင်ခြင်းတည်း-ဟု ထိုပုဒ်ဗျည်းတို့၌ စင်စစ်အားဖြင့် ဆုံးဖြတ်ခြင်းသို့ရောက်ရာ၏၊ ချစ်သားရဟန်းတို့····ရှေးဦးစွာသောဤမဟာပဒေသကို သင်ချစ်သားတို့သည် မှတ်ရစ်ကြလေကုန်လော့။

၂။ ချစ်သားရဟန်းတို့··ဤသာသနာတော်၌ကား-ရဟန်းသည် ဤသို့ဆိုရာ၏၊အဘယ်သို့ဆိုရာသနည်းဟူမူကား "ဤအမည်ရှိသောကျောင်း၌ များစွာသော သံဃာသည် ထေရ်နှင့် တကွရှင်း, အကြီးဖြစ်သောရဟန်းနှင့်တကွရှင်း နေထိုင်၏၊ ထိုသံဃာ၏ မျက်မှောက်အထံ၌ အကျွန်ုပ်သည် ဤသည်ကား-တရားတည်း၊ဤသည်ကား-ဝိနည်းတည်း၊ ဤသည်ကား- မြတ်စွာဘုရားသာသနာတော်တည်း-ဟု သင်ကြားအား

ထုတ်ရာ၏၊မျက်မှောက်ဖြစ်သော အထံမှလည်း နာယူအပ်၏၊ဤသို့လျှင် ကြည်ရှင်သောသဘောထားနှင့်ပြောကြားရာ၏၊ ချစ်သားရဟန်းတို့···· အကြင်ရဟန်း၏စကားကို ပယ်ရှားစွန့်ပစ်လျက် မနှစ်သက်အပ်၊ အကြင်ရဟန်း၏စကားကိုရှင်အားသစ်သစ် မတားမြစ်အပ်၊ဤသို့အားဖြင့် ပယ်ရှားစွန့်ပစ် မနှစ်သက်သည်ဖြစ်၍ငင်း, ရှင်အားသစ်သစ် မတား မြစ်သည်ဖြစ်၍ငင်း၊ ထိုပုဒ်ဗျည်းတို့ကို ကောင်းမွန်မြဲမြံစွာ သင်မှတ်၍ သုတ်တရား၌ပို့ချအပ်ကုန်၏၊ဝိနည်းတရား၌ ထင်မြင်စေအပ်ကုန်၏၊ထို ပုဒ်ဗျည်းတို့သည်သုတ်တရား၌ပို့ချအပ်ကုန်သည်ရှိသော်,ဝိနည်းတရား၌ ထင်မြင်စေအပ်ကုန်သည်ရှိသော် သုတ်တရား၌ အကယ်၍ မသက်ဝင် ကုန်သည်ဖြစ်အံ့၊ ဝိနည်းတရား၌ အကယ်၍ မထင်မြင်ကုန်သည်ဖြစ်အံ့၊ ဤစကားသည် ထိုမြတ်စွာဘုရား၏ စကားတော်မဟုတ်၊ ထိုသံဃာ၏ လည်း မကောင်းသော သင်ပြခြင်းတည်း-ဟု ဤပုဒ်ဗျည်းတို့၌ စင်စစ် ဆုံးဖြတ်ခြင်းသို့ရောက်ရာ၏၊ ချစ်သားရဟန်းတို့····ဤသို့နှလုံးပြု၍ ထို စကားကို သင်ချစ်သားတို့သည် ပယ်ရှားခွါစွန့်ရစ်ကြကုန်လော့။

ထိုပုဒ်, ဗျည်းတို့သည် သုတ်တရား၌ ပို့ချအပ်ကုန်သည်ရှိသော်, ဝိနည်းတရား၌ ထင်မြင်အပ်ကုန်သည်ရှိသော် သုတ်တရား၌ အကယ်၍ သက်ဝင် ကုန်သည်ဖြစ်အံ့၊ ဝိနည်းတရား၌ အကယ်၍ ဆင်မြင် ကုန် သည်ဖြစ်အံ့၊ ဤသို့သက်ဝင်, တင်မြင်ကုန်သည်ရှိသော် ဤစကား သည် မြတ်စွာဘုရား၏ စကားတော်တည်း၊ထိုသံဃာ၏ ကောင်းသော သင်ခြင်းတည်း၊ ဤသို့လျှင် စင်စစ်အားဖြင့် ဆုံးဖြတ်ခြင်းသို့ရောက်အပ် ၏၊ ချစ်သား ရဟန်းတို့····နှစ်ကြိမ်မြောက်သော ဤမဟာပဒေသ တရားကို သင်ချစ်သားတို့သည် မှတ်သားရွက်ဆောင် ရစ်ကြကုန်လော့။

၃။ ချစ်သား ရဟန်းတို့···ဤငါဘုရားသာသနာတော်၌ ရဟန်းသည် ဤသို့ဆိုရာ၏၊ အဘယ်သို့ ဆိုရာသနည်းဟူမူကား-ဤအမည်ရှိသော ကျောင်း၌ များစွာ သင်ကြားခြင်း၊နှုတ်၌လာသော ပါဠိအာဂုံရှိသဖြင့် သုတ်, အဘိဓမ္မာ, ဝိနည်း,မာတိကာတို့ကို ဆောင်ကုန်သော မထေရ် ကြီးဖြစ်သော ရဟန်းတို့သည် ပျော်မြန်းစံနေကြကုန်၏၊ ထိုမထေရ် ကြီးတို့၏ မျက်မှောက်ဖြစ်သော အထံ၌ ငါသည် ဤသည်ကား-တရား တည်း၊ ဤသည်ကား-ဝိနည်းတည်း၊ ဤသည်ကား-မြတ်စွာဘုရားအဆုံး

အမတော်တည်း၊ ဤသို့လျှင် သင်ကြား, မှတ်သား, နာယူရ၏-ဟု ပြောဆိုခြင်းကို ပြုရာ၏၊ ချစ်သားရဟန်းတို့····ထိုရဟန်း၏ စကားကို ပယ်ရှားစွန့်ပစ်လျက် နှစ်သက်ဝမ်းမြောက်ခြင်းမရှိအံ့၊ရှုံ့အားသစ်သစ် မတားမြစ်အံ့၊ နှစ်လည်း မနှစ်သက်၍ မြစ်လည်းမမြစ်တား၍ ထိုပုဒ် ဗျည်းတို့ကို မြဲမြဲကောင်းမွန်စွာ မှတ်နာသင်ယူ၍ သုတ်တရား၌ ပို့ချအပ် ကုန်၏၊ ဝိနည်းတရား၌ ထင်မြင်စေအပ်ကုန်၏၊ ထိုပုဒ်ဗျည်းတို့သည် သုတ်တရား၌ပို့ချအပ်ကုန်သည်ရှိသော်,ဝိနည်းတရား၌ထင်မြင်စေအပ် ကုန်သည်ရှိသော် သုတ်တရား၌ အကယ်၍မသက်ဝင်ကုန်သည်ဖြစ်အံ့၊ ဝိနည်းတရား၌ အကယ်၍ မထင်မြင်ကုန်သည်ဖြစ်အံ့၊ ဤသို့ မသက် ဝင်, မထင်မြင်ကုန်သည်ရှိသော် ဤစကားသည် မြတ်စွာဘုရား၏ စကားတော်မဟုတ်၊ ထိုမထေရ်ကြီးတို့၏သာ မကောင်းသောသင်ပြ ခြင်းတည်း၊ ဤသို့လျှင် ထိုပုဒ်ဗျည်းတို့၌ စင်စစ်အားဖြင့် ဆုံးဖြတ်ခြင်းသို့ ရောက်အပ်၏၊ ချစ်သားရဟန်းတို့····ဤသို့နှလုံးပြု၍ ထိုစကားကို သင် ချစ်သားတို့သည် ပယ်ရှားခွါစွန့်ရစ်ကြကုန်လော့။

ကို ပုဒ်ဗျည်းတို့သည် သုတ်တရား၌ ပို့ချအပ်ကုန်သည်ရှိသော်, ဝိနည်းတရား၌ ထင်မြင်စေအပ်ကုန်သည်ရှိသော် သုတ်တရား၌အကယ် ၍သက်ဝင်ကုန်သည်ဖြစ်အံ့၊ဝိနည်းတရား၌အကယ်၍ ထင်မြင်ကုန်သည် ဖြစ်အံ့၊ ဤသို့သက်ဝင်, ထင်မြင်ကုန်သည်ရှိသော် ဤစကားသည် မြတ်စွာဘုရား၏စကားတော်တည်း၊ထိုမထေရ်ကြီးတို့၏လည်း ကောင်း သောသင်ပြခြင်းတည်း-ဟု ဤသို့လျှင် ထိုပုဒ်ဗျည်းတို့၌ စင်စစ်အားဖြင့် ဆုံးဖြတ်ခြင်းသို့ ရောက်အပ်၏၊ ချစ်သား ရဟန်းတို့····သုံးကြိမ်မြောက် သော ဤမဟာပဒေသ တရားကို သင်ချစ်သားတို့သည် မှတ်သားရွက် ဆောင်ရစ်ကြကုန်လော့။

၄။ ချစ်သား ရဟန်းတို့····ဤ၌ငါဘုရားသာသနာတော်၌ ရဟန်းသည် ဤသို့ဆိုရာ၏၊ အဘယ်သို့ ဆိုရာသနည်း-ဟူမူကား-ဤအမည်ရှိသော ကျောင်း၌ များသော အကြားအမြင်ရှိခြင်း၊ နှုတ်၌လာသော ပါဠိ အာဂုံရှိခြင်း၊ သုတ်, အဘိဓမ္မာ, ဝိနည်း, မာတိကာကို ဆောင်သော တပါးသော မထေရ်သည် ကြည်လင်ရွှင်ပျော် မွေ့လျော်စွာနေ၏၊ ထိုမထေရ်၏ မျက်မှောက်ဖြစ်သော အထံ၌ ငါသည် ဤသည်ကား-

သုတ်, အဘိဓမ္မာတရားတည်း၊ ဤသည်ကား-ဝိနည်းတရားတည်း၊ ဤသည်ကား-မြတ်စွာဘုရား၏ အဆုံး အမတော်တည်း-ဟု ဤသို့လျှင် သင်ကြား, မှတ်သား, နာယူလိုက်ရသည်ကို ပြောဆိုရာ၏၊ ချစ်သား ရဟန်းတို့····ထိုရဟန်း၏စကားကိုပယ်ရှားစွန့်ပစ်လျက် နှစ်လည်းမနှစ်သက်အံ့၊ ရှင်အားသစ်သစ် တားလည်း မတားမြစ်အံ့၊ နှစ်လည်းမနှစ်သက်၍, တားလည်းမတားမြစ်၍ ထိုပုဒ်ဗျည်းတို့ကို ကောင်းမွန်မြဲမြံစွာ မှတ်နာသင်ယူ၍ သုတ်တရား၌ ပို့ချအပ်ကုန်၏၊ ဝိနည်းတရား၌ ထင်မြင်စေအပ်ကုန်၏၊ ထိုပုဒ်ဗျည်းတို့သည် သုတ်တရား၌ ပို့ချအပ်ကုန်သည်ရှိသော်,ဝိနည်းတရား၌ ထင်မြင်စေအပ်ကုန်သည်ရှိသော် သုတ်တရား၌ အကယ်၍ မသက်ဝင်ကုန်သည်ဖြစ်အံ့၊ ဝိနည်းတရား၌ အကယ်၍ မထင်မြင်ကုန်သည်ဖြစ်အံ့၊ ဤသို့ မသက်ဝင်, မထင်မြင်ကုန်သည်ရှိသော် ဤပုဒ်ဗျည်းတို့၌ ဤစကားသည် ထိုမြတ်စွာဘုရား၏စကားတော် မဟုတ်၊ ထိုမထေရ်၏လည်း မကောင်းသောသင်ပြခြင်းတည်း-ဟု ဤသို့လျှင် ထိုပုဒ်ဗျည်းတို့၌ စင်စစ်အားဖြင့် ဆုံးဖြတ်ခြင်းသို့ရောက်အပ်၏၊ ချစ်သားရဟန်းတို့····ဤသို့နှလုံးပြု၍ ထိုစကားကို သင်ချစ်သားတို့သည် ပယ်ရှားခွါစွန့်ရစ်ကြကုန်လော့၊

ထိုပုဒ်ဗျည်းတို့သည် သုတ်တရား၌ ပို့ချအပ်ကုန်သည်ရှိသော်,ဝိနည်းတရား၌ ထင်မြင်စေအပ်ကုန်သည်ရှိသော် သုတ်တရား၌ အကယ်၍ သက်ဝင်ကုန်သည်ဖြစ်အံ့၊ ဝိနည်းတရား၌ အကယ်၍ ထင်မြင်ကုန်သည်ဖြစ်အံ့၊ ဤသို့သက်ဝင်,ထင်မြင်ကုန်သည်ရှိသော် ဤစကားသည်မြတ်စွာဘုရား၏စကားတော်တည်း၊ ထိုမထေရ်ကြီး၏လည်း ကောင်းသောသင်ပြခြင်းတည်း-ဟု ဤသို့လျှင် ထိုပုဒ်ဗျည်းတို့၌ စင်စစ်အားဖြင့် ဆုံးဖြတ်ခြင်းသို့ရောက်အပ်၏၊ ချစ်သားရဟန်းတို့····ဤလေးပါးအပေါင်းကို မဟာပဒေသတရား-ဟူ၍ သင်ချစ်သားတို့သည်မှတ်သားရွက်ဆောင်ရစ်ကြကုန်လော့။

ချစ်သား ရဟန်းတို့····ဤလေးပါးကုန်သော မဟာပဒေသတရားတို့ကို သင်ချစ်သားတို့သည် မှတ်သားရွက်ဆောင်ရစ်ကြကုန်လော့၊ ဤသို့အားဖြင့်မိန့်ကြားထုတ်ဘော် ဆုံးမတော်မူ၏၊ မြတ်စွာဘုရားသခင်သည် ထိုဘောဂဂါမအမည်ရှိသောရွာတွင်လည်း သာရန္ဒဒ အမည်ရှိ

သောနတ်၏နေရာဖြစ်သော ကျောင်းသင်္ခမ်း၌ ကိန်းအောင်းမွေ့လျော်စံနေတော်မူသောအခါ ထိုသီလ,သမာဓိနှင့်စပ်သောတရားစကားကို သာလျှင် များစွာကုန်သော ရဟန်းတို့အား ဟောကြားတော်မူ၏၊ အဘယ်သို့ဟောကြားတော်မူသနည်းဟူမူကား—

သီလသည် ဤမျှအတိုင်းအရှည်ရှိ၏၊ သမာဓိသည် ဤမျှအတိုင်းအရှည်ရှိ၏၊ ပညာသည် ဤမျှအတိုင်းအရှည်ရှိ၏၊ သီလဖြင့်ထုံအပ်သောသမာဓိသည် ကြီးသောမဟပ္ဖလအကျိုးအာနိသံသရှိ၏၊ သမာဓိဖြင့် ထုံအပ်သော ပညာသည် ကြီးသောမဟပ္ဖလအကျိုးအာနိသံသရှိ၏၊ ပညာဖြင့်ထုံအပ်သောစိတ်သည် ကောင်းစွာသာလျှင် အာသဝေါတို့မှ ကွာလျောကင်းလွတ်၏၊ အဘယ်အမည်ရှိကုန်သော အာသဝေါတို့မှ ကွာလျောကင်းလွတ်သနည်းဟူမူကား-ကာမာသဝမှဉ်း, ဘဝါသဝမှဉ်း,ဒိဋ္ဌာသဝမှဉ်း,အဝိဇ္ဇာသဝမှဉ်း၊ ဤအာသဝေါတို့မှ ကွာလျောကင်းလွတ်၏၊ ဤသို့အားဖြင့်ဟောကြားမိန့်ဆိုတော်မူ၏။

---

## ၇။ သားပြွမ်းဆွမ်းကိုဘုဉ်းပေးတော်မူခြင်း

မြတ်စွာဘုရားသခင်သည် ထိုဘောဂဂါမအမည်ရှိသောရွာ၌ အလိုရှိတော်မူတိုင်းနေတော်မူပြီး၍ ရှင်အာနန္ဒာကို သာယာမြွက်ဘော် ခေါ်တော်မူ၏၊ "ချစ်သားအာနန္ဒာ····အကြင်အရပ်၌ ပါဝါပြည်သည်ရှိ၏၊ ထိုအရပ်သို့သွားကြကုန်အံ့"၊ ဤသို့လျှင်ရှင်အာနန္ဒာကို မွေးကြူထုံစွာ ပဒုမ္မာကြာကုမုဒ်မှ ဘော်ထုတ်မိန့်မြွက်တော်မူသောအခါ ရှင်အာနန္ဒာလည်း မြတ်စွာဘုရား၏စကားကို ပယ်ရှားမဆန် ရှိသေစွာဝန်ခံ၏။

ထိုအခါ မြတ်စွာဘုရားသခင်သည် များစွာသော ရဟန်းသံဃာတို့နှင့်တကွသာလျှင် ပါဝါပြည်သို့ ကြွချီဖြန့်မြန်း၍ ရှင်လန်းစွာ ရောက်တော်မူလေ၏၊ ထိုသို့ရောက်တော်မူသောအခါ မြတ်စွာဘုရားသခင်သည် ပါဝါပြည်တွင် ရွှေပန်းထိမ်သည်၏သားဖြစ်သော စုန္ဒသူကြွယ်၏သရက်ဥယျာဉ်တော၌ သီတင်းသုံးနေတော်မူ၏၊ ထိုအခါ ရွှေပန်းထိမ်သည်၏သားဖြစ်သော စုန္ဒသူကြွယ်သည် မြတ်စွာဘုရားသခင် ပါဝါ

ပြည်သို့ ကြွချီတော်မူလာသဖြင့် သရက်ဥယျာဉ်၌စံနေတော်မူသည်-ဟူသော စကားကိုကြားလေ၏။

ထိုသို့ကြားသောအခါ ရွှေပန်းထိမ်သည်၏ သားဖြစ်သော စုန္ဒသူကြွယ်သည် မြတ်စွာဘုရား၏ထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားသခင်ကိုရှိသေစွာရှိခိုးသဖြင့် တင့်အပ်လျောက်ပတ်သောအရပ်၌ ထိုင်နေလေ၏၊ထိုသို့နေပြီးသည်ရှိသော် ရွှေပန်းထိမ်သည်၏သားဖြစ်သော စုန္ဒသူကြွယ်ကို မြတ်စွာဘုရားသခင်သည် တရားစကားဖြင့် ထင်ရှားစွာသိမြင်စေခြင်း, ကောင်းစွာ ရှင်ကြည် ကျင့်ဆောက်တည်စေခြင်း, ကောင်းစွာထက်မြက်စေခြင်း, ကောင်းစွာရွှင်စေခြင်း-တည်းဟူသော တရားဓမ္မကို ဟောကြားပြသ ဆုံးမတော်မူသောအခါ သောတာပန်တည်လေ၏။

ထိုအခါ ရွှေပန်းထိမ်သည်၏ သားဖြစ်သောစုန္ဒသူကြွယ်သည် မြတ်စွာဘုရားဟောကြားပြသ ဆုံးမတော်မူသောဒေသနာကို သေချာကြည်လင် ထင်မြင်စေပြီးမှုရင်း, ကောင်းစွာအသင့် ဆောက်တည်၍ ကျင့်ပြီးမှုရင်း, ကောင်းစွာထက်မြက်စေပြီးမှုရင်း, ကောင်းစွာရွှင်စေပြီးမှုရင်း၊ မြတ်စွာဘုရားသခင်အား ဤစကားဖြင့် ရွှေနားတော်လျှောက်လေ၏။

''ဘုန်းတော်ခြောက်တန် ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော အရှင်ဘုရား.... အရှင်ဘုရားသည် နက်ဖြန်အလို့ငှါ ဆွမ်းရသာကို ရဟန်းသံဃာနှင့်တကွ သည်းခံ မ,စ ကြွတော်မူပါဘုရား''ဟု လျှောက်ကြားတောင်းပန်လေ၏၊ထိုအခါ မြတ်စွာဘုရားသခင်သည် တုဏှိဘာဝေ-ဆိတ်ဆိတ်နေသဖြင့် မြွက်ခြွေမပြန် သည်းခံတော်မူ၏၊ထိုအခါ စုန္ဒသူကြွယ်သည် မြတ်စွာဘုရား ဗျာဒိတ်စကား မိန့်ကြားထုတ်ပြန်တော်မမူဘဲ ဆိတ်ဆိတ်နေသဖြင့် သည်းခံတော်မူသည်ကိုသိ၍ နေရာမှထပြီးလျှင် ဘုရားသခင်ကို ရှိသေစွာရှိခိုးပြီးလျက် လကျာရစ် လှည့်သည်ကိုပြု၍ ဘဲသွားလေ၏။

ထိုသို့ ဘဲသွားပြီးသောအခါ စုန္ဒ သူကြွယ်သည် ထိုညဥ့်ကို လွန်သဖြင့် နံနက်အခါ မိမိဥစ္စာဖြစ်သော မြတ်သော ခဲဘွယ်ဘောဇဉ်တို့ကို ငုင်း,မနုမရင့် သင့်တင့်လျောက်ပတ်သော အလိုလိုလျှင် အိမ်ဈေး၌ပင်

ဖြစ်သော တခုသော၀က်ပျိုကြီး၏ နူးညံ့သောအသားကို ကောင်းစွာ ပင်လျှင် စီရင်ချက် ပြုတ်စေ၍၎င်း, စုန္ဒ အမည်ရှိသော သူကြွယ်သည် မြတ်စွာဘုရားအား "ဆွမ်းသုံးဆောင်တော်မူအံ့သော၄ါ အခါတန် ပါပြီ၊ဆွမ်းဘောဇဉ်သည် စီရင်၍ ပြီးပါပြီ"ဟု လျှောက်ကြားလေ၏။

ထိုအခါ မြတ်စွာဘုရားသခင်သည် နံနက်အခါ၌ ကောင်းမွန် ညီညွတ်စွာ သင်္ကန်းကို ဆင်မြန်း၀တ်ရုံတော်မူ၍ သပိတ်,သင်္ကန်းကိုယူပြီး လျှင် သံဃာတော် အပေါင်းနှင့်တကွ စုန္ဒ သူကြွယ်၏ နေရာသို့ ကြွချီ တော်မူသဖြင့် သင့်တင့်လျောက်ပတ် ခင်းထားအပ်သောနေရာ၌ ထက် ၀ယ်ဖွဲ့ခွေ စံနေတော်မူ၏၊ ထိုသို့စံနေတော်မူပြီးသည် ရှိသော် မြတ်စွာ ဘုရားသခင်သည် စုန္ဒသူကြွယ်ကိုခေါ်တော်မူ၏၊အဘယ်သို့ခေါ်တော်မူ သနည်း ဟူမူကား-

"အသင် စုန္ဒ····အကြင်၀က်ပျိုသားပြွမ်းဆွမ်းကို သင်စုန္ဒသည် စီရင်အပ်ပြီ၊ ထိုစီရင်အပ်ပြီးသော ၀က်ပျိုသားပြွမ်းဆွမ်းကို ငါဘုရား အား ကပ်ဆက်လုပ်ကျွေးလော့၊တပါးသော ခဲဘွယ်ဘောဇဉ် ချို,ချဉ် အရသာကို သံဃာအား လှူဒါန်းလုပ်ကျွေးလော့"၊ ဤသို့အားဖြင့် မိန့်ကြားတော်မူ၏၊

ထိုအခါ"အရှင်ဘုရား…ကောင်းပါပြီ"ဟု ဤသို့လျှင် စုန္ဒသူကြွယ် သည် မြတ်စွာဘုရား၏စကားတော်ကို ရိုသေစွာ၀န်ခံ၍ စီရင်အပ်ပြီး သော ၀က်ပျိုသားပြွမ်းဆွမ်းကို မြတ်စွာဘုရားအား ကပ်ဆက်လုပ် ကျွေး၏၊တပါးသော ဘောဇဉ်ခဲဘွယ် အသွယ်သွယ်တို့ကို သံဃာတော် အပေါင်းအား လှူဒါန်းလုပ်ကျွေး၏၊ ထိုအခါ မြတ်စွာဘုရား သခင် သည် စုန္ဒအမည်ရှိသော ရွှေပန်းထိမ်သည်၏ သားကို မိန့်ကြားမြွက် ဘော် ခေါ်တော်မူ၏။

"စုန္ဒ သူကြွယ်····သင်၏အကြင်၀က်ပျိုသားပြွမ်းဆွမ်းသည် ကြွင်း ကျန်သေး၏၊ထိုကြွင်းကျန်သော ၀က်ပျိုသားပြွမ်းဆွမ်းကို တွင်း၌မြှုပ် လော့" ဟု ဤသို့မိန့်တော်မူ၏၊ ထိုသို့ မိန့်တော်မူပြီးသောအခါ "စုန္ဒ သူကြွယ်···· ငါဘုရားကိုထား၍ တပါးသော ပုဂ္ဂိုလ်အား စားအပ် သော ကို၀က်ပျိုသားပြွမ်း [illegible] စားသည့်ကောင်းမှုစွာအစာသာ၏ကြေကျွမ်းခြင်းရှိ

ရောက်ရာသောပုဂ္ဂိုလ်ကို ငါဘုရားသည် ပါးထပ်သော နတ်ပြည်နှင့်တကွ ဝသဝတ္တိနတ်ပြည်, ဗြဟ္မာ့ပြည်နှင့်ဟကွ သြကာသလောက၌ သာသနာတော်၏ဆန့်ကျင်ဘက်ဖြစ်သော ရဟန်း,ပုဏ္ဏားနှင့်တကွဖြစ်သော သမုတိနတ်-တည်းဟူသော နတ်မင်း,ကြွင်းသောလူနှင့်တကွ ဖြစ်သော သတ္တဝါ၌ မြင်တော်မမူ''ဟု ဤသို့မြွက်ဘော်မိန့်တော်မူ၏။

ထိုသို့မိန့်တော်မူသောအခါ ''အရှင်ဘုရား····ကောင်းပါပြီ'' ဟု စုန္ဒ သူကြွယ်သည် မြတ်စွာဘုရား၏စကားကို နား၌ဆင်ပန်လျက် ဝန်ခံခြင်းကိုပြုပြီး၍ ထိုကျန်သော ဝက်ပျို့သားပွမ်းဆွမ်း မကုန်ခန်းသော အကြွင်းကို တွင်းတူး၍မြှုပ်လေ၏၊ထိုသို့မြှုပ်ပြီးလျှင် ဘုရားသခင်ရှိရာ ထံပါးသို့ ခစားချဉ်းကပ်၍ မြတ်စွာဘုရားသခင်ကို ရိုသေစွာ ရှိခိုးပြီးလျှင် တင့်အပ်လျောက်ပတ်သောအရပ်၌တုပ်ဝပ်ထိုင်နေ၏၊ထိုသို့နေပြီးသည်ရှိသော် မြတ်စွာဘုရားသခင်သည် စုန္ဒသူကြွယ်ကို မိန့်ဆိုမြွက်ကြားတရားစကားဖြင့် ပွားများထင်မြင် ကြည်ရွှင်အသင့် ဆောက်တည်ကျင့်စေပြီး၍ဋင်း, ကောင်းစွာထက်မြက် နှစ်သက်ကြည်နူး ရွှင်မြူးခြင်းဖြစ်စေပြီး၍ဋင်း၊ဤနေရာဌာနမှ ဘဲကြွတော်မူခဲ့၏။

ထိုအခါ စုန္ဒ သူကြွယ်၏ ဝက်ပျို့သားပွမ်းဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူသောမြတ်စွာဘုရားအား ပြင်းစွာသောရောဂါဝေဒနာသည်ဖြစ်၏၊ သေခြင်းလျှင် အဆုံးရှိသော သွေးသွန်ဆင်းကာ ပြင်းစွာသောဝေဒနာတို့သည် ဖြစ်ကုန်၏၊ ထိုပြင်းစွာသော ဝေဒနာတို့ကို မြတ်စွာဘုရားသခင်သည် သတိသမ္ပဇဉ်အမြဲယှဉ်၍ သည်းခံတော်မူ၏။

ဤသည်လျှင် ပါဝါပြည်၌ ရွှေပန်းထိမ်သည်၏သား
စုန္ဒသူကြွယ်၏ ဝက်ပျို့သားပွမ်းဆွမ်းကို
ဘုဉ်းပေးတော်မူခြင်းတည်း ။

---

## ၈။ သောက်တော်ရေသုံးဆောင်လို၍ စေခိုင်းတော်မူခန်း

ထိုအခါ မြတ်စွာဘုရားသခင်သည် ရှည်သော သက်တော်ရှိသော ရှင်အာနန္ဒာကို သာယာ မြွက်ဘော် ခေါ်တော်မူ၏၊ ''ချစ်သား အာနန္ဒာ····အကြင်အရပ်၌ ကုသိနာရုံပြည်သည်ရှိ၏၊ ထိုအရပ်သို့

ချဉ်းကပ်အံ့သောငှါ ဒေသစာရီ ကြွချီတော်မူအံ့''ဟူ၍ မိန့်တော်မူသောအခါ''အရှင်ဘုရား…ကောင်းပါပြီ''ဟုရှင်အာနန္ဒာသည်မြတ်စွာဘုရား၏ စကားတော်ကိုပယ်ရှားမဆန် ဝန်ခံခြင်းပြုပြီးလျှင် ''သဗ္ဗညုတဉာဏ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည် စုန္ဒသူကြွယ်၏ ဝက်ပျိုသားပြွမ်းဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူ၍ ပြင်းစွာသောအသက်တော်၏ဘေးအန္တရာယ်လျှင်အဆုံးရှိသောရောဂါဝေဒနာသည် လွန်စွာနှိပ်စက်သည်၏ အဖြစ်သို့ရောက်ကြောင်းစကားကို အကျွန်ုပ်အာနန္ဒာသည် ကြားရပါသည်ဘုရား''ဟု လျှောက်သော အခါ ''ချစ်သားအာနန္ဒာ….ငါဘုရား၌ စုန္ဒသူကြွယ်၏ ဝက်ပျိုသားပြွမ်းဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူသဖြင့် ပြင်းစွာသော ရောဂါဝေဒနာသည် ထင်ရှားစွာဖြစ်ခြင်းကြောင့် ဝမ်းတွင်းမှ သွေးသွန်ဆင်းသည်ဖြစ်၍ ချစ်သားအာနန္ဒာ….ငါဘုရားသည် ကုသိနာရုံပြည်သို့ သွားအံ့''ဟု မိန့်တော်မူ၏။

ထိုသို့မိန့်တော်မူပြီးသောအခါ မြတ်စွာဘုရားသခင်သည် ကုသိနာရုံပြည်သို့ ကြွတော်မူရာ လမ်းခရီးမှ ဘဲကြွတော်မူ၍ တခုသော သစ်ပင်ရင်းသို့ ချဉ်းကပ်ပြီးလျှင် ရှင်အာနန္ဒာကို ခေါ်တော်မူ၏၊ ''ချစ်သား အာနန္ဒာ‥ငါဘုရား၏ဒုကုဋ်တော်ကိုလေးထပ်ပြု၍ခင်းလော့၊ ငါဘုရားသည် အားတော်လျော့နွမ်း ပင်ပန်းတော်မူလှပြီ၊ ထိုသို့ ပင်ပန်းတော်မူခြင်းကြောင့် ခင်းအပ်သော နေရာတော်၌ အပန်းတော်ဖြေ၍ နားနေလျောင်းစံတော်မူအံ့''ဟုဗျာဒိတ်သံလှစ်ဘော် မိန့်မြွက်တော်မူ၏။

ထိုအခါ ညီတော်အာနန္ဒာသည်'' ကောင်းပါပြီဘုရား''ဟု ဝန်ခံခြင်းပြု၍ ဒုကုဋ်တော်ကို လေးထပ်ပြုသဖြင့် ရုက္ခမူအတွင်း သစ်ပင်ရင်း၌ ဖြန့်ခင်း၍ ပြီးသည်ရှိသော် ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော ဘုရားသခင်သည် ခင်းထားအပ်သောနေရာ၌ ကောင်းစွာလျောင်းစံတော်မူ၏၊ ထိုသို့လျောင်းစံနေတော်မူပြီးသော် သက်တော်ရှည်သော ရှင်အာနန္ဒာကို တဖန်တိုက်တွန်းတော်မူပြန်၏၊ ''ချစ်သားအာနန္ဒာ…. ငါဘုရား၏ သပိတ်တော်ကို ဆောင်ယူခဲ့လော့၊ ငါဘုရားသည် သောက်တော်ရေသုံးဆောင်တော်မူအံ့သောငှါ အလိုရှိတော်မူ၏''ဟု

မိန့်တော်မူသောအခါ ရှင်အာနန္ဒာသည် မြတ်စွာဘုရားသခင်ကို ဤဆိုလတ္တံ့သော စကားဖြင့် လျှောက်ကြား၏။

အဘယ်သို့ လျှောက်ကြားသနည်း-ဟူမူကား- "အရှင်ဘုရား.... ယခုအခါ၌ မလ္လာမင်း၏ သားဖြစ်သော ပုက္ကုသသည် ကုန်သွယ်အံ့ သော၄ါ ငါးရာကုန်သော လှည်းတို့ကို က-စေသဖြင့် ရှေ့မှစေလွှတ်၍ မိမိသည်နောက်မှ အလုံးစုံသော ရတနာတို့ဖြင့်ပြီးသော ယာဉ်ကိုစီး၍ ကုသိနာရုံပြည်သို့ သွားအံ့-ဟု နှလုံးပြု၍နေရစ်၏၊ ရှေ့မှစေလွှတ်သော ငါးရာကုန်သော လှည်းသားတို့သည် လှည်းဘီးစက်ဖြင့် မြစ်ငယ်သို့ ကူးဖြတ်၍ သွားခြင်းကြောင့် အနည်းငယ်သော ထိုမြစ်ရေသည် ချောက်ချားနောက်ကျုသည် ဖြစ်၍စီး၏၊ အရှင်ဘုရား....မနီးမဝေး သောအရပ်၌ ကကုဓာနဒီ-အမည်တွင်သော ရေခံတက်ပင် ရှိသော မြစ်သည်ကြည်လင်ချမ်းအေးသဖြင့် ကောင်းမွန်မြိန်ရှက်ဘွယ် အနယ် ကင်းသော ရေရှိ၏၊ ကောင်းစွာမွေ့လျော်ဘွယ်ရှိသော ရေဆိပ်လည်း ရှိ၏၊ ထိုမြစ်၌ တည်သောရေကို အရှင်ဘုရားသည် သောက်တော် မူရလတ္တံ့၊ ကိုယ်တော်ကိုလည်း ချမ်းအေးသောရေဖြင့် သုံးသပ်တော် မူခြင်းကိုပြုရလတ္တံ့"ဟု ဤသို့လျှောက်ကြား၏။

ထိုအခါ မြတ်စွာဘုရားသခင်သည် ရှင်အာနန္ဒာကို ခေါ်တော်မူ၍ ရှေးနည်းအတူပင် ရေဆောင်အံ့သော၄ါ သုံးကြိမ်မြောက်အောင် တိုက်တွန်းတော်မူ၏၊ ထိုသို့တိုက်တွန်း နှိုးဆော်ခိုင်းစေတော်မူသော အခါ ရှင်အာနန္ဒာသည် "ကောင်းပါပြီ"ဟု ဝန်ခံခြင်းပြုသဖြင့် သပိတ် တော်ကို ဆောင်ယူ၍ ထိုကကုဓာနဒီ-အမည်ရှိသော မြစ်ငယ်ရှိရာ အရပ်သို့ ချဉ်းကပ်တော်မူပြီးလျှင် လှည်းဘီးစက်ဖြင့် ဖြတ်၍သွားခြင်း ကြောင့် အနည်းငယ်သောရေရှိ၍ ချောက်ချားနောက်ကျု၍စီးသော ထိုမြစ်ငယ်သို့ ရောက်သည်ရှိသော် နောက်ကျုကင်းရှင်း အလွန်ကြည် လင်ခြင်း ရှိသည်ဖြစ်၍စီး၏၊ ထိုသို့စီးသောရေကို မြင်သောအခါ ရှင်အာနန္ဒာသည် ဤသို့သောအကြံသည်ဖြစ်၏၊အဘယ်သို့ဖြစ်သနည်း- ဟူမူကား—

"အရှင်တို့....မြတ်စွာဘုရား၏ကြီးသောတန်ခိုးအာနုဘော်ရှိသည်၏ အဖြစ်သည် အံ့ဘွယ်မှုလေစွ တကား၊ အရှင်တို့.... ကောင်းသော

စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၏ တန်ခိုး အာနုဘော်သည် မဖြစ်ဘူးမြဲဖြစ်ပေစွတကား၊ အဘယ့်ကြောင့်နည်း ဟူမူကား- လှည်းဘီးစက်ဖြင့် ဖြတ်ကူးအပ်သော ချောက်ချားနောက်ကျုသည်ဖြစ်၍ စီးသော အနည်းငယ်သော ဤမြစ်ရေသည် ငါ့-ချဉ်းကပ်သည် ရှိသော် မြူမှုန်ကင်းရှင်း နောက်ကျုခြင်းမရှိဘဲ အလွန်ကြည်လင်သည်ဖြစ်၍ စီး၏၊ထို့ကြောင့်ပင်လျှင် အလွန်ပင်အံ့ဘွယ်ရှိပေစွတကား'' ဟု ဤသို့သော အကြံသည်ဖြစ်၏။

ထိုသို့ဖြစ်ပြီးသည်ရှိသော် သပိတ်တော်ဖြင့် ရေကို ဆောင်ယူပြီးလျှင် မြတ်စွာဘုရားသခင်ရှိတော်မူရာအရပ်သို့ ချဉ်းကပ်လာခဲ့၍ မြတ်စွာဘုရားကို ဤစကားဖြင့် လျှောက်ကြားလေ၏၊''ဘုန်းတန်ခိုးအာနုဘော်နှင့် ပြည့်စုံတော်မူသော အရှင်ဘုရား....အရှင်ဘုရား၏ ကြီးမြတ်သော တန်ခိုးအာနုဘော်သည် အံ့ဘွယ်ရှိပါပေ၏၊လောကသုံးခွင် ဘုံအပြင်၌ ပြိုင်ယှဉ်ဘက်ရှားတော်မူသော အရှင်ဘုရား.... အရှင်ဘုရား၏ ကြီးမြတ်တော်မူသော တန်ခိုးအာနုဘော်သည် မဖြစ်ဘူးမြဲ ဖြစ်ပါပေ၏၊ ယခုအခါ၌ လှည်းဘီးစက်ဖြင့် ဖြတ်ကူးအပ်သော ချောက်ချားနောက်ကျုသည်ဖြစ်၍ စီးသော အနည်းငယ်သော မြစ်ရေသည် အကျွန်ုပ် ချဉ်းကပ်သည်ရှိသော် မြူမှုန်ကင်းရှင်း နောက်ကျုခြင်းမရှိဘဲ အလွန်ကြည်လင်သည်ဖြစ်၍ စီး၏၊ ဘုန်းတန်ခိုးရှိတော်မူသော အရှင်ဘုရားသည် ဤရေကို သုံးဆောင်တော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော အရှင်ဘုရားသည် ဤရေကို သုံးဆောင်တော်မူပါလော့''ဟု လျှောက်၏၊ထိုအခါ မြတ်စွာဘုရားသည်လည်း သောက်တော်ရေကို သုံးဆောင်တော်မူ၏။

---

## ၉။ အာဠာဝကရသေ့၏ ကာယိန္ဒြေ, သမာဓိန္ဒြေကို ဘုရားသခင်အား လျှောက်ခဏ်း

ထိုအခါ အာဠာဝကရသေ့၏တပည့် ပုက္ကုသ အမည်ရှိသော မလ္လာမင်းသားသည် ကုသိနာရုံပြည်မှ ပါဝါပြည်သို့ အဓွန့်ရှည်သော ခရီးကိုသွားခြင်းငှါလာ၏၊ဤသို့လာရာ ပုက္ကုသ အမည်ရှိသော မလ္လာမင်းသားသည် မြတ်စွာဘုရားသခင် တခုသော သစ်ပင်ရင်း၌ စံနေတော်

မှုသည်ကိုမြင်လေ၏၊ ထိုသို့စံနေတော်မူသည်ကိုမြင်၍ ဘုရားသခင်၏ ထံပါးသို့ ခစားချဉ်းကပ်ပြီးလျှင် ဘုရားသခင်ကို ရှိသေစွာရှိခိုး၍ တင့်အပ်လျောက်ပတ်သော အရပ်၌နေ၏၊ ထိုသို့နေပြီးသည် ရှိသော် ပုက္ကုသ အမည်ရှိသော မလ္လာမင်းသားသည် ဘုရားသခင်ကို ဤစကား ဖြင့်လျှောက်ကြားလေ၏၊"အရှင်ဘုရား····အံ့ဘွယ်ရှိပါပေ၏၊မဖြစ်ဘူး မြဲဖြစ်ပါပေ၏၊ အရှင်ဘုရား····ရဟန်းတို့သည် စင်စစ်လျှင်ငြိမ်သက်စွာ သောသမာပတ်ဖြင့် နေကုန်၏၊

"ရှေး၌ဖြစ်ဘူး၏၊ ကာလာမအမျိုး၌ ဖြစ်သော အာဠာရ ရသေ့သည် အဓွန့်ရှည်သောခရီးကို သွားသည်ဖြစ်၍ ခရီးမှဘဲ ၍မနီးမဝေးသောအရပ်ဝယ် တခုသော သစ်ပင်ရင်း၌ နေ့အ ဘို့ နေခြင်းငှါနေ၏၊အရှင်ဘုရား··ထိုအခါ၌ ငါးရာသောလှည်း တို့သည် ကာလာမအမျိုးဖြစ်သော အာဠာရရသေ့ကိုအမှီပြု၍ လွန်လေကုန်၏၊ အရှင်ဘုရား ···· ထိုအခါ တပါးသော ယောကျ်ားသည် ထိုလှည်းငါးရာ၏ နောက်မှ လိုက်သည်ဖြစ်၍ ကာလာမအမျိုးဖြစ်သောအာဠာရရသေ့၏အထံသို့ ချဉ်းကပ်၍ ဤစကားကိုလျှောက်ကြား၏။

အရှင်ဘုရား····ငါးရာသောလှည်းတို့ လွန်ကုန်သည်ကိုမြင် တော်မူလိုက်ပါ၏လော-ဟု လျှောက်၏၊ ဒါယကာ····ငါရသေ့ သည် မမြင်လိုက်-ဟု မိန့်တော်မူ၏၊ထိုမှတဘန် လျှောက်ကြား ပြန်သည်မှာ အရှင်ဘုရား····အသို့လျှင် အသံကိုကြားလိုက်ပါ ၏လော-ဟု လျှောက်၏၊ ဒါယကာ····ငါရသေ့သည် မကြား လိုက်-ဟု မိန့်တော်မူ၏၊ ထိုမှတထွေ လျှောက်ကြားလေသည် မှာ အရှင်ဘုရား···· အသို့လျှင် အိပ်ပျော်၍နေသည် ဖြစ်သ လော-ဟု လျှောက်၏၊ဒါယကာ····ငါရသေ့သည် အိပ်ပျော်၍ နေသည်မဖြစ်-ဟု မိန့်တော်မူ၏၊ထိုမှတဘန် လျှောက်ကြားပြန် သည်မှာ အရှင်ဘုရား····အသို့လျှင် သညာနှင့် ပြည့်စုံသည်ဖြစ် ၏လော-ဟု လျှောက်၏၊ဒါယကာ····ငါရသေ့သည် သညာနှင့် ပြည့်စုံ၏-ဟု မိန့်တော်မူ၏၊ အရှင်ဘုရား···· ထိုအရှင်ဘုရား သည် သညာရှိသည် ဖြစ်ပါလျက်, နိုးကြားသည် ဖြစ်ပါလျက်,

ငါးရာကုန်သောလှည်းတို့ကို မှီ၍,မှီ၍ လွန်ကုန်သည်တို့ကို မမြင်၊ အသံကိုလည်း မကြား၊ အရှင်ဘုရား …. အရှင်ဘုရား၏ ထို သက်နှံသည် မြူဖြင့်အလိမ်းအလိမ်းကပ်သလော-ဟုလျှောက်၏၊ဒါယကာ….မြူဖြင့် အလိမ်းအလိမ်း ကပ်သည်မှန်၏-ဟု မိန့်တော်မူ၏၊ ထိုအခါ မြတ်စွာသခင် အရှင်ဘုရား…. ထို ယောက်ျား၏ ဤသို့သော အကြံသည် ဖြစ်၏၊ အဘယ်သို့ဖြစ် သနည်း ဟူမူကား၊ အို-အချင်းတို့….အံ့ဘွယ် ရှိပေစွတကား၊ အို-အချင်းတို့..မဖြစ်ဘူးသော သဘောသည် ဖြစ်ပေစွတကား၊ အို-အချင်းတို့….ရဟန်းတို့သည်ငြိမ်သက်စွာသော သမာပတ် ဖြင့်နေကုန်ပေစွတကား၊အဘယ့်ကြောင့် အံ့ဘွယ်ရှိသနည်းဟူမူ ကား-အာဠာရရသေ့သည် သညာနှင့် ပြည့်စုံသည်ဖြစ်ပါလျက်, နိုးကြားသည်ဖြစ်ပါလျက် ငါးရာကုန်သောလှည်းတို့ကိုမှီ၍, မှီ၍ လွန်ကုန်သည်တို့ကိုလည်း မမြင်၊ အသံကိုလည်းမကြား၊ ထို့ ကြောင့် အံ့ဘွယ်ရှိပေစွတကား-ဟုဤသို့သောအကြံသည်ဖြစ်၏၊ ထိုယောက်ျားသည် ကာလာမအမျိုးဖြစ်သောအာဠာရရသေ့၌ လွန်စွာကြည်ညိုခြင်းကိုဖွင့်လင်းမြွက်ကြား၍ ဘဲသွားလေ၏''။

ဤသို့လျှင် ပုက္ကုသမင်းသားသည် မြတ်စွာဘုရားအား လျှောက် ကြားလေ၏။

ထိုအခါ ''ပုက္ကုသမင်းသား….ငါဘုရားသည် မိန့်ဆိုလတ္တံ့သော အကြင်စကားသည်ရှိ၏၊ ထိုမိန့်ဆိုလတ္တံ့သောစကားကို သင်ပုက္ကုသ မင်းသားသည်အသို့အောက်မေ့သနည်း၊အကြင်ပုဂ္ဂိုလ်သည်သညာနှင့် ပြည့်စုံသည်ဖြစ်ပါလျက်, နိုးကြားသည်ဖြစ်ပါလျက် လှည်းငါးရာတို့ကို မှီ၍,မှီ၍ လွန်ကုန်သည်တို့ကို မမြင်,မကြားရ၊ အကြင်ပုဂ္ဂိုလ်သည် သညာနှင့်ပြည့်စုံသည် ဖြစ်ပါလျက်,နိုးကြားသည်ဖြစ်ပါလျက် လျှပ်စစ် ပြက်သဖြင့် တမိုယ်းလုံး ချုန်းပိန်းမြည်ပြီး၍ သည်းထန်စွာသော မိုယ်းကြိုးသံတို့သည် ဆူညံအောင်ထစ်ပြီးလျှင် ကြီးစွာသောမိုယ်းသည် ရွာလတ်သော်လည်း မကြား,မမြင်ရာ၊ထိုနှစ်ပါးတို့တွင် အဘယ်သည် လျှင်ခဲယဉ်းသနည်း၊အဘယ်သည် လျှင်ဖြစ်စေခြင်းငှါ ခွဲဖန်နိုင်ခဲသနည်း'' ဤသို့အားဖြင့်ဘုရားမြတ်စွာသည် [illegible] မေးတော်မူ၏။

ထိုအခါ "အရှင်ဘုရား····ငါးရာသော လှည်းတို့သည်၎င်း,ခြောက်ရာသောလှည်းတို့သည်၎င်း, ခုနစ်ရာသောလှည်းတို့သည်၎င်း, ရှစ်ရာသောလှည်းတို့သည်၎င်း, ကိုးရာသောလှည်းတို့သည်၎င်း, တထောင်သောလှည်းတို့သည်၎င်း, တသောင်းသောလှည်းတို့သည်၎င်း, တသိန်းသောလှည်းတို့သည်၎င်း အဘယ်လျှင်အံ့ဘွယ်၏ဆောင်ခြင်းကို ပြုကုန်လတ္တံ့နည်း၊ ထိုအခါ၌ကား-အကြင်ပုဂ္ဂိုလ်သည် သညာနှင့်ပြည့်စုံသည်ဖြစ်ပါလျက်, နိုးကြားသည်ဖြစ်ပါလျက် လျှပ်စစ်ပြက်သဖြင့် တမိုယ်းလုံးချုန်းဟိန်းမြည်ဟီး၍ သည်းထန်စွာသော မိုယ်းကြိုးသံတို့သည် ဆူညံအောင် ထစ်ပြီးလျှင် ကြီးစွာသောမိုယ်းသည် ရွာလတ်သော်လည်း မကြား,မမြင်ရာ၊ ထိုပုဂ္ဂိုလ်၏ မမြင်,မကြားသော အမှုသည်လျှင် အထူးသဖြင့် ခဲယဉ်းပါပေ၏၊ အထူးသဖြင့် မဖြစ်ဘူးမြဲအံ့ဘွယ်သရဲရှိပါပေသည်ဘုရား"ဟု ပုက္ကုသမင်းသားသည် လျှောက်ကြားလေ၏။

---

## ၁၀။ ဘုရားသခင်အား နူးညံ့သောပုဆိုးနှစ်စုံကို ကပ်လှူပူဇော်ခဏ်း

ထိုအခါ "အသင်ပုက္ကုသမင်းသား····ငါဘုရားသည် တပါးသောအခါ အာတုမာပြည် ဘုသာဂါရအမည်ရှိသော ကောက်ရိုးကျောင်း၌ ကိန်းအောင်းမွေ့လျော် စံနေတော်မူ၏၊ ထိုအခါ၌ လျှပ်စစ်ပြက်သဖြင့် တမိုယ်းလုံး ချုန်းဟိန်းမြည်ဟီး၍ သည်းထန်စွာသောမိုယ်းကြိုးသံတို့သည် ဆူညံအောင်ထစ်ပြီးလျှင် ကြီးစွာသောမိုယ်းသည် ရွာလတ်သော် ကောက်ရိုးကျောင်း၏ မနီးမဝေးသောအရပ်၌ နှစ်ယောက်ကုန်သော ညီနောင်တို့ကို မိုယ်းကြိုးသည် ပစ်သတ်ကုန်၏၊ နွားလားကြီးလေးကောင်တို့ကိုလည်း ပစ်သတ်ကုန်၏၊ ထိုအခါ ပုက္ကုသမင်းသား·· အာတုမာပြည်မှ များစွာကုန်သော လူအပေါင်းတို့သည် ထွက်၍ နှစ်ယောက်ကုန်သော လယ်လုပ်သမား ယောကျ်ားညီနောင်တို့ကို၎င်း, နွားလားကြီးလေးကောင်တို့ကို၎င်း မိုယ်းကြိုးပစ်သတ်အပ်သောအရပ်သို့ချဉ်းကပ်ကြလေ၏၊

ပုက္ကုသမင်းသား····ငါဘုရားသည် ထိုအခါ၌ ကောက်နယ်တလင်း၏အတွင်း ခင်းကျင်းဆောက်လုပ်အပ်သော ကောက်ရိုးတဲကျောင်းမှ

ထွက်၍ ကောက်နယ်တလင်းတဲတံခါးတွင် လွင်တီးခေါင်၌ စင်္ကြံသွား တော်မူ၏၊ ထိုအခါ ပုက္ကုသမင်းသား....တဦးသော ယောကျ်ားသည် ထိုလူအပေါင်းမှ ငါဘုရားရှိရာအရပ်သို့ကပ်လာ၍ သင့်တင့်လျှောက် ပတ်သောနေ့ရာ၌ရပ်၏၊ထိုရပ်လာသော ယောကျ်ားကို ငါဘုရားသည် ဤစကားကို မိန့်ကြားမြွက်ဟော်ပြီးလျှင်—

"အသင်ဒါယကာ ယောကျ်ား....အဘယ်ကြောင့် များစွာ ကုန်သော လူအပေါင်းတို့သည် စည်းဝေးကြသနည်း-ဟု မေး တော်မူ၏၊ ထိုသို့မေးတော်မူသောအခါ အရှင်ဘုရား....ယခု အခါ၌ လျှပ်စစ် ပြက်သဖြင့် တမိုးယံလုံး ချုန်းဟိန်းမြည်ဟီး၍ သည်းထန်စွာသော မိုးယံကြီးသည် ရွာလတ်၍ နှစ်ယောက် ကုန်သော လယ်လုပ်သမား ယောကျ်ား ညီနောင်တို့ကိုငင်း, နွားလားကြီး လေးကောင်တို့ကိုငင်း မိုးကြိုးသည် ပစ်သတ်အပ်ကုန်၏၊ ထို့ကြောင့်သာလျှင် ဤအရပ်၌ ထိုများ စွာကုန်သောလူအပေါင်းတို့သည် စည်းဝေးကြပါသည်ဘုရား- ဟု လျှောက်ကြားလေ၏။

ဤသို့ လျှောက်ကြားပြီးမှ အရှင်ဘုရား.... အရှင်ဘုရား သည်ကား - အသို့ ဖြစ်သနည်း-ဟု လျှောက်၏၊ ဒါယကာ ယောကျ်ား.... ငါဘုရားသည် ဤအခါ၌ အသို့လျှင် ဖြစ်ရအံ့ နည်း-ဟု မေးတော်မူ၏၊ထိုအခါ အရှင်ဘုရား....အသို့လျှင်မြင် တော်မူပါ၏လော—ဟု လျှောက်၏၊ဒါယကာ ယောကျ်ား....ငါ ဘုရားသည် မမြင်-ဟု မိန့်တော်မူ၏၊ ထိုမှတဖန်လျှောက်ကြား ပြန်သည်မှာ အရှင်ဘုရား.... အသို့လျှင် အသံကို ကြားပါ၏ လော-ဟု လျှောက်၏၊ဒါယကာ ယောကျ်ား....ငါဘုရားသည် မကြား-ဟု မိန့်တော်မူ၏၊ ထိုမှတထွေ လျှောက်ကြား ပြန်လေ သည်မှာ အရှင်ဘုရား.... အသို့လျှင် အိပ်ပျော်၍နေတော်မူ သည် ဖြစ်သလော—ဟုလျှောက်၏၊ ဒါယကာ ယောကျ်ား.... ငါဘုရားသည် အိပ်ပျော်၍ နေတော်မူသည် မဖြစ်—ဟု မိန့် တော်မူ၏၊ ထိုမှတဖန် လျှောက်ကြားပြန်သည်မှာ အရှင်ဘုရား.. အသို့လျှင် သညာနှင့်ပြည့်စုံသည် ဖြစ်ပါ၏လော—ဟု လျှောက်

၏၊ ဒါယကာ ယောက်ျား····ငါဘုရားသည် သညာနှင့်ပြည့်စုံသည်ဖြစ်၏–ဟု မိန့်တော်မူ၏၊ အရှင်ဘုရား····ထိုအရှင်ဘုရားသည် သညာနှင့်ပြည့်စုံသည် ဖြစ်ပါလျက်, နိုးကြားသည်ဖြစ်ပါလျက် လျှပ်စစ်ပြက်သဖြင့် တမိုယ်းလုံး ချုန်းဟိန်းမြည်ဟီး၍ သည်းထန်စွာသော မိုယ်းကြိုးသံတို့သည် ဆူညံအောင် ထစ်ပြီးလျှင် ကြီးစွာသောမိုယ်းရွာသည်ကိုမမြင်, အသံလည်းမကြား–ဟု လျှောက်လေ၏။

ထိုအခါ ပုက္ကုသမင်းသား····ဒါယကာယောက်ျားသည် ငါဘုရားကို လျှောက်ကြားပြီးသည်ရှိသော် အသင်ပုက္ကုသမင်းသား···· ထိုယောက်ျား၏ ဤသို့သော အကြံသည်ဖြစ်၏၊ အို–အချင်းတို့····အံ့ဘွယ်ရှိပေစွတကား၊ အို–အချင်းတို့···· မဖြစ်ဘူးမြဲ ဖြစ်ပေစွတကား၊ အို–အချင်းတို့···· ငြိမ်သက်စွာသော သမာပတ်ဖြင့် ဆောင်ကုန်စွတကား၊ အဘယ့်ကြောင့် အံ့ဘွယ်ရှိပေသနည်းဟူမူကား– ထိုရဟန်းတို့သည် သညာနှင့် ပြည့်စုံသည်ဖြစ်ပါလျက်,နိုးကြားသည်ဖြစ်ပါလျက်လျှပ်စစ်ပြက်သဖြင့် တမိုယ်းလုံးချုန်းဟိန်းမြည်ဟီး၍သည်းထန်စွာသောမိုယ်းကြိုးသံတို့သည် ဆူညံအောင် ထစ်ပြီးလျှင် ကြီးစွာသောမိုယ်းရွာသည်ကိုမမြင်, အသံကိုလည်းမကြားခြင်းကြောင့် အံ့ဘွယ်ရှိပါပေ၏-ဟုဤသို့သောအကြံသည်ဖြစ်၏၊အသင်ပုက္ကုသမင်းသား···· ထိုယောက်ျားသည် ငါဘုရား၌လွန်စွာကြည်ညိုခြင်းကိုလျှောက်ကြား၍ ငါဘုရားကိုရှိခိုးလျက် လက်ျာရစ်လှည့်လည်သည်ကိုပြု၍ ဘဲသွားလေ၏”။

ဤသို့အားဖြင့် မြတ်စွာဘုရားသည်မိန့်ကြားတော်မူလေ၏၊ ထိုသို့ မိန့်ကြားတော်မူပြီးသည်ရှိသော် မလ္လာမင်း၏သားဖြစ်သော ပုက္ကုသမင်းသားသည် မြတ်စွာဘုရားအား ဤစကားကိုလျှောက်ကြား၏။

အရှင်ဘုရား····ထိုဘုရား တပည့်တော်သည် ကာလာမ အမျိုးဖြစ်သော အာဠာရ ရသေ့၌ အကျွန်ုပ်၏ အကြင်ကြည်ညိုခြင်းသည်ရှိ၏၊ ထိုကြည်ညိုခြင်းကိုပြင်းစွာသောလေ၌ ခါတွက်သကဲ့သို့ခါတွက်၏၊ ပြင်း

စွာသောရေအယဉ်ရှိသောမြစ်၌ မျောသကဲ့သို့မျော၏၊ အရှင်ဘုရား·· ကောင်းပေစွ,ကောင်းပေစွ၊ ဥပမာမည်သည်ကား-အောက်သို့မျက်နှာ ပြု၍ထားသောအိုးကိုမူလည်း အထက်သို့မျက်နှာပြု၍ ထားပေသကဲ့ သို့၎င်း၊မြက်, သစ်ရွက်အစရှိသည်တို့ဖြင့် ဖုံးလွှမ်းသောဝတ္ထုကိုမူလည်း ဖွင့်၍ပြပေသကဲ့သို့၎င်း၊ ခရီးမှားသောသူအားမူလည်း ခရီးမှန်ကိုညွှန် ကြားပြောပြန်သကဲ့သို့၎င်း၊အမိုက်တိုက်၌မူလည်း ဆီမီးရောင်ကို လင်း ပြောင်အောင်ထွန်းပေသကဲ့သို့၎င်း၊စက္ခုပသာဒနှင့် ပြည့်စုံသောသူတို့ သည် ရူပါရုံကိုမြင်ကုန်သကဲ့သို့၎င်း၊ ထို့အတူလျှင် အရှင်ဘုရား၏ များစွာသောအကြောင်းဖြင့်ကောင်းမွန်စွာသော တရားတော်ကိုဖော် ပြအပ်ပြီ၊ အရှင်ဘုရား····အရှင်ဘုရားသည်၊ ထိုဘုရားတပည့်တော်၏ ဆင်းရဲကို ဖျောက်ပေတတ်၏၊ ချမ်းသာကို ဆောင်ပေတတ်၏–ဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကို၎င်း,သံဃာတော်ကို၎င်း ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏၊ အရှင်ဘုရားသည် အကျွန်ုပ်ကို ယနေ့မှအစပြု၍ ဇီဝိတိန္ဒြေ တည်နေသ၍သော ကာလပတ်လုံး ဆင်းရဲကိုဖျောက်ပေ တတ်၏၊ ချမ်းသာကိုဆောင်ပေတတ်၏–ဟူ၍ သိသော ဥပါသကာ သီတင်းသည် မှတ်တော်မူပါလော့''ဟု လျှောက်ပေ၏။

ထိုအခါ မလ္လာမင်း၏သားဖြစ်သော ပုက္ကုသမင်းသားသည် တ ယောက်သော မင်းချင်းယောကျ်ားကိုခေါ်၏၊ အဘယ်သို့ခေါ်သနည်း ဟူမူကား-''အချင်း ယောကျ်ား····ငါတိုက်တွန်း၏၊သင်သည် ငါ၏သိင်္ ဂါ နိက်ရွှေစင်အဆင်းနှင့်တူသော ရုံခါရုံခါဆောင်အပ်သော နူးညံ့သိမ် မွေ့ ချောမွေ့ ပြေပြစ်စွာသော ပုဆိုးစုံကို ဆောင်ယူခဲ့လော့'' - ဟု ပြောပြမိန့်ခွေ နိုင်းစေတိုက်တွန်း၏၊''အရှင်····ကောင်းပါပြီ''ဟု ဤသို့ လျှောက်ပြီးလျှင်ထိုယောကျ်ားသည် ပုက္ကုသမင်းသား၏စကားကိုမှတ် သားဝန်ခံ၍ သိင်္ဂါနိက်ရွှေစင် အဆင်းနှင့်တူသော ရုံခါရုံခါဆောင်အပ် သော ထိုနူးညံ့သိမ်မွေ့ ချောမွေ့ပြေပြစ်စွာသောပုဆိုးစုံကို ဆောင်ယူခဲ့ လေ၏၊ထိုအခါမလ္လာမင်း၏သားဖြစ်သော ပုက္ကုသမင်းသားသည် သိင်္ ဂါ နိက်ရွှေစင်အဆင်းနှင့်တူသော ရုံခါရုံခါဆောင်အပ်သောထိုနူးညံ့သိမ် မွေ့ ချောမွေ့ပြေပြစ်စွာသောပုဆိုးစုံကို မင်းချင်းယောကျ်ား၏ လက်မှ လှမ်းယူ၍''အရှင်ဘုရား··ဤပုဆိုးစုံကို အကျွန်ုပ်သည် ရုံခါရုံခါဆောင်

အပ်၏၊ ထိုဆောင်အပ်သော ပုဆိုးစုံကို အရှင်ဘုရားသည် အကျွန်ုပ်အား သနားခြင်းကို အကြောင်းပြု၍ အလှူခံတော်မူပါလော့''ဟု ဤသို့ဆို၍ မြတ်စွာဘုရားအား ကပ်လှူပူဇော်၏။

ထိုအခါ ''အသင် ပုက္ကုသမင်းသား....ထိုသို့တပြီးကား-တထည်သော ပုဆိုးဖြင့် ငါဘုရားကို ရုံလွှမ်းလော့၊ တထည်သော ပုဆိုးဖြင့် အာနန္ဒာကိုရုံလွှမ်းလော့''ဟူ၍ ဆို၏၊ ''အရှင်ဘုရား....ကောင်းပါပြီ'' ဟု ဤသို့လျှင် မလ္လာမင်း၏သားဖြစ်သော ပုက္ကုသမင်းသားသည် မြတ်စွာဘုရား၏ စကားတော်ကို ရိုသေစွာဝန်ခံ၍ တထည်သော ပုဆိုးဖြင့် မြတ်စွာဘုရားကို လှူဒါန်းရုံလွှမ်း၏၊ တထည်သောပုဆိုးကို ရှင်အာနန္ဒာအား လှူဒါန်းရုံလွှမ်း၏၊ ထိုအခါ မြတ်စွာဘုရားသခင်သည် မလ္လာမင်း၏သားဖြစ်သော ပုက္ကုသမင်းသားကို မိန့်ဆိုမြွက်ကြား တရားစကားဖြင့် ပွါးများထင်မြင် ကြည်ရွှင်အသင့် ဆောက်တည်၍ ကျင့်စေ၏၊ ကောင်းစွာထက်မြက် နှစ်သက်ကြည်နူး ရွှင်မြူးခြင်းကို ဖြစ်စေ၏။

---

## ၁၁။ ဤယနေ့ မိုးသောက်ယာမ်၌ မရှိနိဗ္ဗာန်ပြုလတ္တံ့ ဟု–မိန့်တော်မူခဏ်း

ထိုအခါ ရှည်သော သက်တော်ရှိသော ရှင်အာနန္ဒာသည် ပုက္ကုသမင်းသား ဘဲသွား၍မကြာမီ သိင်္ဂနိက်ရွှေစင် အဆင်းနှင့် တူသော သက်န်းလျာပုဆိုးစုံကို မြတ်စွာဘုရား၏ကိုယ်တော်သို့ ပူဇော်ဆက်ကပ်တင်လှူအပ်၏၊ မြတ်စွာဘုရား၏ ကိုယ်တော်သို့ ပူဇော်ဆက်ကပ်တင်လှူအပ်သော သက်န်းလျာ ပုဆိုးစုံသည် အလျှံပြောင်ပြောင်ညီးသော မီးခဲကဲ့သို့ထင်၏၊ ထိုအခါ ရှင်အာနန္ဒာသည် မြတ်စွာဘုရားသခင်အား ဤဆိုလတ္တံ့သော စကားဖြင့် လျှောက်ကြားလေ၏၊ အဘယ်သို့ လျှောက်ကြားလေသနည်း ဟူမူကား–

''အရှင်ဘုရား....အံ့ဘွယ်ရှိပေ၏၊ မဖြစ်ဘူးသော သဘောသည် ဖြစ်ပေ၏၊ အရှင်ဘုရား....အရှင်ဘုရား၏ အရေအဆင်းတော်သည် အလွန်လျှင်ဖြူစင်၏၊ ထက်ဝန်းကျင်မှ ပြိုးပြိုးပြက်ရှိ၏၊ အရှင်ဘုရား....အရှင်

ဘုရား၏ ကိုယ်တော်သို့ ပူဇော်ဆက်ကပ်တင်လှူအပ်သော သက်နှံးလျှာ ပုဆိုးသည် အလျှံပြောင်ပြောင်ညီးသော မီးခဲကဲ့သို့ထင်၏'' ဟူသော စကားကို လျှောက်ကြား၏။

ထိုအခါ''ချစ်သား အာနန္ဒာ…ဤအလျှံပြောင်ပြောင်ညီးသော မီးခဲကဲ့သို့ထင်၏-ဟူသော စကားသည် မှန်၏၊ ချစ်သား အာနန္ဒာ…. နှစ်ပါးကုန်သော ကာလတို့၌ အလွန်လျှင် ငါဘုရား၏ ကိုယ်တော်သည် ဖြူစင်သည်ဖြစ်၏၊ အရေအဆင်းတော်သည် ဝင်းဝင်းလက်လက် ထက်ဝန်းကျင်မှ ပြိုးပြိုးပြက်ရှိသည်ဖြစ်၏၊အဘယ်သို့လျှင် နှစ်ပါးကုန်သော ကာလ၌ ငါဘုရား၏ ကိုယ်တော်သည် ဖြူစင်သော အရေအဆင်းတော်ဖြင့် ဝင်းဝင်းလက်လက် ထက်ဝန်းကျင်မှ ပြိုးပြိုးပြက်ရှိသနည်းဟူမူကား-ချစ်သား အာနန္ဒာ‥အကြင်ညဉ့်၌ ငါဘုရားသည် အတုမရှိသော သဗ္ဗညုတဉာဏ်ကို အလိုလိုသိတော်မူ၏၊ အကြင်ညဉ့်၌ ငါဘုရားသည် ကမ္မဇရုပ် အကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြု၏၊ချစ်သား အာနန္ဒာ….နှစ်ပါးကုန်သော ဤကာလတို့၌ ငါဘုရား၏ ကိုယ်တော်သည် အလွန်လျှင်ဖြူစင်သန့်ရှင်းသည်ဖြစ်၏၊ အရေအဆင်းတော်သည် ဝင်းဝင်းလက်လက် ထက်ဝန်းကျင်မှ ပြိုးပြိုးပြက်ရှိသည်ဖြစ်၏၊ချစ်သား အာနန္ဒာ….ဤယနေ့ပင် စင်စစ်အားဖြင့် ညဉ့်မိုးသောက်ယာမ်၌ ကုသိနာရုံပြည်အကွေ့ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ် တောတွင် အစုံသော အင်ကြင်းပင်ပျိုတို့၏ အကြား၌ ငါဘုရား၏ပရိနိဗ္ဗာန်ပြုခြင်းသည် ဖြစ်ရလတ္တံ့''ဟု ရန့်ထုံစွာ ပဒုမ္မာကြာကုမုဒ်မှ ဘော်ထုတ်၍ မိန့်တော်မူ၏။

''ချစ်သား အာနန္ဒာ–သွားကြကုန်အံ့၊အကြင်အရပ်၌ ကကုဓာနဒီ အမည်တွင်လျက် ရေခံတက်ပင်ရောက်သော မြစ်သည်ရှိ၏၊ထိုအရပ်သို့ ချဉ်းကပ်ကြကုန်အံ့''ဟု မိန့်တော်မူ၏၊ ထိုအခါ ''အရှင်ဘုရား…. ကောင်းပါပြီ''ဟု ဤသို့လျှင် ရှည်သောသက်တော်ရှိသောရှင်အာနန္ဒာသည် မြတ်စွာဘုရား၏စကားတော်ကို မှတ်သားဝန်ခံခြင်းပြု၏၊ မြတ်စွာဘုရားသခင်သည် ပုက္ကုသမင်းသား၊ လှူဒါန်းသော သိင်္ဂနိက် ရွှေစင်အဆင်းနှင့်တူသော အဆင်းရှိသော နူးညံ့သိမ်မွေ့ ချောမြေ့ပြေပြစ်

စွာသောပုဆိုးအစုံကို ဝတ်ရုံသပ္ပါယ်တော်မူလျှင် ရွှေစင် အဆင်းကဲ့သို့ တဝင်းဝင်း တောက်ပတင့်တယ်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသခင်သည် များစွာသော ရဟန်းသံဃာ အပေါင်းနှင့်တကွ ကကုဓာနဒီ-အမည်တွင်လျက် ရေခံတက်ပင်ရှိသော မြစ်သို့ကပ်သဖြင့် မြစ်ဆိပ်သို့ သက်ဆင်းပြီးလျှင် ရေချိုးတော်မူ၍၎င်း, သောက်တော်မူ၍၎င်း ကမ်းထက်သို့ တက်ကြွတော်မူ၍ သရက်ဥယျာဉ်ရှိရာ တောအရပ်သို့ကပ်၍ စုန္ဒမထေရ်ကို ခေါ်တော်မူ၏၊ "ချစ်သား စုန္ဒ....ငါတိုက်တွန်း နှိုးဆော်စေတော်မူအံ့၊ ငါဘုရား၏ ဒုကုဋ်သင်္ကန်းတော်ကို လေးထပ်ပြု၍ ခင်းလော့၊ ချစ်သား စုန္ဒ....ငါ ဘုရားသည် အင်အားလျော့နွမ်း ပင်ပန်းသည်ဖြစ်၏၊ လျောင်းတော်မူအံ့"ဟု ဤသို့မိန့်ခေါ် တိုက်တွန်းစေခိုင်းတော်မူ၏။

ထိုအခါ စုန္ဒမထေရ်လည်း မြတ်စွာဘုရား၏ စကားတော်ကို "ကောင်းပါပြီဘုရား"ဟု ဝန်ခံခြင်းပြုပြီးလျှင် ဒုကုဋ် သင်္ကန်းတော်ကို လေးထပ်ပြု၍ခင်း၏၊ထိုသို့ခင်းပြီးသောအခါ မြတ်စွာဘုရားသခင်သည် လက်ျာဖြစ်သော နံတောင်းဖြင့် ကေသရာဇာခြင်္သေ့မင်း၏ လျောင်း ခြင်းနှင့်တူစွာ ခြေတော်တဘက်ဖြင့် ခြေတော်တဘက်သို့တင်ပြီးမှ သတိ သမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ ထကြွတော်မူခြင်း၌ အမှတ်ကို နှလုံးပြု ခြင်းဖြင့် ပြုတော်မူ၏။ ။ရှည်သောသက်တော်ရှိသော စုန္ဒထေရ်သည် ထိုအရပ်၌ပင်လျှင် မြတ်စွာဘုရားသခင်၏ရှေ့တော်မှ ထိုင်နေ၏။

[သစ္စာလေးပါး မြတ်တရားကိုပိုင်းခြားထင်ထင်သိမြင်တော်မူသဖြင့် နတ်နှင့်တကွသော လူတို့၏ ကြည်ဖြူကော်ရော် ပူဇော်ခြင်းပြုလျက် တုဘက်မရှိသော မြတ်စွာဘုရားသခင်သည် အလွန်ကြည်လင်မြိန်ရှက် ဘွယ်သောရေရှိသော ကကုဓာနဒီ-အမည်တွင်လျက် ရေခံတက်ပင်ရှိ သောမြစ်သို့ ကြွလှမ်း၍ မပင်ပန်းသောသဘောရှိသည်ဖြစ်၍ ဆင်း သက်တော်မူ၏။

ဤသာသနာတော်၌ ပူဇော်ဝပ်တွား ခစားညွတ်လျောင်းသော ရဟန်းအပေါင်းတို့၏အလယ်၌ထက်ဝယ်ဖွဲ့ခွေကာဓမ္မကဣန္ဒာအပေါင်း ရှစ်သောင်း, လေးထောင်ကုန်သော တရားတို့ကို အပြားအားဖြင့်

ခွဲခြားဝေဘန်၍ မိန့်ပြန်ဟောကြားတော်မူတတ်သောကြောင့် နတ်နှင့်တကွသောလူတို့ကို ဆုံးမသဖြင့် သီလအစရှိသော ဂုဏ်အပေါင်းတို့ကိုသာ ရှာမှီးတော်မူပြီးသော မြတ်စွာဘုရားသခင်သည် ကကုဓာနဒီအမည်ရှိသောမြစ်၌ ရေတို့ကိုချိုးတော်မူ၍၎င်း,သောက်တော်မူ၍၎င်း၊ သရက်တောရှိရာအရပ်သို့ ချဉ်းကပ်တော်မူလေ၏။

ထိုသို့ ချဉ်းကပ်ပြီးသောအခါ "ချစ်သား စုန္ဒ .... ငါဘုရား၏ဒုကုဋ် သင်္ကန်းတော်ကို လေးထပ်ပြု၍ ခင်းလော့၊ ငါဘုရားသည် လျောင်းတော်မူအံ့"၊ဤသို့မိန့်တော်မူပြီးသောအခါပွါးစေအပ်ပြီးသော ဘာဝနာရှိသော မြတ်စွာဘုရားသခင် တိုက်တွန်းတော်မူအပ်သော စုန္ဒထေရ်သည် လျင်စွာသာလျှင် ဒုကုဋ်တော်ကို လေးထပ်ပြု၍ခင်း၏၊ မြတ်စွာဘုရားသည် မပင်ပန်းသောကိုယ်ရှိတော်မူသည်ဖြစ်၍ လျောင်းစက်တော်မူ၏၊ စုန္ဒထေရ်သည်လည်း ထိုသရက်တောတွင် မြတ်စွာဘုရားသခင်၏ ရှေ့တော်မှောက်၌ ထိုင်နေလေ၏။]

---

## ၁၂။ စုန္ဒလှူသော ဝက်ပျိုသားပြွမ်းဆွမ်းအကျိုးကို ဟောတော်မူခဏ်း

ထိုအခါ မြတ်စွာဘုရားသခင်သည် ရှည်သောသက်တော်ရှိသော ရှင်အာနန္ဒာကိုခေါ်တော်မူ၏၊ အဘယ်သို့ ခေါ်တော်မူသနည်း ဟူမူကား-"ချစ်သား အာနန္ဒာ..စင်စစ်အားဖြင့် တစုံတယောက်သောသူသည် ရွှေပန်းထိမ်သည်၏သားဖြစ်သော စုန္ဒအား နှလုံးမသာယာခြင်းကို ထင်လင်းစွာဖြစ်စေရာ၏၊ အဘယ်သို့ဖြစ်စေရာသနည်း ဟူမူကား—

> "ငါ့ရှင် စုန္ဒ....မြတ်စွာဘုရားသခင်သည် သင်စုန္ဒ၏အဆုံးဖြစ်သောဆွမ်းကိုဘုဉ်းပေး၍ ပရိနိဗ္ဗာန်ပြုတော်မူ၏၊ထို့ကြောင့်သာလျှင် သင်စုန္ဒအား ကောင်းကျိုးကို မခံစားရခြင်းတို့သည် ဖြစ်ကုန်၏၊ သင်စုန္ဒ၏ ကောင်းမှုအထူးဖြင့် လူ၏အဖြစ်ကို မကောင်းသဖြင့် ရခြင်းဖြစ်၏"—

ဟု ဤသို့ နှလုံးမသာယာခြင်းကို ဖြစ်စေရာ၏။

ချစ်သား အာနန္ဒာ….စုန္ဒ၏ နှလုံးမသာယာခြင်းကို သင်ချစ်သားသည် ဤသို့ဖျောက်အပ်၏၊ အဘယ်သို့ဖျောက်အပ်သနည်းဟူမူကား-

"ငါ့ရှင် စုန္ဒ….မြတ်စွာဘုရားသခင်သည် သင်စုန္ဒ၏ အဆုံးဖြစ်သောဆွမ်းကို ဘုဉ်းပေးတော်မူ၍ ပရိနိဗ္ဗာန်ပြုတော်မူ၏၊ ထို့ကြောင့်သာလျှင် သင်စုန္ဒ၏ မျက်မှောက်၌ဖြစ်သော အလှူ၏အကျိုး, တမလွန်၌ဖြစ်သော အလှူ၏အကျိုးကိုရခြင်းတို့သည်၎င်း၊ သင်စုန္ဒ၏ လူ့အဖြစ်ကို ရခြင်းသည်၎င်း ကောင်းစွာရခြင်းသည်ဖြစ်၏၊ ငါ့ရှင် စုန္ဒ….ငါသည် မြတ်စွာဘုရား၏အထံတော်မှ ဤစကားကိုကြားနာရ၏၊ နှစ်ပါးကုန်သော ဤဆွမ်းတို့သည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် တူမျှသည်သာဖြစ်၍ တူမျှသောအကျိုးရှိသည်ဖြစ်ကုန်၏"။

ပုရေပဏ္ဍာပိဏ္ဍပါတသမဖလ-ဟူသောအရာ၌ အဋ္ဌကထာဆရာ၏ စကားကို ရေးသားထည့်သွင်းပေအံ့၊ ။သုဇာတာ- အမည်ရှိသော သူဌေးသမီးသည် ကပ်လှူအပ်သော အကြင်ဆွမ်းကိုဘုဉ်းပေးတော်မူ၍ ငါဘုရားသည် လေးပါးသော သစ္စာတရားတို့ကို ပိုင်းခြားထင်လင်း ထိုးထွင်း၍သိတော်မူရ၏၊ ထိုသုဇာတာ အမည်ရှိသော သူဌေးသမီးသည် ကပ်လှူအပ်သောဆွမ်းကို ရာဂနှင့်တကွဖြစ်သော ကာလ, ဒေါသနှင့်တကွဖြစ်သော ကာလ, မောဟနှင့်တကွ ဖြစ်သောကာလ၌ ငါဘုရားသည် ဘုဉ်းပေးတော်မူအပ်၏၊ ထိုမှတပါး စုန္ဒသည် ကပ်လှူအပ်သော ဆွမ်းကို ရာဂကင်းသောကာလ, ဒေါသကင်းသောကာလ, မောဟကင်းသော ကာလ၌ မြတ်စွာဘုရားသည် ဘုဉ်းပေးတော်မူအပ်၏။

ထို့ကြောင့်သာလျှင် ထိုသုဇာတာ-အမည်ရှိသောသူဌေးသမီးသည် ကပ်လှူအပ်သော နို့ဃနာဆွမ်းနှင့် စုန္ဒသည် ကပ်လှူအပ်သော ဝက်ပျို့သားပြွမ်းဆွမ်းတို့သည် တူမျှသော အကျိုးသည် အဘယ်သို့ ဖြစ်ကုန်သနည်း-ဟု မေးငြားအံ့၊ ကိလေသာတို့၏ ငြိမ်းခြင်း,ခန္ဓာငါးပါးတို့၏ ငြိမ်းခြင်းသည် တူမျှသည်၏ အဖြစ်ကြောင့်၎င်း၊ ဝင်စားအပ်သောသမာပတ် တူမျှသည်၏ အဖြစ်ကြောင့်၎င်း၊အဖန်တလဲလဲအောက်မေ့ခြင်း တူမျှသည်၏အဖြစ်ကြောင့်၎င်း၊ ဤသို့သော အကြောင်းကြောင့် သာလျှင် တူမျှသော အကျိုးရှိသည် ဖြစ်ကုန်၏-ဟု ဝိသဇ္ဇနာကို ပြုအပ်၏။

ဤပြဆိုအပ်ခဲ့ပြီးသော စကားကို ထင်ရှားစေခြင်းငှါ ဝိတ္ထာရဖွင့်သွယ်၍အကျယ်ကို ဆိုပေအံ့။ ။မြတ်စွာဘုရားသခင်သည် သူဌေးသမီးသုဇာတာ လှူဒါန်းသော နို့ဃနာဆွမ်းကို မြိန်ရှက်စွာဘုဉ်းပေးတော်မူ၍ ကိလေသာတို့မှ ငါးဝသောခန္ဓာ

သည်သာလျှင် ကြွင်းကျန်ကာဖြစ်သည်နှင့်တကွသော နိဗ္ဗာနဓာတ်ဖြင့် ကင်းပြတ်ငြိမ်းချမ်းတော်မူ၏၊ စုန္ဒသည် ကပ်လှူအပ်သော ဝက်ပျိုသားပွမ်းဆွမ်းကို ဘုဉ်းပေးတော်မူ၍ ဝိပါက်နာမက္ခန္ဓာ,ကမ္မဇရုပ်အကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ကင်းပြတ်ငြိမ်းချမ်းတော်မူ၏၊ ဤသို့လျှင် ငြိမ်းခြင်းတူမျှသည်၏အဖြစ်ကြောင့်လည်း တူမျှသော အကျိုးရှိသည်ဖြစ်ကုန်၏။

ငြိမ်းခြင်းတူမျှသည်၏အဖြစ်ကြောင့် အကျိုးတူမျှသည်တပါး ဝင်စားအပ်သော သမာပတ်တူမျှသည်၏အဖြစ်ကြောင့် အကျိုးတူမျှသည်ကို ဖွင့်ဆိုမိန့်ပြဦးအံ့။ ။သုဇာတာသည် အလောင်းတော်မင်းသား ဘုရားဖြစ်တော်မူပြီးသည်မှနောက်အဘို့၌ နှစ်မြို့ဘွယ်သော စကားကို ကြား၏၊အဘယ်သို့ကြားသနည်း—ဟူမူကား—''ဤငါလှူအပ်သောအရှင်သည်သစ်ပင်စောင့်သောရုက္ခစိုးနတ် မဖြစ်သတတ်၊ ဘုရားလောင်းမြတ် ဖြစ်သတတ်၊ ထိုငါလှူအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူ၍ အတုမရှိသော ဗောဓိအနုတ္တရ သမ္ဗုဒ္ဓတဉာဏ်ကို ဘောက်ပြန်မရှိ၊ မိမိအလိုလို ကိုယ်တော်တိုင်သာလျှင် ထိုးထွင်း၍ သိတော်မူရ၏၊ ထိုဘုရားအား ခုနစ်ပါးသော သတ္တာဟပတ်လုံး ထိုငါလှူအပ်သော နို့ဃနာဆွမ်းဖြင့် မျှတခြင်းသည် ဖြစ်သတတ်''ဟု ဤသို့သော စကားကိုကြား၍—

''ငါသည် များစွာသော အကျိုးတို့ကို ရကုန်စွတကား''၊ ဤသို့လျှင် အဖန်တလဲလဲ အောက်မေ့သော ထိုသုဇာတာအမည်ရှိသော သူဌေးသမီးက ငါသည် အားကြီးသော နှစ်သက်ဝမ်းမြောက်ခြင်းသည်ဖြစ်၏။ ။ပရိနိဗ္ဗာန်ပြုတော်မူပြီးသည်မှနောက်အဘို့၌အဆုံးဖြစ်သောဆွမ်းကို ငါသည်လှူအပ်၏၊ငါ၏ဆွမ်းကိုအကြောင်းပြုသည်၏ အစွမ်းဖြင့် မြတ်စွာဘုရားသခင်သည် တရားတို့၏ အထွတ်အထိပ်ဖြစ်သော နိဗ္ဗာန်ကိုစံယူတော်မူသတတ်၊ငါ၏ဆွမ်းကိုဘုဉ်းပေး၍ မြတ်စွာဘုရားသခင်သည် ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်အကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူသတတ်၊ ဤသို့ကြား၍ ငါသည်များသောအကျိုးတို့ကို ရကုန်စွတကား၊ဤသို့ အဖန်တလဲလဲ အောက်မေ့သော စုန္ဒအားလည်း အားကြီးသော နှစ်သက်ဝမ်းမြောက်ခြင်းသည်ဖြစ်၏၊ ဤသို့လျှင် အဖန်တလဲလဲအောက်မေ့ခြင်း တူသည်၏အဖြစ်ကြောင့်လည်း တူမျှသော အကျိုးရှိသည်ဖြစ်ကုန်၏-ဟု ဤသို့သိအပ်ကုန်၏၊ ဤသည်လျှင် အဋ္ဌကထာဆရာ၏ စကားကို ရေးသားထည့်သွင်းခြင်းသည် ပြီးဆုံးခြင်းသို့ရောက်၏။

ဗုဒ္ဓဝစနဖြစ်သော ပဌမ ရှေ့စကားကို ရေးသားဆက်လက်၍ အနက်,အဓိပ္ပါယ်ပြန်ပေအံ့။ ။ဤနှစ်ပါးကုန်သောဆွမ်းတို့သည် တူကုန်၏၊ တူသောအကျိုးလည်းရှိကုန်၏၊ တူသောအကျိုးကိုလည်း ပေးတတ်ကုန်၏၊ အလွန်လျှင် တပါးကုန်သော ဆွမ်းတို့ထက် လူးမြတ်ပွါးတိုး

သော အကျိုးဆက်လည်း ရှိသည် ဖြစ်ကုန်၏၊ စုန္ဒအမည်ရှိသော ရွှေပန်းထိမ်သည်၏ သားသည် အသက်ရှည်ခြင်းကို ဖြစ်စေတတ်သော ကောင်းမှုကို ပွါးစေအပ်၏၊အဆင်း၏ ပြည့်စုံခြင်းကိုဖြစ်စေတတ်သော ကောင်းမှုကိုလည်း ပွါးစေအပ်၏၊ စည်းစိမ်ချမ်းသာကို ဖြစ်စေတတ်သောကောင်းမှုကိုလည်းပွါးစေအပ်၏၊အခြံအရံကို ဖြစ်စေတတ်သော ကောင်းမှုကိုလည်းပွါးစေအပ်၏၊အကြီး၏အဖြစ်ကို ဖြစ်စေတတ်သော ကောင်းမှုကိုလည်း ပွါးစေအပ်၏၊ချစ်သား အာနန္ဒာ····ဤသို့အားဖြင့် စုန္ဒအမည်ရှိသော ရွှေပန်းထိမ်သည်သား၏ နှလုံးမသာယာခြင်းကို ဖျောက်အပ်၏''ဟု မိန့်တော်မူ၏။

ထိုသို့ မိန့်တော်မူပြီးသောအခါ မြတ်စွာဘုရားသခင်သည် ထိုအကြောင်းကိုသိတော်မူ၍ ထိုအခါ၌ ဤသို့ဝမ်းမြောက်သော ဥဒါန်းစကားကို မြွက်ကြားတော်မူ၏။

ဒဒတော ပုညံ ပဝဍ္ဎတိ၊
သံယမတော ဝေရံ နစိယတိ။
ကုသလောဝ ဇဟာတိ ပါပကံ၊
ရာဂ ဒေါသ မောဟက္ခယာတိ။ ။

ဒါန်၊ဒါနဝတ္ထုကို၊ဒဒတော-ဒဒန္တဿ၊ပေးလှူသောသူအား၊ပရိစ-ဇန္တဿ၊စွန့်သောသူအား။ ပုညံ၊ကောင်းမှုသည်။ ပဝဍ္ဎတိ၊ပွါး၏၊သံယ-မတော-သံယမန္တဿ၊ကိုယ်,နှုတ်,နှလုံးကိုစောင့်သောသူအား။ ဝေရံ၊ ငါးပါးအပြားရှိသော မကောင်းမှုသည်။နစိယတိ၊မပွါး၊ကုသလောဝ၊ ပညာနှင့်ပြည့်စုံသောသူသည်သာလျှင်၊ ပါပကံ၊မကောင်းမှုကို၊ ဇဟာ-တိ၊ပယ်နိုင်၏။ ကုသလောဝ၊ ပညာနှင့်ပြည့်စုံသောသူသည်သာလျှင်။ ရာဂဒေါသမောဟက္ခယာ၊ ရာဂ,ဒေါသ,မောဟတို့၏ကုန်ခြင်းကြောင့်။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုရ၏။

ဤသည်လျှင် မြတ်စွာဘုရားသခင်သည် ပါဝါပြည်မှ ကုသိနာရုံပြည် ကြွရာတွင် လမ်းခရီးအကြား တခုသောသစ်ပင်ရင်း၌ ဖွင့်လင်းမြွက်ဟသော တရားဓမ္မစကားအစဉ်တည်း။

## ၁၃။ အရှင်အာနန္ဒာထေရ်အား လျှောင်းစက်ရန် စမ္မခလ်တော်ကို ခင်းစေတော်မူခဏ်း

မြတ်စွာဘုရားသခင်သည် ဥဒါန်းစကားမြွက်ကြားကျူးရင့်တော်မူပြီးသောအခါ ရှည်သော သက်တော်ရှိသော ရှင်အာနန္ဒာကိုခေါ်တော်မူ၍၊ "ချစ်သား အာနန္ဒာ… သွားကြကုန်အံ့၊ အကြင်အရပ်၌ ဟိရညဝတီအမည်ရှိသောမြစ်၏ ထိုမှာဘက်ကမ်း၌ ကုသိနာရုံပြည် မလ္လာမင်းတို့အင်ကြင်းဥယျာဉ်တော၏အကွေ့သည်ရှိ၏၊ ထိုအရပ်သို့ကပ်ကြကုန်အံ့" ဟု မိန့်တော်မူ၏၊ "အရှင်ဘုရား….ကောင်းပါပြီ" ဟု မြတ်စွာဘုရားသခင်၏စကားတော်ကို ဝန်ခံခြင်းပြု၏။

ထိုအခါ မြတ်စွာဘုရားသခင်သည် မှားမကြာမီပင် ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့-ဟူသောစကားကိုကြား၍ ထိုထိုသို့သောအရပ်မှ လာကုန်သောရဟန်းတို့တွင် တပါးပါးသောရဟန်းမျှလည်း ဘဲသွားသောရဟန်းမည်သည်မရှိ၊ အရေအတွက်, အပိုင်းအခြားအားဖြင့်မရှိ၊ လွန်စွာများသောရဟန်းသံဃာနှင့်တကွ ဟိရညဝတီအမည်ရှိသောမြစ်၏ ထိုမှာဘက်ကမ်း ကုသိနာရုံပြည် မလ္လာမင်းတို့၏အင်ကြင်းဥယျာဉ်တောအကွေ့သို့ ချဉ်းကပ်တော်မူလေ၏။

ထိုသို့ချဉ်းကပ်တော်မူပြီးလျှင် ရှင်အာနန္ဒာကိုခေါ်တော်မူ၍ "ချစ်သား အာနန္ဒာ… ငါဘုရားသည် မိန့်ကြားနှိုးဆော်တိုက်တွန်းတော်မူအံ့၊ သင်ချစ်သားသည် အစုံသော အင်ကြင်းပင်ပျိုတို့၏အကြား၌ မြောက်သို့ ဦးခေါင်းပြု၍ ငါဘုရား၏လျှောင်းစံနေတော်မူရာ ညောင်စောင်းကို ခင်းလော့၊ ချစ်သား အာနန္ဒာ… ငါဘုရားသည်ဆယ်စီးသော ဆင်ပြောင်တို့၏အားကို ဆောင်နိုင်ခြင်းတည်းဟူသော ပကတိဆင်တို့၏ ကုဋေတသိန်းပမာဏရှိသော ထိုအလုံးစုံသောအားတော်သည် စုန္ဒ၏ဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူပြီးသော ကာလမှစ၍ ဂင်္ဂါမြစ်၌ တည်သောရေကဲ့သို့ ကုန်ခန်းသောကြောင့် ပင်ပန်းတော်မူသည်ဖြစ်၍ လျှောင်းစံနေတော်မူအံ့" ဟု မိန့်တော်မူ၏။

ထိုအခါ ရှင်အာနန္ဒာသည် မြတ်စွာဘုရား၏ စကားတော်ကို "ကောင်းပါပြီဘုရား"ဟု ဝန်ခံခြင်းပြုပြီး၍ ထိုအင်ကြင်းဥယျာဉ်၌

မလ္လာမင်းသားတို့ အိပ်ရာညောင်စောင်း ဦးခေါင်းရင်း၌ အင်ကြင်းတပင်,ခြေရင်း၌အင်ကြင်းတပင်သည်ရှိ၏၊ထိုသို့ရှိသောအင်ကြင်းပင်ပျို အစုံတို့၏အကြား၌ မြောက်သို့ဦးခေါင်းပြု၍ ညောင်စောင်းကိုကောင်းမွန်စွာခင်းစေ၏။

ထိုအခါ မြတ်စွာဘုရားသခင်သည် လက်ျာနံပါးဖြင့် ခြေတော်တဘက်၌ ခြေတော်တဘက်ကို စဉ်းငယ်လွန်၍ တင်တော်မူလျက် သတိနှင့်ပြည့်စုံစွာ ပညာဖြင့်ဆင်ခြင်သည်ဖြစ်၍ ကေသရာဇာခြင်္သေ့မင်း၏ လျောင်းခြင်းနှင့်တူသော လျောင်းစက်တော်မူခြင်းကို ပြုတော်မူ၏။

[ဤသို့ ယခု ရေးပြုထုတ်နုတ်ရာတွင် ကုသိနာရုံပြည်သို့ ပါဝါပြည်မှ ကြွတော်မူခဲ့ရာဌာနမှစ၍ ခင်းအပ်သော ညောင်စောင်း၌ လျောင်းစက်တော်မူသည့်တိုင်အောင် အဋ္ဌကထာမှ ယူဆောင်၍ နောင်လာနောက်သား သူတော်ကောင်းအများတို့ ထင်ရှားသိဘွယ် ကြည့်ရှုလွယ်စေခြင်းငှါ ရေးသွင်းထုတ်နုတ်ပါအံ့သတည်း။]

မြတ်စွာဘုရား သခင်သည် သံဃာတော် အပေါင်းနှင့် တကွ ကြွတော်မူခဲ့ရာ ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ရောက်တော်မူသည်တိုင်အောင်သော ခရီးသည် သုံးဂါဝုတ် ဝေးကွာ၏၊ ဤခရီးအကြား၌ နှစ်ဆယ့်ငါးကြိမ် နားနေတော်မူ၍ များစွာသောလုံ့လဥဿာဟ ဝီရိယမယုတ်စေဘဲ အားထုတ်တော်မူသဖြင့် ကြွတော်မူသော်လည်း နေဝင်သော သမယ ညဉ့်ရောက်သောအခါမှ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ကြွဝင်တော်မူရ၏၊ဤသို့လျှင် အစဉ်အားဖြင့် နွမ်းပါးပျောင်းအိ မချိပြင်းစွာ သည်းထန်သော ဝေဒနာကို ပညာ,သတိနှင့် ပြည့်စုံစွာ နှိပ်နယ်လျက် တင့်တယ်စွာ ကြွတော်မူ၏။

ဤသို့သော အကြောင်းကိုမြွက်လောင်း၍ ပြသကဲ့သို့ ခပ်သိမ်းသော လောက၏ သံဝေဂစိတ်ရောက်သဖြင့် ရှုံ့ကြောက် ထိတ်လန့်ခြင်းကို ပြုတတ်သော ဗျာဒိတ်စကားကို မြွက်ကြားတော်မူလျက် "သက်တော်ရှည်သော ချစ်သား အာနန္ဒာ....ငါဘုရားသည် အင်အားကုန်ခန်း ကိုယ်တော်နွမ်း၍ ပင်ပန်းတော်မူသောကြောင့် လျောင်းစံနေတော်မူအံ့"ဟု ကြာရန့်ပမာ မွှေးကြိုင်လှစွာသော ရွှေအာလုပ်မှ မိန့်ထုတ်တော်မူသတည်း။

အဘယ့်ကြောင့်လျှင် မြတ်စွာဘုရားသခင်သည် ဤသို့ကြီးသော အားထုတ်ခြင်းဖြင့် ကုသိနာရုံပြည်အရပ်သို့ ချဉ်းကပ်ကြွလာတော်မူသနည်းဟူမူကား-တပါးသောအရပ်၌ မြတ်သောပရိနိဗ္ဗာန် စံဝင်တော်မူအံ့သောငှါမတတ်ကောင်းသလော-ဟု စောဒကပုစ္ဆာ-မေးမြန်းပါအံ့၊ အချို့သောအရပ်၌ မြတ်သော ပရိနိဗ္ဗာန် စံဝင်တော်မူခြင်းငှါမတတ်ကောင်း၊ သုံးပါးသော အကြောင်းတို့ဖြင့် ကောင်းမွန်စွာ မြင်လတ်၍ ဤအရပ်ဌာနသို့ကြွလာတော်မူ၏၊ အဘယ်အကြောင်းသုံးပါးတို့နည်းဟူမူကား-မြတ်စွာဘုရားသခင်သည် ဤဆိုလတ္တံ့သော အကြောင်းကို ကောင်းမွန်စွာမြင်တော်မူ၏။

"ငါဘုရားသည် တပါးသောအရပ်၌ မြတ်သော ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် မဟာသုဒဿနသုတ်၌ အတ္တုပ္ပတ္တိဖြစ်ခြင်း အကြောင်းသည် မဖြစ်လတ္တံ့၊ ကုသိနာရုံပြည်၌ အမြိုက်နိဗ္ဗာန် ပြုတော်မူရသည်ရှိသော် ငါဘုရားသည် နတ်ပြည်၌စံစားအပ်သော အကြင်စည်းစိမ်ချမ်းသာကိုငင်း,လူ့ပြည်၌သာလျှင် စံစားအပ်သော အကြင်စည်းစိမ်ချမ်းသာကိုငင်း၊နှစ်ဘာဏဝါရတို့ဖြင့် တန်းဆာဆင်အပ်သော ဒေသနာကို မိန့်ချွေကာဟောပေအံ့၊ ငါဘုရား၏ဟောကြားမြွက်ဘော် ထိုဒေသနာတော်ကို ရှိသေလေးမြတ်စွာ နာခံမှတ်သား နှလုံးထားရ၍ များစွာသောလူအပေါင်းတို့သည် ကုသိုလ်ဓမ္မ ပြုကြသည်ကို နေ့,ည မရွေ အောက်မေ့ကုန်လတ္တံ့"၊ဤသို့ပင်လျှင် မြင်တော်မူသတည်း။

တပါးသော အကြောင်းကိုလည်း ကောင်းမွန်စွာ မြင်တော်မူ၏၊ "တပါးသောအရပ်၌ မြတ်သောပရိနိဗ္ဗာန် ပြုတော်မူသည်ရှိသော် ငါဘုရားကို သုဘဒ်သည် ကြည်ညိုညွတ်နူး၍ မဖူးမြင်ရလတ္တံ့၊ ထိုသုဘဒ်သည်လည်း ငါဘုရားပင်လျှင်မိန့်ကြားပြဿဝါဒဖြင့် ဆုံးမအပ်သောသူတည်း၊ ထိုသုဘဒ်ကို သာဝကများ တပည့်သားတို့သည် တရားပြဿဝါဒဖြင့် ဆုံးမအံ့သောငှါ မတတ်နိုင်ကြကုန်၊ ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူသော ငါဘုရားကိုကား ထိုသုဘဒ်သည် ချဉ်းကပ်ခစားလာ၍ ပြဿနာကိုမေးမြန်းလတ္တံ့၊ မေးမြန်းသော ပြဿနာကို လျှင်စွာဖြေသောအဆုံး၌လည်း သုံးပါးသော သရဏဂုံတို့၌ တည်၍ ငါဘုရား၏ထံပါး၌ ခစားရှိသေ သာမဏေအဖြစ်ကိုငင်း, ဥပသမ္ပဒ

ငါးဝပြည့်တင်း ရဟန်းပဥ္စင်းအဖြစ်ကိုပင်း ထင်လင်းစွာရ၍ မြတ်လှသောကမ္မဋ္ဌာန်းကို စီးဖြန်းဆောင်ယူ၍ ငါဘုရားသည် ထင်ရှားရှိစဉ်ပင်လျှင် ကိလေသာ ကုန်ခန်း၍ ရဟန္တာအဖြစ်သို့ရောက်၍ နောက်ဆုံးဖြစ်သော သာဝကသည် ဖြစ်လတ္တံ့.''ဟု ဤသို့ပင်လျှင် မြင်တော်မူပြန်၏။

တပါးသော အကြောင်းကိုလည်း မြင်တော်မူ၏၊ "ငါဘုရားသည် တပါးသောအရပ်၌ ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် ဓာတ်တော်ဝေသောအခါ၌ ကြီးစွာသော ခိုက်ရန်သည် ဖြစ်လတ္တံ့၊ သွေးချောင်းစီးလတ္တံ့၊ကုသိနာရုံပြည်၌ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် ဒေါဏပုဏ္ဏားသည် ထိုသို့ငြင်းခုံခြင်းကို ကင်းငြိမ်းစေ၍ ဓာတ်တော်ကို ခွဲဝေလတ္တံ့.''၊ ဤသို့အားဖြင့် သုံးပါးသောအကြောင်း မစောင်းမယွင်း ထိုးထွင်းကာ မြင်တော်မူလတ်၍ မြတ်စွာဘုရားသခင်သည် ဤသို့ ကြီးစွာသောလုံ့လဥဿာဟ ဝီရိယမယုတ် အားထုတ်တော်မူသဖြင့် ကုသိနာရုံပြည်မြတ်၏အရပ်သို့ စွဲကပ်သောဝေဒနာကို သည်းခံကာ ကြွတော်မူ၏၊ ဤသို့အားဖြင့် ထင်ရှားစွာသိအပ်၏။

## အိပ်ခြင်း ၄–မျိုး

ခြင်္သေ့မင်း၏ အိပ်ခြင်းကဲ့သို့ အိပ်တော်မူသည်-ဟူသော စကားရပ်၌လည်း ကာမစည်းစိမ်ကို ခံစားသော လူများတို့၏အိပ်ခြင်းငှင်း, လေးဖြာသော အပါယ်ရွာတွင် အပါအဝင်ဖြစ်သော ပြိတ္တာတို့၏အိပ်ခြင်းငှင်း, သားအပေါင်းတို့ ခညောင်းဝပ်စင်း ပဏ္ဏာသွင်းရသော ခြင်္သေ့မင်း၏ အိပ်ခြင်းငှင်း, ရှေးဘုရားတို့၏ဓမ္မတာဖြင့် လာခြင်းကောင်းတော်မူသော မြတ်စွာဘုရား၏ လျောင်းစံနေတော်မူခြင်းငှင်း၊ ဤသို့အားဖြင့် လေးပါးကုန်သောအိပ်ခြင်းတို့တည်း၊ထိုလေးပါးသောအိပ်ခြင်းတို့တွင်–

၁။ ချစ်သား ရဟန်းတို့···· များသောအားဖြင့် ငါးပါးသောအာရုံ ကာမဂုဏ်ကို စုံမက်ခံစားသော သတ္တဝါအများတို့သည် လက်ဝဲနံတောင်းဖြင့် အိပ်လျောင်းကုန်၏၊ဤသို့အပ်သော အိပ်ခြင်းသည် လူတို့၏ အိပ်ခြင်းမည်ကုန်၏၊ လူအပေါင်းတို့သည်

များသောအားဖြင့် လက်ျာနံပါးကိုစောင်း၍ အိပ်လျောင်းခြင်း မည်သည်မရှိ။

၂။ ချစ်သား ရဟန်းတို့ ···· များသောအားဖြင့် ပြိတ္တာတို့သည် ပက်လက်ဖြင့်သာ အိပ်ကုန်၏၊ ဤသို့အိပ်ခြင်းသည် ပြိတ္တာတို့၏ အိပ်ခြင်းမည်ကုန်၏၊ အဘယ့်ကြောင့်နည်းဟူမူကား—နည်းသော အသွေး, အသား ရှိသောကြောင့်၎င်း၊ အရိုးစုသာဖြစ်သောကြောင့်၎င်း၊ နံဘေး တဘက်ဖြင့် အိပ်စက်အံ့သောငှါ မတတ်နိုင်ကုန်၊ပက်လက်သာလျှင် အိပ်ကုန်၏။

၃။ ချစ်သား ရဟန်းတို့···· သားကောင်တို့၏ သေဋ္ဌနင်း ခြင်္သေ့မင်းသည် လက်ျာနံတောင်းဖြင့် အိပ်လျောင်းခြင်းကိုပြုကုန်၏၊ ဤဆိုအပ်သော အိပ်ခြင်းသည် ခြင်္သေ့မင်း၏ အိပ်ခြင်းမည်၏၊ အဘယ့်ကြောင့်နည်းဟူမူကား-တန်ခိုးဗလဒ္ဓိပါဒ် လွန်မြတ်သောကြောင့် သားတို့၏သေဋ္ဌနင်း ခြင်္သေ့မင်းသည် ရှေ့ခြေနှစ်ချောင်းတို့ကို တခုသောအရပ်၌, နောက်ခြေနှစ်ဘက်တို့ကို တခုသောအရပ်၌ထား၍ အမြီးကိုပေါင်ကြား၌ ထည့်ထား၍ ရှေ့ခြေ, နောက်ခြေ, အမြီးတို့၏ တည်သောအရပ်ကိုမှတ်၍ ရှေ့လက်နှစ်ချောင်းတို့၏အပေါ်၌ ဦးခေါင်းကို တင်ထား၍ အိပ်၏၊ တနေ့ပတ်လုံးအိပ်၍လည်း နိုးလတ်သည်ရှိသော် ထိတ်လန့်ခြင်း မရှိဘဲလျက် နိုး၏၊ဦးခေါင်းကိုကား-ချီ၍ရှေ့ခြေစသည်တို့၏တည်သောအရပ်ကိုမှတ်၏၊တစုံတခုသောအရပ်ကိုစွန့်၍ တည်သည် အကယ်၍ဖြစ်အံ့၊ ထိုသို့ဖြစ်သည်ရှိသော် ဤသို့ဘောက်ပြန်ခြင်းသည် သင်၏အမျိုး,အမည်, ဇာတ်အားဖြင့် မလျောက်ပတ်၊ ရဲရင့်သောအဖြစ်အားလျောက်ပတ်၏၊ ဤသို့နှလုံးထား၍ ထိုနေရာ၌ပင်လျှင် အိပ်၏၊ အစာရှာလိုသောငှါ မသွား၊ လက်,ခြေ မဘောက်မပြန်မူ၍ တည်သည်ရှိသော်ကား - သင်၏ ဤသို့ မဘောက်မပြန်ခြင်းသည် အမျိုး, အမည်, ဇာတ်အားဖြင့်၎င်း ရဲရင့်သောအဖြစ်၏၎င်း လျောက်ပတ်၏-ဟု ဤသို့ဝမ်းမြောက်ဝမ်းသာ အိပ်ရာမှလ၍ ခြင်္သေ့မင်း၏ ဟောက်ခြင်းကို စမ္မယ်

သဖြင့် မင်းဆံကိုခါလျက် သုံးကြိမ်မြောက်အောင် ခြသေ့်မင်း၏ အသံကိုဟောက်၍ အစာရှာအံ့သောငှါ သွား၏။

၄၊ စတုတ္ထရျာန်-ဟူသော အိပ်ခြင်းသည်ကား- မြတ်စွာဘုရား၏ အိပ်တော်မူခြင်းတည်း။

ထိုလေးပါးသော အိပ်ခြင်းတို့တွင် ဤပရိနိဗ္ဗာန် ညောင်စောင်း၌ လျောင်းတော်မူခြင်းသည် ခြသေ့်မင်း၏ အိပ်ခြင်းကိုလာ၏၊ အဘယ့်ကြောင့် လာသနည်းဟူမူကား-ဤခြသေ့်မင်း၏ အိပ်ခြင်းသည် တန်ခိုး၏ထက်သော ဣရိယာပုထ်ဖြစ်သောကြောင့် မြတ်သောအိပ်ခြင်းမည်၏၊

ခြေတဘက်ဖြင့် ခြေတဘက်ကိုတင်၍ စဉ်းငယ်လွန်သည်-ဟူရာ၌ လက်ျာခြေတော်ပေါ်၌ လက်ဝဲခြေတော်ကိုကောင်းစွာတင်သဖြင့် စဉ်းငယ်လွန်၍ ထားသည်၌ ခြေမျက်စိတော်တခုထက်သို့ ခြေမျက်စိတော်တခု တင်မိသည်ရှိသော် နာကျင်တော်မူမည်စိုးသောကြောင့် ခြေမျက်စိတော်ချင်းလွဲ၍ တင်တော်မူသတည်း၊ ထိုသို့ဖယ်လွှဲ၍ တင်တော်မမူလျှင် ဖမျက်တော်တဘက်ဖြင့် ဖမျက်တော်တဘက်၌ ပုဆစ်ဒူးတော်တဘက်ဖြင့် ပုဆစ်ဒူးတော်တဘက်၌ ထိသည်ရှိသော် ပြင်းပြလှစွာ မပြတ်သော ဝေဒနာသည်ဖြစ်ပါက စိတ်တော်၏ တည်ကြည်ခြင်း,ချမ်းသာစွာ လျောင်းစံနေတော်မူရခြင်းသည် မဖြစ်၊ မထိသကဲ့သို့ကား-လွန်၍ထားသည်ရှိသော် ဝေဒနာသည် မဖြစ်၊ စိတ်တော်သည် တည်ကြည်သည်ဖြစ်၏၊ လျောင်းစံနေတော်မူရခြင်းသည်လည်း ချမ်းသာသည်ဖြစ်၏၊ထို့ကြောင့် ဤသို့လျှင် လွှဲတင်၍ လျောင်းစံနေတော်မူ၏၊ထိုသို့ သီဟသေယျဖြင့် လျောင်းစံနေတော်မူရာ၌ မထသောလျောင်းတော်မူခြင်းသို့ ရောက်ရာသော အကြောင်းကား ဤမှထအံ့-ဟူ၍ နှလုံးတော်သွင်းခြင်းမရှိသည်သာတည်း။

---

## ၁၄။ ပရိနိဗ္ဗာန်ပြုတော်မူခါနီး သက်ရှိ,သက်မဲ့တို့က ပူဇော်ခဏ်း

ဤသို့ပရိနိဗ္ဗာန်ညောင်စောင်း၌ ကိုယ်တော်၏ အစွမ်းဖြင့်လည်း မထတော်မူသော လျောင်းစံနေခြင်းကိုသိရာ၏၊ ထိုညဉ့်၌မြတ်စွာဘုရား

သခင်၏ ဘဝင်စိတ်တော်သည် လျှောင်းစံနေတော်မူသော အစွမ်းအား ဖြင့်ကား အခွင့်ရသည်သာလျှင်မဖြစ်၊ အဘယ့်ကြောင့်နည်းဟူမူကား- ညဉ့်ဦးယာမ်၌ မလ္လာမင်းတို့အား တရားဟောတော်မူ၏၊ သန်းခေါင် ယာမ်၌ သုဘဒ်အား တရားဩဝါဒဖြင့် ဆုံးမတော်မူ၏၊ မိုးသောက် ယာမ်၌ ရဟန်းအပေါင်းတို့ကို သွန်သင်ဟောပြ ဆုံးမတော်မူ၏၊လင်း အားကြီးသောအခါ အရှက်မတက်မီ၌ ပရိနိဗ္ဗာန်ပြုတော်မူ၏၊ ဤသည် လျှင် အဋ္ဌကထာဆရာ၏စကားသည် အပြီးသို့ရောက်သတည်း။

တဘန် အဋ္ဌကထာဆရာ၏စကားကိုပင် ဆက်၍ ရေးသွင်းပါဦးအံ့။ ။မြတ် စွာဘုရားသခင်သည် ထိုသို့ညောင်းစောင်းပေါ်၌ လျှောင်းတော်မူသောအခါ အင် ကြင်းပင်အစုံတို့သည် အရင်းမှစ၍ အဖျားတိုင်အောင် တပြိုင်နက် ပင်လုံးကျွတ် အောင်အသီး,အပွင့်တို့သည် သီး,ပွင့်ကုန်၏၊စင်စစ်သော်ကား-အင်ကြင်းပင်အစုံ၌ သာလျှင်ပွင့်ကုန်သည်မဟုတ်၊ ခစ်သိမ်းကုန်သော သစ်ပင်တို့သည်လည်း ပင်လုံး ကျွတ်ပွင့်ကုန်သည်သာလျှင်တည်း၊ထိုဥယျာဉ်၌သာလျှင် ပင်လုံးကျွတ်အောင် သီး, ပွင့်ကြသည်မဟုတ်၊ အလုံးစုံသော စကြဝဠာတသောင်း၌လည်း ကောင်းစွာပွင့်ကုန် သော ပန်းတို့သည် ပင်လုံးကျွတ်ပွင့်ကုန်၏၊ အသီး သီးကုန်သော သစ်ပင်တို့သည် လည်း သီးကုန်၏၊ခပ်သိမ်းကုန်သောသစ်ပင်တို့၏ ပင်စည်တို့၌ အပင်ပဒုမ္မာတို့သည် နွယ်ကုန်၏၊အခက်တို့၌ အခက်ပဒုမ္မာတို့သည် နွယ်ကုန်၏၊ အနွယ်ပဒုမ္မာတို့သည် ကောင်းကင်သို့တက်၍ ပွင့်ကုန်၏။

ကောင်းကင်၌ဖြစ်ကုန်သော ပဒုမ္မာတို့သည် အောက်သို့ဆင်းသက်သဖြင့် မြေ အပြင်ကိုခွဲ၍ ပွင့်ကုန်၏၊ အရှုံဖြစ်သော ပဒုမ္မာတို့သည်လည်း ပွင့်ကုန်၏၊ အလုံးစုံ သောမဟာသမုဒ္ဒရာသည် အဆင်းငါးပါးရှိသော ပဒုမ္မာကြာဖြင့်ဖုံးလွှမ်းကုန်၏၊ ယူဇနာသုံးထောင်အကျယ်ရှိသော ဟိမဝန္တာတောသည် တပေါင်းတည်း စည်း သော ဥဒေါင်းမြီးကဲ့သို့၎င်း,ပန်းဆိုင်းကွန်ယက်ကဲ့သို့၎င်း,ကောင်းစွာညှတ်၍ ထုံး ဝန်းကျင်မှ ပန်းနံ့သာတင်သကဲ့သို့၎င်း,ကောင်းစွာမြည်သော ပန်းပုံတောင်းကဲ့သို့ ၎င်း အလွန်မွှေ့လျော်ဘွယ်ရှိသည်ဖြစ်၍ အခါမဲ့ပွင့်ကုန်သောပန်းတို့ဖြင့် အင်ကြင်း ပင်၌နေကုန်သော ဘုမ္မစိုးနတ်တို့သည် ပင်စည်,အခက်,အခွတ်ကို ကောင်းစွာလှုပ် ၍ မြတ်စွာဘုရားသခင်ကိုယ်တော်၏ အထက်အဘို့၌ ပန်းတို့ကိုဖုံးလွှမ်းသကဲ့သို့ အဘန်တလဲလဲ မပြတ်ကြဲကုန်၏။

ထိုနတ်ပြည်၌ ဖြစ်ကုန်သော ထင်ရှားပန်းတို့သည်၎င်း, ထင်ရှားပန်းမှတပါး သော နတ်၌ဖြစ်ကုန်သော ပင်လယ်ကသစ်ပန်း-အစရှိသည်တို့သည်၎င်း, ရွှေပန်း တောင်းကိုပြည့်စေ၍ စကြဝဠာတံတိုင်း၌၎င်း, တာဝတိံသာ နတ်ပြည်၌၎င်း,

မြဟ္မာ့ပြည်၌ရှင်း တည်ကုန်သောနတ်တို့သည် မြတ်စွာဘုရားသခင်၏ အနီးအပါး၌ ခစားပူဇော်ကြသော များစွာသော ဂုဏ်ပရိသတ်, လူပရိသတ်, နတ်ပရိသတ်တို့ ပြည့်ညပ်၍တည်နေကြသောကြောင့် ချဉ်းကပ်ပူဇော်ခြင်းငှါအခွင့်မရ၍ ကောင်းကင်၌သာလျှင် လွှင့်ပစ်ပူဇော်ကြကုန်၏။

ထို့ကြောင့် မြတ်စွာဘုရားသခင်၏ ကိုယ်တော်ပေါ်ကိုသာလျှင် ကောင်းကင်မှ အရွက်,အပွင့်,ဝတ်ဆံတို့ဖြင့်ကြွ၍ ကျကုန်၏-ဟု ပါဠိတော်၌ မိန့်ဘော်ဟောကြား တော်မူသတည်း၊ စန္ဒကူးမှုန့်တို့သည်လည်း ထိုနည်းအတူ နတ်တို့သည်ကောင်းကင် ၌သာလျှင်ပစ်လွှင့်ပူဇော်ကြကုန်၏၊ ထိုသို့ပူဇော်ရာ၌ စင်စစ်သော်ကား-နတ်တို့က သာလျှင် ပူဇော်သည်မဟုတ်၊ နဂါး, ဂဠုန်, လူတို့ကလည်း ပူဇော်အပ်သော စန္ဒကူးမှုန့်တို့ကိုကြဲလွှင့်၍ ပူဇော်ကြကုန်၏၊ စင်စစ်သော်ကား-စန္ဒကူးမှုန့်တို့သည် သာလျှင်မဟုတ်၊ အကျော်,စမ္မာ,ကရမက်, စန္ဒကူးနီစသော အလုံးစုံသောနတ်တို့ ၏နံ့သာမျိုး,နံ့သာမှုန့်တို့ကိုင်း၊မြင်းသီလာမှုန့်, ရွှေမှုန့်, ငွေမှုန့်တို့ကိုင်း၊အလုံး စုံသော နတ်၏ နံ့သာမှုန့် အထူးထူးတို့ကိုင်း၊ ရွှေ,ငွေတို့ကိုင်း၊ ပန်းတောင်း၌ ပြည့်စေ၍ စကြဝဠာအနားရေးစသည်တို့၌ တည်ကုန်သောနတ်တို့သည် ပစ်လွှင့်၍ ပူဇော်အပ်ကုန်သော ထိုပန်းစသည်တို့သည် လူ,နတ်,မြဟ္မာတို့၏ အကြား၌ မကျ မူ၍ မြတ်စွာဘုရားသခင် ကိုယ်တော်ပေါ်ကိုသာလျှင် ကောင်းကင်မှကျ၍ ဖုံးလွှမ်း သကဲ့သို့ကြကုန်၏။

နတ်၌ ဖြစ်ကုန်သော စည်, စောင်းငြင်းတို့သည်လည်း မြတ်စွာဘုရားကိုပူဇော် ခြင်းငှါ ကောင်းကင်၌ မြည်ကုန်၏၊ စင်စစ်သော်ကား-ထိုစည်, စောင်းငြင်းတို့ သည်သာလျှင် မြည်ကုန်သည်မဟုတ်၊ ခပ်သိမ်းကုန်သော အညို့တပ်သော စည်, သားရေပိတ်သောစည်, တခဲနက်သောစည်, အခေါင်းရှိသော စည်တို့သည်လည်း မြည်ကုန်၏၊ တသောင်းသော စကြဝဠာတို့၌ နတ်တို့၏ငှင်း၊ နဂါး, ဂဠုန်,လူတို့ ၏ငှင်း၊ စည်, စောင်းငြင်းတို့သည် တခုသော စကြဝဠာ၌ စည်းဝေး၍ ကောင်း ကင်၌မြည်ကုန်၏၊ ထိုသို့မြည်ကုန်သော တူရိယာအပေါင်းတို့သည် အဝိညာဏက ဖြစ်လျက် သဝိညာဏကကဲ့သို့ မြတ်စွာဘုရားသခင်အား ပူဇော်ခြင်းငှါမြည်ကုန်၏၊ နတ်၌ဖြစ်ကုန်သော သီချင်းသံတို့သည်လည်း မြတ်စွာဘုရားသခင်အား ပူဇော်ခြင်း ငှါ ကောင်းကင်၌ ဖြစ်ကုန်၏။

ဤသို့လျှင် ပါဠိတော်စကားနှင့်တကွ အဋ္ဌကထာဆရာ၏စကားကို ယှဉ်တွဲ၍ ပြအပ်သော စကားရပ်တွင် ပါဠိတော်စကားသက်သက် ရေးမြွက်သော နတ်၌ ဖြစ်သော သီချင်းသံတို့သည် အလွန်တရာကောင်းမွန်စွာဖြင့် နာဘွယ်မွေ့လျော် ပူဇော်ကုန်လျက် ကောင်းကင်ထက်၌ ဖြစ်သည်-ဟူသော စကားရပ်ကိုလည်း သိမှတ်လွယ်ကူ ကြည်ဖြူသမှု ကြည့်ရှုကြစေခြင်း အကျိုးငှါ အဋ္ဌကထာဆရာ၏ စကားကို ရေးသားထည့်သွင်းလိုက်သတည်း။

## ၁၅။ ဝလာဟကနတ်တို့ ပန်းကုံးကိုယူပြီးလျှင် ကခုန်ကျူးရင့်ပူဇော်ကြခဏ်း

ထိုအခါ ဝလာဟကအမည်ရှိသော နတ်တို့သည် ရှည်သောအသက်ရှိကုန်၏၊ ထိုနတ်တို့သည် ယောကျ်ားမြတ်ဖြစ်သော 'အလောင်းတော်နတ်သားသည် တုသိတာနတ်ပြည်မှဆင်းသက်တော်မူသဖြင့် လူ့ပြည်၌ ဖြစ်တော်မူ၍ ဘုရားဖြစ်လတ္တံ့-ဟု ကောလာဟလစကားကို ကြားကြကုန်၏၊ ထိုအခါ ဝလာဟက အမည်ရှိသောနတ်တို့သည် ယောကျ်ားမြတ်ဖြစ်သော ဘုရားလောင်းတော်သည် တုသိတာနတ်ပြည်မှ ဆင်းသက်တော်မူသဖြင့် လူ့ပြည်၌ ဘုရားဖြစ်လတ္တံ့သော်ငါ မယ်တော်ဝမ်းတွင်ပဋိသန္ဓေတည်နေတော်မူသောနေ့၌ ငါတို့သည်ထိုပန်းကို သီကုံးလျက် သုံးလူ့ဘအလောင်းတော်အား ပူဇော်ခြင်းငှါသွားကြကုန်အံ့-ဟု တိုင်ပင်နှီးနှော ပြောဆိုစည်းဝေးပြီးလျှင် ပန်းကို သီကုံးအံ့သော်ငါ အားထုတ်ကြကုန်၏။

ထိုသို့အားထုတ် သီကုံးကြစဉ်လျှင် ဘုရားအလောင်းတော်သည် တုသိတာနတ်ပြည်မှ ဆင်းသက်တော်မူသဖြင့် ကပိလဝတ် ရွှေပြည်၌ သာကီဝင်မင်းမျိုးဖြစ်သော သုဒ္ဓေါဒနမင်းကြီး၏ လက်ျာရံ မဟာသီသိရိမဟာမာယာဒေဝီမိဖုယားကြီး၏ဝမ်း၌ ပဋိသန္ဓေ တည်နေတော်မူ၏၊ ထိုအခါ တပါးသော နတ်တို့သည် ဝလာဟက အမည်ရှိသော နတ်တို့အား ပြောကြားအံ့သော်ငါ "သင်နတ်အပေါင်းတို့....ဘုရားအလောင်းတော်သည် မယ်တော်ဝမ်း၌ ပဋိသန္ဓေ တည်နေတော်မူပြီ၊ အဘယ်သူ၏အလို့ငှါ ပန်းကိုကုံးကြသနည်း"ဟု ဤသို့မေးမြန်းပြောဆိုကြကုန်၏။

ထိုအခါ ဝလာဟကအမည်ရှိသော နတ်တို့သည် တပါးသောနတ်တို့ မေးမြန်း ပြောဆိုအပ်သည်ကို ကြားလတ်သောအခါ "သင်နတ်အပေါင်းတို့....ငါတို့သည် ထိုပန်းကုံးကိုသီကုံး၍ ရှေးဦးစွာ ပဋိသန္ဓေတည်နေတော်မူသောအခါ မပြီးကြကုန်သေး၊ မယ်တော်ဝမ်းမှ ဖွားတော်မူသော နေ့၌ ဘုရားလောင်းတော်ကို ပူဇော်ခြင်းငှါ ပန်းကုံးကို ဆောင်ယူ၍ သွားကြကုန်အံ့"ဟု တိုင်ပင်နှီးနှော ပြောဆိုပြီးလျှင် အားထုတ်၍ သီကုံးကြပြန်၏။

ထိုသို့အားထုတ်သီကုံးကြစဉ်လျှင် တဘန်ယောက်ျားမြတ်ဖြစ်သော ဘုရားအလောင်းတော်သည်မယ်တော်ဝမ်းမှ ဖွားတော်မူပြီ-ဟူ၍တပါးသော နတ်တို့ ပြောကြားသောစကားကို ကြားလတ်ပြန်သောအခါ "သင်နတ်အပေါင်းတို့....ငါတို့သည် ဘုရားအလောင်းတော်ဖွားတော်မူသောနေ့၌ ဤပန်းကုံးကို ဆောင်ယူ၍ ပူဇော်ခြင်းငှါ သွားကြကုန်အံ့-ဟု အားထုတ်၍ သီကုံးကြပါသော်လည်း မပြီးသေး၊ဘုရားအလောင်းတော်သည် တောထွက်တော်မူသောနေ့၌ ပန်းကုံးကိုဆောင်ယူ၍ပူဇော်ခြင်းငှါသွားကြကုန်အံ့"ဟု တိုင်ပင်နှီးနှော ပြောဆိုပြီးလျှင် အားထုတ်၍ သီကုံးကြပြန်၏။

ထိုသို့အားထုတ်သီကုံးကြစဉ်လျှင် ယောက်ျားမြတ်ဖြစ်သော ဘုရားအလောင်းတော်သည် နှစ်ဆယ့်ကိုးနှစ်တိုင်တိုင် ရမ္မ, သုဘ, သုရမ္မ တည်းဟူသော ရွှေနန်းတော်သုံးဆောင်၌ စမ်ပွယ်တော်မူပြီး၍ ယခုမြတ်သော တောထွက်တော်မူခြင်းဖြင့် တောထွက်တော်မူပြီ-ဟူသော စကားကို တပါးသောနတ်တို့က ပြောကြားပြန်သောအခါ"သင်နတ်အပေါင်းတို့....ငါတို့သည် ဘုရားအလောင်းတော်သည် တောထွက်တော်မူသောနေ့၌ ဤပန်းကုံးကိုဆောင်ယူ၍ ပူဇော်ခြင်းငှါ သွားကြကုန်အံ့-ဟု အားထုတ်၍ သီကုံးကြပါသော်လည်း မပြီးသေး၊ ဗောဓိညောင်ပင် ရွှေပလ္လင်၌ လေးအင်္ဂါသစ္စာ မြိုက်ရသာကို ရတော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူသောနေ့၌ ဤပန်းကုံးကို ဆောင်ယူ ပူဇော်ခြင်းငှါ သွားကြကုန်အံ့"ဟု တိုင်ပင်နှီးနှော ပြောဆိုပြီးလျှင် အားထုတ်၍ သီကုံးကြပြန်၏။

ထိုသို့အားထုတ်၍ သီကုံးကြစဉ်လျှင် ယောက်ျားမြတ်ဖြစ်သော ဘုရားအလောင်းတော်သည် ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာအကျင့်ကိုကျင့်တော်မူပြီး၍ ယခုဘုရားအဖြစ်သို့ ရောက်တော်မူပြီ - ဟူသော စကားကို တပါးသောနတ်တို့က ပြောကြားပြန်သောအခါ "သင်နတ်အပေါင်းတို့....ငါတို့သည် ဘုရားအဖြစ်သို့ ရောက်တော်မူသောနေ့၌ ပန်းကုံးကိုဆောင်ယူ၍ ပူဇော်ခြင်းငှါ သွားကြကုန်အံ့-ဟု အားထုတ်၍ သီကုံးကြပါသော်လည်း မပြီးသေး၊ မြတ်စွာဘုရားသခင်သည် ဓမ္မစကြာတရားကို ဟောတော်မူသောနေ့၌ ဤပန်းကုံးကို ဆောင်ယူ၍

ပူဇော်ခြင်းငှါ သွားကြကုန်အံ့''ဟု တိုင်ပင်နှီးနှောပြောဆိုပြီးလျှင် အားထုတ်၍ သီကုံးကြပြန်၏။

ထိုသို့အားထုတ်၍ သီကုံးကြစဉ်လျှင် မြတ်စွာဘုရားသခင်သည် ယခု လေးဆယ့်ကိုးရက်တိုင်တိုင် ဗောဓိမဏ္ဍိုင်၌ လွန်မြောက်တော်မူစေ၍ ဗြဟ္မာသဟမ္ပတိနတ်တောင်းပန်တော်မူ၍ ဓမ္မစကြာတရားကို ဟောတော်မူပြီ-ဟူသောစကားကို တပါးသောနတ်တို့က ပြောကြားပြန်သောအခါ ''သင်နတ်အပေါင်းတို့....ငါတို့သည် ဓမ္မစကြာတရားကို ဟောတော်မူသောနေ့၌ ပန်းကုံးကိုဆောင်ယူ၍ ပူဇော်ခြင်းငှါ သွားကြကုန်အံ့-ဟု အားထုတ်၍ သီကုံးကြပါသော်လည်း မပြီးသေး၊ မြတ်စွာဘုရားသခင်သည် ယမိုက်ပြာဋိဟာကို ပြတော်မူသောနေ့၌ ဤပန်းကုံးကိုဆောင်ယူ၍ ပူဇော်ခြင်းငှါ သွားကြကုန်အံ့''ဟု တိုင်ပင်နှီးနှော ပြောဆိုပြီးလျှင် အားထုတ်၍ သီကုံးကြပြန်၏။

ထိုသို့အားထုတ်၍ သီကုံးကြစဉ်လျှင် မြတ်စွာဘုရားသခင်သည် ယခု ယမိုက်ပြာဋိဟာကိုပြတော်မူပြီ-ဟူသော စကားကို တပါးသောနတ်တို့က ပြောကြားပြန်သောအခါ ''သင်နတ်အပေါင်းတို့.... ငါတို့သည် ယမိုက်ပြာဋိဟာကိုပြတော်မူသောနေ့၌ ပန်းကုံးကိုဆောင်ယူ၍ ပူဇော်ခြင်းငှါ သွားကြကုန်အံ့-ဟု အားထုတ်၍သီကုံးကြပါသော်လည်း မပြီးသေး၊မြတ်စွာဘုရားသခင်သည် မယ်တော်မိနတ်သားကို တရားဟောတော်မူအံ့သောငှါ နတ်ပြည်သို့ တက်ကြွတော်မူသောနေ့၌ ဤပန်းကုံးကိုဆောင်ယူ၍ ပူဇော်ခြင်းငှါ သွားကြကုန်အံ့''ဟု တိုင်ပင်နှီးနှောပြောဆိုပြီးလျှင် အားထုတ်၍ သီကုံးကြပြန်၏။

ထိုသို့အားထုတ်၍ သီကုံးကြစဉ်လျှင် မြတ်စွာဘုရားသခင်သည် ယခု နတ်ပြည်သို့ တက်ကြွတော်မူပြီ-ဟူသောစကားကို တပါးသောနတ်တို့က ပြောကြားပြန်သောအခါ''သင်နတ်အပေါင်းတို့....ငါတို့သည်နတ်ပြည်သို့တက်ကြွတော်မူသောနေ့၌ ပန်းကုံးကိုဆောင်ယူ၍ ပူဇော်ခြင်းငှါ သွားကြကုန်အံ့-ဟု အားထုတ်၍ သီကုံးကြပါသော်လည်း မပြီးသေး၊ မြတ်စွာဘုရားသခင်သည် အာယုသင်္ခါရကို လွှတ်တော်မူသောနေ့၌ ဤပန်းကုံးကိုဆောင်ယူ၍ ပူဇော်ခြင်းငှါ သွားကြကုန်အံ့''ဟု တိုင်ပင်နှီးနှောပြောဆိုပြီးလျှင် အားထုတ်၍ သီကုံးကြပြန်၏။

ထိုသို့အားထုတ်၍ သီကုံးကြစဉ်လျှင် မြတ်စွာဘုရားသခင်သည် ယခု အာယုသင်္ခါရကိုလွှတ်တော်မူပြီ-ဟူသောစကားကိုတပါးသောနတ်တို့က ပြောကြားပြန်သောအခါ "သင်နတ်အပေါင်းတို့....ငါတို့သည် အာယု သင်္ခါရကိုလွှတ်တော်မူသောနေ့၌ ပန်းကုံးကိုဆောင်ယူ၍ ပူဇော်ခြင်း ငှါ သွားကြကုန်အံ့-ဟု အားထုတ်၍သီကုံးကြပါသော်လည်း မပြီးသေး၊ မြတ်စွာဘုရားသခင်သည် ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့သောနေ့၌ ဤ ပန်းကုံးကို ဆောင်ယူ၍ ပူဇော်ခြင်းငှါ သွားကြကုန်အံ့" ဟု တိုင်ပင် နှီးနှောပြောဆိုပြီးလျှင် အားထုတ်၍ သီကုံးကြပြန်၏။

ထိုသို့အားထုတ်၍ သီကုံးကြစဉ်လျှင် တပါးသောနတ်တို့က "မြတ် စွာဘုရားသခင်သည် ယခုပရိနိဗ္ဗာန်ပြုအံ့သောငှါ ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တောတွင် အင်ကြင်းပင်ပျိုအစုံတို့၏ အကြား၌ မြောက်သို့ ဦးခေါင်းတော်ပြု၍ လက်ျာနံတောင်းဖြင့် သတိ, ပညာနှင့်ပြည့်စုံသည်ဖြစ်၍ ခြင်္သေ့မင်း၏အိပ်ခြင်းကဲ့သို့ လျောင်းစက်နေ တော်မူပြီးလျှင် မိုးသောက်အားကြီးသောအခါ၌ ပရိနိဗ္ဗာန်ပြုတော်မူ လတ္တံ့၊သင်တို့သည် အဘယ်သူ၏အလို့ငှါ ပန်းကို ကုံးကြသနည်း"ဟု ဤသို့ မေးမြန်း ပြောဆိုကြကုန်၏။

ထိုစကားကို ကြားကုန်၍ကား ဤပန်းကုံးသည် ပြီးဆုံးခြင်းသို့ မရောက်သေးသဖြင့် "အသင်နတ်အပေါင်းတို့....အသို့ ဖြစ်ဘိသနည်း၊ ယနေ့ပင်လျှင် မယ်တော်ဝမ်း၌ပဋိသန္ဓေတည်နေတော်မူသည်၊ယနေ့ပင် လျှင် မယ်တော်ဝမ်းမှ ဖွားတော်မူသည်၊ ယနေ့ပင်လျှင် မြတ်သော တောထွက်ခြင်းဖြင့် တောထွက်တော်မူသည်၊ ယနေ့ပင်လျှင် ဘုရားဖြစ် တော်မူသည်၊ ယနေ့ပင်လျှင် ဓမ္မစကြာတရားကို ဟောတော်မူသည်၊ ယနေ့ပင်လျှင် ယမိုက်ပြာဋိဟာကိုပြတော်မူသည်၊ ယနေ့ပင်လျှင် နတ် ပြည်သို့တက်ကြွတော်မူသဖြင့် တရားဟောတော်မူပြီး၍ နတ်ပြည်မှ ဆင်းသက်တော်မူသည်၊ ယနေ့ပင်လျှင် အာယုသင်္ခါရကို လွှတ်တော်မူ သည်၊ယနေ့ပင်လျှင် ပရိနိဗ္ဗာန်ပြုတော်မူသတတ်၊ ဤသို့လျှင်မိုးသောက် သောနေ့၌ ယာဂုသောက်ရုံသော အခါမျှလည်း ရှည်ကြာအောင် တည်သည်မဟုတ်တုံလော၊ ဆယ်ပါးသောပါရမီတော်တို့ကို ဖြည့် ကျင့်တော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုမြတ်စွာဘုရား

အား ဤသို့ဖြစ်ခြင်းသည်ကား-မလျောက်ပတ်သည် မဟုတ်တုံလော”၊ ဤသို့နှလုံးသွင်းလျက် မိမိတို့အလိုအတိုင်းမပြီးကုန်ဘဲသဒ္ဒလျှင် ပန်းကုံးတို့ကိုယူသဖြင့် မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့သော အရပ်သို့လာရာ ဤစကြဝဠာအတွင်း၌ လာရခြင်းအခွင့်ကို မရသည်ဖြစ်၍ စကြဝဠာ အနားရေး၌ပင် နေထိုင်ခြင်းငှါ အခွင့်ရ၍ စကြဝဠာ အနားရေးမှလျှင် ပြေးကုန်လျက် တယောက်သောလက်ဖြင့် တယောက်သောလက်ကို၊ တယောက်သောလည်ဖြင့် တယောက်သောလည်ကို အဆင့်ဆင့်ကိုင်၍ သုံးပါးသောရတနာတို့ကို အကြောင်းပြု၍ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်တို့ကိုရင်း,ခြောက်ပါးသော ရောင်ခြည်တော်တို့ကိုရင်း,တရာ့ငါးဆယ်သော ဇာတ်တော်တို့ကိုရင်း အကြောင်းပြု၍ သီချင်းသီပြီးလျှင် က-လည်း က-ကုန်၏။

ဤသို့လျှင်ဝလာဟကအမည်ရှိသော နတ်တို့ဆိုသော သီချင်းသံကို ရည်၍ “နတ်၌ဖြစ်သော သီချင်းသံတို့သည်လည်း မြတ်စွာဘုရားအား ပူဇော်ခြင်းငှါ ကောင်းကင်၌ဖြစ်ကုန်၏”-ဟူသော ဗုဒ္ဓဝစနသဒ္ဒါပကို ဝိတ္ထာရသွယ်ကာ အဋ္ဌကထာဆရာပြတော်မူသောစကားတည်း။

---

## ၁၆။ ရှင်အာနန္ဒာအား အကျိုးတရားကို ဟောကြားတော်မူခန်း

ထိုသို့လျှင်မြတ်စွာဘုရားသခင်သည် အင်ကြင်းပင်စုံတို့၏ အလယ်၌ လက်ျာနံတောင်းဖြင့်လျောင်းစံနေတော်မူလေလျှင် မြေအပြင်မှ စကြဝဠာအနားရေးတိုင်အောင်ရင်း, စကြဝဠာအနားရေးမှသည် ဗြဟ္မာ့ပြည်တိုင်အောင်ရင်း စည်းဝေးသော ဥပရိသတ်၏ ကြီးစွာသော အားထုတ်ခြင်းကို မြင်တော်မူသောအခါ ရှည်သောသက်တော်ရှိသော ရှင်အာနန္ဒာအား မိန့်ကြားတော်မူ၏၊ “ချစ်သား အာနန္ဒာ....အစုံသော အင်ကြင်းပင်ပျိုတို့သည် အခါမဲ့ပွင့်ကုန်သော အပွင့်တို့ဖြင့်ပင်ကြွင်း၏ ထိုအင်ကြင်းပင်ပျိုအစုံတို့၏အပွင့်တို့သည် ငါဘုရားအား ပူဇော်ခြင်းငှါ ငါဘုရား၏ကိုယ်တော်ကိုအထက်အဘို့၌ ဖုံးလွှမ်းသကဲ့သို့ အောက်သို့ ကျ မပြုပါကြကုန်၏၊ နတ်၌ဖြစ်ကုန်သော ထင်ရှားပန်းတို့သည်လည်း

နတ်၌ဖြစ်ကုန်သောစန္ဒကူးအမှုန့်တို့သည်ရင်း ငါဘုရားအားပူဇော်ခြင်းငှါ ငါဘုရား၏ကိုယ်တော်ကိုအထက်အဘို့၌ ဖုံးလွှမ်းဘိသကဲ့သို့အဘန်တလဲလဲ မပြတ်ကြကုန်၏၊ နတ်၌ဖြစ်ကုန်သောတူရိယာတို့သည်လည်း ငါဘုရားအားပူဇော်ခြင်းငှါ ကောင်းကင်၌ မြည်ကုန်၏၊ နတ်၌ဖြစ်ကုန်သော သီချင်းသံတို့သည်လည်း ငါဘုရားအား ပူဇော်ခြင်းငှါ ကောင်းကင်၌ဖြစ်ကုန်၏၊ ဤသို့လျှင် ငါဘုရားအား များစွာသော လူ,နတ်,ဗြဟ္မာတို့သည် ပူဇော်ခြင်းကိုပြုကြကုန်၏။

"ချစ်သား အာနန္ဒာ....ဤသို့ ပူဇော်ကာမျှဖြင့် ငါဘုရားကို အရိုအသေ ပြုအပ်သည်လည်းမဖြစ်၊ အလေးအမြတ် ပြုအပ်သည်လည်း မဖြစ်၊ မြတ်နိုးအပ်သည်လည်းမဖြစ်၊ပူဇော်ဆည်းကပ်အပ်သည်လည်း မဖြစ်၊ လောကုတ္တရာတရားအား လျော်သောအမှုကိုပြုအပ်သည်လည်း မဖြစ်၊ ချစ်သား အာနန္ဒာ....ငါဘုရားသည် ဒီပင်္ကရာဘုရား၏ ခြေရင်းတော်၌ လျောင်းသဖြင့် ရှစ်ပါးသောဗျာဒိတ်ခံအင်္ဂါတို့သည် ပြည့်စုံ၍ ဆုတောင်းခြင်းကိုပြုသဖြင့် ပန်းနံ့သာ, စည်, စောင်းကြေးအပေါင်းတို့၏ အကျိုးငှါ ဆုတောင်းခြင်းကိုမပြုအပ်၊ ဤပန်းနံ့သာ,စည်,စောင်းကြေးတို့၏အကျိုးငှါ ပါရမီတော်ကိုဖြည့်ကျင့်တော်မမူ၊ ထို့ကြောင့် ဤသို့ ပူဇော်ခြင်းဖြင့် ငါဘုရားကို ပူဇော်သည်မမည်"ဟု မိန့်တော်မူ၏။

ဤစကားရပ်၌ အဋ္ဌကထာဆရာ၏ စကားကို ရေးသား ထည့်သွင်းလိုက်ဦးအံ့။ ။မြတ်စွာဘုရားသခင်သည် တပါးသောအရပ်၌ တပွင့်သောအောင်မဲညိုပွင့်မျှကိုလည်း ဆောင်ယူ၍ ဘုရားဂုဏ်ကို ဆင်ခြင်စဉ်းစား နှလုံးထား၍ ပြုအပ်သောပူဇော်ခြင်းသည် ဘုရားဉာဏ်တော်ဖြင့်လည်း အပိုင်းအခြားမရှိသော အကျိုးကို ချီးမွမ်းတော်မူ၍ ဤပရိနိဗ္ဗာန်ပြုတော်မူရာ၌ ဤသို့များစွာသော ပူဇော်ခြင်းကို အဘယ့်ကြောင့်ပယ်တော်မူသနည်းဟုမူကား-ပရိသတ်ကို ချီးမြှောက်လိုအံ့သောငှါရင်း, သာသနာတော်၏ ရှည်မြင့်စွာတည်ခြင်းကို အလိုရှိသောကြောင့်ရင်း ပယ်တော်မူ၏။

မြတ်စွာဘုရားသခင်သည် ဤသို့လျှင် အကယ်၍ ပယ်တော်မမူငြားအံ့၊ ဤသို့ပယ်တော် မမူသည်ဖြစ်သော် နောင်အခါ၌ စာရိတ္တသီလ၏ အကျိုးကိုမြော်ကိုးရည်သန့်၍ ကျောင်းကန်ဘုရား [illegible] ပါးသို့ [illegible] သူသည် ဤသို့အားဖြင့် ဘုရားပရိနိဗ္ဗာန်ပြုတော်မူသောအခါ များစွာ [illegible] ပါနည်း

အကျိုးအာနိသံသ မဟပ္ဖလကို ချီးမွမ်းတော်မူကြောင်းနှင့်စပ်သော ဒါနကထာဖြင့် ဩဝါဒပေးသောအခါ ဒါနကို ပြုရခြင်းသည် သီလထက်အကျိုးကြီးသည်-ဟု နှလုံးပိုက်၍ ဒါနကိုသာ ပြုခြင်းကြောင့် စာရိတ္တသီလကိုမဖြည့်ကုန်လတ္တံ့၊ ထိုနည်းအတူ သမာဓိ၏အကျိုးကို မြော်ကိုးတောင့်တ၍ လာသော အရာ၌လည်း သမာဓိကိုမဖြည့်ကုန်လတ္တံ့၊ဝိပဿနာ၏ အကျိုးကိုမြော်ကိုးတောင့်တ၍ လာသော အရာ၌လည်း ဝိပဿနာတို့ကို မယူကုန်လတ္တံ့၊ အလုပ်အကျွေးတို့ကိုသာ ညီညွတ်၍ပူဇော်ခြင်းကို သာလျှင် ပြုကုန်လျက် နေကုန်လတ္တံ့။

ဤအာမိသပူဇာမည်သည်ကား-သာသနာတော်ကို တနေ့မျှရင်း, ယာဂုတရှုပ်သောက်လောက်ရုံမျှရင်း တည်စိမ့်သောငှါ မတတ်နိုင်၊ ဤဥပမာအဘယ်ကဲ့သို့နည်းဟူမူကား-မဟာဝိဟာရကျောင်းနှင့်တူသော ကျောင်းတထောင်သည့်ရင်း, မဟာစေတီနှင့်တူသော စေတီတထောင်သည့်ရင်း သာသနာတော်ကို ရှည်ကြာအောင်ဆောင်အံ့သောငှါ မတတ်နိုင်၊အကြင်သူသည် နည်း,များမဟူ ပေးလှူပူဇော်ခြင်းကို ပြုအံ့၊ထိုသူအားသာလျှင် ပွါးများသော အကျိုးသည်ဖြစ်၏၊ ကောင်းသော အကျင့်ကိုဖွင့်မြွက်၍ ဟောပြောပြသ ဆုံးမရခြင်းသည်ကား—မြတ်စွာဘုရားအားလျောက်ပတ်သော ပူဇော်ခြင်းအမှုကို ပြုသည်မည်သောကြောင့် သာသနာတော်၏ စည်ပင်ပွါးပွါး ရှည်လျားခြင်းအကြောင်းသည် ဖြစ်၏၊ ထိုသို့ကောင်းသော အကျင့်ကိုဖွင့်မြွက်၍ ဟောပြောပြသ ဆုံးမသဖြင့် သမာပတ္တိတည်သည်ရှိသော်ကား-သာသနာတော်ကို တည်စိမ့်သောငှါလည်း တတ်နိုင်၏၊ ထို့ကြောင့် ဤပြဆိုအပ်ပြီးသောစကားကိုရည်၍ ''ချစ်သားအာနန္ဒာ…အကြင်ရဟန်းယောက်ျားသည်ရင်း,အကြင်ရဟန်းမိန်းမသည်ရင်း,အကြင်သီတင်းသည် ယောက်ျားသည်ရင်း, အကြင်သီတင်းသည်မိန်းမသည်ရင်း လောကုတ္တရာတရားအားလျောက်ပတ်သော ရှေးအဘို့၌ဖြစ်သော အကျင့်ကိုကျင့်သည်ဖြစ်၍နေ၏၊လောကုတ္တရာတရားအားလျောက်ပတ်သော အကျင့်ကိုအလေးဂရု အရေးပြုသဖြင့် ရိုသေစွာကျင့်သည်ဖြစ်၍နေ၏၊လောကုတ္တရာတရားအား လျော်သော ရှေးအဘို့၌ ဖြစ်သော အကျင့်ကို ရိုသေစွာကျင့်သည်ဖြစ်၍နေ၏၊ လောကုတ္တရာတရားအားလျော်သော ရှေးအဘို့၌ဖြစ်သော အကျင့်ကို ပြည့်စုံစေသည်ဖြစ်၍နေ၏၊ထိုပုဂ္ဂိုလ်သည် မြတ်လှစွာသောပူဇော်ခြင်းဖြင့် ငါဘုရားကို အရိုအသေ အလေးအမြတ်ပြုသည်မည်၏၊မြတ်နိုးလှစွာ သဒ္ဓါကြည်ဖြူ ပူဇော်သည်မည်၏၊ ရိုသေစွာလျှင် ငါဘုရားထံပါးသို့ ခစားချဉ်းကပ်သည်မည်၏၊ ထို့ကြောင့်''ချစ်သား အာနန္ဒာ…ဤသာသနာတော်၌ငါတို့သည်လောကုတ္တရာတရားအား လျောက်ပတ်သော အကျင့်တို့ကို ရိုသေလေးမြတ် နိစ္စပါတ်လျှင် ကျင့်အပ်သော အရာဌာန၌ သဒ္ဓါပသန္န ဗလဝအဟုန်ဖြင့် ပြည့်စုံသည်ဖြစ်၍ နေကြကုန်အံ့၊ ဤသို့နှလုံးပြု၍သာလျှင် ချစ်သား အာနန္ဒာ…သင်ချစ်သားတို့သည် ကောင်းစွာကျင့်အပ်၏''ဟု မိန့်တော်မူ၏။

## ၁၇။ ခစားလျက်ရှိသော ရှင်ဥပဝါဏမထေရ်အား ဖယ်ရှားစေခြင်း

ထိုအခါ ရှည်သောသက်တော်ရှိသော ရှင်ဥပဝါဏ မထေရ်သည် မြတ်စွာဘုရားသခင်၏ ရှေ့တော်၌ မြတ်စွာဘုရားသခင်ကို ယပ်ဖြင့်ခပ်လျက်တည်၏၊ ထိုအခါ မြတ်စွာဘုရားသခင်သည် ရှင်ဥပဝါဏကို''ချစ်သား ဥပဝါဏ····ငါဘုရား၏ရှေ့တော်မှလျော်ရာ၌သွားနေလော့၊ ငါဘုရား၏ရှေ့တော်၌ မနေလင့်''ဟု မိန့်တော်မူ၏၊ ထိုအခါ ရှင်အာနန္ဒာ၏ ဤသို့သောအကြံသည်ဖြစ်၏၊ အဘယ်သို့ဖြစ်သနည်း ဟူမူကား''ရှည်သောအသက်ရှိသော ရှင်ဥပဝါဏသည် ရှည်စွာသော နေ့,ညဥ့်ပတ်လုံး မြတ်စွာဘုရားသခင်၏ အလုပ်အကျွေးသည်ဖြစ်၏၊အနီး၌ကျင်လည်သောသူတည်း၊ မြတ်စွာဘုရားသခင်၏ ထံပါး၌ခစား၍ အမြဲနေထိုင်ရသောသူတည်း၊ ထိုသို့ဖြစ်ပါလျက် မြတ်စွာဘုရားသခင်သည် နောက်ဆုံးဖြစ်သောကာလ၌ရှင်ဥပဝါဏကို ချစ်သား ဥပဝါဏ····ငါဘုရား၏ရှေ့တော်၌မနေလင့်၊ဖဲလော့-ဟု မိန့်တော်မူ၏၊မြတ်စွာဘုရားသခင်သည် အဘယ်အကြောင်းကြောင့် မိန့်တော်မူပါလိမ့်မည်နည်း'' ဟု ဤသို့သောအကြံသည်ဖြစ်၏။

ထိုအခါ ရှင်အာနန္ဒာသည် မြတ်စွာဘုရားသခင်အား ဤဆိုလတ္တံ့သောစကားကို လျှောက်ကြား၏၊ ''အရှင်ဘုရား····ဤရှင်ဥပဝါဏမထေရ်သည် ရှည်စွာသော နေ့,ညဥ့်ပတ်လုံး အရှင်ဘုရား၏ အလုပ်အကျွေးသည်ဖြစ်၏၊ အနီး၌ကျင်လည်၍ အရှင်ဘုရားအထံ၌ အမြဲနေသည်ဖြစ်၏၊ ထိုသို့ဖြစ်ပါလျက် အရှင်ဘုရားသည် နောက်ဆုံးဖြစ်သောကာလ၌ ရှင်ဥပဝါဏမထေရ်ကို ချစ်သား ဥပဝါဏ····ငါဘုရား၏ရှေ့တော်၌ မနေလင့်၊ ဖဲလော့- ဟု မိန့်တော်မူခြင်းသည် အဘယ်အကြောင်းကြောင့် မိန့်တော်မူပါသနည်း''ဟု ဤသို့လျှောက်၏။

ထိုအခါ''ချစ်သား အာနန္ဒာ····အသညသတ်ပုဂ္ဂိုလ်,အရူပပုဂ္ဂိုလ်မှတပါး များသောအားဖြင့် တသောင်းသော လောကဓာတ်တို့၌ များစွာကုန်သောနတ်တို့သည် ငါဘုရားကို ဖူးမြင်ခြင်းငှါ စည်းဝေးရောက်လာကြကုန်၏၊ အကြင်မျှလောက်သော ကုသိနာရုံပြည် မလ္လာမင်းတို့၏

အင်ကြင်း ဥယျာဉ်တောအကွေ့သည်ရှိ၏၊ ထိုအရပ်၌ ထက်ဝန်းကျင်မှ တဆယ့်နှစ်ယူဇနာမျှလောက်သော အရပ်၌ သားမြီးဖျားဖြင့် ထိုး လောက်ရုံမျှသည်လည်း တန်ခိုးကြီးကုန်သောနတ်တို့ဖြင့် မန္ဒသောနေ ရာမည်သည်မရှိ၊ချစ်သား အာနန္ဒာ....နတ်တို့သည်ကဲ့ရဲ့ကုန်၏၊အဘယ် သို့ကဲ့ရဲ့ကုန်သနည်းဟူမူကား-ငါတို့သည်အဝေးမှ မြတ်စွာဘုရားသခင် ကိုဖူးမြင်ခြင်းငှါ လာရသည်ဖြစ်ကုန်၏၊ တရံတခါ၌သာ သံသရာတည်း ဟူသော စက်၏အကန့်ကိုဖျက်ဆီးတော်မူ၍ အလုံးစုံသောတရားတို့ကို မဘောက်မပြန် သယမ္ဘူဉာဏ်ဖြင့် ဝေဘန်ပိုင်းခြားလျက် ထင်ရှားစွာ ဘိ မိမိအလိုလို ကိုယ်တော်တိုင်သာလျှင် သိတော်မူကုန်ပြီးသော မြတ် စွာဘုရားတို့သည် လောကသုံးထပ် ဘုံသုံးရပ်၌ လွန်မြတ်စွာဖြစ်တော် မူ၏၊ ယခုနေ့ပင်လျှင် ပြည်ခွင်အမတ နိဗ္ဗာနသို့ မြန်းကြွတော်မူလတ္တံ့၊ ကြီးသောတန်ခိုးရှိသော ဤရဟန်းသည် မြတ်စွာဘုရားသခင်၏ ရှေ့ တော်၌ဖုံးလွှမ်းပြီးခါ ပိတ်ဆီးကာလျက် အနီးမှာတည်တော်မူ၏၊ ငါတို့ သည်နောက်ဆုံးဖြစ်သောကာလ၌ မြတ်စွာဘုရားသခင်ကို ဖူးမြင်ခြင်း ငှါ အခွင့်ရတော့မည်မဟုတ်ကုန်-ဟု အလုံးစုံသောနတ်တို့သည် ကဲ့ရဲ့ ကြကုန်၏၊ ထိုသို့ ကဲ့ရဲ့ကြသော အကြောင်းကြောင့် မြွက်လောင်းဘော် ကြား ငါဘုရားသည် ချစ်သားဥပဝါဏာကို ဖယ်ရှားစေတော်မူသည်" ဟု မိန့်တော်မူ၏။

[ဤသို့လျှင် မြတ်စွာဘုရားသခင်သည် ရှင်ဥပဝါဏာကို မိန့်ဟတော်မူ၍ လျော် ရာ၌ာနသို့ ဖယ်လွှဦးတော့-ဟု မိန့်တော်မူသော အကြောင်းကိုပြန်လောင်း၍လျှင် ရှင်အာနန္ဒာအား မိန့်ကြားတော်မူရာ၌ ထင်ရှားစွာကြည့်ရှုကြစေခြင်းအကျိုးငှါ အဋ္ဌကထာဆရာ၏စကားကို ရေးသားထည့်သွင်း ပေအံ့သတည်း။ ။မြတ်စွာ ဘုရားသခင်၏ အနီးဖြစ်သောအရပ်၌ ချဉ်းကပ်၍ ဖူးမြင်ရန်အခွင့်ရအံ့သောငှါ ကျဉ်းကျပ်စွာ တိုးလျှိုးသဖြင့် တန်ခိုးကြီးကုန်သော တကျိပ်,တကျိပ်ကုန်သော နတ် တို့သည် သားမြီးဖျားမျှလောက်သောအရပ်၌သိမ်မွေ့သော ကိုယ်အဖြစ်ကိုကောင်း စွာဘန်ဆင်း၍ တည်နေကြကုန်၏။

ထိုနတ်တို့၏နောက်မှ နှစ်ကျိပ်,နှစ်ကျိပ်ကုန်သောနတ်တို့သည် တည်နေကြကုန် ၏၊ထိုနတ်တို့၏နောက်မှ သုံးကျိပ်,သုံးကျိပ်ကုန်သောနတ်တို့သည် တည်နေကြကုန် ၏၊ ထိုနတ်တို့၏နောက်မှ လေးကျိပ်,လေးကျိပ်ကုန်သော နတ်တို့သည်တည်နေကြ ကုန်၏၊ထိုနတ်တို့၏နောက်မှ ငါးကျိပ်,ငါးကျိပ်ကုန်သောနတ်တို့သည် တည်နေကြ

ကုန်၏၊ ထိုနတ်တို့၏နောက်မှ ခြောက်ကျိပ်,ခြောက်ကျိပ်ကုန်သော နတ်တို့သည် တည်နေကြကုန်၏။

ထိုနတ်တို့သည် အချင်းချင်းလက်ဖြင့်၎င်း,ခြေဖြင့်၎င်း,ပုခိုးဖြင့်၎င်းမထိစေကုန်၊ ထိုနတ်တို့အချင်းချင်းလည်း မထိစေလင့်-ဟု ဤသို့ဆိုအပ်သော အခြင်းအရာမည်သည်မရှိ၊ ထိုနတ်တို့သည်ကား-တကျိပ်ဖြစ်၍၎င်း,နှစ်ကျိပ်ဖြစ်၍၎င်း, သုံးကျိပ်ဖြစ်၍၎င်း,လေးကျိပ်ဖြစ်၍၎င်း,ငါးကျိပ်ဖြစ်၍၎င်း,ခြောက်ကျိပ်ဖြစ်၍၎င်း ပွတ်ဆောက်ဦးမျှသော အရပ်၌တည်နေကြရကုန်၏၊ အချင်းချင်းမထိကြကုန်၊ မထိကြပါလင့်-ဟု ပြောဆိုခြင်းမရှိဘဲလျက် တူမျှသောစိတ်ရှိကုန်သည်သာလျှင်ဖြစ်ကုန်၏။

ရှင်ဥပဝါဏမထေရ်သည်ပကတိသောအားဖြင့်ဆင်ငယ်လောက်မျှသောကိုယ်ရှိ၏၊ကြီးသောတန်ခိုးလည်းရှိ၏၊ အဘယ်ကြောင့်နည်းဟူမူကား-ကဿပ မြတ်စွာဘုရားသခင်၏ ဓာတ်တော်ကိုထည့်သွင်း၍ စေတီတည်ထားသော ထိုစေတီ၌ စေတီကိုစောင့်သောနတ်ဖြစ်ခဲ့ဘူးသောကြောင့်တည်း၊ ထိုဥပဝါဏမထေရ်သည် ပံသုကူသက်န်းကို ဆင်မြန်းဝတ်ရုံတော်မူ၍ အလွန်ကြီးသကဲ့သို့ဖြစ်၏၊ထို့ကြောင့် များစွာသောနတ်တို့သည် မြတ်စွာဘုရားသခင်၏ မျက်နှာတော်ကိုမြင်အံ့သောငှါ အခွင့်မရသည်ရှိသော် ရှင်ဥပဝါဏမထေရ်ကို''ဤရဟန်းကြီးသည် မြတ်စွာဘုရားသခင်၏ ရှေ့တော်၌ ပိတ်ပင်ဆီးတားလျက် နေသောကြောင့် ငါတို့သည် မြတ်စွာဘုရားသခင်၏မျက်နှာတော်ကိုမြင်အံ့သောငှါ အခွင့်မရသည်''ဟု ကဲ့ရဲ့ ငြူစူကြကုန်၏။

ထိုနတ်တို့သည် ရှင်ဥပဝါဏမထေရ်၏ ကိုယ်ကိုထွင်းဘောက်၍ မြင်အံ့သောငှါ မတတ်ကောင်းသလော-ဟု စောဒနာခြင်းပြုငြားအံ့။ ။များစွာသော နတ်တို့သည် ပုထုဇဉ်ပုဂ္ဂိုလ်၌ ထွင်းဘောက်၍မြင်အံ့သောငှါ တတ်နိုင်ကုန်၏၊ ကိလေသာကုန်ခန်းသော ရဟန္တာပုဂ္ဂိုလ်တို့ကို ထွင်းဘောက်၍ မြင်အံ့သောငှါ မတတ်နိုင်ကုန်၊ အဘယ်ကြောင့်နည်းဟူမူကား- ရှင်ဥပဝါဏမထေရ်၏လည်း တန်ခိုးအာနုဘော်ကြီးသောကြောင့် ကပ်အံ့သောငှါမတတ်နိုင်ကုန်၊ ထိုရှင်ဥပဝါဏမထေရ်သည်သာလျှင် တန်ခိုးအာနုဘော်ကြီးသလော၊တပါးကုန်သောရဟန္တာတို့သည် တန်ခိုးအာနုဘော်မကြီးသလော-ဟုငြားအံ့၊ ဝိပဿီအမည်တော်ရှိသော မြတ်စွာဘုရားသခင်သည် ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် တခဲနက်သော ခံတွင်းနှင့်တူသော သရီရဓာတ်တော်ကို တခုသောစေတီကိုသာလျှင် တည်ကုန်၏၊ ထိုစေတီတော်ကို လူအပေါင်းတို့သည် အလျားတတောင်,အနံတထွာ,အထူ လက်နှစ်သစ် ရှိကုန်သော ရွှေအုဋ်ချပ်တို့ဖြင့်ပြီးစေ၍ ဟင်းသပတားဖြင့်၎င်း, မြင်းသီလာဖြင့်၎င်း သရွတ်မြေလိမ်းကျံခြင်းကိစ္စကိုပြီးစေ၍ နှမ်းဆီဖြင့်လည်း ရေထည့်အံ့သော နေရာဌာနကိစ္စကိုပြီးစေ၍ တယူဇနာအတိုင်း အရှည်ရှိသောစေတီကို တည်ပေကုန်၏၊ ထိုတယူဇနာအတိုင်း အရှည်ရှိသောစေတီမှ အထက်၌ ဘုမ္မစိုးနတ်တို့သည် တယူဇနာအတိုင်း အရှည်ရှိသော စေတီကိုထပ်မံ၍ တည်ပေကုန်၏၊ထိုစေတီမှအထက်၌ အာကာသ

စိုးနတ်တို့သည် တယူဇနာ အတိုင်းအရှည်ရှိသော စေတီကိုထပ်မံ၍ တည်ပေကုန်၏၊ ထိုစေတီမှအထက်၌ မိုဃ်းနတ်သားတို့သည် တယူဇနာအတိုင်းအရှည်ရှိသော စေတီကိုထပ်မံ၍ တည်ပေကုန်၏၊ထိုစေတီမှအထက်၌ တိမ်နက်သားတို့သည် တယူဇနာအတိုင်းအရှည်ရှိသောစေတီကိုထပ်မံ၍ တည်ပေကုန်၏၊ထိုစေတီမှ အထက်၌ စတုမဟာရာဇ်နတ်တို့သည် တယူဇနာ အတိုင်းအရှည်ရှိသောစေတီကို ထပ်မံ၍ တည်ပေကုန်၏၊ ထိုစေတီမှ အထက်၌ တာဝတိံသာနတ်တို့သည် တယူဇနာ အတိုင်းအရှည်ရှိသောစေတီကို ထပ်မံ၍ တည်ပေကုန်၏၊ ဤသို့ခုနစ်ယူဇနာအတိုင်းအရှည်ရှိသောစေတီကို တည်ကြကုန်၏၊ထို့ကြောင့် ခုနစ်ယူဇနာရှိသော စေတီသည်ဖြစ်၏။

လူတို့သည် ပန်းနံ့သာ ပုဆိုးတို့ကိုဆောင်ယူ၍ စေတီသို့ လာကုန်သည်ရှိသော် စေတီစောင့်နတ်တို့သည် ပန်းနံ့သာပုဆိုးတို့ကိုဆောင်ယူခဲ့၍ ကြည်ညိုကုန်သောသူတို့အားသာလျှင် စေတီကို ပူဇော်စေအပ်၏၊ ထိုအခါ ဤဥပဝါဏမထေရ်၏ အလောင်းသည် ပုဏ္ဏားသူကြွယ်အမျိုး၌ဖြစ်၍ ရွှေသောပုဆိုးတထည်ကိုယူ၍သွားလေ၏၊ထိုအခါ စေတီစောင့်နတ်တို့သည် သူကြွယ်၏လက်မှ ပုဆိုးကိုယူ၍ စေတီကိုပူဇော်၏၊ပုဏ္ဏားသူကြွယ်သည် ထိုစေတီစောင့်နတ်ကိုမြင်၍ ကြည်ညိုသောစိတ်ရှိသဖြင့် ငါသည်လည်း နောင်အခါ၌ ဤသို့သဘောရှိသော မြတ်စွာဘုရား၏ စေတီတော်၌ စောင့်သောနတ်ဖြစ်ရပါလို၏-ဟု ဆုတောင်းပတ္ထနာခြင်းကိုပြု၍ ထိုကိုယ်၏အဖြစ်မှ စုတေခဲ့သည်ရှိသော် နတ်ပြည်၌ဖြစ်လေ၏၊ ဤသို့လျှင် တထည်သော ပုဆိုးကို ပူဇော်သောကောင်းကျိုးဖြင့် လူ့ပြည်, နတ်ပြည်၌ ကျင်လည်လာသွားအကြိမ်ကြိမ်ခံစား၍ ထိုပုဏ္ဏားသူကြွယ်သည် ကဿပ မြတ်စွာဘုရား၏ တခဲနက်သော သရီရဓာတ်တော်ကိုယူ၍ တယူဇနာအတိုင်းအရှည်ရှိသော စေတီကိုပြုကြကုန်၏။

ထိုစေတီ၌ စောင့်သောနတ်ဖြစ်၍ သာသနာတော်ကွယ်ခဲ့သည်ရှိသော် နတ်ပြည်၌ဖြစ်လေ၍ ငါတို့မြတ်စွာဘုရား ဖြစ်တော်မူသောအခါ၌ ထိုနတ်ပြည်မှစုတေခဲ့သည်ရှိသော် မြတ်သောအမျိုး၌ဖြစ်၍ ရဟန်းပြုသဖြင့် အရဟတ္တဖိုလ်သို့ရောက်၏၊ ဤသည်လျှင် အဋ္ဌကထာဆရာ၏ စကားတရပ်သည် ပြီးဆုံးခြင်းသို့ ရောက်ပြန်သတည်း။]

မြတ်စွာဘုရားသခင်သည် ရှင်ဥပဝါဏကို နတ်တို့ကဲ့ရဲ့သော အကြောင်းကို ပြန်ပြောင်း၍ ဟောတော်မူသောအခါ ရှင်အာနန္ဒာသည် မြတ်စွာဘုရားသခင်အားထပ်မံ၍ လျှောက်ကြားပြန်သည်မှာ "အရှင်ဘုရား····အရှင်ဘုရားတို့ကို ဥပပတ်ပဋိသန္ဓေအားဖြင့် ဖြစ်ကုန်သောနတ်တို့သည် အဘယ်သို့နှလုံးပြုကုန်သနည်း၊ အရှင်ဘုရားကို

၏ ပရိနိဗ္ဗာန်ပြုတော်မူခြင်းကို တင့်တယ်ကုန်သလော"ဤသို့လျှင် ရှင်အာနန္ဒာသည် မြတ်စွာဘုရားသခင်အား လျှောက်ကြား၏။

ထိုအခါ မြတ်စွာဘုရားသခင်သည် ပရိနိဗ္ဗာန်ပြုခြင်း၌ တင့်တယ်ခြင်းအကြောင်းကို မိန့်ဆိုတော်မမူဘဲ နတ်တို့၏ တင့်တယ်သောအဖြစ်ကိုသာ ဟောပြတော်မူခြင်းငှါ "ချစ်သား အာနန္ဒာ....ဥပပတ်ပဋိသန္ဓေအားဖြင့် ဖြစ်ကုန်သောနတ်တို့သည် ကောင်းကင်၌ မြေကိုဘန်ဆင်း၍ ထိုကောင်းကင်၌ မြေ-ဟုအမှတ်ရှိကုန်သဖြင့်တည်နေလျက် ဆံပင်တို့ကို ကျောပေါ်၌ ကြဲ၍ငင်း,လက်တို့ကိုမြှောက်ပင့်၍ငင်း ငိုကြွေးမြည်တမ်းကြကုန်၏၊ ကမ်းပါးပြတ်သို့ ကျသကဲ့သို့ဖြစ်၍ ထိုမှ,ဤမှလဲကုန်၏၊ ထိုသို့လဲ၍ ရှေးရှုတည်သောအရပ်မှ ရှေ့,နောက် ဝဲ,ယာ လူးလဲကုန်၏၊ အဘယ်သို့သော စကားကိုဆို၍ ငိုကြွေးကုန်သနည်းဟူမူကား—

"ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ဆောလျင်စွာ ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့၊ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ဆောလျင်စွာ ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့၊ လောကသုံးထပ် ဘုံသုံးရပ်၌ လူ,နတ်တို့၏မျက်စိသည် ကွယ်လတ္တံ့"—

ဟု ဤစကားကိုဆို၍ ငိုကြွေးမြည်တမ်းကြကုန်၏၊ "ချစ်သား အာနန္ဒာ....အကြင် နတ်တို့သည် ပယ်အပ်ပြီးသော ဒေါသရှိကုန်၏၊ ကျောက်သည်တိုင်နှင့်တူသော သမာဓိရှိကုန်၏၊ ထိုအနာဂါမ်,ရဟန္တာဖြစ်ကုန်သော နတ်တို့သည်ကား-သတိ,ပညာ အဆင်အခြင်နှင့်ပြည့်စုံကုန်သည်ဖြစ်၍ သင်္ခါရတရားတို့သည် အမြဲမရှိကုန်၊ ဤသင်္ခါရတရား၌ အကျွမ်းဝင်သော ဘုရားသခင်ကို မပျက်စီးစိမ့်သောငှါ အဘယ်မှာ ငါတို့သည် တတ်နိုင်ပါကုန်အံ့နည်း၊ ဤသို့သောတရားဓမ္မကို ဆင်ခြင်၍ သည်းခံလျက် နေထိုင်ကြရကုန်၏၊ ထိုနတ်တို့သည် ဤဆိုလတ္တံ့သော စကားဖြင့် ပြောကြား မြည်တမ်းကြကုန်၏။

"အရှင်ဘုရား....အရှေ့အရပ်မျက်နှာတို့၌ ဝါကျွတ်ကုန်သောရဟန်းတို့သည် မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှါ လာကုန်၏"။ [ဤ ပုဗ္ဗေ ဘန္တေ ဝဿံ ဝုဋ္ဌာ-ဟူသော ပုဒ္ဓဝစနသည်ပ

၏ ဝိတ္ထာရအကျယ်ကို ဖွင့်သွယ်၍ပြသော အဋ္ဌကထာဆရာ၏ စကားအရကို ထည့်သွင်းလိုက်သတည်း။]

---

## ၁၈။ ရဟန်းများ၏ဖူးမြင်ရာအရပ်ကို ဟောကြားတော်မူခဏ်း

မြတ်စွာဘုရားသခင်သည် လူတွင်ထင်ရှား ဘုရားဖြစ်တော်မူသော ကာလ၌ များစွာကုန်သောရဟန်းတို့သည် ဝါဆိုအံ့သောအခါ နီးလတ်သည်ရှိသော် မြတ်စွာဘုရားသခင်အထံတော်၌ကမ္မဋ္ဌာန်းကိုယူလိုသော ငှါလည်း, ဝါကျွတ်ပြီးသောရဟန်းတို့သည် ယူအပ်ပြီးသော ကမ္မဋ္ဌာန်းနှင့်ယှဉ်သောအားဖြင့် ဖြစ်ပြီးသော ဈာန်,မဂ်,ဖိုလ်တရားကို ကြားလိုသောငှါလည်း နှစ်ပါးသောကာလတို့၌ စည်းဝေးကုန်၏။

ထိုနည်းတူစွာ သက်တော်ထင်ရှား ဘုရားရှိတော်မူသောအခါ၌ စည်းဝေးကုန်သကဲ့သို့ သီဟိုဠ်ကျွန်း၌လည်း ဂင်္ဂါတဘက်၌ နေကုန်သောရဟန်းတို့သည် လောဟပါသာဒပြာသာဒ်၌စည်းဝေးကုန်၏၊ဂင်္ဂါ တဘက်၌ နေကုန်သောရဟန်းတို့သည် တိဿမဟာဝိဟာရကျောင်း၌ စည်းဝေးကုန်၏၊ ထို့ကြောင့် ဂင်္ဂါတဘက်၌ နေကုန်သောရဟန်းတို့ သည် တံမြက်ချေးကျုံးထည့်သောတောင်း, တံမြက်စည်းတို့ကိုယူသဖြင့် လာလတ်၍ မဟာဝိဟာရကျောင်း၌ ပေါင်းဖွဲ့စည်းဝေးလျက် စေတီ ၌ အင်္ဂတေယိုယွင်း၍ ပျက်စီးခြင်းအမှုကိုပြုလုပ်သဖြင့် ဝါကျွတ်ပြီး လတ်သည်ရှိသော် လာလတ်၍ လောဟပါသာဒပြာသာဒ်၌ စည်းဝေး တည်နေကြကုန်၏။

ဤသို့ဝတ်ကြီး, ဝတ်ငယ်ကို ပြု၍ပြီးသောအခါ ချမ်းသာစွာသော အရပ်တပါးတို့၌နေ၍ ဝါကျွတ်ပြီးသည်ရှိသော် လာလတ်၍ လော ဟပါသာဒပြာသာဒ်ဝယ် ငါးပါးသော နိကာယ်ကို သရဇ္ဈာယ်ရာ မဏ္ဍပ်၌ အကြင်ရဟန်းတို့အား ပါဠိကိုသင်အံလေကျက်ကုန်၏၊ ထို ရဟန်းတို့သည် ပါဠိကို သရဇ္ဈာယ်ကုန်၏၊ အကြင်ရဟန်းတို့အား အဋ္ဌကထာကို သင်အံလေ့ကျက်ကုန်၏၊ ထိုရဟန်းတို့သည် အဋ္ဌကထာ ကို သရဇ္ဈာယ်ကုန်၏၊ အကြင်ရဟန်းသည် ပါဠိကိုလည်း, အဋ္ဌကထာ

ကိုရင်း သင်ကြားလေ့ကျက် ဆောင်ရွက်ခြင်းမရှိဘွတ်ပွင်း၏၊ ထိုပါဠိ, အဋ္ဌကထာကို အဘယ်သူ၏ အထံ၌ သင်ယူသနည်း၊ ဤသို့စုံစမ်း မေးမြန်းထောက်လှန်းဆင်ခြင်၍ ဖြောင့်ဖြောင့်မတ်မတ်တတ်သိလိမ်မာ ကြောင်းဖြစ်သော စကားကို ပြောကြားပြသ သွန်သင်ဆုံးမခြင်းကိုပြု၍ ထိုရဟန်းအား သင်ကြားနာယူစေကုန်၏။

ဂင်္ဂါတဘက်၌ နေကုန်သော ရဟန်းတို့သည် တိဿမဟာဝိဟာရ ကျောင်း၌လည်း ဤနည်းအတူသာလျှင် ညီညွတ်စွာပြုကြကုန်၏၊ ဤသို့ သော အားဖြင့် နှစ်ပါးသောကာလတို့၌ စည်းဝေးကုန်သော ရဟန်း တို့တွင် အကြင်ရဟန်းတို့သည် ဝါဆိုလိုသော်ငါ ကမ္မဋ္ဌာန်းကို ယူ၍ သွားကုန်၏၊ ဝါကျွတ်သောအခါ ဈာန်, မဂ်,ဖိုလ်ကိုကြားလိုသော်ငါ လည်း လာကုန်၏၊ ဤသို့သဘောရှိသော ရဟန်းတို့ကို ရည်၍။ ။ ပုဗ္ဗေ ဘန္တေ ဝဿံဝုဋ္ဌာ-ဟူသော စကားကို မြွက်ကြားသည်-ဟု အဋ္ဌကထာဆရာပြတော်မူသတည်း။

မြတ်စွာဘုရားသခင်ကို ဖူးမြင်ခြင်းငှါ လာကုန်သောအခါအကျွန်ုပ်တို့ သည် စိတ်နှလုံးဖြင့် မေတ္တာကို ပွါးစေအပ်သောထိုရဟန်းတို့ကိုဖူးမြင် ဆည်းကပ်ခြင်းငှါ ရကုန်အံ့၊ဤသို့နှလုံးပြုကုန်၏-ဟု ရှင်အာနန္ဒာအား မိန့်ကြားတော်မူ၏၊ ထိုအခါ ရှင်အာနန္ဒာသည် တဖန်လျှောက်ကြား ပြန်၏၊ "အရှင်ဘုရား.... အရှင်ဘုရားသည်ကား-ပရိနိဗ္ဗာန်ပြုတော်မူ သောကြောင့် အကျွန်ုပ်တို့သည်စိတ်နှလုံးဖြင့် ပွါးစေအပ်သော ရဟန်း တို့ကို ဖူးမြင်ဆည်းကပ်ခြင်းငှါ မရကုန်အံ့"ဟု ကြံ၍ ဤသို့လျှင် ရှင် အာနန္ဒာသည် မြတ်စွာဘုရားသခင်အား လျှောက်ကြား၏၊ ထိုအခါ မြတ်စွာဘုရားသခင်သည် ရှင်အာနန္ဒာအား နှလုံးကို ပွါးစေအပ်သော ရဟန်းတို့အား ဖူးမြင်ရာအရပ်ကိုမြွက်ဆိုမိန့်ကြားပေအံ့-ဟု နှလုံးပြု၍ အကြင်အရပ်၌ နေသည်ရှိသော် ယို့မှ,ဤမှလည်း မလှည့်ပတ်မူ၍လျှင် နှလုံးကိုပွါးစေအပ်သော ရဟန်းတို့အား ဖူးမြင်ခြင်းငှါ ထင်လင်းစွာ ရ၏၊ ဤသို့ကြံတော်မူ၍ စတ္တာရိမာနိ ဘိက္ခဝေ-အစရှိသော စကား ဖြင့် မိန့်ကြားတော်မူ၏။

ချစ်သား အာနန္ဒာ....ဘုရားအစဉ်သည်ပုံ့ပြည့်ပြီ လေးမြပ်ဆည်း ကပ်လိုသော စိတ်ရှိသော ဝတ်ကြီး,ပြောင်ငယ် အသွယ်သွယ်နှင့် ပြည့်စုံ

သော အကြင်အမျိုးကောင်းသားအား နံနက်အခါမှစ၍ စေတီယင်္ဂဏဝတ်ကြီးကို ပြုကုန်သည်သာလျှင် ထင်ကုန်၏၊ ပညာတည်းဟူသော မျက်စိဖြင့် ရှုကြည့်ခြင်းငှါထိုက်ကုန်သော သံဝေဂရခြင်းကို ဖြစ်စေကုန်သော အကြောင်းတို့သည် ဤလေးပါးတို့တည်း၊ လေးပါးတို့ ဟူသည် အဘယ်သည်တို့နည်းဟူမူကား—

ချစ်သား အာနန္ဒာ····

၁။ ဤလူ့ပြည်၌ မြတ်စွာဘုရားသခင်သည် ထင်ရှားဖြစ်တော်မူ၏၊ ဤသည်လည်း သဒ္ဓါတရားနှင့် ပြည့်စုံသောသူ၏ ပညာတည်းဟူသောမျက်စိဖြင့် ရှုကြည့်ခြင်းငှါထိုက်သော သံဝေဂရခြင်းကို ဖြစ်စေတတ်သော အကြောင်းတည်း။

၂။ ဤလူ့ပြည်၌ မြတ်စွာဘုရား သခင်သည် အတုမရှိသော သဗ္ဗညုတဉာဏ်ကို ဘောက်ပြန်မရှိ မိမိအလိုလို ကိုယ်တော်တိုင်သာလျှင် ကောင်းစွာ သိတော်မူ၏၊ ဤသည်လည်း ချစ်သား အာနန္ဒာ····သဒ္ဓါတရားနှင့် ပြည့်စုံသောပုဂ္ဂိုလ်၏ ပညာတည်းဟူသောမျက်စိဖြင့် ရှုကြည့်ခြင်းငှါ ထိုက်သော ထိတ်လန့်ခြင်းကို ဖြစ်စေတတ်သော အကြောင်းတည်း။

၃။ ဤလူ့ပြည်၌ မြတ်စွာဘုရားသခင်သည် အလွန် မြတ်စွာသော ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူအပ်ပြီ၊ ဤသည်လည်း ချစ်သား အာနန္ဒာ····သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသား၏ ပညာတည်းဟူသော မျက်စိဖြင့်ရှုကြည့်ခြင်းငှါ ထိုက်သော မကောင်းမှုမှ ကြဉ်ခြင်းကို ဖြစ်စေတတ်သော အကြောင်းတည်း။

၄။ ဤလူ့ပြည်၌ မြတ်စွာဘုရားသခင်သည် ဝိပါက်ကမ္မဇရုပ်အကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏၊ ဤသည်လည်း ချစ်သား အာနန္ဒာ····သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသား၏ ပညာတည်းဟူသော မျက်စိဖြင့် ရှုကြည့်ခြင်းငှါ ထိုက်သော သံဝေဂရခြင်းကို ဖြစ်စေတတ်သော အကြောင်းတည်း၊

ချစ်သား အာနန္ဒာ····သဒ္ဓါတရားနှင့် ပြည့်စုံသော ကောင်းသော အကျင့်ရှိသော အမျိုးကောင်းသား၏ ပညာတည်းဟူသော မျက်စိဖြင့် ကြည့်ရှုခြင်းငှါထိုက်ကုန်သော မကောင်းမှုမှ ထိတ်လန့်ခြင်းကို ဖြစ်စေတတ်ကုန်သော အကြောင်းတို့သည် ဤလေးပါးတို့တည်း။

ချစ်သား အာနန္ဒာ··သဒ္ဓါတရားနှင့်ပြည့်စုံသော ရဟန်းယောကျ်ားတို့သည်ဎင်း, ရဟန်းမိန်းမတို့သည်ဎင်း, သီတင်းသည်ယောကျ်ားတို့သည်ဎင်း, သီတင်းသည် မိန်းမတို့သည်ဎင်း ဤလူ့ပြည်၌ မြတ်စွာဘုရားသည် ဘွားတော်မူ၏-ဤသို့ဎင်း,ဤလူ့ပြည်၌မြတ်စွာဘုရားသခင်သည် လွန်မြတ်သော သဗ္ဗညုတဉာဏ်ကိုထိုးထွင်း၍ သိတော်မူအပ်ပြီ-ဤသို့ဎင်း,ဤလူ့ပြည်၌ မြတ်စွာဘုရားသည် လွန်မြတ်သော ဓမ္မစကြာတရားတော်ကို ဟောတော်မူ၏-ဤသို့ဎင်း,ဤလူ့ပြည်၌ မြတ်စွာဘုရားသခင်သည် ဝိပါက်ကမ္မဇရုပ် အကြွင်းမရှိသော ပရိနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏-ဤသို့ဎင်း လာကုန်လတ္တံ့။

ချစ်သား အာနန္ဒာ····ခပ်သိမ်းကုန်သောသူတို့သည် ရှေးဦးစွာ ထိုထိုသို့သောအရပ်၌ စေတီပြင်ကို တံမြက်လှည်း၍ နေရာတို့ကိုရေဆေးကုန်လျက် ဗောဓိပင်၌ ရေကိုသွန်းလောင်းကုန်လျက် လှည့်လည်ကုန်၏၊ထိုသူတို့၌ ဆိုဘွယ်သည်သာလျှင် မရှိ၊ ဤမည်သောကျောင်း၌ စေတီကိုရှိခိုးအံ့ ဟူ၍ ထွက်သွားသောအခါ လွန်စွာ ကြည်ညိုသော စိတ်နှင့်တကွ ခရီးအကြား၌ သေကုန်သော်လည်း အန္တရာယ်မရှိသော အားဖြင့် နတ်ပြည်၌ ဖြစ်ရကုန်လတ္တံ့သည်သာတည်း''၊ဤသို့အားဖြင့် ဘုရားမြတ်စွာသည် သာယာမြွက်ဘော် ဟောကြားတော်မူ၏။

---

## ၁၉။ မာတုဂါမတို့၌ကျင့်ရာသောနည်း,အလောင်းတော်သင်္ဂြိုဟ်နည်းကို လျှောက်ခဏ်း

''အရှင်ဘုရား····အကျွန်ုပ်တို့ထံသို့ မာတုဂါမတို့ ဆည်းကပ်သည်ရှိသော် အဘယ်သို့ကျင့်ရပါအံ့နည်း''ဟု နားတော်လျှောက်၏။ ''ချစ်သား အာနန္ဒာ····ကိလေသာကို ပယ်ခွါလိုသောရဟန်းသည် စည်း, စောင်ရန်းလုံခြုံရာ၌ နေသောနွားကဲ့သို့ တိုက်တံခါးလုံခြုံသောကျောင်း

၌သာ ကိန်းအောင်း၍ နေရာ၏၊မာတုဂါမတို့ ရောက်လာသော်လည်း အကြင်မျှလောက်သော ကာလပတ်လုံး အဆင်းကိုမမြင်ရ၊ ထိုမျှလောက်သောကာလပတ်လုံး ရှန်ရင်းတပ်မက်သောရာဂမဖြစ်နိုင်၊မြင်ရသော်သာလျှင် ပြင်းစွာသောရာဂသည်ဖြစ်လွယ်၏၊ထို့ကြောင့် မမြင်ရာ၌ နေခြင်းသည်သာလျှင် မြတ်သောအကျင့် ပဋိပတ်တည်း''ဟု မိန့်တော်မူ၏။

"အရှင်ဘုရား···· အကယ်၍ ဆွမ်းခံသောအခါ၌၎င်း, ဆွမ်းလှူသောအခါ၌၎င်း မြင်ချေမူကား-အဘယ်သို့ ကျင့်အပ်သနည်း'' ဟု လျှောက်ပြန်၏၊"ချစ်သား အာနန္ဒာ····မာတုဂါမတို့ကို အကယ်၍မြင်တုံငြားအံ့၊စကားမပြောနေခြင်းသည်ပင် မြတ်သောပဋိပတ်တည်း၊ ချစ်သား အာနန္ဒာ····ထက်စွာသောသန်လျက်ကိုကိုင်၍ ငါနှင့်စကားဆိုမူကား-သင်၏ ဦးခေါင်းကိုဖြတ်အံ့ဟု ဆို၍ ရပ်သောယောကျ်ားနှင့် စကားပြောခြင်းသည်မြတ်သေး၏၊မာတုဂါမတို့အား စကားပြောခြင်းသည်မမြတ်၊ ငါ့ကိုခေါ်မူကား သင်၏အသားကိုထွင်း၍ စားအံ့-ဟုဆို၍ ရပ်လာသောဘီလူးမအား စကားပြောခြင်းသည် မြတ်သေး၏၊ ချစ်ဘွယ်ရှိသောမာတုဂါမတို့အား စကားပြောခြင်းသည်မမြတ်၊ အဘယ်ကြောင့်နည်းဟူမူကား—မာတုဂါမတို့နှင့် စကားပြောဟောရသည် ရှိသော် ချစ်ကျွမ်းဝင်ခြင်းသည်ဖြစ်၏၊ချစ်ကျွမ်းဝင်သည်ရှိသော် နှစ်သက်ခြင်းရာဂသည်ဖြစ်၏၊ ရာဂဖြစ်သည်ရှိသော် အထူးထူးသော ကိစ္စကိုကြံခြင်းဟူသော သက်ပွရာဂသည်ဖြစ်၏၊ သက်ပွရာဂ ဖြစ်သည်ရှိသော် တဏှာ,ဥပါဒါန်တို့သည်ဖြစ်ကုန်၏၊တဏှာ,ဥပါဒါန်တို့ဖြစ်သည်ရှိသော် သီလ၏ ပြစ်ငြိုးခြင်း, ပျက်စီးခြင်း သို့ရောက်၍ အပါယ်လေးပါးသို့လားခြင်းသည်ဖြစ်၏၊ ထို့ကြောင့် စကားပြောခြင်းသည်မမြတ်'' ဟု မိန့်တော်မူ၏။

"အရှင်ဘုရား ···· မာတုဂါမတို့သည် ပြဿနာကို မေးခြင်းငှါ ကျောင်းသို့လာ၍တနေ့ပတ်လုံးသော်လည်း မေးလျှောက်၍နေငြားအံ့၊ သီလသီတင်း ဖြည့်ကျင့်ခြင်းကိုလည်း တောင်းငြားအံ့၊ တရားတော်ကို လည်းနာလို၍ တောင်းပန်ငြားအံ့၊ ရဟန်းတို့နှင့်လျောက်ပတ်သော ကိစ္စကိုသော်လည်း ပြုလုပ်သောင်း၍ နေလာငြားအံ့၊ ထိုအခါ တစုံတ

သောစကားကိုမျှ မပြောခဲ့သော် ရဟန်းတို့သည် ညံ့-အသည်, နား ပင်းသည်,လောကအရာ မလိမ်မာသည်, ပညာမရှိသည်-ဟု ဆိုလိမ့် သတည်း၊ထို့ကြောင့် စကားပြောဟောရချေသော် အဘယ်သို့ နှလုံး ထားအပ်ပါသနည်း''ဟု နားတော်လျှောက်ပြန်၏။

မြတ်စွာဘုရားလည်း ''ချစ်သား အာနန္ဒာ.... ကျောင်းသို့ရောက် လာသော မာတုဂါမတို့အား စကားပြောလိုသည်ရှိသော် အမိမျှ လောက်ရှိသောမိန်းမတို့၌ အမိဟူသော စိတ်ကို ဖြစ်စေကုန်၊ နှမမျှ လောက်ရှိသောမိန်းမတို့၌ နှမဟူသောစိတ်ကို ဖြစ်စေကုန်၊ သမီးမျှ လောက်ရှိသောမိန်းမတို့၌ သမီးဟူသောစိတ်ကိုဖြစ်စေကုန်၊ ချစ်သား အာနန္ဒာ..မာတုဂါမတို့အား စကားပြောဟောသောအခါ၌ သတိ, ပညာကို လွန်စွာဖြစ်စေကုန်လော့''ဟု ဩဝါဒပေးတော်မူ၏။

ထိုနောက်မှ အရှင်အာနန္ဒာလည်း ဤသို့နားတော်လျှောက်ပြန် ၏၊ ''အရှင်ဘုရား....ကိုယ်တော်မြတ် နိဗ္ဗာန်လားခဲ့သော် အလောင်း တော်၌ အကျွန်ုပ်တို့ ပြုဘွယ်ကိစ္စကို ဘယ်သို့ပြုရပါအံ့နည်း'' ဟု လျှောက်ပြန်၏၊''ချစ်သား အာနန္ဒာ....ငါဘုရား၏ အလောင်းတော်ကို မီးပူဇော်ခြင်းစသည်၌ သင်တို့မကြောင့်ကြလင့်၊ မိမိ၏အကျိုးစီးပွါးဖြစ် သော အရဟတ္တဖိုလ်ကိုရခြင်းငှါသာ များစွာလို့လပြုကုန်လော့၊ကိုယ့် အသက်ကိုငဲ့ကွက်ခြင်းမရှိဘဲ သတိသမ္ပဇဉ်ဖြင့်သာ ငါဘုရား၏သာသနာ တော်ကို ရွက်ဆောင်ကြကုန်လော့၊ ငါဘုရား၏ အလောင်းတော်ကို ကား ရတနာသုံးပါး၌ ကြည်ညိုကုန်သော မင်းမျိုး,ပုဏ္ဏားမျိုး,သူဌေး မျိုး,သူကြွယ်မျိုးဖြစ်ကုန်သော ပညာရှိဒါယကာတို့သည် မီးပူဇော်ကုန် လတ္တံ့''ဟု မိန့်တော်မူ၏။

''အရှင်ဘုရား....ထိုအမျိုးလေးပါး၌ဖြစ်ကုန်သောပညာရှိဒါယကာ တို့သည် အကျွန်ုပ်ထံသို့လာ၍ အရှင်အာနန္ဒာ....အလောင်းတော် ကို အဘယ်သို့သင်္ဂြိုဟ်ရပါအံ့နည်း-ဟု မေးလျှောက်ကုန်လတ္တံ့၊ထိုအခါ အဘယ်သို့နည်းပေးရပါအံ့နည်း''ဟု လျှောက်ပြန်၏၊''ချစ်သား အာ နန္ဒာ... စကြဝတေးမင်း၏အလောင်းကိုသင်္ဂြိုဟ်ဘူးသော ပုံးဟောင်း ကား-အလောင်းကို ကောင်းမွန်စွာသော ကာသိကရစ်ပိုင်းဖြစ်ပုဆိုး

တို့ဖြင့် ထုပ်ပိုးပတ်ရစ်၍ ညက်စွာပစ်ဒပ်သော ဝါဂွမ်းကိုလွှမ်းပြီးသော် အပေါ်၌နှုန်းညံ့စွာသောပုဆိုးဖြင့် ပတ်ရစ်ပြန်၏၊ ဤသို့အဘန်များစွာ ငါးရာသောပုဆိုးတို့ဖြင့် ရစ်ပတ်ပြီးသော် လှော်ပြီးသော သိဂ်နိက် ရွှေတလားသို့သွတ်သွင်း၍ နံ့သာထင်းပုံထက်သို့တင်ပြီးမှ မီးသင်္ဂြိုဟ်၏၊ အရိုးကိုယူပြီးသော် ခရီးလေးမြွာဆုံရာ၌ ကောင်းစွာ စေတီတည်လုပ်ကုန်၏၊ ဤသို့စကြဝတေးမင်း၏ အလောင်းကို ကောင်းစွာသင်္ဂြိုဟ်သကဲ့သို့ ငါဘုရား၏အလောင်းကိုလည်း ကောင်းစွာသင်္ဂြိုဟ်အပ်၏၊ ဓာတ်တော်တို့ကိုလည်း ခရီးလေးမြွာဆုံရာ၌ ကောင်းစွာ စေတီတည်အပ်၏၊ ထိုစေတီကို ပူဇော်ရှိုးမြှောက်ရသော လူ,နတ်,ဗြဟ္မာ သတ္တဝါအများတို့သည် စီးပွါးချမ်းသာ လွန်စွာဖြစ်ကုန်လတ္တံ့။

ချစ်သား အာနန္ဒာ.... စေတီတည်ခြင်းငှါ အားထုတ်အပ်သော ပုဂ္ဂိုလ်တို့ကား— ငါဘုရားလည်းတပါး, ပစ္စေကဗုဒ္ဓါလည်းတပါး, ရဟန္တာလည်းတပါး,စကြဝတေးမင်းလည်းတပါး၊ဤလေးပါးပေတည်း၊ အဘယ်အကျိုးထူးကိုစွဲ၍ စေတီတည်ခြင်းငှါ ထိုက်သနည်းဟူမူကား— အကြင် ဒါယကာတို့သည် သစ္စာလေးပါးတရားတို့ကို အလိုလို သိမြင်တော်မူသော သဗ္ဗညုမြတ်စွာဘုရား၏ သရီရဓာတ်တော်တည်ရာပေတကား-ဟု ကြည်ညိုခြင်း,လေးမြတ်ခြင်းကို ဖြစ်စေကုန်လတ္တံ့၊အထူးထူးသော ပန်းနံ့သာ ပူဇော်ရာဝတ္ထုတို့ဖြင့် ငါဘုရား၏ ဂုဏ်ကျေးဇူးကို အာရုံပြု၍ ပူပြင်ရှိုးမြှောက်ကုန်လတ္တံ့၊ ထိုထိုများစွာ ဒါယကာတို့သည် ဤကြည်ညိုသောစေတနာကြောင့် ခန္ဓာပျက်ကြွေသေသောအခါ နတ်ရွာသုဂတိဘဝသို့လည်း တက်ရကုန်လတ္တံ့၊ သူဌေး,သူကြွယ်, ပဒေသရာဇ်စသော လူကောင်း, လူမြတ်တို့၏ စည်းစိမ်ချမ်းသာကိုလည်း ခံစားရလတ္တံ့၊ထိုသို့အကျိုးထူးရှိသည်ကိုစွဲ၍ စေတီတည်ခြင်းငှါထိုက်သတည်း၊ ပစ္စေကဗုဒ္ဓါ, ရဟန္တာ, စကြာမင်းတို့၏ စေတီ၌လည်း ဤနည်းတူပင် လူတို့အကျိုးစီးပွါး များဘိရာသတည်း”ဟု မိန့်တော်မူ၏။

ယင်းသို့ စေတီထိုက်သည့် ဤလေးပါးကို ဟောကြားတော်မူပြီးသော် ဖလသမာပတ်ချမ်းသာဖြင့် ဆိတ်ငြိမ်စွာနေတော်မူ၏။

## ၂၀။ ရှင်အာနန္ဒာမထေရ်အား တရားစမ္မဖြင့် ဟောပြတော်မူခန်း

ထိုအခါ အရှင်အာနန္ဒာကား ဤသို့အကြံဖြစ်၏၊ ''ဘုရားသခင်သည် သံဃာတော်တို့အား ကြားမှာထိုက်သမျှသော တရားစကားကို ငါ့ကိုအမှူးထား၍ ဟောကြားဆုံးမတော်မူပြီ၊ ဤသည့်နေ့ပင် စင်စစ်ကေန် ပြည်နိဗ္ဗာန်သို့ စံဝင်တော်မူချေတော့မည်၊နက်ဖြန်ခါပင်သွန်သင်ပြသ ဩဝါဒဖြင့် ဆုံးမသောအသံသည် ဆိတ်ချေတော့မည်၊ငါတို့ဆရာမြတ်စွာဘုရားနှင့် ကွဲပြားရချေတော့မည်''ဟု ကြံစည် အောက်မေ့လျက် ဆွေးမြေ့သောနှလုံးဖြင့် ယူကျုံးမရဖြစ်ရကား ဘုရားရှင့်အနီးမှဘဲခွါ၍ မလ္လာမင်းတို့၏တည်းခိုရာ ကောင်းစွာဆောက်ထားအပ်သောမင်းကွန်းစရပ်၏ တံခါးတိုင်ကိုကိုင်လျက် ငိုကြွေး၏၊

''ငါသည် သောတာပန်သာဖြစ်၍ အထက်မဂ်အလို့ငှါပြုရန်ကိုစွရှိချေသေး၏၊မိုက်မြေးထူလှသော ငါ့ကို အဘန်တလဲလဲ ဆုံးမပဲ့ပြင် သွန်သင်ပေသော နောင်တော်ဘုရားသည် ငါ့ကိုချန်ထားခဲ့၍ ယနေ့ကားနိဗ္ဗာန်ယူတော့မည်၊ နက်ဖြန်မှစ၍ အဘယ်သူကိုကြည်ဖြူနှစ်သက် မျက်သစ်တံပူ ငါကပ်လှူရပါအံ့နည်း၊ အဘယ်သူ၏ခြေကို ရေဆေးရပါအံ့နည်း၊ အဘယ်သူ၏နေရာကို သုတ်သင်ရပါအံ့နည်း၊ အဘယ်သူ၏ သက်န်း,သပိတ် ပရိက္ခရာကို ငါဝတ်ပြုရပါအံ့နည်း''၊ ဤသို့စသည်ဖြင့် တသမြည်တမ်းကာ လွန်စွာငိုကြွေး၍ ပူဆွေးခြင်းအဖြာဖြာနှင့် နေရှာလေ၏။

ထိုအခါ ဘုရားမြတ်စွာသည် သံဃာတော်တို့အား ကြည့်ရှုတော်မူရာ ရှင်အာနန္ဒာကိုမမြင်လျှင် ''သင် ချစ်သားတို့….အာနန္ဒာသည် အဘယ်မှာ နေသနည်း''ဟု မေးတော်မူ၏၊ သံဃာတော်အများတို့ကလည်း ''မင်းကွန်းတံခါးတိုင်ကို ကိုင်လျက် ပြင်းစွာငိုကြွေး၍ နေပါသည်ဘုရား''ဟု လျှောက်ကြားကြလေသော် ''ချစ်သား အာနန္ဒာကိုလျင်စွာခေါ်ဘိလော့''ဟု မိန့်တော်မူ၍ ခေါ်ရလေ၏၊ အနီးသို့ရောက်သော်အခါ အရှင်အာနန္ဒာအား ဤသို့မိန့်ကြားတော်မူ၏။

"ချစ်သားအာနန္ဒာ....ငါဘုရားသည် များစွာညှိုးပိန် စိုးရိမ်ပူဆွေး ငိုကြွေးခြင်း၌အကျိုးမရှိသည်ကို မိန့်တော်မူပြီးမဟုတ်လော၊ဤလောက၌ ဖြစ်ရကုန်သော လူ, နတ် အပေါင်းတို့ပင် ခင်မင်စုံမက် နှစ်သက် အပ်ကုန်သော မိဘဆွေရင်း သားချင်းပေါက်ဘော်တော်စပ်ကုန်သော သူတို့နှင့် အတူမနေ သေလွန်သဖြင့် ကွဲပြားရခြင်း တည်းဟူသော နာနာဘာဝ, ဒေသတခြား လွင့်ပါး ဝေးကွာရခြင်း တည်းဟူသော ဝိနာဘာဝ,ရှေးကပုည မဟုပ္ပလဖြင့် သုခရိပ်ငြိမ် စည်းစိမ်ပျော်စံလျက် တသက်ပန်တွင် ငြိုငြင်ဆင်းရဲပြန်ခြင်းတည်း ဟူသော အညထာဘာဝ, ဤဒုက္ခတို့ကို မုချအမှန် ခံရမြဲဇမ္မတာသာဖြစ်၏၊လွတ်ခဲ့ခြင်းငှါ အဘယ် မှာတတ်နိုင်ကြအံ့နည်း။

ချစ်သား အာနန္ဒာ....အကြင် ကိုယ်ခန္ဓာသည် တဏှာ ဟူသော အကြောင်းတရားကြောင့် ထင်ရှားစွာ ဖြစ်တတ်၏၊ ထိုဖြစ်သမျှသော ကိုယ်ခန္ဓာသည် ပျက်မြဲဓမ္မတာသာတည်း၊တစုံတယောက်သောဗြဟ္မာ, သိကြား, ဘုရားတို့မှလည်း မပျက်စီးရအောင် တောင့်တ၍ မဖြစ်နိုင် သည်သာဟု ငါဘုရားသည် သင်ချစ်သားကို ဟောကြားတော်မူပြီး မဟုတ်လော။

ချစ်သား အာနန္ဒာ...သင်သည် ငါဘုရားအား ရှည်လျားစွာသော ကာလပတ်လုံး မေတ္တာစိတ်၏အစွမ်းဖြင့် ဖြစ်သောမျက်သစ်တံပူကပ်လှူ ခြင်း, တံ့ဝပ်ရိုကျိုး ရှိခိုးခြင်းစသော ကာယကံဖြင့်၎င်း, ဤရေကို သုံးဆောင်တော်မူပါ,ဤနေရာ၌ ထိုင်နေတော်မူပါ စသည်ဖြင့် မွက်သီ ချိုးကျူးသော မေတ္တာဝစီကံဖြင့်၎င်း,ဘုရားကိုယ်တော်သည် သက်တော် ရှည်စေသတည်းစသည်ဖြင့် တောင့်တသော မေတ္တာမနောကံဖြင့်၎င်း၊ ငါဘုရားအား ခစားလုပ်ကျွေးပေပြီ၊ ဤပြုအပ်သော သင်၏မေတ္တာ ကံသုံးဖြာသည် စကြဝဠာနှင့် နှိုင်းဆသော် ယူဇနာတသန်း, နှစ်သိန်း, သုံးထောင့်, လေးရာ့, ငါးဆယ်ကျယ်သော စကြဝဠာ အဝကား ကျဉ်းသေး၏၊ သင်၏မေတ္တာကာယကံ, ဝစီကံ,မနောကံသည် ကျယ် ဝန်း၏၊ ယူဇနာ ခုနစ်ကုဋေ, တသန်း, ရှစ်သိန်း, ငါးသောင်း, ခြောက် ထောင် အမြင့်ဆောင်သော ဘဝဂ်-ပ, ဆိုအပ်သော နေဝသညာ

နာသညာဘုံသည် နိမ့်သေး၏၊ သင်၏မေတ္တာ ကာယကံ၊ ဝစီကံ၊ မနောကံသာ လွန်စွာမြင့်မောက်၏။

ချစ်သား အာနန္ဒာ····သင်သည် ဖြည့်အပ်သော ပါရမီကောင်းမှုရှိ၏၊ ကမ္မဋ္ဌာန်းကိုသာ လွန်စွာလုံ့လပြုသော် မကြာမြင့်မီ အာသဝေါကင်းကွာ၍ ရဟန္တာဖြစ်လတ္တံ့၊ ရှေးသောအခါ အာနန္ဒာသည် ဆင်းရဲစွာသော ပုဏ္ဏားဖြစ်၍ ပေါက်ပင်စောင့်နတ်ဖြစ်သော ငါဘုရားအလောင်းတော်အား ခစားလုပ်ကျွေးသဖြင့် သူဌေးစည်းစိမ်ကိုရအောင် ငါမ,စ ဘူးခဲ့လေပြီ၊ သဗ္ဗညုဖြစ်သော ငါဘုရားအား ခစားလုပ်ကျွေးအပ်သောအရာ၌ အဘယ်မှာ ရဟန္တာမဖြစ်ရှိတော့အံ့နည်း''ဟု ရှေးဖြစ်ကိုဘော်၍ ဇာတ်တော်ကိုလည်း ဟောတော်မူပေ၏။

ထိုနောက်မှ အစောက် နှစ်သိန်း၊ လေးသောင်း ရှိသောမြေကိုအထက်၊ အောက်လှန်ဘိသကဲ့သို့ ရှင်အာနန္ဒာ၏ ကျေးဇူးကိုဘော်၍ မိန့်တော်မူခြင်းငါ သံဃာအပေါင်းတို့ကို ခေါ်တော်မူ၏၊ ''ချစ်သားရဟန်းတို့····ရှေးနောင်တော်ဘုရားတို့၏ အထံ၌ နိရန္တရလုပ်ကျွေးကြသော သူမြတ်တို့ကဲ့သို့ အာနန္ဒာသည် ငါဘုရားအား ခစားလုပ်ကျွေးပေသည်၊ ဤအာနန္ဒာကား-ပညာလည်းကြီး၏၊ လုံ့လဝီရိယလည်းရှိ၏၊ သမာဓိနှင့်လည်း ပြည့်စုံ၏၊ ခန္ဓာ၊ အာယတနစသောပရမတ္ထဓမ္မအရာ၌ အလွန်လိမ်မာ၏၊ အာနန္ဒာသည် ဤအခါကား-ရဟန်းယောကျ်ားတို့ ဘုရားကိုခစားဆည်းကပ်သောအခါတည်း၊ ဤအခါကား-ရဟန်းမိန်းမအများတို့ ဘုရားကို ခစားဆည်းကပ်သော အခါတည်း၊ ဤအခါကား ဒါယကာ ယောကျ်ားတို့ ဘုရားကို ခစားဆည်းကပ်သောအခါတည်း၊ ဤအခါကား ဒါယကာမိန်းမတို့ ဘုရားကိုခစားဆည်းကပ်သောအခါတည်း၊ ဤအခါကား နတ်၊ ဗြဟ္မာပရိသတ်တို့ ဘုရားကိုဆည်းကပ်သောအခါတည်း၊ ဤအခါကား တိတ္ထိယသာဝကတို့ ဘုရားကို ဆည်းကပ်ကြသောအခါတည်းဟု တိုင်းထွာမှတ်သားလျက်ပရိသတ်အား လျော်သောအမှုဖြင့် ပြုပြင်ချီးမြှောက်ပေတတ်၏'' ဟူ၍မိန့်တော်မူပြီးမှ ''ချစ်သားရဟန်းတို့····အာနန္ဒာအား လေးပါးသောအံ့ဘွယ်တို့သည် ရှိကုန်၏၊လေးပါးဟူသော်ကား—

### ရှင်အာနန္ဒာ၏ အံ့ဘွယ် ၄-ပါး

၁။ အဝေး,အနီးမြို့ရွာမှ ရောက်လာကုန်သောရဟန်းယောကျ်ားပရိသတ်တို့သည် အာနန္ဒာထေရ်မြတ်၏ အဆင်းအသွင်ကို ဖူးမြင်၍၎င်း, ပြောဆိုသော တရားစကားသံကို နာခံ၍၎င်း မရောင့်ရဲနိုင်သည့် အံ့ဘွယ်တပါး။

၂။ ရဟန်းမိန်းမ ပရိသတ်တို့သည် အာနန္ဒာထေရ်မြတ်၏ ရုပ်ဝါ အသွင်အပြင်ကို ဖူးမြင်၍၎င်း, ပြောဆိုသော တရားစကားသံကို နာခံ၍၎င်း မရောင့်ရဲနိုင်သည့် အံ့ဘွယ်တပါး။

၃။ အဝေး, အနီးမြို့ရွာမှ ရောက်လာသော ဥပါသကာပရိသတ်တို့သည် အာနန္ဒာထေရ်မြတ်၏အဆင်းအသွင်ကိုဖူးမြင်၍၎င်း, ပြောဆိုသောတရားစကားသံကို နာခံ၍၎င်း မရောင့်ရဲနိုင်သည့် အံ့ဘွယ်တပါး။

၄။ အဝေး,အနီးမြို့ရွာမှ ရောက်လာသောဥပါသိကာပရိသတ်တို့သည် အာနန္ဒာထေရ်မြတ်ကို ဖူးမြင်ရ၍၎င်း, ပြောဆိုသော တရားစကားသံကို နာခံ၍၎င်း မရောင့်ရဲနိုင်သည့် အံ့ဘွယ်တပါး။

ဤသို့အားဖြင့် လေးပါးသော အံ့ဘွယ်တို့နှင့် ပြည့်စုံပေသတည်း။

ချစ်သားတို့····လေးကျွန်းလုံးကိုပိုင်သော စကြဝတေးမင်း၌လည်း လေးပါးသောအံ့ဘွယ်တို့သည် ပြည့်စုံကုန်၏၊ လေးပါးဟူသော်ကား-

### စကြာမင်းတို့၏ အံ့ဘွယ် ၄-ပါး

၁။ စကြဝတေးမင်းသည် ရှေးဘုန်းကံအလျောက် အလွန်လည်း အဆင်းလှ၏၊အသံလည်းသာယာ၏၊ သတ္တဝါတို့ကောင်းကျိုး, စီးပွားကိုလည်း ကြားပေတတ်၏၊တရားနှင့်ညီညွတ်သောစက္ကဝတ် ဓမ္မရာဇ်လည်းဖြစ်ပေ၏-ဟု ကြားရပေသဖြင့် မင်းပရိသတ်တို့သည် အဝေး, အနီး ရပ်ရွာမှ ဖူးမြင်လာကုန်သော် အဆင်းတော်ကိုမြင်သဖြင့်၎င်း,အသံတော်ကိုကြားသဖြင့်၎င်း, အဆုံးအမကိုခံရသဖြင့်၎င်း မရောင့်ရဲနိုင်သည်လည်း အံ့ဘွယ်

၂။ ပုဏ္ဏားပရိသတ်တို့သည် အဝေး,အနီးရပ်ရွာမှ ဖူးမြင်လာကုန်သော် အဆင်းတော်ကိုဖူးမြင်သဖြင့်၎င်း, အသံတော်ကိုကြားသဖြင့်၎င်း, အဆုံးအမကို ခံရသဖြင့်၎င်း မရောင့်ရဲနိုင်သည်လည်း အံ့ဘွယ်တပါး။

၃။ သူကြွယ်ပရိသတ်တို့သည် အဝေး,အနီးရပ်ရွာမှ ဖူးမြင်လာကုန်သော် အဆင်းတော်ကို ဖူးမြင်သဖြင့်၎င်း, အသံတော်ကိုကြားသဖြင့်၎င်း,အဆုံးအမကိုခံရသဖြင့်၎င်း မရောင့်ရဲနိုင်သည်လည်း အံ့ဘွယ်တပါး။

၄။ ရသေ့,ရဟန်းပရိသတ်တို့သည် စကြဝတေးမင်းမြတ်ကို ဖူးမြင်ခြင်းငှါ ရောက်လာကုန်သော် အဆင်းကိုမြင်သဖြင့်၎င်း,အသံကိုကြားသဖြင့်၎င်း, တရားစကား ပြောကြားနှီးနှောရသဖြင့်၎င်း မရောင့်ရဲနိုင်သည်လည်း အံ့ဘွယ်တပါး။

ဤလေးပါးသော အံ့ဘွယ်သရဲ လွန်ကဲသောကျေးဇူးတရားတို့သည် စကြာမင်းအား ပြည့်စုံဘိသကဲ့သို့ ချစ်သားအာနန္ဒာ၌လည်း လေးဖြာသောအံ့ဘွယ်သရဲ လွန်ကဲသောကျေးဇူးဂုဏ်တို့နှင့်ပြည့်စုံပေသတည်း" ဟူ၍ မိန့်တော်မူ၏။

ထိုနောက်မှ ရှင်အာနန္ဒာကိုခေါ်တော်မူ၍"ချစ်သား အာနန္ဒာ.... ကုသိနာရုံပြည်တွင်းသို့သွား၍ မလ္လာမင်းတို့အား အကြောင်းကြားချေ။

'ဝါသိဋ္ဌအနွယ်ဖြစ်သော မင်းအများတို့--ဘုရားသခင်သည် ယနေ့ညဉ့် မိုးသောက်ယာမ်၌ ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့၊ ဖူးမြင်လိုပါမူ လျင်စွာသွားကြကုန်လော့၊ နောင်သောအခါ ငါတို့ဂါမခေတ်၌ အရှင်ဘုရား ပရိနိဗ္ဗာန်လားသည်ကိုမျှ ငါတို့မဖူးမြင်ရ-ဟု နှလုံးမသာ မရှိကြစေကုန်လင့်'—

ဟု ပြောကြားချေ"ဟူ၍ စေလိုက်၏။

ရှင်အာနန္ဒာလည်း ဗျာဒိတ်တော်အတိုင်း တပါးတည်းသာ လာခဲ့၍ ကုသိနာရုံပြည်တွင်းသို့ ဝင်လေ၏၊ မလ္လာမင်းတို့လည်း ပြုခြင်းကိစ္စရှိသောကြောင့် မိမိတို့ စည်းဝေးမြဲ မင်းကွန်းစရပ်၌ နေကြကုန်စဉ် ရှင်အာနန္ဒာလည်း ဘုရားမှာတော်မူလိုက်တိုင်းသော စကားကို ပြော

ကြားပေ၏၊ မလ္လာမင်းအများတို့လည်း သားမယား ဆွေမျိုးတို့အား ပြောကြားသိစေပြီးသော် ပြည်သူ ပြည်သားနှင့်တကွသော မင်းဆွေ မင်းမျိုးတို့သည် သမုဒ္ဒရာမြစ်ရိုး၌ လှိုင်းတံပိုးအသံကဲ့သို့ သောင်းသောင်း ညံမျှ ငိုကြွေးကြလျက် "လောကသုံးပါး၏ စီးပွါးချမ်းသာကို လွန်စွာ ရှက်ဆောင်ပေတတ်သော မြတ်စွာဘုရားသည် ယျင်လျားစွာပင် နိဗ္ဗာန်ခွင်သို့ စံဝင်တော်မူခဲ့၏တကား၊ ငါတို့ကိုပစ်ထား၍ သွားတော် မူအံ့သည်တကား"ဟု များစွာမြည်တမ်းကြကုန်၏။

ထိုနောက်မှ မလ္လာမင်းများသည် သားမယား ဆွေမျိုးနှင့်တကွ ဥယျာဉ်သို့လာကြ၍ ရှင်အာနန္ဒာထံသို့ကပ်ကုန်၏၊ရှင်အာနန္ဒာလည်း ဤမလ္လာမင်းတို့ကို အသီးအသီးရှိခိုးစေသည်ဖြစ်အံ့၊ ဤညဉ့်ကုန်၍ နေ အံရုဏ်တက်လေရာသည်၊ တမျိုး,တမျိုးစီသာဝင်၍ ရှိခိုးစေအံ့-ဟု ကြံပြီးလျှင် မိမိတွင်ပါသော ပရိသတ်နှင့်တကွ တဦး,တဦးစီဆောင်၍ "အရှင်ဘုရား....ဤမည်သောမလ္လာမင်းသည် ခြေရင်းတော်၌ ဦးတိုက် ၍ ရှိခိုးပါသည်"ဟု လျှောက်ပေ၏၊ ဤသို့သောနည်းအားဖြင့် ပဌမ ယာမ်၌သာလျှင် မလ္လာမင်းတို့၏ ရှိခိုးခြင်းကိစ္စကိုပြီးစေ၏။

---

## ၂၁။ သုဘဒ်ပရိဗိုဇ်အား အမြိုက်ဆေးဓမ္မောသဖြင့် ဩဝါဒပေးတော်မူခဏ်း

ထိုအခါ သုဘဒ်ပရိဗိုဇ်ရဟန်းသည် ကုသိနာရုံပြည်၌နေ၏၊ ထိုသု ဘဒ်ပရိဗိုဇ်သည် ယနေ့ညဉ့် ပစ္ဆိမယာမ်၌ပင်လျှင် ဘုရားသခင်ပရိနိဗ္ဗာန် ပြုတော့အံ့-ဟူသော သတင်းစကားကိုကြား၍ ဘုရားရှိတော်မူရာသို့ လျှင်စွာလာခဲ့ပြီးလျှင် အရှင်အာနန္ဒာ၏အထံသို့ကပ်၍ ဤသို့တောင်း ပန်၏၊"အရှင်အာနန္ဒာ..အကျွန်ုပ်သည် အသက်အရွယ်အားဖြင့်ကြီး ကုန်သော အစဉ်အဆက်ကိုပြောဆိုတတ်ကုန်သော ဆရာ၏အရာဖြစ် ကုန်သော ပရိဗိုဇ်ကြီးတို့ထံမှ ဆုံးမသံစကားကို ဤသို့ကြားဘူးပါသည်၊ 'ဤလောကလူ့ရွာဝယ် ကိလေသာရန်ခပင်းကို အကြွင်းမဲ့ပယ်သင်၍ လေးအင်သောသစ္စာကို ကောင်းစွာမြင်သိတော်မူသော သယမ္ဘူမြတ် စွာဘုရားတို့သည် တရံတခါ ဖြစ်ခြင်းငှါ အလွန်ရှားပါးသည်၊ အကယ်

၍ဖြစ်လာငြားက ထိုဘုရားရှင်တို့၏အထံ၌ သံသယရှိသမျှကို ပျောက်ပကျေနပ်အောင် ပြုရာသည်'ဟူသောစကားကိုကြားဘူးပါသည်၊ ထို့ကြောင့် အရှင်တို့ဆရာ ဂေါတမ၌ အကျွန်ုပ်အလွန်ကြည်ညိုပါသည်၊ ယင်းသို့ကြည်ညိုလျက်လည်း တရက်တည တခဏမျှ မဆည်းကပ်ရပါသေး၊ ယနေ့မိုးသောက်ယာမ်၌ပင် အရှင်ဂေါတမသည် နိဗ္ဗာန်ယူလတ္တံ့-ဟု ကြား၍ ငါ၏ယုံမှားခြင်းကို အရှင်ဂေါတမသာ ပယ်ဖျောက်နိုင်ရာသည်၊ ကြာလျှင်မတွေ့ရချေပြီ-ဟုကြံ၍ လျင်မြန်စွာကျွန်ုပ်လာပါသည်၊ အရှင်အာနန္ဒာ....အကျွန်ုပ်တောင်းပန်ပါ၏၊ မြတ်စွာဘုရားဂေါတမကို ဖူးမြင်ချင်လှပါသည်၊ အခွင့်ပေးတော်မူပါ'' ဟု လျှောက်၏၊ အရှင်အာနန္ဒာကလည်း သာသနာတော်မှ အပဖြစ်သောတိတ္ထိတို့သည် မိမိတို့၏အယူကိုသာ မြဲမြံစွာယူကုန်သည်၊ ထိုအယူကိုပယ်ရှားအောင် တရားဟောရသော် ဘုရားကိုယ်တော် ပင်ပန်းရင်းတွင် ထူး၍ပင်ပန်းခြင်းဖြစ်တော်မူလိမ့်မည်-ဟု အောက်မေ့၍ "ငါ့ရှင်သုဘဒ် အကြောင်းမသင့်၊ အခွင့်မသာပြီ၊ မြတ်စွာဘုရားကို မညှဉ်းဆဲလိုလင့်၊ ကိုယ်တော်မြတ် ပင်ပန်းလှသည်''ဟု ဆိုပေ၏။

ထိုသုဘဒ်ပရိဗိုဇ်ကလည်း အခွင့်ကိုအလိုရှိသောသူမည်သည် သူကြည်ညွတ်အောင် ပြုအပ်ပေသည်-ဟု နှလုံးထား၍ ဝပ်တွားခယကာရှင်အာနန္ဒာကို သုံးကြိမ်မြောက်အောင် တောင်းပန်၏၊"ရှင်အာနန္ဒာလည်း အခွင့်မပေးဘဲ သုံးကြိမ်မြောက်အောင်တားမြစ်၏၊ထိုသို့သုဘဒ်ပရိဗိုဇ်တောင်းပန်သောစကားကို ဘုရားကိုယ်တော်တိုင် ကြားတော်မူလျှင် သုဘဒ်ပရိဗိုဇ်အကျိုးငှါသာ ပြင်းစွာသောအားထုတ်ခြင်းဖြင့်လာတော်မူသည် ဖြစ်သောကြောင့်"ချစ်သား အာနန္ဒာ....မတားမြစ်လင့်၊ ငါဘုရားကိုဖူးမြင်ပါစေ၊ ဤသုဘဒ်သည် ပြဿနာမေးလိုသော်လည်း မေးပါစေ''ဟု မိန့်တော်မူ၏။

ထိုသို့မိန့်တော်မူသောအခါ ရှင်အာနန္ဒာလည်း "ငါ့ရှင်သုဘဒ်....မြတ်စွာဘုရားသည် သင့်အား ခွင့်ပေးတော်မူပြီ၊ ဝင်လော့,ဝင်လော့''ဟု ဆိုပေ၏၊သုဘဒ်ပရိဗိုဇ်လည်း အားရဝမ်းသာ ဘုရားရှိတော်မူရာသို့ချဉ်းကပ်ပြီးသော် ကိုယ်တော်မြတ်အား ပဋိသန္ထာရစကားကိုလျှောက်ထားပြောဆိုပြီးမှ"အရှင်ဂေါတမ.... အကျွန်ုပ် သံသယတခုရှိပါသည်၊

ထိုပြဿနာကို သိသာအောင် ဖြေတော်မူပါ၊ ဤလူ့ရွာ၌ ဂိုဏ်းဆရာ ဖြစ်၍ ကျော်စောထင်ရှားကုန်သော ပူရဏကဿပ, မက္ခလိဂေါသာလ, အဇိတ, ကစ္စာယန, ပကုဓ, သိဉ္စယ, နိဂဏ္ဌ– ဤသူတို့သည်မိမိတို့ ဝန်ခံသောအတိုင်း အလုံးစုံသောတရားကို သိပါကုန်သလော၊ မသိဘဲပင် လွန်ကဲစွာ ဝင့်ဝါလေသလော၊ အချို့သောတရားကိုလည်း သိသလော” ဟု လျှောက်၏။

ဘုရားသခင်လည်း “အချင်းသုဘဒ်····ဤစကားကို ငါဘုရားဖြေခြင်းငှါ အကြောင်းမသင့်၊ အခွင့်မဟုတ်ပြီ၊ ဤစကားကိုထားဘိလော့၊ သင့်အား ငါဟောကြားအံ့၊ အကြင်တိတ္ထိတို့သည် ကိလေသာတည်းဟူသော အညစ်အကြေးကင်းသဖြင့် သန့်ရှင်းဖြူစင်စွာ အင်္ဂါရှစ်ပါးရှိသောမဂ္ဂင်ဓမ္မကို မရမကျင့်တတ်၊ ထိုတိတ္ထိတို့၏သာသနာ၌ သောတာပန်ရဟန်းကိုငင်း, သကဒါဂါမိ ရဟန်းကိုငင်း, အနာဂါမိရဟန်းကိုငင်း, လေးယောက်မြောက်ဖြစ်သော ရဟန္တာကိုငင်း အခါခပ်သိမ်း မရအပ်၊ ယင်းသို့ မဂ္ဂဋ္ဌာန်, ဖလဋ္ဌာန်မှ တရံတခါ ရမလာသောကြောင့် ခန္ဓာပျက်ကြွေ သေလွန်ငြားသော်လည်း အမြိုက်တရားကို မရကုန်၊ ငါဘုရား၏ သာသနာတော်၌သာလျှင် ကိလေသာ-တည်းဟူသော အညစ်အကြေးကို ကင်းဝေးစေတတ်သော အဋ္ဌင်္ဂိကမဂ္ဂ ပဋိပတ်ကို ရအပ်သည်ဖြစ်သောကြောင့် စွန့်ပစ်အပ်သော တရားကို ပယ်ခွါလျက် သောတာပန် ရဟန်းကိုငင်း,သကဒါဂါမိ ရဟန်းကိုငင်း, အနာဂါမိရဟန်းကိုငင်း, ရဟန္တာကိုငင်း ကောင်းစွာရအပ်၏၊ ထို့ကြောင့် ခန္ဓာပျက်ကြွေ သေလွန်သောအခါ အမြိုက်ချမ်းသာကို ကောင်းစွာရကုန်၏၊ အကယ်၍ ထိုတိတ္ထိတို့၏ သာသနာ၌ မဂ္ဂါနုလောမပဋိပန္န ပုဂ္ဂိုလ်လေးပါး, မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်လေးပါး,ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးပါးအားဖြင့် တကျိပ်နှစ်ပါးသော ပုဂ္ဂိုလ်တို့သာ ရသည်ဖြစ်အံ့၊ ဤလောကသည် ရဟန္တာတို့ မဆိတ်နိုင်ရာ။

အချင်း သုဘဒ်····ငါဘုရားသည် နိဗ္ဗာန်တရားကို မြင်လိုသည်ဖြစ်၍ နှစ်ဆယ့်ကိုးနှစ်ကပင် တောသို့ဝင်ခဲ့ကာ သာမည ပုဂ္ဂိုလ်တို့ ကျင့်ပုံမျိုးမဟုတ်သော ဒုက္ကရစရိယာအကျင့်ဖြင့် ရှည်မြင့်စွာနေတော်မူသည်၊ ရဟန်း

ပြုသည်ဖြစ်၍ ငါးဆယ့်တစ်နှစ်ပတ်လုံး အမြတ်ဆုံးဖြစ်သော နိဗ္ဗာန်ကိုသာ အာရုံပြုဘိ၍ ဝိပဿနာတရားကို အားထုတ်တော်မူသည်၊ ထိုမျှလောက်သော ကာလအတွင်း၌ ငါ၏သာသနာမှကင်းလျက် သန့်ရှင်းသော အကျင့်အယူရှိသော ပုဂ္ဂိုလ်, မဂ်ဖိုလ်လမ်းမှန်ဖြင့် နိဗ္ဗာန်သို့ ရောက်သော ပုဂ္ဂိုလ်ကို တစုံတယောက်မျှ ငါမြင်တော်မမူ''ဟူ၍ဟော တော်မူ၏။

သုဘဒ်ပရိဗိုဇ်လည်း ထိုတရားစကားကို ကြားနာရသော် "အရှင်ဘုရား....အလွန်ခြားနားကောင်းမြတ်ပေစွ၊ခရီးမှားသောသူကိုဆောင်ယူ၍ ခရီးမှန်ချသကဲ့သို့ ကျေးဇူးကြီးလှပေသည်၊ အကျွန်ုပ်သည် ဘုရားသခင်အားငင်း, တရားတော်, သံဃာတော်တို့အားငင်း လည်း ပျောင်းဆည်းကပ်ခြင်းသို့ ရောက်ပါ၏၊ အရှင်ဘုရား....သာသနာ၌ အကျွန်ုပ် ရဟန်းပြုလိုပါသည်''ဟု လျှောက်သော် ကိုယ်တော်မြတ်ကလည်း "အချင်းသုဘဒ်....တိတ္ထိဖြစ်ဘူးသောသူသည် ငါ၏သာသနာသို့ဝင်လိုမူ လေးလပတ်လုံး ပရိဝါသ်နေရသည်၊ လေးလလွန်၍အဗ္ဘာန်သွင်းပြီးမှ ရဟန်းပြုရချေသည်၊သို့ရာတွင် မူကား-ငါဘုရားသည် ပုဂ္ဂိုလ်ထူးကိုလည်း သိတော်မူ၏''ဟု မိန့်တော်မူ၏။

"အရှင်ဘုရား..အရှင်ဘုရား၏တပည့်သံဃာတော်တို့သည် အကယ်၍ ရဟန်းပြုပါသည်ဖြစ်အံ့၊အကျွန်ုပ်လေးလကိုမဆိုသေး၊လေးနှစ်ပတ်လုံး ပရိဝါသ်နေပါမည်''ဟု လျှောက်လေ၏၊ဘုရားသခင်လည်း ရှင်အာနန္ဒာကို ခေါ်တော်မူ၍''ချစ်သားအာနန္ဒာ....အာသာအလွန်ရှိပေသော ဤသုဘဒ်ကို ယခုပင် ရဟန်းပြုလေလော့''ဟု မိန့်တော်မူ၏၊ ရှင်အာနန္ဒာလည်း သင့်ရာသို့ခေါ်ဆောင်၍ ဆံမုတ်ဆိတ်ကိုပယ်ရိတ်ပြီးလျှင်သင်္ကန်းကိုဝတ်စေ၍ သရဏဂုံပေးပြီးမှ ဘုရားသခင် အထံတော်သို့ ဆောင်ခဲ့၏၊ ဘုရားသခင်လည်း ပဉ္စင်းခံစေ၍ ကမ္မဋ္ဌာန်းကို ပေးလိုက်၏။

သုဘဒ်ပရိဗိုဇ်လည်း ထိုဥယျာဉ်တွင်း၌ပင်စင်္ကြံသွားလျက်ကမ္မဋ္ဌာန်းတရားကို အားထုတ်သဖြင့် ပဋိသမ္ဘိဒါလေးပါး,အဘိညာဉ်ခြောက်ပါး, သမာပတ် ရှစ်ပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လေ၏။ ။[ထို

အရှင် သုဘဒ်ကား-ဘုရားသခင်ရှေ့တော်မှောက်၌နောက်ဆုံးဖြစ်သော ရဟန္တာသာဝကတည်း။]

[သုဘဒ်ပရိဗိုဇ်ကား-ဥဒိစ္စမဟာသာလ ပုဏ္ဏားမျိုးမှ အဝတ်ဖြူဆီး၍ ပရိဗိုဇ်ရဟန်းပြုသောသူ—ဟူ၍ ဒီဃနိကာယ်၌လာသည်၊ ဓမ္မပဒအဋ္ဌကထာ, တေရသကဏ္ဍဋီကာတို့၌ကား—ဝက်ဇနပုဒ်၌ မူဆိုးသမီးဆာဝါနှင့်ဥပက သင့်မြတ်ရာတွင် ဘွားမြင်သောသူ—ဟူ၍ဆို၏၊ ထိုသုဘဒ်၏ ပြဿနာကိုလည်း-ကောင်းကင်၌ခြေရာ ထင်ပါ၏လော, သာသနာမှအပ၌ ရဟန်းရှိပါ၏လော, သင်္ခါရတရားတို့သည် မြဲပါအံ့လော—ဟူသော ပြဿနာသုံးပါးကို မေးသည်-ဟု ဆို၏။]

ဤသုဘဒ်ပရိဗိုဇ်၏ ရှေးအကြောင်းကား—

ဝိပဿီမြတ်စွာဘုရား ထင်ရှားပွင့်တော်မူသော အခါဝယ် စူဠကာလ, မဟာကာလအမည်ရသော သူကြွယ်ညီနောင် နှစ်ဦးတို့ဖြစ်၍ ညီစူဠကာလသည် တနှစ်လယ်လုပ်သော စပါး၌ ဘုရားအမှူးရှိသော သံဃာတော်တို့အား မှုံဆန်းဦးအလှူ, ရိတ်ဦးအလှူ, ဆုပ်ဦးအလှူ, လှိုင်းဦးအလှူ, နယ်ဦးအလှူ,ခြစ်ဦးအလှူ, သွင်းဦးအလှူ,ရောင်းဦးအလှူ, စားဦးအလှူအားဖြင့် ကိုးကြိမ်တိုင်တိုင်အလှူကြီးကိုပေး၏၊ နောင်ဘုရားတို့၏ သာသနာ၌ ရှေးဦးစွာတရားရစေသောဟု ဆုတောင်း၏၊ ထိုအကြောင်းကြောင့် ငါတို့ဘုရားသည် ဓမ္မစကြာတရား ဟောကြားတော်မူသောအခါ၌ရှေးဦးစွာတရားရ၍ အညာတကောဏ္ဍညမထေရ်ဖြစ်၏၊ အစ်ကိုသူကြွယ်မှာမူကား-နောက်မှ အလှူပေး၍ တရားတော်ကိုကျင့်သောကြောင့် ငါတို့ဘုရားသာသနာ၌သုဘဒ်ပရိဗိုဇ်ဖြစ်လာ၍ပရိနိဗ္ဗာန်စံယူကာနီးသောအခါမှ တရားတော်ကိုနာရသဖြင့်ရဟန္တာ အဖြစ်သို့ရောက်လေသတည်း။

---

## ၂၂။ ဆန္နရဟန်းကို ဗြဟ္မဒဏ်ပေးရစ်-ဟုမိန့်တော်မူ၍ ရွှေပြည်နိဗ္ဗာန် စံဝင်တော်မူခန်း

ယင်းသို့သုဘဒ်ပရိဗိုဇ်အားတရားရစေပြီးသော် ရှင်အာနန္ဒာကိုခေါ်တော်မူ၍ "ချစ်သား အာနန္ဒာ....ငါဘုရား၏တပည့်သား သာဝကဖြစ်သောသံဃာတော်အများတို့သည် ငါဘုရားလွန်ပြီ၊ မရှိပြီ ဟုထင်မှတ်လိမ့်မည်၊ ယင်းသို့ကား-မမှတ်အပ်၊ အကြင်သုတ်, အဘိဓမ္မာကိုရင်း ငါ

ဟောအပ်ပြီ၊ ဝိနည်းတရားတော်ကိုလည်း ငါပညတ်အပ်ပြီ၊ ထိုအလုံးစုံသော သုတ်,ဝိနည်း,အဘိဓမ္မာတို့သည် ငါဘုရားလွန်သဖြင့် သင်တို့၏ဆရာ ဖြစ်လတ္တံ့၊ ထို့ကြောင့် ငါဘုရားရှိသည်သာဟု ကောင်းစွာမှတ်အပ်၏။

‹ချစ်သား အာနန္ဒာ···· ငါပညတ်တော်မူအပ်သော ရဟန်းတို့၏ သိက္ခာပုဒ်အစုတွင် ခုဒ္ဒါနုခုဒ္ဒကဖြစ်သော သိက္ခာပုဒ်တို့ကား-အလွန်လည်းများပြား၏၊အပါယ်လားကြောင်းလည်း မဟုတ်၊ထိုခုဒ္ဒါနုခုဒ္ဒကကို နုတ်ချသော်ကား နောက်သားသံဃာတို့ သက်သာရာရလတ္တံ့။

ချစ်သား အာနန္ဒာ····ငါဘုရားရှိတော်မူစဉ် သံဃာတို့သည်အချင်းချင်း'အာဝုသော'ဟူသောစကားဖြင့် ခေါ်ဆိုကုန်၏၊ ထိုစကားအတိုင်း ငါဘုရားလွန်သည့်နောက်တယောက်သည်တယောက်အားမခေါ်ဝေါ်ကုန်လင့်၊ သိက္ခာဝါကြီးသောရဟန်းသည် သိက္ခာဝါငယ်သော ရဟန်းအား အနွယ်အားဖြင့်၎င်း, 'အာဝုသော' ဟူသော စကားဖြင့်၎င်း ခေါ်ဝေါ်အပ်၏၊ ငယ်သော ရဟန်းသည် ကြီးသော ရဟန်းအား 'ဘန္တေ'ဟူ၍၎င်း, 'အာယသ္မာ'ဟူ၍၎င်း ခေါ်ဝေါ်အပ်၏၊ မခေါ်သောရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေ''ဟု ပညတ်တော်မူသည်။

''ချစ်သား အာနန္ဒာ····ဆန္နရဟန်းကိုလည်း ငါဘုရားလွန်တော်မူသောအခါ ဗြဟ္မဒဏ်ပေးကြကုန်''ဟု မိန့်တော်မူ၏၊ အရှင်ဘုရား····အဘယ်သို့ ဗြဟ္မဒဏ်ထားအပ်ပါသနည်း''ဟုလျှောက်ပြန်သော် ''ချစ်သား အာနန္ဒာ····သံဃာအပေါင်းတို့သည် စည်းဝေး၍ 'ဆိုနိုင်ခက်လှသော ဤဆန္နရဟန်းသည် သူဆိုလိုသမျှဆိုသည်ကို တပါးသောရဟန်းတို့ မဆိုမဆုံးမကြကုန်လင့်၊ သူ၏စကားကိုလည်း လေးစားဂရုအရေးမပြုကြကုန်လင့်'ဤသို့ ဗြဟ္မဒဏ်ထားအပ်၏''ဟု မိန့်တော်မူသည်။

ထိုနောက်မှ ရဟန်းအများကို ခေါ်တော်မူ၍ ''ချစ်သားတို့····အကြင်ပုဂ္ဂိုလ်သည် ဘုရား တရား သံဃာ၌၎င်း,မဂ်တရား ဖိုလ်တရား၌၎င်း, ကျင့်ဝတ် ပဋိပတ်၌၎င်း ယုံမှားတွေးတောခြင်း ရှိသည်ဖြစ်အံ့၊ ငါဘုရားကို ယခုမေးလျှောက်လိုက်ကြကုန်၊နောင်သောအခါ ဗြတ်စွာဘုရားကို မျက်ဝါးထင်ထင်တွေ့မြင်ရပါလျက် မမေးလိုက်ရဟု နောင်

တပူပန်ခြင်း မဖြစ်စေကုန်လင့်''ဟု မိန့်တော်မူသည်၊ ရဟန်းတို့လည်း ဆိတ်ဆိတ်သာနေကြကုန်၏၊ သုံးကြိမ်တိုင်အောင်ပင် မိန့်တော်မူသည်၊ ထိုသို့ မိန့်တော်မူသော်လည်း တစုံတယောက်မျှ မလျှောက်ထားကြ၊ ဆိတ်ဆိတ်သာ နေကြကုန်ရကား''ချစ်သား ရဟန်းတို့....ငါဘုရားကို ရိုသေသောအားဖြင့် ယခုမလျှောက်ထားဝံ့ခဲ့သော် အပေါင်းအဘော် ဖြစ်သောရဟန်းတို့အား ပြောကြားဘိလော့''ဟု မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူသော်လည်း ရဟန်းတို့သည် ဆိတ်ဆိတ်သာနေကြကုန်လျှင် အရှင် အာနန္ဒာက ဤသို့ နားတော်လျှောက်၏၊ ''ဘုန်းတော်ကြီးသော မြတ်စွာဘုရား....ဤအစည်းအဝေး၌ တစုံတယောက်သော ရဟန်းသည်သာသနာတော်၌ ယုံမှားမရှိကြပါပြီ''ဟု လျှောက်သော် ရှင်တော်ဘုရားကလည်း''ချစ်သားအာနန္ဒာ....ယုံမှားမရှိသော အရာကိုလည်း ပစ္စက္ခအားဖြင့် သိတော်မူသည်သာတည်း၊ ဤအစည်းအဝေး၌ အငယ်ဆုံးဖြစ်သော သံဃာတော်သည် သောတာပန်သာရှိပေသတည်း''ဟု မိန့်တော်မူပြီးသော် ရဟန်းတို့ကို ခေါ်တော်မူပြီး၍–

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ ဝယဓမ္မာ သင်္ခါရာ
အပ္ပမာဒေန သမ္ပာဒေထ။

ဟူသော အဆုံးစွန်သောစကားကို ဟောကြားတော်မူပေ၏။

ဘိက္ခဝေ၊ရဟန်းတို့။ ဒါနိ၊ယခုအခါ၌။ ဟန္ဒ၊အကျဉ်းအားဖြင့်။ ဝေါ၊ ငါ၏အလိုတော်ရင်းဖြင့်။ဝေါ၊သင်တို့ကို။အဟံ၊ငါဘုရားသည်။အာမန္တယာမိ၊မှာထားတော်မူ၏။သင်္ခါရာ၊ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရား လေးပါးအစုတို့ ပြုပြင်၍ ဖြစ်သမျှသော သင်္ခါရတရားတို့သည်။ ဝယဓမ္မာ၊ပျက်တတ်သောသဘောရှိကုန်၏။ အပ္ပမာဒေန၊မမေ့မလျော့ မပေါ့မဆ အပ္ပမာဒဖြင့်။ သမ္ပာဒေထ၊ ပြည့်စုံစေကြစေကုန်လော့။

ဤပစ္ဆိမစကားကို ဟောကြားတော်မူပြီးလျှင် ပဌမဈာန်ကိုဝင်စားတော်မူ၏၊ ထိုနောက်မှ ဒုတိယဈာန်,ထိုနောက်မှ တတိယဈာန်, ထိုနောက်မှ စတုတ္ထဈာန်ကိုဝင်စားတော်မူ၏၊ ထိုစတုတ္ထဈာန်မှထ၍ အာကာသာနဉ္စာယတနဈာန်ကို, ထိုနောက်မှ ဝိညာဏဉ္စာယတနဈာန်

ကို, ထိုနောက်မှ အာကိဉ္စညာယတနဈာန်ကို, ထိုနောက်မှ နေဝသညာနာသညာယတနဈာန်ကို ဝင်စားတော်မူ၏၊ ထိုနောက်မှ ဝေဒနာ,သညာတို့၏ ချုပ်ရာဖြစ်သော နိရောဓသမာပတ်ကို ဝင်စားတော်မူ၏။

ထိုအခါ အရှင်အာနန္ဒာသည် ရှင်အနုရုဒ္ဓါအား ဤသို့မေး၏၊ "အရှင်အနုရုဒ္ဓါ....မြတ်စွာဘုရားသည် ငြိမ်သက်တော်မူလှသည်၊ ပရိနိဗ္ဗာန်ပြုတော်မူချေပြီလော"ဟု မေး၏၊ ရှင်အနုရုဒ္ဓါကလည်း "ငါ့ရှင်အာနန္ဒာ....ပရိနိဗ္ဗာန်မပြုသေး၊ နိရောဓသမာပတ်ကိုသာ ဝင်စားတော်မူသေးသည်"ဟုဆို၏၊ ဘုရားသခင်လည်း ထိုဝင်စားတော်မူသော နိရောဓသမာပတ်မှ ထတော်မူ၍ နေဝသညာနာသညာယတနဈာန်ကို, ထိုနောက် အာကိဉ္စညာယတနဈာန်ကို, ထိုမှထ၍ ပဌမဈာန်တိုင်အောင် ဝင်စားတော်မူ၏၊ ထိုပဌမဈာန်မှထ၍ ဒုတိယဈာန်ကို, ထိုနောက်မှ တတိယဈာန်ကို, ထိုနောက်မှ စတုတ္ထဈာန်ကို ဝင်စားတော်မူ၏၊ ထိုစတုတ္ထဈာန်မှထ၍ ဈာန်အင်္ဂါတို့ကို ဆင်ခြင်တော်မူသော ပစ္စဝေက္ခဏာဝီထိတို့သည် အကြိမ်များစွာဖြစ်ကုန်၏။

ထိုသို့ဖြစ်ဘိ၍ ဝီထိတွက်ရေ ကုဋေနှစ်သန်း,လေးသိန်းသော သမာပတ်ကိုဝင်စားတော်မူပြီးမှ စတုတ္ထဈာန်အင်္ဂါကိုဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၏အဆုံး၌ အလုံးစုံသော သင်္ခါရတရားတို့၏ကုန်ငြိမ်းရာနိရောဓသစ္စာကိုအာရုံပြုသော မဟာဝိပါက် ပဌမအသင်္ခါရိက အဇ္ဈာကတဒုက္ခသစ္စာဖြင့် ပရိနိဗ္ဗာန်စံတော်မူ၏။

ဤသို့ဆိုအပ်ပြီးသောနည်းအားဖြင့် ဘုရားသခင်သည် လူတွင်မှတ်စစ် သက္ကရာဇ် ၁၄၈-ခု၊ ရတုဂိမှ ကဆုန်လပြည့် အင်္ဂါနေ့ညဦးယာမ်ဝယ် မလ္လာမင်းတို့အား တရားညွှန်ပြ၍ သန်းခေါင်ယာမ်ကာလ၌ သုဘဒ်ပရိဗိုဇ်ကိုဆုံးမ၍ မိုးသောက်ယာမ်ကျသောအခါရဟန်းသံဃာတို့ကိုများစွာဆုံးမတော်မူ၍ အရုဏ်တက်နီး လင်းအားကြီးအယာမ်၌ ပရိနိဗ္ဗာန်စံတော်မူသည်၊ ဘုရားသခင် နိဗ္ဗာန်ဝင်သည်နှင့်တပြိုင်နက် ကြောက်မက်ဘွယ်ယိတ်လန့်ခြင်း ကြက်သီးမွေးညှင်းကို ဖြစ်စေလျက်

ဤမြေနှစ်သိန်းသည် ဒိုးယိမ်းစက်ကဲ့သို့ သွက်သွက်ခါမျှ ဝုန်လှုပ်၏၊ ကောင်းကင်အလုံး ထစ်ချုန်းမိုးကြိုးပစ်ခြင်း ဟည်းလျက် တော်ပုံ့တင်လည်း၏၊ အံ့ဘွယ်သရဲ မဖြစ်ဘူးမြဲ လွန်ကဲသောတိတ်နိမိတ်တို့သည် ဖြစ်ကုန်၏။

ယင်းသို့ ဘုရားပရိနိဗ္ဗာန် စံယူတော်မူသောအခါ သဟံပတိဗြဟ္မာမင်းသည် စကြဝဠာအလုံးကိုကြားနိုင်စေလျက်—

သဗ္ဗေဝ နိက္ခိပိဿန္တိ၊<br>
ဘူတာ လောကေ သမုဿယံ။<br>
ယတ္ထ စ တာဒိသော သတ္ထာ၊<br>
လောကေ စ အပ္ပဋိပုဂ္ဂလော။<br>
တထာဂတော ဗလပ္ပတ္တော၊<br>
သမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတော။ ။

ဟူသော ဂါထာကို ရွက်၏။

**အနက်ကား။** ။ဘောန္တော၊ အရှင်တို့။ ယတ္ထ-ယသ္မိံ လောကေ၊ အကြင်သတ္တလောက၌။ ပရိယာပန္နော၊အကျုံးဝင်သော။တာဒိသော၊ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူထသော။ သတ္ထာ၊လူ,နတ်တို့၏ ဆရာဖြစ်တော်မူထသော။ အပ္ပဋိပုဂ္ဂလော၊ တုဘက်မရှိသော ပုဂ္ဂိုလ်ဖြစ်ထသော။ ဗလပ္ပတ္တော၊ အားတော်ဆယ်တန်, ဉာဏ်တော် ဆယ်ပါးသို့ ရောက်တော်မူထသော။ သမ္မာသမ္ဗုဒ္ဓေါ၊ အလုံးစုံသော တရားတို့ကို အလိုလိုသာလျှင် သိမြင်တော်မူပြီးထသော။ တထာဂတော၊ မြတ်စွာဘုရားသည်လည်း။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုတော်မူရချေသေး၏။ အဟော၊ ဘုန်းကံနည်းရှား သူတပါးမူကား၊ မရဏာတော၊သေခြင်းမှ။ ကုတော မုစ္စတိ၊အဘယ်မှာလွတ်သာချေတော့အံ့နည်း။ တတ္ထ-တသ္မိံ လောကေ၊ ထိုသတ္တလောက၌။ ပရိယာပန္နာ၊ အကျုံးဝင်ကုန်သော။ သဗ္ဗေဝ၊ အလုံးစုံသာလျှင်ဖြစ်ကုန်သော။ ဘူတာ၊ သတ္တဝါတို့သည်။ သမုဿယံ၊ ခန္ဓာငါးပါး-ဟု ဆိုအပ်သော အတ္တဘောကို။ နိက္ခိပိ-ဿန္တိ၊ မချွတ်ပစ်စွန့်ကြရလတ္တံ့သည်သာတည်း။

ထိုအခါ သံကြားမင်းသည်လည်း–

အနိစ္စာ ဝတ သင်္ခါရာ၊
ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊
တေသံ ဝူပသမော သုခေါ။ ။

ဟူသော ဂါထာကို ရွတ်၏။

အနက်ကား။ ။ဘောဂန္တော၊ အရှင်တို့။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ အနိစ္စာဝတ၊ အမြဲမရှိကုန်စွတကား။ ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်ခြင်း, ပျက်ခြင်းသဘောရှိကုန်၏။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ကုန်ပြီး၍။ နိရုဇ္ဈန္တိ၊ ချုပ်တတ်ကုန်၏။ တေသံ၊ ထိုဖြစ်တတ်,ပျက်တတ်သော သဘောတရားတို့၏။ ဝူပသမော၊ ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည်သာလျှင်။ သုခေါ၊ ချမ်းသာ၏၊ ။[ရဟန္တာ အရှင်မြတ်များ အသီးအသီး ရွတ်ဆောင်ကြသော ဂါထာကား-အလွန်များပြား၏၊]

ဘုရားသခင် နိဗ္ဗာန်စံဝင်တော်မူသည်ရှိသော် အထံတော်၌တည်ကုန်သော ပုထုဇဉ်, သောတာပန်, သကဒါဂါမိဖြစ်ကုန်သော ရဟန်းတို့သည် သက်ကြီးရှိုက်ငင် ပင်ပန်းလျက် ဦးခေါင်းထက် လက်တင်၍ ငင်း၊ လူးလဲမြည်တမ်းကာငင်း ပြင်းစွာငိုကြွေးကြကုန်၏၊ အနာဂါမိ, ရဟန္တာတို့သာလျှင် သင်္ခါရဓမ္မကို နှလုံးသွင်း၍ သည်းခံနိုင်ကုန်၏၊ ထိုအခါ ရှင်အနုရုဒ္ဓါက သံဃာတော်တို့အား သံဝေဂတရားကိုပြ၍ သက်သာရာရစေ၏၊ရှင်အာနန္ဒာလည်း ရှင်အနုရုဒ္ဓါကို ဤသို့မေး၏။

''အရှင်အနုရုဒ္ဓါ....ရဟန်းများသည်ချောက်ချားပင်ပန်းလှပြီ၊ ဥပပတ်ပဋိသန္ဓေနေသော နတ်များသည် အဘယ်သို့နှလုံးသွင်းကြကုန်သနည်း''ဟု မေး၏၊''ငါ့ရှင်အာနန္ဒာ....အာကာသဌ်ဖြစ်သော ဥပပတ်နတ်တို့သည်ငင်း,ဤအရပ်သို့စည်းဝေးလာသော ကာမာဝစရ နတ်တို့သည်ငင်း ဆံကို ဖရိုဖရဲကြကုန်လျက် လက်နှစ်ဘက်ကို မြှောက်ခါ, မြှောက်ခါ ငိုရှာကြကုန်၏။

'ရွှေဘုန်းတော်ရှင် သခင်ဘုရားသည် သတ္တဝါတို့၏ စီးပွါးကို ကျင့်ဆောင်၍ တာရှည်အောင်မျှ မနေရပါ၊ ထွက်လာသော

နေမင်းသည် ရက်ခြင်းဝင်ဘိသကဲ့သို့ လူ, နတ်တို့ အလင်းမရှိ
အောင် တခဏခြင်းဖြင့် ပရိနိဗ္ဗာန် စံယူတော်မူသည်'–
ဟု မြည်တမ်းကြကုန်သည်။

အနာဂါမ်, ရဟန္တာဖြစ်သော နတ်တို့သာလျှင် သံဝေဂရသဘောကို နှလုံးရည်၍ တည်တံ့နိုင်ကြကုန်သည်''ဟု ပြောပေ၏၊ ဤသို့လျှင်သံဃာတော်တို့လည်း ထိုညဥ့်ကြွင်းကို နှလုံးသွင်းသော တရားစကားဖြင့် လွန်စေကုန်၏။

အလင်းသို့ ရောက်သောအခါ ရှင်အနုရုဒ္ဓါသည် ရှင်အာနန္ဒာကို ခေါ်၍ ''ငါ့ရှင်အာနန္ဒာ···· ကုသိနာရုံပြည်တွင်းသို့သွား၍ မလ္လာမင်းတို့အား ဘုရားပရိနိဗ္ဗာန်စံယူတော်မူကြောင်း, ဆောင်ရွက်ဘွယ်ကိစ္စကိုလာ၍ ဆောင်ရွက်ကြရသောအကြောင်းကို ကြားချေ''ဟု စေတော်မူ၏၊ ရှင်အာနန္ဒာလည်း လျင်စွာသွား၍ မလ္လာမင်းတို့အား ကြားလေသော် ဆွေမျိုး သားမယားနှင့်တကွသော မလ္လာမင်းတို့သည် ရှုန်းရင်းတက်မျှ ငိုကြွေးကြကုန်သည်။

ထိုနောက်မှ ယောကျ်ားတယောက်ကိုခေါ်၍''အချင်းယောကျ်ား···· ငါတို့ပြည်၌ စည်, စောင်းမြှင်းတီးကုန်သော အလုံးစုံသောလူအပေါင်းတို့သည်၎င်း,ပန်းနံ့သာအထုံအခိုး အမွှေးမျိုးရောင်းချသောသူအပေါင်းတို့သည်၎င်း, ဘုရားသခင် ပရိနိဗ္ဗာန်စံဝင်ရာဌာနသို့ စည်းဝေးကြစေကုန်''ဟု စေလိုက်၏၊ယောကျ်ားလည်း ပြည်အနှံ့လှည့်သွား၍ထိုစကားကို ပြောကြားလေသော် ပြည်သူပြည်သားအပေါင်းတို့သည် ကောင်းမြတ်ရာရာ နံ့သာဆိုင်း, ပန်းဆိုင်းစသော ပူဇော်ဘွယ်တို့ကို ယူဆောင်၍ တောင်တံခါး၏အကွေ့ဖြစ်သော အင်ကြင်းဥယျာဉ်သို့ဝင်လေကုန်၏။

ရောက်ကြသောအခါ ထိုမလ္လာမင်းတို့သည် ဘုရားအလောင်းတော်ကို အကျော်, စမ္ပါစသော နံ့သာတို့ဖြင့် မွှမ်းလျက် ထူးဆန်းသာယာသော ကခြင်း,သီခြင်း,တီးမှုတ်ခြင်းတို့ကို ပူဇော်ကုန်လျက် အသစသက သက်သော [illegible], [illegible] ကို [illegible]
ကြောက်သော နေ့ကို လွန်စေကုန်၏၊ ထို့အတူ [illegible]

ခြောက်ရက်လွန်၍ ခုနစ်ရက်နေ့သို့ရောက်သောအခါ မလ္လာမင်းတို့သည် ဤသို့ကြံကြကုန်၏"ငါတို့သည် ဤအလောင်းတော်ကို ပူဇော်ချီးမြှောက်ခါ ရတနာပြာသာဒ်သို့တင်၍ မြို့ပြင်ကို လက်ျာရစ်သုံးပတ်လှည့်၍ ပြည်၏ တောင်စူးစူးဖြစ်သော အရပ်၌ အလောင်းတော်ကို မီးပူဇော်အံ့"ဟု အကြံဖြစ်ကုန်၏။

---

## ၂၃။ အလောင်းတော်ကိုမချီနိုင်၍ အနုရုဒ္ဓါမထေရ်အား မေးလျှောက်ကြခဏ်း

ထိုသို့မီးပူဇော်အံ့ဟု ကြံပြီးသည့်နောက် ရှစ်ယောက်သောခွန်အားကြီးသော မလ္လာမင်းတို့သည် သန့်ရှင်းသော အဝတ်သစ်ကို ဝတ်ကုန်လျက် ဘုရားအလောင်းတော်ကို ချီမကုန်အံ့-ဟုနှလုံးသွင်း၍ ခြေရင်း, ခေါင်းရင်းမှ ဝန်းရံလျက် ချီကြွကုန်သည်၊ချီကြွခြင်းငှါ မတတ်နိုင်ကုန်၊ ထိုအခါ မလ္လာမင်းတို့သည် ရှင်အနုရုဒ္ဓါအား ဤသို့လျှောက်ကြားကြကုန်၏၊ "အရှင်အနုရုဒ္ဓါ··အကျွန်ုပ်တို့သည် သုသာန်သို့ဆောင်ခြင်းငှါ အလောင်းတော်ကို ချီမြှောက်ပါကုန်သော်လည်း မချီမကြွနိုင်ပါကုန်၊ အကြောင်းဘယ်သို့ရှိပါသနည်း"ဟု လျှောက်ကုန်၏။

ရှင်အနုရုဒ္ဓါကလည်း"ဒါယကာတို့··သင်တို့၏အကြံ လည်းတပါး, နတ်များအကြံအလိုလည်း တပါး၊ ဤသို့ခြားသောကြောင့် မကြွနိုင်သည်ဟု ဆိုလျှင် "အရှင်ဘုရား····နတ်တို့၏စိတ်အလိုကား အဘယ်သို့ပါနည်း" ဟုလျှောက်ပြန်၏၊ "မလ္လာမင်းတို့···· သင်တို့၏အကြံမှာ မြတ်စွာဘုရား၏ အလောင်းတော်ကို ပူဇော်ဘွယ် အသီးသီးတို့ဖြင့် ချီးမြှောက် ပူဇော်ကာ မြို့ပြင်ဖြင့်သာပင့်ဆောင်၍ တောင်အရပ်၌ မီးပူဇော်အံ့ဟု ကြံသည်၊ နတ်တို့၏အလိုကား ဘုရားအလောင်းတော်ကို နတ်တို့စောင်ပြွမ်းတူရိယာ ပန်းနံ့သာတို့ဖြင့်ပူဇော်လျက် မြို့အနောက်ဘက်ဖြင့် ပင့်ယူဆောင်၍ မြောက်တံခါးသို့ ရောက်သောအခါ အရှေ့တံခါးသို့ထွက်ပြီးလျှင် မင်းတို့၏ မင်္ဂလာပြုရာဖြစ်သော မကုလဗန္ဓနအရပ်၌ တေဇောဓာတ်လောင်စေလိုသော အကြံရှိပေသည်"ဟု မိန့်တော်မူလေသည်။

ထိုစကားကိုကြားသောအခါ မလ္လာမင်းတို့သည် "အရှင်ဘုရား…. နတ်တို့၏အလိုအတိုင်းပင် ဖြစ်ပါစေ"ဟု ဆို၍ ကိုယ်တော်မြတ်၏ အလောင်းတော် ဆောင်သွားရာကို သန့်ရှင်းစွာသုတ်သင်စေ၏၊ထိုသို့ သုတ်သင်သော မြေအရပ်၌ နတ်တို့သည် မန္ဒာဝရမည်သော ထင်ရှား ပန်းဖြင့် ကြဲဖြန့်လေရကား လူသွားလောက်သမျှသော ဒူးနဝယ် ပုဆစ်ဒူး ကျွန်စ်မျှလောက်ရှိ၏၊ လူတို့သည်၎င်း, နတ်တို့သည်၎င်း အလောင်းတော်ကို ပူဇော်ခြင်း၄ါ ထက်ဝန်းကျင်မှ သဘင်ပွဲလမ်းတို့ ဖြင့် ခြိမ့်ကုန်လျက် မြို့အနောက်ဘက်မှသည် မြောက်မျက်နှာတံခါးဖြင့် ဝင်၍ မြို့လယ်ခေါင်သို့ ဆောင်ယူခဲ့၏။

လူတို့၏အကြား၌ နတ်တို့သွားသည်ကိုလည်း ထင်ရှားစွာမြင်ရကုန် ၏၊ ဗန္ဓုလစစ်သူကြီး၏မယားဖြစ်သော မလ္လိကာသည် မြတ်စွာဘုရား ၏ အလောင်းတော်ကို ဆောင်ယူ၍ လာသည်-ဟု ကြားလျှင် မိမိလင် သေသည်မှစ၍ မဆင်ဘဲထားသော ဝိသာခါ၏ တန်းဆာနှင့်တူသော မဟာလ္လတာတန်းဆာကို မြတ်စွာဘုရားအား ပူဇော်အံ့-ဟု ကြံ၍ တန်း ဆာကို နံ့သာရေဖြင့်ဆေးပြီးသော် မြော်လင့်ကာနေ၏၊ အိမ်တံခါးဝ သို့ ရောက်သောအခါ "အမောင်တို့….ချပါဦး"ဟုဆို၍ ကိုယ်တော် မြတ် အလောင်းဝယ် ဦးခေါင်းမှစ၍ ဘဝါးတိုင်အောင် တင်လှူပူဇော် ၏။

သိင်္ဂနိက်ရွှေစင်အဆင်းနှင့်တူသော ကိုယ်တော်ဝယ် ရတနာ ခုနစ် ပါးတို့ဖြင့် ရစ်ဆင်စီမံသော တန်းဆာကို ဆင်လတ်သော် အလွန် လျောက်ပတ် တင့်တယ်ခြင်းသည်ဖြစ်၏၊ မလ္လိကာလည်း ဤတန်းဆာ ကို လှူရသော ကောင်းမှုပုညကြောင့် ဘဝတိုင်း,ဘဝတိုင်း တန်းဆာ မဆင်ဘဲ တင့်တယ်သောကိုယ် ဖြစ်စေသော-ဟု ဆုတောင်း၏၊ ထို နောက်မှ အလောင်းတော်ကိုချီ၍ အရှေ့တံခါးဖြင့် ထွက်ပြီးလျှင် မင်္ဂ လာပြုရာဖြစ်သော မကုလဗန္ဓန အမည်ရှိသော အရပ်၌ လျောက်ပတ် စွာထား၏။

ထိုအခါ မလ္လာမင်းတို့သည် အရှင်အာနန္ဒာအား "အရှင်ဘုရား…. အလောင်းတော်ကိုဘယ်သို့သင်္ဂြိုဟ်ပါရအံ့နည်း"ဟုလျှောက်၏၊အရှင် အာနန္ဒာကလည်း "စကြဝတေးမင်း၏ အလောင်းကို သင်္ဂြိုဟ်သကဲ့သို့

သဖြိုပ်ကုန်လော့''ဟုဆိုပေ၏၊''အရှင် အာနန္ဒာ....စကြဝတေးမင်း၏ အလောင်းကို အဘယ်သို့ သဂြိုဟ်ထုံးရှိပါသနည်း''ဟု လျှောက်လျှင် ''သင်ဝါသိဋ္ဌအမျိုးတို့..စကြဝတေးမင်း၏အလောင်းကိုကား ကစီမချ သောပုဆိုးဖြင့် ရစ်လွှမ်းပြီးသော် နုနယ်သော ဝါဂွမ်းဖြင့်ရစ်ပတ်လျက် အထက်၌လည်း ပုဆိုးငါးရာတို့ဖြင့် ထပ်ခါ, ထပ်ခါ ထုပ်ပြီးလျှင် ရွှေ စင်ဖြင့်ပြုအပ်သောစကျင်း၌ ထည့်သွင်း၍ ဆီလောင်းပြီးမှ တခုသော ရွှေစကျင်းကိုဖုံးပြီးလျှင် အလုံးစုံတန်းဆာဆင်အပ်သော ထင်းစုထက် တင်၍ မီးဖြင့်တိုက်ကုန်သည်၊ ထို့အတူ လူသုံးပါးတို့၏ဆရာ မြတ်စွာ ဘုရားအလောင်းကိုလည်း ကောင်းမွန်စွာသဂြိုဟ်အပ်သည်''ဟုဆိုပေ ၏၊ မလ္လာမင်းတို့လည်း''ကောင်းပါပြီ''ဟု ဝန်ခံ၍ အရှင်အာနန္ဒာ စီမံ သောအတိုင်း ပြုပြင်ပြီးမှ စန္ဒကူးထင်းပုံထက်သို့ တင်ကုန်၏။

---

## ၂၄။ ရှင်မဟာကဿပမထေရ် ရဟန်းငါးရာနှင့် ကြွလာကြောင်းမှုခဏ်း

ထိုအခါရှင်မဟာကဿပသည် ပါဝါပြည်မှကုသိနာရုံပြည်သို့ ရဟန်း ငါးရာတို့နှင့်တကွ ကြွလာ၏၊ ထိုသို့ကြွလာရာ၌ တပည့်သံဃာတို့သည် မွန်းတည့်အခါ ပူလှစွာသောကျောက်နှင့်တူသော မြေကို နင်း၍လာ ခြင်း၄ါ ပင်ပန်းစွာရကား အရှင်မဟာကဿပလည်း ညချမ်းအခါ မှ ကုသိနာရုံမြို့သို့ရောက်အောင်သွား၍ ဘုရားရှင်ကို ဖူးမြင်အံ့-ဟုကြံ လျက် ခရီးမှသက်၍ တခုသောသစ်ပင်ရင်း၌ နားနေကြ၏၊ယင်းသို့နား နေသောအခါ၌ တယောက်သော တက္ကတွန်းသည် ကုသိနာရုံပြည်မှ ခွက်ကြီးပမာဏရှိသော မန္ဒာဝရမည်သော ထင်ရှားပန်းကို ယီးကဲ့သို့ ဆောင်းလျက် ပါဝါပြည်သို့လာ၏။

အရှင်မဟာကဿပမြင်လျှင် ဤသို့ဆင်ခြင်၏၊ ''ဤတက္ကတွန်း၏ လက်၌ပါသော မန္ဒာဝရပန်းသည် အခါခပ်သိမ်း ငါတို့လူ့ပြည်၌မထင်၊ အကြင်တန်ခိုးရှိသော ပုဂ္ဂိုလ်တို့ ဖန်ဆင်းသောအခါ၌၄င်း, ဘုရား အလောင်းတော်တို့ ပဋိသန္ဓေနေသောအခါ, ဘွားသောအခါစသည် တို့၌၄င်းဖြစ်၏၊ ယခုမူကား-မည်သူမျှတန်ခိုးမဘန်ဆင်း၊ ငါတို့ဆရာ

မြတ်စွာဘုရားလည်း တရားဓမ္မစကြာကို ဟောတော်မူ၍ ပြီးပြီ၊ တန်ခိုးပြာဋိဟာကိုလည်းပြတော်မူ၍ ပြီးပြီ၊တာဝတိံသာမှလည်း သက်တော်မူ၍ ပြီးပြီ၊ အာယုသင်္ခါရလည်း လွှတ်တော်မူ၍ ပြီးပြီ၊ ဤအခါကား-ဘုရားကေန် ပရိနိဗ္ဗာန်စံယူတော်မူသည်ဖြစ်လတ္တံ့၊ ဤတက္ကတွန်းကို ငါမေးရသော် ကောင်း၏၊သို့ရာတွင် ဤနေရာကနေ၍ မေးချေလျှင် ဘုရားသခင်ကိုမရှိသေရာကြလတ္တံ့.”ဟုကြံ၍ ဆင်မင်း၏ ပတ္တမြားစီတပ်သော ချပ်ဝတ်တန်းဆာကဲ့သို့ မြတ်စွာဘုရား သနားတော်မူသော ပံသုကူဒုကုဋ်ကိုရုံ၍ လက်စုံယှက်ခါ ထိပ်ထက်၌တင်ပြီးသော် “ငါ့ရှင် အာဇီဝက····ငါတို့ဆရာမြတ်စွာဘုရားကို သင်ကား-သိပါသလော”ဟု မေး၏၊တက္ကတွန်းကလည်း“ငါ့ရှင်····ငါသိပါ၏၊ရဟန်းဂေါတမသည် ပရိနိဗ္ဗာန်ပြု၍ ယနေ့ခုနစ်ရက်ရှိပြီ၊ ဤမန္ဒာဝရပန်းသည် ရဟန်းဂေါတမ ပရိနိဗ္ဗာန်စံယူရာကပင် ငါရခဲ့သတည်း”ဟု ပြောပေ၏။

ထိုစကားကိုကြားလျှင် ငါးရာသော ရဟန်းတို့တွင် ပုထုဇဉ်, သောတာပန်, သကဒါဂါမိဖြစ်ကုန်သော ရဟန်းတို့သည် ဆောက်တည်ရာမရ ငိုကြွေးကြကုန်၏။

[ဤအရာ၌ ရှင်မဟာကဿပမထေရ်သည် ဘုရားပရိနိဗ္ဗာန်စံယူတော်မူကြောင်းကို မသိ၍ပင်မေးသလော၊ သိလျက်နှင့်ပင် မေးသလော-ဟူမူကား ရဟန္တာတို့၏ သိခြင်းသည် နှလုံးသွင်းသတိနှင့်သာစပ်သည်၊ဤအရာကိုနှလုံးမမူမိ၊မသိ၍သာမေးသည်ဟု အချို့ဆရာတို့က ဆိုကြကုန်သည်၊အချို့ကလည်း အရှင်မဟာကဿပ မထေရ်သည် ညဉ့်၌၎င်း, နေ့၌၎င်း သမာပတ်ကိုသာမပြတ်လေ့လာ အားထုတ်သည်ဖြစ်၍ မြတ်စွာဘုရား သခင် ပရိနိဗ္ဗာန်လားသည်ကိုမသိ၊ ထိုသို့ မသိသောကြောင့်ပင် မေးသည်-ဟု ဆိုကြကုန်၏၊ ထိုစကားကိုမယူအပ်, မယူထိုက်၊ အဘယ့်ကြောင့်နည်းဟူမူကား - ဘုရားသခင် ပရိနိဗ္ဗာန် စံဝင်တော်မူခြင်းသည် အလွန်ပင် ထင်ရှားရကား တသောင်းသော လောကဓာတ်မှ ဆတ်ဆတ်ခုန်အောင်တုန်လှုပ်၏၊ အံ့ဘွယ်သရဲ မဖြစ်ဘူးမြဲသော တိတ်နိမိတ်တို့သည် ဖြစ်ကုန်၏၊ ထို့ကြောင့် သိသည်သာတည်း။

မိမိသိသော်လည်း အထံတွင်ပါသောသံဃာ့ပရိသတ်တို့တွင် အချို့ကလည်း ဘုရားသခင်ကို ဖူးမြင်ဘူးကုန်၏၊ အချို့ကလည်း မဖူးမြင်ဘူးကုန်၊ ထိုရဟန်းတို့သည် ဖူးမြင်ခြင်းကို အလွန် အလိုရှိကြကုန်သည်၊ ကုသိနာရုံပြည်သို့ရောက်၍မျှ ဘုရားသခင် ကို မမြင်ရသော် ဆောက်တည်ရာမရ မိန်းမတို့ကဲ့သို့ အချို့လည်း လူးလဲ၍ ငိုကြွေးကုန်ရာသည်၊ ထိုသို့ငိုကြွေးသောအခါ ငါ၏ ဇာနြေသည် မဲ့လတ္တံ့၊ ယခုတောတွင်းကပင်သိရသည်ဖြစ်မူကား- အကယ်၍ ငိုကြွေးငြားသော်လည်း အပြစ်ကို ဆိုအံ့သောသူမရှိ၊ မိမိတို့အလျောက်သာ ဖြစ်ရာသည်၊ ရှေးဦးစွာ ကြားစ, မြင်စ- ဟူသည်လည်း စိုးရိမ်ခြင်း ပြင်းပြတတ်သည်-ဟု နှလုံးပြု၍ မိမိ နှင့်ပါသော ရဟန်းသံဃာတို့ကို သတိရစိမ့်သောငှါ မြတ်စွာ ဘုရား ပရိနိဗ္ဗာန်စံယူတော်မူကြောင်းကို သိလျက်ပင် မေး တော်မူသည်-ဟု မှတ်ရမည်။]

ယင်းသို့ရဟန်းအများတို့က ဘုရားကိုယ်တော်မြတ်သည် ငါတို့အား ခြင်းချန်၍ အမြန်ပင် ပရိနိဗ္ဗာန်စံယူတော်မူခဲ့ချေပြီ၊ ဖူးမြင်ခြင်းငှါ ပင်ပန်းစွာ လာပါသော်လည်း ငါတို့မဖူးမြင်ရပြီ-ဟု မြည်တမ်းတသ ငိုကြွေးကြကုန်ပြီးသော် ကြီးမှရဟန်းပြု၍ အာတုမပြည်မှ လိုက်လာ သော သုဘဒ်ရဟန်းကြီးသည် ဤသို့ဆို၏၊ "ငါ့ရှင်တို့‥ အဘယ့်ကြောင့် စိုးရိမ်ပူဆွေး ငိုကြွေးတသကြသနည်း၊ ငါတို့သည် ဂေါတမရဟန်းကြီး ၏လက်မှ လွတ်ထွက်ကြကုန်ပြီ၊ ဤရဟန်းကြီးသည် ငါတို့အား ဤအ မှုကိုပြုအပ်၏၊ ဤအမှုကား-မပြုအပ်၊ မည်သည့်အာပတ်သင့်စေ-စသည် ဖြင့် နှိပ်စက်ညှဉ်းဆဲလှလေပြီ၊ ဤယခုကား-ငါတို့ပြုလိုသမျှ ပြုရတော့ မည်၊ မပြုလိုလျှင် နေရတော့မည်"ဟု ဆိုလေ၏။

---

## ၂၅။ သုဘဒ်ရဟန်းတဦး ရန်ငြိုးထားသည်ကို ပြဆိုခဏ်း

ထိုသုဘဒ် ရဟန်းကြီးကား—ဘုရားသခင်၌ ရန်ငြိုးထား သော ကြောင့် ဤစကားကိုဆိုသတည်း၊ အဘယ်သို့ ရန်ငြိုးထားဘူးသနည်း ဟူမူကား-ဘုရားသခင် ထင်ရှားရှိသောအခါ သံဃာတော်တထောင့်

နှစ်ရာ့ ငါးကျိပ်နှင့်တကွ ဒေသစာရီ ကြွချီတော်မူရာတွင် အာတုမပြည် သို့ရောက်အံ့သောအခါ ဆေတ္တာသည်ဖြစ်ဘူးသော ဤသုဘဒ် ရဟန်း ကြီးသည် အာတုမပြည်တွင်ရှိနေသည်နှင့်ဘုရားရောက်အံ့သောသတင်း စကားကိုကြားသိလျှင်ယာဂုကပ်လှူချင်သောဆန္ဒရှိရကား-မိမိသားဖြစ် သောသာမဏေနှစ်ယောက်ကိုခေါ်၍ "ငါ့သားတို့….ငါတို့ဆရာ မြတ် စွာဘုရားသည် တထောင့်နှစ်ရာ့ငါးကျိပ်သော သံဃာတော်တို့နှင့်တကွ ကြွတော်မူလာသတတ်၊ ငါတို့ယာဂုကပ်လှူရအောင် နှမ်း, ဆန်,ဆီ စသည်ကို ရှာကြချေကုန်၊ သင်ဓုန်းအိတ်, ပရိက္ခရာကိုယူ၍ သူတော် ကောင်းတို့ အိမ်တိုင်းတက်ပြီးမှ ဆေတ္တာသည်ကိစ္စကို ပြုကြကုန်" ဟု ဆို၏။

ထိုသာမဏေတို့လည်း မိမိအဘဆိုတိုင်း လှည့်ပတ်လေသော် ချောင် သာယာ ပျူငှါသောအသံစကားရှိသော သူငယ်တို့ကိုမြင်၍ မုတ်ဆိတ် ဆံပြင်လိုသောသူ,မပြင်လိုသောသူများကပင် "ချစ်သားတို့..အဘယ် မှ အခပေးရမည်နည်း"ဟု မေးလျှင် "ဘခင်….ကျွန်ုပ်တို့ကားဘုရား မြတ်စွာ ကြွလာရာ၌ ယာဂုလှူချင်ပါသည်ဖြစ်၍ နှမ်း,ဆန်,ဆီကိုသာလို ချင်ပါသည်"ဟုဆို၏၊ထိုစကားကိုကြားကြကုန်သော် မတွက်မလိုက်မူ ၍ ယူနိုင်သမျှပေးကြကုန်၏၊နှမ်း,ဆန်,ဆီစသည်တို့စုမိသောအခါ မြတ် စွာဘုရားလည်း အာတုမပြည်သို့ ရောက်တော်မူ၍ ပွဲတလင်းတင်းကုပ် ၌ တည်းခိုနေတော်မူ၏။

သုဘဒ်ရဟန်းကြီးလည်း ညချမ်းသောအခါ ဒါယကာတို့ကိုခေါ်၍ ကျောင်းတလင်းပြင်၌ ထင်းခနောက်တို့ကိုစီရင်ပြီးလျှင် အိုးကြီး,အိုး ငယ် အသွယ်သွယ်တို့ဖြင့် ယာဂုကိုချက်စေ၏၊ မိမိမူကား-မည်းညစ် သောသင်္ကန်းကိုသာဝတ်ရုံ၍ လူပုံကြား၌ သွားလာလှည့်ပတ်ခါ ဤမှာ ဆီထည့်လော့၊ ဤမှာနှမ်းထည့်လော့-စသည်ဖြင့် တညဉ့်ပတ်လုံး စီရင် ခါနေ၏၊ တသိန်းမျှလောက်သော အသပြာကိုစွန့်လွှတ်၍ ထပ်ထပ် သောယာဂုတို့ကိုငုင်းပြီးစေ၏၊ ထိုယာဂု၌ထောပတ်,တင်လဲ,အမဲရည်, ငါးရည်, သစ်သီးရည်-စသည်တို့ကို ထည့်အပ်၏၊ အလွန်ကောင်း သော ပျံ့လည်းရှိ၏။

မြတ်စွာဘုရားလည်း နံနက်စောစောကပင် ကိုယ်လက်သုတ်သင်၍ သံဃာတော်အပေါင်းခြံရံလျက် ဆွမ်းခံကြွတော်မူလေသော် အာတုမရွာသို့ ရှေးရှုလာတော်မူ၏၊ ယာဂုချက်သောသူတို့က မြင်လေသော် "အရှင်သုဘဒ်....ဘယ်သူ့အလို့ငှါ ဤယာဂုကိုချက်ဘိသနည်း၊ ဘုရားသခင်သည်သံဃာတော်တို့နှင့်တကွ ကြွလာတော်မူပြီ"ဟုပြောကြားကြကုန်၏၊ ထိုစကားကိုကြားလေသော် သုဘဒ်တောထွက်ကြီးလည်း ဝတ်ရုံတိုင်းသောသက်န်းညစ်ဖြင့်သာ လက်ျာမှယောက်မ,လက်ဝဲမှ ဟင်းချိုကိုကိုင်ပြီးလျှင် ကိုယ်တိုင် ဘုရားထံသို့ကပ်၍ တုံ့ဝပ်ရှိခိုးပြီးသော် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား....အကျွန်ုပ်အား သနားတော်မူပါသဖြင့် ယာဂုအလှူကိုခံတော်မူပါ"ဟု လျှောက်၏။

ဘုရားသခင်သည်"ငါ့ရှင်သုဘဒ်...သင်အဘယ်သို့သောအခြင်းအရာဖြင့် ယာဂုကိုစီရင်သနည်း"ဟုမေးတော်မူ၍အလုံးစုံအားထုတ်ရသောအကြောင်းစကားကိုကြားလျှောက်၍ သိတော်မူရလျှင် "သင် သုဘဒ်သည် တရားနှင့် မလျောက်ပတ်၊ မအပ်သောအမှုအရာဖြင့် အဘယ့်ကြောင့်ရှာ၍ အားထုတ်သနည်း၊ တရားနှင့် မလျော်သောပစ္စည်းကိုလှူ၍လည်း အကျိုးမရှိ၊သုံးဆောင်ဘိသော်လည်း ဓမ္မိကပရိဘောဂမဖြစ်နိုင်၊ ထို့ကြောင့်"ချစ်သား ရဟန်းတို့....ဤယာဂုကို အလှူမခံကြကုန်လင့်"ဟု မိန့်တော်မူ၍ ဝိညာပနသိက္ခာပုဒ်နှစ်ရပ်ကို ပညတ်တော်မူပြီးသော် ကိုယ်တော်မြတ်လည်း ဆွမ်းခံရာသို့ ရှေးရှုကြွတော်မူ၏။

ထိုအခါ သုဘဒ်ရဟန်းကြီးသည် နှလုံးမသာ မျက်နှာမလှဖြစ်၍ "ရှင်ဂေါတမသည် အလုံးစုံကို သိသောသူဟူ၍ ကျော်စောသည်၊ အကယ်၍ ငါ့အလှူကိုမခံလိုလျှင် တယောက်ယောက်သောသူကို စေကြားအပ်ပါသည်တကား၊ ကျက်ပြီးသောအစာမည်သည်လည်း အခါလေးမြင့်ထား၍ မသင့်လျော်ပြီ၊ ဤမျှလောက်သော အဆောက်အဦကိုလည်း တသက်ပန်လုံး ငါရှာမှီးရသည်၊ကရုဏာတရား သနားခြင်းကြီးသူဆိုပါလျက် ငါ၏အကျိုးမဲ့ကိုပြုလေသည်၊ ငါ့အရှက်ကို ခွဲလေသည်၊ အလုံးစုံကို ဖျက်ဆီးလေသည်"ဟု ဘုရားသခင်အား ရန်ငြိုးထား၏။

ထိုသို့ထားသော်လည်း ဘုရားသခင်ထင်ရှားရှိသောအခါက ''ဤဂေါတမကား မြင့်မြတ်လှသောအမျိုးမှ ရဟန်းပြုသူဖြစ်ပေသည်၊တစုံတခုသောစကားကို ငါဆိုမိပြောမိက ငါ့အားမြှမ်းချောက်ရာသည်''ဟု နှလုံးပြု၍တစုံတခုသောစကားကိုမျှမဆိုဝံ့ရကား နိဗ္ဗာန်ယူပြီ-ဟု ကြားသိမှ သက်သာရာရသကဲ့သို့ နှလုံးဝမ်းသာလျက် ''ငါတို့ရဟန်းဂေါတမ လက်မှလွတ်ပြီ၊သင်တို့မစိုးရိမ်ကုန်လင့်''ဟု ဆိုသတည်း။

ယင်းသို့ သုဘဒ်ရဟန်းကြီးဆိုသော စကားကို ရှင်မဟာကဿပမထေရ်ကြားလျှင် အသည်းကြားဝယ် မယ်နှနှင့်နှက်သကဲ့သို့၎င်း,ဦးထိပ်ထက်၌ မိုယ်းကြိုးစက်ကျသကဲ့သို့၎င်း အောက်မေ့တော်မူ၍ အလွန်သော ဓမ္မသံဝေဂသည်ဖြစ်၏၊''ယခုဘုရားသခင်လွန်၍ ခုနစ်ရက်မျှသာရှိသေးသည်၊ရွှေအဆင်းနှင့်တူသော အလောင်းတော်ပင် ထင်ရှားရှိသေးသည်၊ သို့ပါလျက် မကောင်းသောသူတို့သည် မကြည်ဖြူသောစကားကို ဆိုချေသည်၊ ထိုသူတို့ ပွါးများခဲ့သော် သာသနာတော်ကို မမြင့်မိဖျက်ဆီးနိုင်ချေရာသည်၊ဤသုဘဒ်ရဟန်းကြီးကို ဤလမ်းခရီး၌ပင် ပုဆိုးနွမ်းကို ဝတ်စေလျက် ထိပ်ထက်၌ပြာပုံ၍ နှင်ထုတ်စေသည်ဖြစ်အံ့၊ အရှင်ဂေါတမ၏ တပည့်သားတို့သည် ကိုယ်တော်မြတ် မကွယ်မီကပင် အချစ်အကြင်မရှိ၊ ဝိဝါဒ ကလဟများကုန်သည်၊ ထေရ်ကြီးက ထေရ်ငယ်အား နှိပ်စက်ကုန်သည်-ဟု ငါတို့အား လူအများကဲ့ရဲ့လတ္တံ့-ဟု ကြံ၍ သည်းခံတော်မူ၏။

ထိုနောက်မှ အရှင်မဟာကဿပမထေရ်သည် ဤသို့ကြံတော်မူပြန်၏၊ ''ကြိုးသီတံတို့ဖြင့် မကုံးသီအပ်သော ပန်းသည် ပရန်းပတာများစွာပြိုကွဲ ဖရိုဖရဲကြဲကုန်သကဲ့သို့ ထို့အတူ ဘုရားပညတ်တော်မူအပ်သော ဝိနည်းသိက္ခာပုဒ်ကို အဘိဓမ္မာတရားအပေါင်းသို့ ကောင်းစွာရုံးစု၍ သင်္ဂါယနာ မတင်ခဲ့သော် မသူတော်ဖြစ်သော ရဟန်းညစ်တို့သည် ပစ်ပယ်ချေဖျောက်၍ တဒွေ့,တခွေ့ ပျောက်ပျက်ကုန်ရာသည်၊ သင်္ဂါယနာတင်ရမူကား-မလှုပ်ရှား မဖျောက်ဖျက်နိုင်ရာ၊ စကြာမင်းကရားသည် သားကြီးရတနာအား ဧည်းစိမ်ဥစ္စာပြည်ရွာတိုင်းကားကို သိမ်းဆည်းစိမ့်သောငှါ မင်းမြောက်တန်းဆာနှင့်အရာအတူးကို ပေးအပ်သကဲ့သို့ ထို့အတူ သယမ္ဘူဘုရားသည်လည်း တရားတော်ကို စောင့်

ယိန်းစိမ့်သော၄၊ အစစ္စာက သုံးဂါဝုတ်တိုင်တိုင် ကိုယ်တိုင်ခရီးဦးကြို ဆို၍ ငါ့ကိုဆုံးမ ဩဝါဒပေးတော်မူပေသည်၊ ကိုယ်တော်ဝတ်ရုံသော ဒုကုဋ်သင်္ကန်းဖြင့် ချီးမြှင့်တော်မူပေသည်၊တရားတော်ကို ငါသင်္ဂါယနာ မတင်မူ ဘုရားရှင်၏ ကျေးဇူးတော်မပြေ ရှိပေရာသည်၊ မရှည်ကြာ မီပင် သင်္ဂါယနာတင်ရအောင် ငါလုံ့လပြုအံ့''ဟု တစုံတယောက် သော သူကိုမျှ မကြားမပြောဘဲ စိတ်သဘောကသာ ကြံတော်မူ၏။

ငိုရိုတသသော ရဟန်းသံဃာတို့ကိုလည်း ''ငါ့ရှင်တို့....သင်္ခါရ တရားတို့၏ ပျက်ပြားမြဲ ဓမ္မတာသဘောကို ဘုရားသခင်လည်း ဟော တော်မူပြီမဟုတ်လော၊ နာနာဘာဝ, ဝိနာဘာဝ, အညထာဘာဝ သဘော၌ သောကမီးကို မဖြစ်စေကုန်လင့်''ဟု ဆုံးမ၍ သက်သာရာကို လည်း ရစေတော်မူ၏။

---

## ၂၆။ အလောင်းတော်ကို မီးမစွဲလောင်၍ ရှင်အနုရုဒ္ဓါအား လျှောက်ခဏ်း

ကုသိနာရုံပြည် သင်းချိုင်းတော်မှာလည်း မလ္လာမင်းလေးယောက် တို့သည် ငါတို့မြတ်စွာဘုရားအလောင်းတော်ကို မီးပူဇော်အံ့ဟု ကြံ၍ အတောင် တရာ့နှစ်ဆယ်မြင့်သော စန္ဒကူးထင်းပုံထက်သို့ တင်ပြီးလျှင် မီးတိုက်ကြကုန်သည်၊ တစုံတခုကိုမျှ မလောင်ချေ၊ ထို့နောက်မှ ရှစ်ယောက်,တကျိပ်ခြောက်ယောက် စသည်ပွါး၍ များစွာကုန်သော မလ္လာမင်းတို့သည် ထင်းတို့၏ အကြား၌ များစွာသော ဆီ, ထောပတ်, မီးလောင်တတ်သော ဝတ္ထုပစ္စည်းတို့ကို စုပုံ၍ အကြိမ်ကြိမ်မီးတိုက်ပါ သော်လည်း တစုံတခုကိုမျှ မီးမလောင်ရှိလေလျှင် အရှင်အနုရုဒ္ဓါ၏ အထံသို့ကပ်ကြ၍''အရှင်မြတ်....အကျွန်ုပ်တို့သည် ဘုရားအလောင်း တော်ကို မီးပူဇော်ပါကုန်သော်လည်း မီးမစွဲနိုင်ပါ၊အကြောင်းအဘယ် သို့ ရှိပါသနည်း''ဟု လျှောက်ကြကုန်၏။

အရှင်အနုရုဒ္ဓါကလည်း ''မလ္လာမင်းတို့....နတ်တို့၏ အလိုဆန္ဒ မပြည့်ဝသေးသောကြောင့် မီးမစွဲနိုင်သည်''ဟုဆိုပေ၏၊''အလိုဘယ်သို့ ရှိပါသနည်း''ဟု လျှောက်ကြပြန်လျှင် ''သင်မလ္လာမင်းတို့၏ အဘ

သေလွန်၍ နတ်ပြည်၌ ဖြစ်ကုန်သော ၂၅ယောက်သော မလ္လာမင်းတို့သည် တတိယသာ၀ကကြီးဖြစ်သော ရှင်မဟာကဿပမထေရ်၌ အလွန်ကြည်ညိုကြကုန်သည်၊ ထိုရှင်မဟာကဿပ မထေရ်သည်လည်း ယခုကြွလာ၍ လမ်းခရီးမှာရှိချေသည်၊ ထိုရှင်မဟာကဿပမထေရ်သည် ဘုရားသခင်အလောင်းတော်ကို ပူဇော်ရှိခိုးခြင်းမပြုရသေးသမျှထင်းပုံကို မီးမလောင်စေသတည်း-ဟု နတ်တို့မိဋ္ဌာန်ကြသောကြောင့် မီးစ၍မစွဲနိုင်''ဟု ဆိုပေ၏။

ထိုစကားကိုကြားလျှင် လူအများတို့ကလည်း ''ရှင်မဟာကဿပသည် ဘုရားတပည့်ကြီးဖြစ်ပါလျက် ဘယ်အတွက်ကြောင့် ကြာလေသနည်း၊ နတ်များစွာတို့ပင် အရှင်မဟာကဿပ မထေရ်၏ နှလုံးအလိုကိုဖြည့်ရပေသေးသည်၊ ထိုအရှင်ကား-အဘယ်သို့စင် ထူးမြတ်သနည်း၊ ဖြူဖြူလော, မည်းမည်းလော, မြင့်မြင့်လော, နိမ့်နိမ့်လော, ဘယ့်လောက်ကြာမှလာပါလိမ့်မည်နည်း''စသည်ဖြင့်ပြောဆိုမြွက်တ၍အချို့ကလည်း ခရီးဦးကြိုဆိုလင့်သည်၊အချို့ကလည်း လမ်းပြင်လင့်သည်၊ အချို့ကလည်း နေရာပြင်လင့်သည်၊ ထိုသို့ဖြစ်သောအခါ ရှင်မဟာကဿပ မထေရ်သည် ရဟန်းငါးရာတို့နှင့်တကွ ကြွတော်မူလာ၍ သင်းချိုင်းတော်သို့ ရောက်လာသတည်း။

ထိုသို့ရောက်လာ၍ အလောင်းတော်ကို ထင်းတလားတွင်း၌ သွင်းထားသည်ကို မြင်တော်မူလျှင် ကိုယ်၀တ်ကို စမ္ပယ်တင်၍ ဘုရားရှင်ရှိရာသို့ လက်အုပ်ချီလျက် စန္ဒကူးထင်းပုံကို လက်ျာရစ်သုံးပတ်လည်၍ ပူဇော်တော်မူပြီးမှ ဤဌာနကား-ဦးခေါင်းတော်ထားရာတည်း၊ ဤဌာနကား—ဘ၀ါးတော်ရှိရာတည်း ဟု မှတ်သား၍ ''ကိုယ်တော်မြတ်၏ခြေတော်အစုံကိုမျှ မဖူးမြင်လိုက်ရလေတကား''ဟုနှလုံးထား၍ဘ၀ါးတော်သို့ရှေးရှုရပ်လျက် စတုတ္ထသမာပတ်ကို ၀င်စားပြီးသော် ကိုယ်တော်မြတ်၏ ခြေတော်အစုံသည် လွှမ်းခြုံသမျှကို ဘောက်ထွက်၍ဦးခေါင်းထက်၌ တည်စေသော-ဟု မနောမိဋ္ဌာန် ကြံတော်မူ၏။

ထိုခဏ၌ အကန့်တထောင်တို့ဖြင့် တန်းဆာဆင်အပ်သော တရာ့ရှစ်ပွက် စက်လက္ခဏာတို့၏ တည်ရာဖြစ်သော မြတ်စွာဘုရား၏ဘ၀ါးတော်အစုံသည် လွှမ်းခြုံရစ်ပတ်သော၀ါဂွမ်းလွှာနှင့် ငါးရာသော

ပုလုံးသေဝ်တို့ကိုရင်း, သိမ့်းအပ်သော ရွှေစကျင်းကိုရင်း, စန္ဒကူးထင်း ပုံကိုရင်း ဘောက်ထွင်း၍ တိမ်တိုက်အတွင်းမှ ထွက်သောလမင်းကဲ့သို့ အရှင်မဟာကဿပ၏ဦးခေါင်းထက်၌တည်တော်မူလာ၏၊ အရှင်မဟာ ကဿပလည်း ပွင့်သစ်စသော ပဒုမာကြာပန်းနှင့်တူသော လက် အုပ်အစုံကို ဆန့်၍ ရွှေအဆင်းနှင့်တူသော ခြေတော်နှစ်ဘက်ကို ဖမျက်တော်၌ ကိုင်လျက် မိမိဦးခေါင်းထက်ထား၍ ရှိခိုး၏၊ ငါးရာသော ရဟန်းတို့သည်လည်း အနည်းနည်း ရှိခိုးကြကုန်၏။

လူအများတို့သည်လည်း ထိုအံ့ဘွယ်သရဲကိုမြင်လျှင် ကြည်ရွှင်ဝမ်း သာလျက် သည်းစွာသော အသံကိုဟစ်ကြော်၍ ပူဇော်ဘွယ်အသီး သီးတို့ဖြင့် ချီးမြှောက်ပူဇော်ကြကုန်၏၊ ယင်းသို့ ပူဇော်ပြီးသောအခါ၌ တဘန်မိဋ္ဌာန်ခြင်းကိစ္စမရှိဘဲ ပကတိသာလျှင် ရှင်မဟာကဿပလက်မှ လွတ်၍ ထင်းပုံတလားတို့ကို မလှုပ်ရှားစေဘဲ တည်မြဲတိုင်းဝင်၍ တည် လေကုန်၏၊ထိုသို့ခြေတော်စုံတို့ထွက်ကုန်,ဝင်ကုန်သော်လည်းအလောင်း တော်၌ လွှမ်းသော ဝါဂွမ်းပုဆိုးတို့သည် စိုးစဉ်းမျှ မယိုယွင်းကုန်၊ ပြကတေ့အတိုင်းသာတည်ကုန်သည်၊ယင်းသို့ခြေတော်စုံကွယ်သောအခါ များစွာသော လူ,ရဟန်းတို့သည် ပင်ပန်းရှိုက်ငင်လျက် ထက်ဝန်းကျင် ငိုရိုကြရကား-ပရိနိဗ္ဗာန်စံယူတော်မူသော ကာလထက်ကဲ၍ သနား ဘွယ်ဖြစ်ကြကုန်၏။

ပရိသတ်တို့ငိုကြွေးကုန်စဉ် ဘုရားသခင် အလောင်းတော်တည်ရာ နံ့သာထင်းပုံသည် တစုံတယောက်သောသူမျှ မီးမညှိရဘဲ ရဲရဲ ပြောင် ပြောင် မီးရောင်ချီးချီးထွက်သဖြင့် အထက်မှစ၍ ကျွမ်းလောင်လေ၏၊ မီးလောင်ပြီးသော် ကိုယ်တော်၏ အရေ, အသား, အရိုးတို့သည် တပေါင်းတစုတည်း မထင်ကုန်ပြီ၊ ရွှေစင်တကွဲ ပုလဲအလား ချရားစေ့ အဆင်းရှိသော ဓာတ်တော်တို့သည်သာလျှင် ရှစ်စိတ် အတိုင်းအရှည် ပမာဏမျှ တည်ကုန်၏၊ ရှေးရှေးသော ဘုရားတို့ကား-မပြိုမကွဲ တခဲ နက်ပင်တည်လေသည်၊ ငါတို့ဘုရားမှာကား-သက်တမ်းတော် တိုသော အခါဖြစ်၍ သာသနာပျံ့ပွါးသဖြင့် လူတို့အကျိုးစီးပွါး များစိမ့်သောငှါ ပတ္တနာသော အာနုဘော်ကြောင့် စွယ်တော်လေးဆူ, ညှပ်ရိုးတော် နှစ်ဆူ, နဖူးသင်္ကျစ်တော်တဆူ၊ ဤခုနစ်ဆူသော ဓာတ်တော်တို့သည်မပြို

မကွဲတည်ကုန်သည်ဖြစ်၍အသမ္ဘိန္နဓာတ်မည်ကုန်သည်၊ကြွင်းသောကိုယ်တော်မှာ အကြီး ပဲနောက်အတိုင်းအရှည်ပမာဏ, အလတ် ဆန်ကျိုးအတိုင်းအရှည်ပမာဏ, အငယ် မုံညင်းစေ့အတိုင်းအရှည်ပမာဏအားဖြင့် စိတ်ဖြာလျက် တည်ကုန်သည်ဖြစ်၍ သမ္ဘိန္နဓာတ်မည်ကုန်၏။

စန္ဒကူးထင်းပုံကို အကုန်မီးလောင်ပြီးလျှင် ကောင်းကင် ပြင်မှ လက်ရုံးဖျားမျှလောက်သော ရေအယဉ်သည် သက်ဖျန်း၍ ငြိမ်းချမ်းစေ၏၊ အင်ကြင်းပင်ပျို၏ အခွံမှဒင်း ထွန်တုံးပမာဏရှိသောရေသည် တက်၍,တက်၍ ထင်းပုံထက်ကို ဆွတ်ဖျန်းကုန်၏၊ မီးငြိမ်းပြီးသော အခါ မလ္လာမင်းတို့သည် ဓာတ်တော်ကိုယူ၍ ရွှေအတိပြီးသောအိုးဖြင့် ထည့်ပြီးသော် အလောင်းတော်ကို ကျင်းပပူဇော်ရာစရပ်၌ ထူးမြတ်ကောင်းမွန်သော ကော်ဇောယမ္ဘလာတို့ကိုခင်း၍ ထုံသင်းမွှေးကြိုင်စွာ နံ့သာပျောင်း, နံ့သာမှုန့်တို့ကို ပက်ဖျန်းလျက် ကြက်အပ်သော ပုဆိုးဗိတာန်ရှိသော ရတနာပလ္လင်ထက်တင်၍ ထက်ဝန်းကျင်မှ ရှုချင်ဘွယ်ရှိသော တံခွန်,ကုက္ကား, ယမား,ကွန်ချာ, နံ့သာဆိုင်း, ပန်းဆိုင်းတို့ကို ဆွဲလျက် လေး,လှံ,သန်လျက် လက်နက်စွဲကုန်သော ယောကျ်ားတို့ကို အစောင့်အရှောက်ထား၍ များစွာသောပွဲလမ်းသဘင် ပဍ္ဍင်တူရိယာတို့ဖြင့်ပူဇော်ကာနေကုန်၏။

ထို့နောက်မှ တန်းဆာဆင်အပ်သော ရတနာ ဆင်ပြောင်ကြီး၏ ကျောက်ကုန်းထက်၌ ဓာတ်တော်ကို ရတနာပန်းတောင်းဖြင့် တင်ပြီးသော် ထီးဖြူအုပ်ကာလျက် လက်ဝဲ,လက်ျာနောက်မျက်နှာတို့မှဦးချင်းယှက်ခါ,ယှက်ခါ ညီညွတ်စွာ ရံစေသောဆင်တထပ်၊ လည်ချင်းစပ်ခါ, စပ်ခါ ကောင်းစွာရံစေသောမြင်းတထပ်၊ နဘန်းချင်းစပ်ခါ,စပ်ခါ ကောင်းစွာရံစေသော ရထားတထပ်၊ လက်ရုံးချင်းထိခါ,ထိခါ တညီတညာ ကောင်းစွာရံစေသောခြေသည်သူရဲ လက်နက်စွဲတထပ်၊ ဤသို့ မလပ် ရံပတ်ခင်းကျင်းလျက် မြို့တွင်းသို့ဆောင်ယူပြီးလျှင် ပွဲသဘင်တို့ဖြင့် ခုနစ်ရက်ပတ်လုံး ကခုန်မြူးပျော် ပူဇော်ကာနေကြလေကုန်၏။

[အဘယ်ကြောင့် ဤမျှလောက်ပူဇော်ကြကုန်သနည်း ဟူမူကား-ထိုမလ္လာမင်းသားတို့သည် ရွှေနှစ်သတ္တာပတ်၌ ရဟန်းသံဃာတို့ တည်းခိုရာဌာနကိုဒင်း၊ ဆွမ်း,ကွမ်းကိစ္စကိုဒင်း လုံ့

လအားထုတ် ပြုလုပ်ရသည်ဖြစ်၍ ကစားခွင့်မရသေး၊ ထို့ကြောင့် ခတ်တော်ကိုသာ ခုနစ်ရက်ပတ်လုံးပူဇော်၍ ကစားပျော်ပါးကြကုန်သည်၊ ငါတို့မေ့လျော့စဉ် အခါ၀ယ် တပါးသောမြို့ရွာမှ မင်းများ မယူသွားနိုင်စေသတည်း-ဟု နှလုံးပြု၍လည်း စတုရင်္ဂီက ထိုမျှလောက်သော မြင်း, ဆင်, ရဲမက်ကို ရံလျက်ပင် အမြဲနေစေသည်။]

## ၂၇။ ပရိနိဗ္ဗာန်စံသည်ကို အဇာတသတ်မင်းအား လျှောက်ထားရာ မိန်းမောတွေဝေခဏ်း

ထိုအခါ ရာဇဂြိုဟ်ပြည်၌ အဇာတသတ်မင်း၏အမတ်တို့သည် ဘုရားပရိနိဗ္ဗာန် စံယူတော်မူကြောင်းကိုကြားရလျှင် ဤသို့ဆင်ခြင်တိုင်ပင်ကြကုန်၏၊ ''ပုထုဇဉ်ဖြစ်သောပုဂ္ဂိုလ်တို့၏ သဒ္ဓါကြည်ညိုခြင်းတွင် ငါတို့အရှင်မင်းကြီးနှင့်တူ၍ ကြည်ညိုသောသူမရှိပြီ၊ ဤမင်းကြီးသည် ဘုရားလွန်ကြောင်းကိုကြားသိရလျှင် တခဏခြင်းပင် နှလုံးကွဲ၍ သေရာသည်၊ မင်းကြီး၏ အသက်ကို ငဲ့ကွက်စောင့်ရှောက်သင့်ပေသည်''ဟု ကြံ၍ လျှောင်းတန်ရုံသော ရွှေစကျင်းသုံးခုကိုယူ၍ စတုမဓုဖြင့်ပြည့်စေပြီးသော် မင်းကြီးထံသို့ကပ်၍ ဤသို့လျှောက်ကြကုန်၏။

''အရှင်မင်းကြီး....အကျွန်ုပ်တို့သည် ထိတ်လန့်ကြောက်မက်ဘွယ်သောအိပ်မက်ကိုမြင်ပါသည်၊ ထိုအိပ်မက်ကို ဖျောက်ဖျက်စေချင်ပါသည်၊အရှင်မင်းကြီးသည်ဘွဲ့ဖြူပုဆိုးနှစ်ထည်ကို၀တ်၍ နှာခေါင်း၀မျှကိုပေါ်စေလျက် ဤစတုမဓုကျင်းထက်၌ အိပ်စက်တော်မူပါ''ဟုဆိုကြကုန်၏၊ထိုစကားကိုကြားသောအခါ အဇာတသတ်မင်းကြီးကလည်း''ငါ၏အကျိုးစီးပွါးကိုရှက်ဆောင်လို၍ဆိုသည်ကို အဘယ်မှာ နားမထောင်ရှိတော့အံ့နည်း''ဟုဆို၍ ထိုအမတ်တို့လျှောက်ထားတိုင်း အိပ်စက်ပေ၏။

ထိုအခါ အမတ်တယောက်သည် ဘုရားသခင် ပရိနိဗ္ဗာန်စံ၀င်တော်မူသည့် အရပ်ဆီသို့ လက်အုပ်ချီပြီးသော် ''အရှင်မင်းကြီး....ကိုယ်

တော်၏သံသယကို ပျောက်ပကျေနပ်စေတတ်သော ဘုန်းတော်အာနုဘော်တက်၍ အသက်ကိုရှည်စေတတ်သော ရှိသေလေးမြတ် ဆည်းကပ်ကိုးကွယ်ရာဖြစ်သော မြတ်စွာဘုရားသည် ကုသိနာရုံပြည်၏အပါး၌ နိဗ္ဗာန်လားတော်မူချေပြီ''ဟု လျှောက်တင်၏၊ ထိုစကားကိုကြားလျှင် သစ်ပင်ထက်မှ ကျသောသူတို့ကဲ့သို့ သည်းအူလှိုက်ဖိုလျက် ကိုယ်အလုံးတုန်ဘိ၍ သတိမရ တ, သမိန်းမော၍ မျောလေ၏၊ စိမ်အပ်သော စတုမဓုပင် ကျိုက်ကျိုက်ဆူ၍ အငွေ့ထွက်၏။

အမတ်တို့လည်း မင်း၏ကိုယ်ကိုချီ၍ တခုသောကျင်း၌ သိပ်ပြန်ကြသဖြင့် သတိရသောအခါ ''အမောင်တို့..အဘယ်ကို လျှောက်ကြားကြသနည်း''ဟု မေးပြန်လျှင်''အရှင်မင်းကြီး....မြတ်စွာဘုရား ပရိနိဗ္ဗာန်လားတော်မူချေပြီ''ဟု လျှောက်ပြန်၏၊ မင်းကြီးလည်း ရှေးနည်းတူ မိန်းမော၍ မျောပြန်သဖြင့် တဘန်ကျင်းသို့ ပြောင်းရ၏၊ သတိရသောအခါ''အဘယ်အကြောင်းအရာကိုဆိုကြသနည်း''ဟု မေးပြန်၍ ဘုရားပရိနိဗ္ဗာန် စံလွန်တော်မူကြောင်းကို လျှောက်ပြန်လျှင် ယခင်ကနည်း မိန်းမောပြန်လေ၏။

အမတ်တို့လည်း မင်းကိုချီ၍ ရေချိုးစေပြီးမှ နံ့သာရေတို့ဖြင့် ဆွတ်ဖျန်းရ၏၊ အဇာတသတ်မင်းလည်း သတိရလတ်သော် ဦးခေါင်းမှ ဆံတို့ကို ဖရိုဖရဲကြဲဖြန့်၍ နူးညံ့သိမ်မွေ့စွာသော လက်နှစ်ဘက်တို့ဖြင့် ရင်ကိုခတ်တီး၍ သက်ကြီးရှိုက်ငင် ပူပင်ငိုကြွေးလျက် ခရီးမသို့သက်၍ သူရူး၏အလားကဲ့သို့ ပြေးသွားလေ၏၊တန်းဆာဆင်အပ်သော ကချေသည် မောင်းမတို့သည်လည်း နောက်မှ ဝန်းရံကာလိုက်ကြရ၏၊ မြို့မှထွက်၍ ဇီဝက၏ သရက်ဥယျာဉ်သို့ရောက်သောအခါ မိမိအား တရားဟောတော်မူဘူးသောနေရာကို ကြည့်မြော်၍—

''ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ဤအရပ်၌နေ၍အကျွန်ုပ်အားတရားဟောတော်မူသည်မဟုတ်ပါလော၊ အကျွန်ုပ်ကြောက်လန့်ညှိုးပိန် စိုးရိမ်ခြင်းဟည်းဟူသောငြောင့်ကို နုတ်ပယ်တော်မူပေသည် မဟုတ်ပါလော၊ အကျွန်ုပ်သည် ဘခင်ဆယ်ဆ လွန်မဂ်အောင် ညွတ်ခ

မပြတ် ဆည်းကပ်ပါသည်မဟုတ်လော၊အကျွန်ုပ်အား စကား
တို့ပြန်တခွန်းသံမျှ လှန်၍မမိန့်ပါပြီတကား''—
ဟုဆို၍ အဘန်တလဲလဲငိုကြွေး၏။

''ဘုရားသခင်သည် တပါးသောအခါ၌ သံဃာများစွာ ခြံရံ
လျက် နိုင်ငံအသီးသီး ပြည်ကြီးအရပ်ရပ် လှည့်ပတ်ကြွကာ
ဒေသစာရီ ဖြန့်ချီတော်မူသည်ကိုကြားရပါသည်၊ယခုမှာကား-
သုံးပါးဘုံ့ရွာ တခါမပြန် ပြည်နိဗ္ဗာန်သို့ စံတော်မူခြင်း သတင်း
မျှသာ ကြားရပါတော့သည်''—

ဤသို့စသည်ဖြင့် တသမြည်တမ်းကာ ခြောက်ဆယ်သော ဂါထာ
ကို သာယာစွာကျူးရင့်၏၊

ထိုနောက်တဘန် ကြံပြန်သည်ကား-''ငါသည်ငိုကြွေး၍သာ နေသ
ဖြင့် အခွင့်မပြည့်စုံရာချေ၊အမွေအနှစ်ဖြစ်သောဓာတ်တော်များကိုသွား
၍ ဆောင်ဦးမှသင့်မည်''ဟု ကြံလျက် မလ္လာမင်းတို့ထံသို့ တမန်စေ
လိုက်၏၊ ''အဆွေ မလ္လာမင်းတို့....ရွှေဘုန်းတော်သခင် အရှင်ဘုရား
သည် မဟာသမ္မတမင်းမှစ၍ အသမ္ဘိန္န ခတ္တိယဝံသာ မြတ်လှစွာသော
မင်းမျိုးပေတည်း၊ငါတို့လည်း ထိုနည်းသက်ဆင်းသော မင်းမျိုးဖြစ်ရ
ကား ဘေးတော်ဘိုးလောင်း မင်းကောင်းတို့၏ ဓာတ်ကို ဆည်းကပ်
ကော်ရော် ပူဇော်ချီးမြှင့်အပ်ပေသည်၊ ထို့ကြောင့် ကိုယ်တော်ဘုရား
ဓာတ်မွေများကို ငါတို့အဘို့ရထိုက်ပါသည်၊စေတီတည်၍ ကိုးကွယ်ပါ
မည်၊ဓာတ်တော်ကို ငါတို့အား ခွဲဝေပါ''ဟု တမန်စေလိုက်၏။

ကပိလဝတ်ပြည်၌နေကုန်သော သာကီဝင်မင်းတို့သည်လည်း ကုသိ
နာရုံပြည်၌ ဘုရားမြတ်စွာ ခေမာအမတံ ပြည်နိဗ္ဗာန်သို့ စံလွန်တော်မူ
ကြောင်း သတင်းစကားကိုကြား၍ မလ္လာမင်းများတို့ထံသို့ တမန်စေ
လိုက်သည်ကား''မလ္လာမင်းများတို့....ဘုရားမြတ်စွာသည် ငါတို့အမျိုး
ဆက်တွင် အမြတ်ထက်အမြတ်ဆုံးဖြစ်ပါသည်၊အမွေအနှစ်ကို စင်စစ်
ငါတို့ခံထိုက်ပါသည်၊ ထို့ကြောင့် ဓာတ်တော်များကို ငါတို့အား
အဘို့ပေးပါ၊ ငါတို့ပြည်၌ စေတီတည်၍ ကိုးကွယ်လိုပါသည်'' ဟု
စေလိုက်၏။

အလ္လကပ္ပပြည်၌ နေကုန်သော ဗလအမည်ရှိသော မင်းတို့သည်၎င်း, ရာမရွာ၌နေကုန်သော ကောလိယမင်းမျိုးတို့သည်၎င်း, ဝေဌဒီပတိုင်း၌ နေကုန်သော ပုဏ္ဏားတို့သည်၎င်း, ပါဝါပြည်၌နေကုန်သော မလ္လာမင်းတို့သည်၎င်း၊ ထိုနည်းမသွေ တမန်စေ၍ ဓာတ်မွေတော်ကို တောင်းကြကုန်၏၊ တမန်စေ၍ မျှားမကြာပင် အဇာတသတ်မင်းသည် စစ်သည်ဗိုလ်ပါတို့ကို များစွာရုံးစု၍ "ငါတမန်စေတိုင်း ပေးသော်လည်းပေးစေ၊ မပေးနေမူ ပြည်အလုံးကို ပျက်ပြုန်းကွဲပြား ထွားထွားညက်ညက် နှိပ်စက်ဖျက်ဆီး၍ ကြီးမြတ်တော်မူသော ဘုန်းတော်သခင် အရှင်ဘုရား၏ ကိုယ်စားတော်ဓာတ်မွေကို ဆောင်ယူချေအံ့"ဟု အကြံပြု၍ အမြန်တိုင်းခရိုင်မှ ကိုယ်တိုင်ချီထွက်လေ၏။

ကုသိနာရုံပြည်သို့ ရောက်သောအခါ မြို့ကိုဝန်းရံကာနေ၏၊ ဝေသာလီမင်း, ကပိလဝတ်မင်းအစရှိသော ခုနစ်ပြည်ထောင်သော မင်းတို့သည်လည်း ထိုနည်းအတူ စစ်ချီ၍ ပြည်ကိုဝန်းရံလေကုန်၏၊ ထိုသို့ရံပြီးမှ တမန် အကြပ်အတည်း စေလွှတ်ကြ၏၊ "ဘုရားရှင်၏ ဓာတ်တော်ကိုလည်း ပေးအံ့လော၊ စစ်သော်တည်း ထိုးအံ့လော"ဟု စေ၏။

ထိုစကားကိုကြားသောအခါ မလ္လာမင်းတို့ကလည်း ဤသို့မြွက်ကြား၍ စကားပြန်လိုက်၏၊ "ဘုရားသခင်သည် သင်တို့ပြည်၌နေရာဝယ် ငါတို့ ပင့်ခေါ်သည်လည်း မဟုတ်၊ သတင်းစကားမျှ မှာထားလိုက်သည်လည်းမဟုတ်၊ အလိုလိုသာ ကြွရောက်လာ၍ ငါတို့ပြည်တွင် နိဗ္ဗာန်ခွင်သို့ စံဝင်တော်မူသည်၊ ငါတို့ ကိုးကွယ်ထိုက်၍သာ ရသည်၊သင်တို့ပိုင်သော ဂါမခေတ်၌ တစုံတခုသော ရွှေ,ငွေ,ရတနာ ဖြစ်ထွန်းလာသော် ငါတို့အား သင်တို့မပေးကုန်ရာ၊ လောကသုံးရွာ၌ မြတ်စွာဘုရားနှင့်တူသောရတနာမရှိ၊ ထိုသို့ အသဒိသဖြစ်သော ရတနာကို ငါတို့အဘယ့်ကြောင့် သင်တို့အားပေးရအံ့နည်း၊ သင်တို့သာလျှင် ကြည်ရွှင်နှစ်မြို့ မိခင်နို့ကို သောက်စို့ရသလော၊ ငါတို့မူကား—အမိနို့ကို မစို့ရသလော၊ သင်တို့အားသာ ယောကျ်ားစင်စစ်ဖြစ်သလော၊ ငါတို့မူကား ယောကျ်ားမဟုတ်သလော၊ သင်တို့သာလျှင် တည်ကာဇီဝိ အသက်ရှိသလော၊ ငါတို့မူကား—ထင်ရှားတည်ကာ ခန္ဓာကိုယ်အိမ် ဇီဝိန်နှင့်ကို အသက်မရှိသလော၊ ဖြစ်လိုသပျှ ဖြစ်ရပစေ၊စိန္တေဘုန်းမော် ဓာတ်ငွေ

တော်ကို ပူဇော်အံ့၄ါ နှဲ့ဝေကာဖြင့် ငါတို့မပေး''ဟု ကျုံးဝါးသံပ၍ မာန်မာနကို မချသဲ့သော ပြောဆိုကာဖြင့်လျှင်စွာဟမန် ပြန်စေလိုက်၏။

[ထိုမင်းတို့သည် အချင်းချင်းပင် အကယ်၍ စစ်ထိုးငြားအံ့၊ မလ္လာမင်းအများတို့သာ အောင်သိရာ၏၊ အဘယ်ကြောင့်နည်းဟူမူကား-ဓာတ်တော်ကို ပူဇော်ခြင်းငှါ လာကုန်သော နတ်တို့သည် မလ္လာမင်းတို့၏ အသင်းအပင်းသာ ဖြစ်သော ကြောင့်တည်း။]

---

## ၂၀။ ဒေါဏပုဏ္ဏားဓာတ်တော်ဝေခြင်း

မင်းတို့သည် အချင်းချင်းစုရုံး၍ ကျုံးဝါးသံပ ငြင်းခုံကြရာတွင် ဒေါဏအမည်ရှိသော ပုဏ္ဏားသည်လာ၍ သင့်ရာအရပ်က နေလျက် နှစ်ဘာဏဝါရခန့်ရှိသောစကားဖြင့်ကျုံးဝါး၍ တရားပြသ ဩဝါဒဖြင့် ဆုံးမပြောကြား၏၊ ထိုနှစ်ဘာဏဝါရတို့တွင် ပဌမဘာဏဝါရကိုကား- ငြင်းသံများ၍ မကြားလိုက်ရကုန်၊ ဒုတိယဘာဏဝါရ အဆုံး၌သာ ငါတို့ဆရာ၏ အသံကဲ့သို့ထင်သည်-ဟု အလုံးစုံသော မင်းတို့အသံ အမြန်ဆိတ်ငြိမ်လေ၏။

ထိုဒေါဏပုဏ္ဏားကား- ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ထင်ရှားသော မင်းပုဏ္ဏားတို့သည် တပည့်မဖြစ်ဘူးသောသူမည်သည် မရှိ၊ ဖြစ်ဘူးဘိ လေသည်သာတည်း၊ထို့ကြောင့် ဆရာကိုရှိသေခြင်းဖြင့် ထိုမင်းတို့အသံ ဆိတ်ငြိမ်လေသည်၊ထိုသို့အသံဆိတ်ငြိမ်သောအခါ ဆရာဒေါဏပုဏ္ဏား လည်း မင်းအများကို ဆုံးမလို၍—

သုဏန္တု ဘောန္တော မမ ဧကဝါစံ အမှာကံ ဗုဒ္ဓေါ အဟု
ခန္တိဝါဒေါ-

အစရှိသော ဂါထာကိုဆို၏။

ထိုဂါထာ၏မြန်မာအဓိပ္ပါယ်ကား-"မင်းအများတို့....ငါတို့ဆရာ မြတ်စွာဘုရားသည် ဘုရားမဖြစ်မီ ပါရမီကိုဖြည့်တော်မူစဉ် ခန္တိဝါဒ ရှင်ရသေ့ဖြစ်တော်မူသောအခါ၌၎င်း၊ ဓမ္မပါလမင်း ဖြစ်သောအခါ, မဟာသီလဝမင်းဖြစ်သောအခါ, ဘူရိဒတ်နဂါးမင်း, စမ္ပေယျနဂါးမင်း,

သင်္ပါလနဂါးမင်းဖြစ်သောအခါ, မဟာကပိလမျောက်မင်း ဖြစ်သော အခါတို့၌ငှင်း၊ထိုမှတပါး များစွာသောဇာတ် ဘဝတို့၌ငှင်း၊ သူတထူး တို့အား အမျက်မထွက်မူ၍ သည်းခံခြင်းကိုသာ ပြုလေ့ရှိပါသည်၊ ခန္တီပါရမီကိုသာအမြတ်-ဟု ချီးမွမ်းပါသည်၊ယခုအခါမူကား-အဘယ်မှာဆိုဘွယ်ရာရှိချေတော့အံ့နည်း၊ ကိုယ်တော်အသက်ကိုနှိပ်စက်ဖျက်ဆီးအံ့သောဒေဝဒတ်ကိုလျက်စုံမကသနားတော်မူသေးသည်၊ဤသို့ကျင့်တတ်မြတ်လှသော ဘုရားသခင်၏ဓာတ်တော်ကိုပူဇော်လိုခြင်းတည်းဟူသော အကြောင်းကြောင့် မကောင်းမှုဖြစ်ပွါးအောင် ခိုက်ရန်များခြင်း, စစ်ထိုးခြင်းငှါ မသင့်ရာချေတကား၊ဘုရားရှင့်ထံ သက္ကစွံအမွှန် ဂါရဝံဖြင့် ကျိုးနွံဆည်းကပ်သော ဥပါသကာချည်းသာတကား၊အညီအညွတ်သာ ဖြစ်ကြပါကုန်လော့၊ အချင်းချင်းချစ်ခင်လျက် အရှင်မြတ်ဓာတ်တော်ကို ပူဇော်ပြီးခါ သင်္ဂါကြည်ညို ရှိသေမြတ်နိုး တပ်ဝပ်လျှိုး၍ ကိုးကွယ်ကြကုန်လော့၊ တညီတမျှ ကိုးကွယ်ရအောင် အဌဘာဂပြု၍ ကျွန်ုပ်ဝေဘန်ပါအံ့''ဟု ဆို၍ ဖြေဖြန်၏။

ထိုစကားကိုကြားကြရမှ ဒေါဏာပုဏ္ဏားရှိရာသို့လာ၍ ''ဆရာပင်ဝေဘန်ပါလော့''ဟု အပ်နှင်း၏၊ ဒေါဏာပုဏ္ဏားလည်း ထိုမင်းတို့၏ စကားကိုကြားရလျှင် ဓာတ်တော်ကိုဝေခြင်းငှါ ရတနာကိုးပါးတို့ဖြင့် စီခြယ်အပ်သော ရွှေအိုးကို ဖွင့်လှစ်သော် ရှစ်စိတ်ပမာဏရှိလျက် ရွှေအတိပြီးသော ဓာတ်တော်ကိုမြင်သဖြင့် ''သခင်ဘုရား၏ ရွှေသားအဆင်းနှင့်တူသော ကိုယ်တော်ကိုသာ ဖူးရမြဲဖြစ်ပါလျက် ယခုမူကား-ဓာတ်တော်များကိုသာ မြင်ရပါတော့သည်တကား''ဟု မင်းရှစ်ဦးတို့ များစွာဆို၍ ငိုကြွေးကြကုန်၏။

မင်းရှစ်ဦးတို့ ထိုကဲ့သို့ ငိုကြွေးကြကုန်၍ မေ့လျော့စဉ်အခါဝယ် ဒေါဏာပုဏ္ဏားသည် လက်ျာစွယ်တော်ကိုယူ၍ မိမိဦးရစ်ကြား၌ ဝှက်ထား၏၊ထို့နောက်မှ ရှစ်စုအမျှပြု၍ ဝေဘန်၏၊တစု,တစုလျှင် ပြကတေ့သော ကွမ်းစားဖြင့် တဆယ့်ခြောက်ကွမ်းစားစီရ၏၊ ငါတို့မြန်မာဝေါဟာရဖြင့် တစိတ်ရှိသည်။

ပုဏ္ဏားဓာတ်တော်ကို ဝေဘန်စဉ်လျက် နတ်ဘုရင်ဖြစ်သောသိကြားမင်းသည် လက်ျာစွယ်တော်ကို အဘယ်သူရသနည်း-ဟု ကြည့်ရှုသော်

ဒေါဏပုဏ္ဏားၡ ဦးပေါင်း ဦးရစ်ကြား၌ ဝှက်ထားသည်ကိုမြင်၍ ဤပုဏ္ဏားသည် အရှိအသေကိုးကွယ်နိုင်မည်လောဟု ကြည့်ရှုပြန်လျှင် မကိုးကွယ်နိုင်အံ့သည်ကိုမြင်၍ နတ်တို့၏ အာနုဘော်ဖြင့် စွယ်တော်ကိုယူ၍ စူဠာမဏိစေတီ၌ ဌာပနာလေ၏။

ဒေါဏပုဏ္ဏားလည်း ဓာတ်တော်ကို ဝေဘန်ပြီးသောကာလ မိမိဝှက်ထားသော ဓာတ်တော်ကို ကြည့်ရှုစမ်းသပ်လျှင် မတွေ့မမြင်ဘိရကား မိမိဝှက်ထားသောကြောင့် သူတပါးကိုလည်း မမေးသာ၊ ငါ၏အဘို့ကိုပေးဦး-ဆိုရမည်လည်း မိမိဝေသူဖြစ်သောကြောင့် မသင့်ရကား "အို-မင်းအများတို့····ငါ့အား ဓာတ်တော်ထည့်သော ရွှေအိုးကိုသာပေးကုန်လော့"ဟုတောင်း၏၊ ဓာတ်တော်ခြင်သော စရွတ်ခွက်ကိုသာပေးကုန်၏၊ပုဏ္ဏားလည်း ထိုစရွတ်ခွက်ကိုပင် ဓာတ်တော်ကဲ့သို့ထင်မှတ်လျက် မိမိမြို့တွင်စေတီတည်၍ ကိုးကွယ်လေ၏။

ထို့နောက်မှ ပိပ္ပလိဝန၌နေကုန်သော မောရိယမင်းတို့သည် ယခင်ခုနစ်ပြည်ထောင်သော မင်းတို့ကဲ့သို့ မလ္လာမင်းတို့ထံ တမန်စေလွှတ်၍ ထွတ်မြတ်သော ဓာတ်တော်ကို ပူဇော်အံ့သောငှါ တောင်းစွာတောင်းလာ၏၊ မလ္လာမင်းတို့ကလည်း "ဓာတ်တော်ကို ဝေဘန်၍ကုန်ချေပြီ၊ အလောင်းတော်ကို သင်္ဂြိုဟ်သော စန္ဒကူးမီးသွေးသာ ကြွင်းပါတော့သည်၊ ဤမီးသွေးကိုသာ သဒ္ဓါကြည်ဖြူ ပူဇော်မြတ်နိုး ကိုးကွယ်ခြင်းပြုပါလော့"ဟု ပေးလိုက်၏။

ထိုမောရိယမင်းတို့လည်း ကျန်ကြွင်းသော စန္ဒကူးမီးသွေးကိုပင် ဓာတ်တော်ထင်၍ ကြည်ရွှင်လှစွာ သဒ္ဓါရွှင်ရွှ ပဏာမတင်ချီရန် စေတီတည်၍ ကိုးကွယ်ကြကုန်၏။

ဤသို့လျှင် ဘုရားသခင်သည် လူတွင်မှတ်စစ် သက္ကရာဇ်၁၂၈-ခုရတုဂိမှ ကဆုန်လပြည့် အင်္ဂါနေ့ရက် နံနက် မိုးသောက်ယာမ်တွင် နိဗ္ဗာန်ဝင်တော်မူ၏၊ ပြည်သူပြည်သား အများသံဃာတော်အပေါင်းတို့ အလောင်းတော်ကို ပူဇော်သက္ကာရပြုကြသော ပဋမခုနစ်ရက်သည် သာဓုကီဠနသတ္တာဟမည်၏။

ထို့နောက်သင်းချိုင်းတော်သို့ပင့်ဆောင်၍ စန္ဒကူးထင်းစင်သို့တင်ပြီးမှ မီးလောင်ရုံသည့်တိုင်အောင်သော ခုနစ်ရက်သည် စိတကသတ္တာဟမည်၏။

ထို့နောက် ဓာတ်တော်ကိုပူဇော်သကာဖြင့် များစွာချီးမြှောက်လျက်ရှစ်ယောက်သောမင်းတို့ကိုဝေဘန်သည့်တိုင်အောင်သော ခုနစ်ရက်သည် ဓာတုပူဇာသတ္တာဟမည်၏။

ဤသို့ သတ္တာဟအကုန် နယုန်လဆန်းငါးရက် တနင်းလာနေ့တွင် ဓာတ်တော်ကို ဝေဘန်၍ ပြီးဆုံးသတည်း။

ဤသို့ပင်လျှင် ဘုရားရှင်သည် ပြည်ခွင်အမတ နိဗ္ဗာနသို့ မြန်းကြွဝင်ခဏ်း ဝတ္ထုကျမ်းသည် ရှင်လန်းစွာပ နိဋ္ဌိတမြောက် ပြီးဆုံးခြင်းသို့ရောက်သတည်း။

ဗုဒ္ဓ-ရွှေပြည်ဝင် ပြီး၏။

---

## အဂ္ဂသာဝကရွှေပြည်ဝင်

[ပဌမသာဝက ဓမ္မသေနာပတိ မည်ရှိပေါ်ထင် အရှင်သာရိပုတ္တရာ မဟာထေရ်ကျော် လက်ျာတော်ရံအဂ္ဂသာဝက တပည့်ကြီးသည်၎င်း, ဒုတိယသာဝက နာမကျော်ဟိုး တန်ခိုးထင်ပေါ် လက်ဝဲတော်ရံ အဂ္ဂသာဝက တပည့်ကြီးသည်၎င်း မြတ်စွာသံခင် ဘုရားရှင်သည် ပြည်ခွင်အမတ စံမကြွခင် အသန်တ မြတ်လှသောလမ်း နိဗ္ဗာန်နန်းသို့ ဖြန့်မြန်းတော်မူသော်လည်း ဘုန်းတော်ကြီးလှ မြတ်ဗုဒ္ဓကို ပဌမပင် ရေးစီရင်၍ အရှင်နှစ်ပါး တပည့်အားကို ဘုရားစံကြွ နောက်တော်မှပင် အညီယှဉ်၍ စီစဉ်ရေးထည့် ပါအံ့သတည်း။ ။ဤကဲ့သို့ ရေးသား၍စကားထည့်သွင်းလိုက်ခြင်းသည် ဤ(ရွှေပြည်ဝင်ဝတ္ထု) ကိုကြည့်ရှုသော သူတော်ကောင်းအများတို့ ဘုရားသခင် ရှေးဦးပင်လျှင် ပရိနိဗ္ဗာန် စံယူတော်မူလေသလော၊ အဂ္ဂသာဝက တပည့်နှစ်ပါးသည် ဘုရားသခင်၏နောက်မှပင် ပရိနိဗ္ဗာန်စံယူတော်မူကြလေသလောဟု တွေးတောယုံမှားခြင်း ကင်းပစေခြင်း အကျိုးငှါ ရေးသား ထည့်သွင်းလိုက်ပါသတည်း။]

## ၂၉။ လက်ျာတော်ရံ ရှင်သာရိပုတ္တရာ မထေရ်မြတ် ပရိနိဗ္ဗာန် စံဝင်တော်မူခဏ်း

မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် စံပျော်တော်မူသောအခါ အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားအား ဝတ်ပြု၍ဆွမ်းခံရာမှ ဘဲခဲ့ပြီးသော် နေ့သန့်တော်မူမြဲ ဖြစ်သောအရပ်၌ သမာပတ်ဝင်စားတော်မူ၏၊ ထိုသမာပတ်မှထပြီးသော် ဤသို့အကြံတော်ဖြစ်၏၊ "ဘုရားသခင်တို့သည် ရှေးဦးစွာ နိဗ္ဗာန်ဝင်ကုန်သလော၊အဂ္ဂသာဝကတို့သည် ရှေးဦးစွာ နိဗ္ဗာန်ဝင်ကုန်သလော"ဟု အကြံဖြစ်တော်မူ၏၊

ထိုအခါ အဂ္ဂသာဝကတို့သည် ရှေးဦးစွာ နိဗ္ဗာန်ဝင်မြဲဖြစ်သည်ဟု သိ၍ မိမိ၏ အာယုသင်္ခါရကိုဆင်ခြင်သော် ခုနစ်ရက်အတွင်း၌သာလျှင် ငါ၏အာယုသင်္ခါရသည်ဖြစ်လတ္တံ့ဟု သိ၍ အဘယ်အရပ်၌ပရိနိဗ္ဗာန်ပြုရအံ့နည်းဟု ကြံပြန်သော် ဘုရားသခင် တပည့်တော်ကြီးဖြစ်သော အရှင်ကောဏ္ဍညသည်လည်း ဟိမဝန္တာတော မန္ဒာကိနီအိုင်၏အနီး၌ ပရိနိဗ္ဗာန်ပြုလေ၏၊သားတော် ရာဟုလာသည်လည်း တာဝတိံသာနတ်ပြည်၌ ပရိနိဗ္ဗာန်ပြုလေ၏၊ငါမူကား-အရပ်တပါး၌ပရိနိဗ္ဗာန်ပြု၍ မသင့်ချေ၊ငါ၏မယ်တော်သည် သားလေးယောက်, သမီးသုံးယောက်အား ဖြင့်ခုနစ်ပါးသောရဟန္တာတို့၏အမိဖြစ်လျက် ဘုရား,တရား,သံဃာတို့၌ မကြည်ညို၊ထိုငါ့မယ်တော်အား ဤဘဝ မဂ်ဖိုလ်ရအံ့သောအကြောင်း ရှိပါသလော-ဟု တွေးတောဆင်ခြင်ပြန်သော် သောတာပတ္တိဖိုလ်၏ ဥပနိဿယကိုမြင်သဖြင့် ငါ့မိခင်အား ငါမှတပါး အမြိုက်တရားကို ပေးအံ့သောသူမရှိပြီ၊ဤကိစ္စ၌ ငါကြောင့်ကြမဲ့ဖြစ်ချေအံ့၊ အရှင်သာရိပုတ္တရာသည် တပါးသောသတ္တဝါတို့၏ ကိုးကွယ်ရာသာဖြစ်နိုင်၏၊ မယ်တော်၏မှားသော အယူဝါဒကိုပယ်ချခြင်းငှါ မတတ်နိုင်ပါဟု အများဆိုရာဖြစ်ပေလတ္တံ့၊ထို့ကြောင့် မယ်တော်၏ မိစ္ဆာဝါဒကင်းစိမ့်သောငှါ ငါဘွားရာတိုက်ခန်း၌ပင်လျှင် ပရိနိဗ္ဗာန်ပြုအံ့ဟု ကြံစည်ဆုံးဖြတ်၍ ယနေ့ပင်လျှင် ဘုရားသခင်ကိုခွင့်တောင်း၍ ထွက်တော့အံ့ဟု နှလုံးပြုလျက် ညီတော်စုန္ဒကိုခေါ်၍"ငါ့ရှင်စုန္ဒ…မိဘတို့ရွာသို့သွားကြကုန်အံ့၊ရဟန်းငါးရာတို့အား အမှတ်သညာကိုပေးလော့"ဟု ဆို၏။

ထိုအရှင်စုန္ဒလည်း အရှင်သာရိပုတ္တရာ၏ တပည့်ငါးရာတို့အား "ငါ့ရှင်တို့…သပိတ်,သင်္ကန်းကိုဆောင်၍ လာလတ်ကုန်လော့၊အရှင်သာရိပုတ္တရာလည်း နာဠကရွာသို့ကြွတော်မူလို၏"ဟု ကြားပေ၏၊ ငါးရာသောရဟန်းတို့သည် သပိတ်,သင်္ကန်းကိုပြင်ဆင်လျက်သာ ရှင်သာရိပုတ္တရာထံသို့ကပ်ကြကုန်၏၊ ရှင်သာရိပုတ္တရာလည်း ထိုရဟန်းငါးရာခြံရံလျက် ဘုရားရှင်ထံသို့ကပ်ပြီးသော် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား…အကျွန်ုပ်အား ခွင့်ပြုတော်မူပါ၊အကျွန်ုပ်သည်အာယုသင်္ခါရလွှတ်ချိန်တန်ပါပြီ"ဟု လျှောက်၏။

ဘုရားသခင်လည်း သင်ပရိနိဗ္ဗာန်ပြုလေတော့-ဟု မိန့်တော်မူချေသော် သေခြင်း၏ကျေးဇူးကို ချီးကျူးတိုက်တွန်းရာ ကျလိမ့်မည်၊ ပရိနိဗ္ဗာန်မပြုလင့်ဟု မိန့်တော်မူလျှင်လည်း အမြိုက်တရားကို ဆီးတားပိတ်ပင်ရာကျချိမ့်မည်ဟု နှလုံးပြု၍ ထိုစကားနှစ်ပါးကို မိန့်တော်မမူ၊-"ချစ်သား သာရိပုတ္တရာ…သင်အဘယ်အရပ်၌ ပရိနိဗ္ဗာန်ပြုအံ့နည်း" ဟု မိန့်တော်မူ၏။

"အရှင်ဘုရား…မဂဓရာဇ်တိုင်း နာဠကရွာ၌ အကျွန်ုပ်ဖွားရာဖြစ်သောတိုက်ခန်း၌ ပရိနိဗ္ဗာန်ပြုပါအံ့"ဟု လျှောက်လေလျှင် ဘုရားသခင်ကလည်း "ချစ်သားသာရိပုတ္တရာ…သင်၏နိဗ္ဗာန်ဝင်ရာကို သင်သာသိနိုင်သည်၊သင်၏တပည့်ကြီး,တပည့်ငယ်တို့သည် သင်ကဲ့သို့သောဆရာကို ဖူးမြင်ရခြင်းငှါငှါရင်း၊ ဆည်းကပ်ရခြင်းငှါရင်းလွန်စွာရခဲ၏၊ ထို့ကြောင့် တရားဓမ္မ ဩဝါဒကို ပြသမိန့်ဟောဦးလော့"ဟု မိန့်တော်မူ၏။

ထိုအခါ ရှင်သာရိပုတ္တရာလည်း မြတ်စွာဘုရားသခင်သည် ငါ၏တန်ခိုးဘန်ဆင်းခြင်းလျှင် ပတ္တနာရှိသော တရားဒေသနာကို အလိုတော်ရှိချေသည်ဟု သိ၍ ဘုရားသခင်ကိုရှိခိုးလျက် ထန်းတဆင့်မျှသော ကောင်းကင်သို့တက်၍ မြေသို့သက်ဆင်းပြီးလျှင် ဘုရားရှင်၏ ခြေတော်ကို ဦးဖြင့်တိုက်၍ တဘန်ထန်းနှစ်ဆင့်မျှသော ကောင်းကင်သို့တက်ပြန်၍ မြေသို့သက်ပြီးလျှင် ဘုရားသခင်၏ ခြေတော်ကို ဦးတိုက်၏၊ ဤသို့တကြိမ်ထက်တကြိမ် လွန်ကာ, လွန်ကာ ထန်းခုနစ်ဆင့် မြင့်အောင်သော ကောင်းကင်ထက်သို့ပျံတက်၍ ကောင်းကင်ထက်၌ တည်လျက်

အထူးထူးသော တန်ခိုးဘန်ဆင်းခြင်းကိုပြ၍ လူ, ရဟန်း အပေါင်းတို့အား တရားဓမ္မ ဟောပြပေ၏။

ထိုအခါ သာဝတ္ထိပြည်အလုံးသည် ရှန်းရင်းခပ်မျှ စည်းဝေးကြ၏၊အရှင်သာရိပုတ္တရာလည်း ကောင်းကင်မှဆင်းသက်၍ ဘုရားခြေတော်ရင်း၌ ဦးတိုက်ပြီးလျှင်“အရှင်ဘုရား…. အကျွန်ုပ်သွားပါတော့အံ့”ဟု လျှောက်၏၊မြတ်စွာဘုရားလည်း နေရာမှထ၍ ဂန္ဓကုဋိတိုက်၏အပါး ပတ္တမြားစီသော အင်းပျဉ်ထက်၌ ရပ်တော်မူ၏၊ အရှင်သာရိပုတ္တရာလည်း လက်ျာရစ်သုံးကြိမ်လည်၍ ရှိခိုးပြီးသော် “ဘုန်းတော်ကြီးသောမြတ်စွာဘုရား…. ဤကမ္ဘာမှ ပြန်၍ရေသော် တသင်္ချေနှင့်ကမ္ဘာတသိန်း၏အထက်၌ အနောမဒဿီ ဘုရားသခင်၏စက်ပြင်တော်ရင်း၌ဝပ်၍ ကိုယ်တော်မြတ်ကို ဖူးမြင်ရမကြောင်းဖြင့် အကျွန်ုပ်ဆုတောင်းခဲ့ပါသည်၊တောင်းသောဆုသည် ယခုပြည့်ဝ၍အရှင်မြတ်ကိုဖူးမြင်ရပေပြီ၊ တရားဓမ္မ အရသာကိုလည်း ချိုမြိန်စွာ သောက်ရပေပြီ၊ ဤယခုဖူးမြင်ရခြင်းသည်ကား-အဆုံးစွန်သော ဖူးမြင်ရခြင်းပါတည်း၊ တဘန် ကိုယ်တော်မြတ်ကို ဖူးမြင်ခြင်းငှါမလာနိုင်ပြီ၊ ဤရှိခိုးခြင်းသည် အဆုံးစွန်သောရှိခိုးခြင်းပါတည်း၊ယခုနေ့မှ ခုနစ်ရက်လွန်လျှင် လေးလံစွာ ကြီးသောခန္ဓာဝန်ကိုအကျွန်ုပ်ချပါတော့မည်”ဟုလျှောက်၍ဘုရားမြင်လောက်သမျှ ဌာနပတ်လုံး နောက်ဆုတ်သာကြွလေ၍ ဒဿနူပစာရလွန်သောအခါမှ နာဠကရွာသို့ရှေးရှု ကြွတော်မူ၏။

ထိုအခါ မဟာပထဝီမြေကြီးသည် ကြည်းဟည်းလျက် တုန်လှုပ်၏၊ ဘုရားသခင်လည်း အရှင်သာရိပုတ္တရာကိုခြံရံကာနေကုန်သော ရဟန်းတို့အား “ချစ်သားတို့…. သင်တို့အစ်ကိုကြီးကိုလိုက်၍ပို့ကြကုန်လော့”ဟု မိန့်တော်မူ၏၊ရဟန်းပရိသတ်တို့လည်း မြတ်စွာဘုရားတပါးကိုသာခြွင်း၍ အကြွင်းမဲ့ထွက်လေကုန်၏၊ သာဝတ္ထိပြည်သားတို့သည်လည်း အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားကိုခွင့်ပန်၍ နိဗ္ဗာန်ဝင်အံ့သောငှါကြွချေသည်၊ ဤအခါမှ နောက်ကာလ၌ ငါတို့သည်မဖူးမြင်ရကုန်လတ္တံ့ဟု ပန်းနံ့သာလက်စွဲကုန်လျက် ဖြန့်ကြဲသောဆံရှိသည်ဖြစ်၍ ဟစ်ကြွေးငိုရိုကာ လျှင်စွာနောက်ကလိုက်ကြကုန်၏။

အရှင်သာရိပုတ္တရာလည်းမြို့၏ဥပစာအလွန်၌ရပ်တော်မူ၍လူ့,ရဟန်း အပေါင်းတို့အား "အသင်တို့သည် ဘုရားသခင်ကိုလည်း မမေ့ကုန်လင့်၊ သင်္ခါရတရားတို့၏ဖြစ်,ပျက်တတ်သောသဘောရှိသောအဖြစ်ကိုလည်း မမေ့စေကုန်လင့်" ဟု ဩဝါဒပေး၍ ပြန်ကြစေ၏၊ ထိုမှသည် အစဉ်သဖြင့်ကြွတော်မူ၍ ခရီးအကြား၌လူတို့အားတရားပြတော်မူကာ ခုနစ်ရက်ကြာသော ညချမ်းအခါ၌ နာဠကရွာသို့ရောက်၍ ရွာတံခါး အနီး ပညောင်ပင်ကြီးအရင်း၌ ရပ်တော်မူ၏။

ထိုအခါ အရှင်သာရိပုတ္တရာ၏တူဖြစ်သော ဥပရေဝတသည် ရွာ၏ အပသို့ထွက်သွားသည်နှင့် ရှင်သာရိပုတ္တရာကိုမြင်လျှင် ရှင်လန်းမြတ်နိုး ရှိခိုးလျက်ရပ်လင့်၏၊အရှင်မြတ်လည်း ဥပရေဝတကိုခေါ်၍"အချင်း ဥပရေဝတ··သင်၏အဘွားသည် အိမ်၌ရှိပါ၏လော"ဟုမေး၏၊"အရှင်ဘုရား····ရှိပါ၏"ဟု လျှောက်သော်"အသင်မြန်စွာသွား၍ ငါတို့လာသောအဖြစ်ကိုကြားချေ၊ အဘယ်ကြောင့်လာသနည်းဟုမေးလျှင် မိခင် အိမ်၌ ဤညကျိန်းဝပ်လို၍လာသည်၊ ဘွားရာတိုက်ခန်းကို သုတ်သင် ပြင်ဆင်စေလော့၊ ငါးရာသောရဟန်းတို့၏နေရာကိုလည်း ပြင်စေလော့"ဟုဆို၍ စေလိုက်၏။

ထိုဥပရေဝတလည်း အဘွားအိမ်သို့သွား၍"အဘွားကြီး····ငါတို့ ဦးရီးဖြစ်သော ရှင်သာရိပုတ္တရာ ယခုကြွလာသည်"ဟုဆို၏၊ အဘွားကလည်း"ယခုအဘယ်မှာရှိသနည်း"ဟု မေးလျှင် "ရွာပြင်ညောင်ပင်ရင်း၌ ရှိပါသည်"ဟု ဆို၏၊ "ငါ့သားတပါးတည်းလော၊ အခြားသူပါသလော"ဟု မေးပြန်သော် "ရဟန်းငါးရာပါလာသည်" ဟု ဆိုပေ၏၊ အဘယ်ကြောင့်ကြွလာသနည်း"ဟု မေးပြန်လျှင် အရှင်သာရိပုတ္တရာ မှာလိုက်သောအတိုင်း "ယနေ့ည အိမ်တွင် ကျိန်းဝပ်လို သည်၊ ဘွားရာတိုက်ခန်းကိုသုတ်သင်ရမည်၊ ရဟန်းငါးရာတို့၏နေရာကိုလည်း သုတ်သင်ပြင်ဆင်ရမည်-ဟု မှာလိုက်ပါသည်"ဟူ၍ဆို၏။

ကိုစကားကိုကြားသော် မယ်တော်ရူပသာရိပုဏ္ဏေးမလည်း "ဂျမျ လောက်သောရဟန်းတို့၏နေရာကို အဘယ်မှာ သုတ်သင်ရအံ့နည်း၊ ငယ်ရွယ်ပျိုမျစ်သောအခါက ရဟန်းပြု၍ အခုကြီးရင့်သောအခါမှ လူ

ထွက်ခြင်းကို အလိုရှိပြန်လေသလော''ဟု တွေးတောပြည်တမ်းကာ ဘွားရာတိုက်ခန်းကိုရင်း, ငါးရာသောရဟန်းတို့၏နေရာကိုရင်း ပြုပြင်စေ၍ ဆီမီးတိုင်တို့ကို တပြိုင်တည်းညှိထွန်းပြီးလျှင် အရှင်သာရိပုတ္တရာထံသို့စေလိုက်၏၊ အရှင်မြတ်လည်း ရဟန်းငါးရာနှင့်တကွ ပြာသာဒ်သို့တက်၍ ဘွားရာတိုက်ခန်းသို့ ဝင်လျက် နေတော်မူ၏၊ ရဟန်းတို့ကိုလည်း ''သင်တို့နေရာသို့သွားကြကုန်လော့''ဟု လွှတ်လိုက်၏။

ညီတော်စုန္ဒနှင့် မယ်တော်ပုဏ္ဏေးမသာလျှင် အနီး၌တည်၏၊ရဟန်းတို့သွား၍ မျှားမကြာမီလျှင်ကြမ်းတန်းကြောက်မက်ဘွယ်စွာ သွေးအန်သောဝေဒနာသည်ရောက်ခဲ့၏၊ညီတော်စုန္ဒသည်ခွက်ကြီး,ခွက်ငယ်တို့ဖြင့်အလဲအလှယ်ခံ၍သွန်ပေသည်၊ ခံသောခွက်မျှမဆန့်နိုင်အောင်ရှိချေ၏၊ ဝေဒနာကိုအာရုံမပြုဘဲ သည်းခံပါသော်လည်း တက်ဆန်လာသောကြောင့် ရေပွက်မှုတ်သကဲ့သို့ တရှုတ်ရှုတ်ပျို့အန်၏၊ ထိုအခါရူပသာရီမည်သော မယ်တော်ပုဏ္ဏေးမသည် ''သား၏ဖြစ်ရအင်ကို မိခင်မမြင်ဝံ့ပြီ''ဟု ရင်ကိုလက်ဆုပ်ဖြင့် ပုတ်ခတ်လျက် တံခါးကိုမှီ၍ရပ်၏။

စတုမဟာရာဇ် နတ်မင်းတို့လည်း ထိုအကြောင်းကိုသိ၍ လျင်စွာလာပြီးလျှင် အရှင်သာရိပုတ္တရာ၏ ခြေတော်ကို ဆုပ်နယ်၏၊ ''အသင်တို့အသူနည်း''ဟုမေးလျှင် ''အရှင်ဘုရား....စတုမဟာရာဇ်နတ်မင်းတို့ပါတည်း''ဟု လျှောက်ကြကုန်၏၊''အဘယ်အလို့ငှါ လာသနည်း'' ဟုမေးလျှင်''အရှင်မြတ် နာသည်ကို လုပ်ကျွေးခြင်းငှါလာပါသည်'' ဟု လျှောက်၏၊ အရှင်သာရိပုတ္တရာလည်း ငါ့အားလုပ်ကျွေးသူရှိပြီ၊ သွားကြကုန်လော့''ဟုဆို၍ လွှတ်လိုက်၏။

ထို့နောက်သိကြားမင်းသည် ရောက်လာ၍ စတုမဟာရာဇ်နတ်မင်း၏အတူပြု၏၊ထို့နောက်သုယာမနတ်မင်း,ထို့နောက်စုဥ္စရဇ္ဇနတ်မင်း, ထို့နောက် ဗြဟ္မာမင်းတို့လာ၍ စတုမဟာရာဇ်နတ်တို့၏အတူပြုပေ၏၊ မယ်တော်ပုဏ္ဏေးမသည် နတ်ဗြဟ္မာတို့၏ လာခြင်း, သွားခြင်းကို မြင်လျှင် ဤသူများတို့သည် ငါ့သားကိုရှိခိုးကာ အဘယ်အကြောင်းကြောင့်သွားပါလိမ့်မည်နည်း''ဟု ကြံ၍ သားတော်ထံကပ်ပြီးသော်''ချစ်သားစုန္ဒ....အကြောင်းအသို့နည်း'' ဟု မေး၏၊ အရှင်စုန္ဒကလည်း နတ်,

ဗြဟ္မာတို့ လာသောအကြောင်းကို ပြန်ပြောပြီးလျှင် ''အရှင်ဘုရား.... မယ်တော်ဖြစ်သော ဒါယိကာမကြီးသည် အနီးသို့လာပါသည်''ဟု လျှောက်၏။

အရှင်သာရိပုတ္တရာလည်း ''အခါမဟုတ်သည်၌ အဘယ်ကြောင့် လာသနည်း''ဟုမေး၏၊ မယ်တော်က ''ချစ်သားကိုဖူးမြင်ခြင်းငှါ ရောဂါသက်သာကြောင်း,မသက်သာကြောင်းကို သိလိုခြင်းငှါလာပါသည်'' ဟုဆို၏၊ ''ချစ်သား....ကိုယ်အရောင်အဝါ တင့်တယ်စွာဖြင့် ရှေးဦးစွာလာသောသူတို့သည် အဘယ်သူတို့နည်း''ဟုမေး၏၊ ''ဒါယိကာမကြီး....စတုမဟာရာဇ်နတ်မင်းကြီးတို့တည်း''ဟုဆိုလျှင် ''ချစ်သား... သင်ချစ်သားသည် နတ်မင်းကြီးလေးပါးထက် ကြီးမြတ်သလော''ဟု မေး၏။

''ဒါယိကာမကြီး.. ထိုနတ်မင်းကြီးလေးယောက်တို့သည် အရံစောင့်နှင့်သာတူ၏၊ ငါတို့ဆရာ မြတ်စွာဘုရားသည် ပဋိသန္ဓေယူသည်မှစ၍ သန်လျက်စွဲလျက် စောင့်ရကုန်သည်၊ တပည့်သာဝကတို့ကိုလည်း ထိုနည်း စောင့်ရကုန်သည်''ဟု ဆိုပေသော် ''ချစ်သား....ထို့နောက်လာသောသူတို့ကား-အဘယ်သူတို့နည်း''ဟုမေးပြန်၏၊''မယ်တော်....နတ်တို့ကိုအစိုးရသော သိကြားမင်းပေတည်း''ဟုဆိုသော် ''ထိုသိကြားမင်းထက်လည်း ချစ်သားသည် ကြီးမြတ်သလော''ဟု မေးပြန်၏။

''မိခင်....ဤသိကြားမင်းသည် သပိတ်,သင်္ကန်းကို ဆောင်ယူသော လူသာမဏေငယ်နှင့်သာတူ၏၊ငါတို့ဆရာမြတ်စွာဘုရားသည် တာဝတိံသာမှ ဆင်းသက်တော်မူသောအခါ သပိတ်,သင်္ကန်းဆောင်ယူခဲ့လိုက်ရ၏''ဟု ဆိုပေသော် ''ချစ်သား....ထို့နောက် ပြောင်ပြောင်တောက်သောကိုယ်အလျှံအဝါဖြင့်လာ၍ ခစားလတ်သည်ကား-အဘယ်သူနည်း''ဟု မေးပြန်၏၊ ''ဒါယိကာမကြီး....ဒါယိကာမကြီးတို့၏ ကိုးကွယ်သော ဆရာ ဘုန်းအာနုဘော် ကြီးကျယ်စွာသော ဗြဟ္မာမင်းတို့တည်း''ဟု ဆိုပေသော် ''ချစ်သား...သင်သည် ငါတို့ဆရာဗြဟ္မာမင်းကြီးတို့ထက်လည်း မြတ်သလော''ဟု မေး၏။

''ဒါယိကာမကြီး....ထိုဗြဟ္မာကြီးတို့သည် ငါတို့ဆရာ မြတ်စွာဘုရား ဘွားတော်မူသည့်နေ့ပင် ရတနာရွှေကွန်ယက်ဖြင့် ကိုးရကုန်

သည်၊ ဥပါသကာပရိသတ်ကဲ့သို့ ဖြစ်ကုန်သည်”ဟု ဆိုပေ၏၊ ထိုအခါ၌ ရူပသာရီမယ်တော်က ငါ့သား၏အာနုဘော် ကြီးမြတ်ပေစွ၊ စင်စစ် သော်ကား-ငါ့သား၏ဆရာဖြစ်သော ဘုရားသခင်၏ ဘုန်းအာနုဘော်မှာ အဘယ်ဆိုဘွယ်ရာရှိတော့အံ့နည်း-ဟု ကြံမိ၍ ငါးရပ်သောပီတိတို့ဖြင့် ကိုယ်အလုံးကိုပျံ့နှံ့လေ၏။

အရှင်သာရိပုတ္တရာသည်လည်း ငါ၏မယ်တော်အား များစွာသောနှစ်သက်ဝမ်းမြောက်ခြင်းသည်ဖြစ်၏၊ ဤယခုအခါ၌ကား-တရားဟောခြင်းငှါသင့်ပြီ-ဟု ကြံပြီးလျှင် “မိခင်….အဘယ်သို့ နှလုံးထားသနည်း”ဟု မေး၏၊ “ငါ့သား၏ဂုဏ်ကျေးဇူးကို ရှေးဦးစွာမိခင်အောက်မေ့ပြီးမှ ငါ့သားဆရာကား-အဘယ်ဆိုဘွယ်ရာရှိတော့အံ့နည်းဟု နှလုံးပြု၍ နှစ်သက်ဝမ်းမြောက် အောက်မေ့ပါသည်”ဟု ပြောလေသော်“မယ်တော်….ငါ၏ဆရာမြတ်စွာဘုရားသည် ဘွားတော်မူသောအခါ၌၎င်း, တောထွက်တော်မူသော အခါ၌၎င်း, သဗ္ဗညုတဉာဏ်ကိုရတော်မူသော အခါ၌၎င်း,ဓမ္မစကြာတရား ဟောကြားတော်မူသောအခါ၌၎င်း, တသောင်းသောလောကဓာတ်တို့ ပဲ့တင်ထပ်မျှတုန်လှုပ်သည်၊ သီလ,သမာဓိ,ပညာအရာ၌၎င်း၊ အရဟတ္တဖိုလ်စိတ်၌၎င်း၊ဉာဏ်အမြင်၌၎င်း ဘုရားသခင်နှင့်တူသူမရှိပြီ၊ ဣတိပိသော အစရှိသောဂုဏ်ကျေးဇူးအပေါင်းနှင့် ပြည့်စုံတော်မူ၏”။

ဤသို့ဘုရားဂုဏ်နှင့်စပ်သော တရားစကားကို ဟောကြားတော်မူသော် မယ်တော်ရူပသာရီလည်း ဤဒေသနာတော်၏အဆုံး၌ အလုံးစုံသော ဒိဋ္ဌိ,ဝိစိကိစ္ဆာ ကင်းကွာလျက် သောတာပတ္တိဖိုလ်၌တည်၍ “ချစ်သား….အဘယ်ကြောင့် ဤသို့ကောင်းမြတ်သော အမြိုက်တရားကို မိခင်အား ဤမျှလောက်သော ကာလပတ်လုံး မဟောကြားနေဘိသနည်း၊ မိခင်အား ချစ်ခြင်းနည်းသလော”ဟုဆို၏။

ထိုစကားကိုကြားသောအခါအရှင်သာရိပုတ္တရာလည်း ငါ၏အဆင်းအသရေကိုဆောင်ပေတတ်သော မယ်တော်၏ မွေးကျွေးသော နို့ဘိုးကျေးဇူးကို အတူးငါဆပ်ရပေပြီ၊ ဤမျှဖြင့်ပြီးစေတော့အံ့-ဟု ကြံ၍ “ဒါယိကာမကြီး….သွားဦးတော့”ဆို၍ မယ်တော်ကိုလွှတ်လိုက်၏၊

ထိုနောက် ''ငါ့ညီ စုန္ဒ····ဘယ်အချိန်ကျပြီနည်း''ဟုမေး၏၊မိုးသောက်အားကြီးရှိပါပြီ''ဟု လျှောက်သော် ''ငါ့ညီစုန္ဒ····ငါ့ကိုထူလော့'' ဟု မိန့်တော်မူ၏၊အရှင်စုန္ဒလည်း နောင်တော်ကိုမ၍ထစေပြီးသော် ရဟန်းတို့ကိုခေါ်၍ ''ငါ့ရှင်တို့····ငါသည်လေးဆယ့်လေးနှစ်တို့ပတ်လုံး သင်တို့နှင့်အတူတကွ သွားလာကြသည်၊ ထိုမျှလောက်သောအခါ၌ ငါ၏ကာယကံကြောင့်ဖြစ်သော အမူအရာကိုဒင်း, ဝစီကံကြောင့် ဖြစ်သော အမူအရာကိုဒင်း သင်တို့မနှစ်သက်ကုန်အံ့၊ ထိုအမှုကို သည်းခံကြကုန်လော့''ဟု မိန့်တော်မူ၏။

တပည့်တို့ကလည်း''အရှင်ဘုရား·· ဤမျှလောက်သော ကာလပတ်လုံး အရှင်၌ အကျွန်ုပ်တို့မနှစ်သက်ဘွယ်မည်သည် မရှိ၊ အရှင်ဘုရားကသာ အကျွန်ုပ်တို့အား သည်းခံတော်မူပါ၊ကံသုံးပါးဖြင့် ကန်တော့ပါ၏ဘုရား''ဟု လျှောက်ကြားကြကုန်၏၊ အရှင်သာရိပုတ္တရာလည်း တန်ဆောင်မုန်းလပြည့်နေ့ည ပစ္ဆိမယာမ်အချိန်တွင် မယ်တော်အိမ် တိုက်ခန်း၌ ခေါမသက်န်းကို ရုံတော်မူ၍ လက်ျာနံပါးဖြင့် လျှောင်းလျက်ဈာန်သမာပတ်, ဖလသမာပတ်တို့ကို မပြတ် ဝင်စားတော်မူသဖြင့်စတုတ္ထဈာန်၏အထွတ်၌ ဤမြေကိုပဲ့တင်ထပ်စေလျက် ဝိပါက်ကမ္မဇရုပ် အကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် စံဝင်တော်မူ၏။

မယ်တော် ရူပသာရီလည်း မဟာပထဝီလှုပ်သောအခါ အနီးသို့လာ၍ ''ချစ်သားစုန္ဒ··· အသို့တုံနည်း၊ ငါ့သားကြီး ဥပတိဿသည် တခွန်းသောစကားကိုမျှ မဆိုပြီတကား'' ဟု ခြေတော်ကို ဆုပ်နယ်သုံးသပ်သော်ပရိနိဗ္ဗာန်စံယူသောအဖြစ်ကိုသိ၍သည်းစွာသောအသံကိုဟစ်လျက် ''ချစ်သား ဥပတိဿ··· ရှေးကာလက ငါ့သား၏ ကျေးဇူးဂုဏ်အင်ကို မိခင်မသိရပါ၊ယခုမှသာသိရပါတော့သည်၊ဥစ္စာဓနကြွယ်ဝပေါများပါလျက် သားရတနာကိုအမွန်ထား၍ ဘုရားသခင်နှင့်တကွအသိန်း,အသန်းမကသော ရဟန်းသံဃာကို မိခင်အိမ်မှာ တကြိမ်မျှစည်းဝေး၍ မလုပ်ကျွေး, မလှူဒါန်းရပါလေ၊ တထည်သော သင်္ကန်း, တဆောင်သောရုပ်ဂူမ်းကိုမျှ မလှူဒါန်းလိုက်ရပါလေ''ဟု ငိုကြွေး၏။

မိုးသောက်သောအခါ အရာမျှလောက်သော ရွှေပန်းယမ်သည်တို့ကိုခေါ်၍ လှော်ပြီးသော ရွှေစင်တသိန်းကိုအပ်လျက် စုလစ်မွန်

ညွှန်တပ်သော ပြာသာဒ်ငါးရာတို့ကိုငှင်း,စေတီတလားငါးရာတို့ကိုငှင်း ကောင်းစွာလုပ်ဆောင်စေ၏၊ သိကြားမင်းလည်း ဝိသုကြံနတ်သားကို ခေါ်၍"အချင်းဝိသုကြံနတ်သား.... တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံယူရာ၌ တင့်တယ်စွာသော ပြာသာဒ်တို့ကို ဘန်ဆင်း၍ပေးချေ"ဟု စေလိုက်၏။

မယ်တော်က လုပ်ဆောင်သော ပြာသာဒ်တထောင်, ဝိသုကြံနတ်သား ဘန်ဆင်းသောပြာသာဒ်တထောင်၊၎င်းနှစ်ထောင်သောပြာသာဒ်တို့သည် ဖြစ်လေကုန်၏၊ ထိုနောက်မှမြိုလယ်၌ မဏ္ဍပ်ကြီးကိုဆောက်စေ၍ ထိုမဏ္ဍပ်တွင်း၌ ပြာသာဒ်နှစ်ထောင်တို့ကို စီကာ, စီကာထား၍ တပါးသောပြာသာဒ်မှသည် တပါးသောပြာသာဒ်သို့ပြောင်းကာ, ပြောင်းကာ များစွာပူဇော်ကုန်၏၊ နတ်တို့သည် လူတို့၏အကြား၌ လူတို့သည် နတ်တို့၏အကြား၌ သွားလာလှည့်ပတ်ကြကုန်၏။

လူအပေါင်းတို့သည်လည်း ကောင်းချီးပေးကာ လွန်စွာဝမ်းသာလျက် နံ့သာအမျိုးမျိုးတို့ကိုရုံးစုလျက်ပြုကြသော ထင်းပုံကား-ကိုးဆယ့်ကိုးတောင်မြင့်သည်၊ အလောင်းတော်ကို ထင်းပုံထက်၌ ခုနစ်ရက်ပတ်လုံးပူဇော်ပြီးမှ သင်းချိုင်း၌ တညပတ်လုံးတရားနာခြင်း,အလှူပေးခြင်းကိုပြု၏၊အရှင်အနုရုဒ္ဓါသည် နံ့သာရေဖြင့် မီးကိုငြိမ်းစေ၏၊ရှင်စုန္ဒသည် ဓာတ်တော်ကို ရေစစ်ဖြင့်ထည့်ဆောင်၍ ငါ့နောင်တော်၏ ပရိနိဗ္ဗာန်ပြုခြင်းကို ဘုရားသခင်အား လျှောက်ကြားအံ့ဟု အရှင်သာရိပုတ္တရာ၏ သပိတ်,သင်္ကန်းကိုယူ၍ သာဝတ္ထိပြည်သို့လာခဲ့၏။

ရောက်သောအခါ မြတ်စွာဘုရားအထံတော်သို့ မဝင်ဦးဘဲ လေးထောင့်ကန်ထဲ၌ ရေချိုး၍ ကောင်းစွာဝတ်ရုံပြီးမှ ဘုရားသခင်တို့မည်သည်ကို ကျောက်ထီးကဲ့သို့ အလေးအမြတ် ပြုအပ်လှချေသည်၊ ငါသည် ဘုရားရှင့်ထံ အဖြောင့်သွား၍ လျှောက်ကြားခြင်းငှါ မသင့်သေး၊ ငါ၏ဥပဇ္ဈာယ်ဖြစ်သော ရှင်အာနန္ဒာ၏ထံသို့ကပ်၍ ထိုအရှင်မြတ်နှင့်တကွ ဘုရားထံတော်သို့ဝင်အံ့-ဟု ကြံပြီးလျှင် အရှင်အာနန္ဒာ အထံသို့သွား၍"နောင်တော်ကြီးသည် ပရိနိဗ္ဗာန်လွန်ချေပြီ၊၎င်းကား-သပိတ်, သင်္ကန်းပါတည်း၊၎င်းကား-ဓာတ်တော်ပါတည်း"ဟု လျှောက်ကြား၏။

အရှင် အာနန္ဒာလည်း အရှင် စုန္ဒနှင့်တကွ ဘုရားထံသို့ ကပ်၍ အတ္ထုပ္ပတ္တိ အလုံးစုံကို လျှောက်ကြားလျက် ဓာတ်တော်သပိတ်များ ကိုပြ၏၊ ဘုရားသခင်လည်း ဆဒ္ဒန်ဆင်မင်း၏ နှာမောင်းနှင့် တူသော လက်တော်ကိုဆန့်လျက် လက်ဝါးပြင်၌ ဓာတ်တော်ကို ထားပြီးမှ "ချစ်သားရဟန်းတို့.. ယမန်နေ့၌ပင် ရှေ့တော်တွင် တန်ခိုးပြာဋိဟာကို ပြ၍ လူ,ရဟန်းတို့အား တရားဓမ္မ ဆုံးမပေးသော ငါ့သားတော်ကြီး သည် သခ်ါရမီးငြိမ်းခဲ့ရကား ဓာတ်အစုမျှသာ ထင်ချေတော့သည်၊ သင်တို့လည်း မပေါ့လင့်ကုန်၊ ဤချစ်သား သာရိပုတ္တရာသည် တသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီကိုဖြည့်သဖြင့် အဂ္ဂသာဝကအဖြစ်သို့ ရောက် လာရကား ပညာအရာ၌ ငါဘုရားကိုထား၍ ကိုးစား ထိုက်သော သူတည်း၊စကြဝဠာပေါင်း တသောင်းအတွင်း၌ တစုံတယောက်မျှ မရှိ၊ ဤသူသည် ကြီးသော ပညာလည်းရှိ၏၊ ရွှင်သောပညာ, လျင်သော ပညာ,ထက်မြက်ထိုးထွင်း တခဏခြင်းမြင်နိုင်သော ပညာလည်း ရှိ၏၊ အလိုနည်း၏၊ ရောင့်ရဲလွယ်၏၊ ဆိတ်ငြိမ်ရာ၌ မွေ့လျော်၏၊ သူတော် ကောင်းမှန်လှပေ၏၊ အကျိုးစီးပွါး၌ အားထုတ်သော လုံ့လရှိပေ၏၊ မကောင်းမှုပြုသော သူတို့ကို ကဲ့ရဲ့တတ်၏၊ မြေကြီးနှင့်တူသော သည်းခံ ခြင်းရှိ၏၊ ချစ်သားတို့....သို့စဉ်ကျေးဇူးဂုဏ်နှင့် ပြည့်စုံသော ငါ့သား သာရိပုတ္တရာ ဓာတ်တော်ကို ကြည့်ကြကုန်လော့"ဟု ဂါထာငါးရာတို့ ဖြင့် ရှင်သာရိပုတ္တရာကို ချီးမွမ်းတော်မူ၏။

ထိုအခါ ရှင်အာနန္ဒာလည်း မြတ်စွာဘုရား ချီးမွမ်းတော်မူသည်ကို ကြားရလျှင် အသည်းကြားမှ လှိုက်၍,လှိုက်၍ ရှိုက်ငင် ငိုကြွေး၏၊ဘုရား သခင်လည်း "ချစ်သား အာနန္ဒာ....ရှေးမဆွက သင့်အား ငါဟော ကြားပြီးသည် မဟုတ်လော့၊ အဘယ်ကြောင့် ငိုကြွေးဘိသနည်း၊အမိ, အဘ, နှမ, အစ်ကို အစရှိသော ချစ်ခင်အပ်သော သူတို့နှင့် နာနာ ဘာဝ, ဝိနာဘာဝ-ဟု ဆိုအပ်သော ရှင်သဖြင့် ကွေကွင်းရခြင်း,သေသ ဖြင့် ကွေကွင်းရခြင်း သဘောတရားကို မနွှာငေါးပေး ရှုသေးသမျှ ပွေပြုံရသည် ချည်းတည်း၊ ငါဘုရားမှသော်လည်း တော...ပြောမျှ မပြုမ လေရော၊ ထို့ကြောင့် ငိုကြွေးမြည်တမ်းသဖြင့် မသင့်သည်သာတည်း"

ဟု တရားဓမ္မ ပြတော်မူ၍ သက်သာရာကို ရစေ၏၊ ဘုရားသခင်လည်း အရှင်သာရိပုတ္တရာ၏ ဓာတ်တော်တို့ကို သာဝတ္ထိပြည်တွင် စေတီတည်ထားစေတော်မူ၏။

---

## ၃၀။ အရှင်မောဂ္ဂလာန်မထေရ် ပရိနိဗ္ဗာန်စံဝင်တော်မူခဏ်း

မြတ်စွာဘုရား သခင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် သီတင်းသုံးနေတော်မူသောအခါ လက်ဝဲတော်ရံ ရှင်မောဂ္ဂလာန်သည် ဘုရားသခင် ဝေဠုဝရွာ၌ ဝါဆိုတော်မူသောအခါကပင် ရာဇဂြိုဟ်ပြည်၏အနီးဖြစ်သော ဣသိဂိလိမည်သော တောင်၏နံပါး ကာဠမည်သောကျောက်ဖျာထက်၌ သီတင်းသုံးနေတော်မူ၏၊ ထိုအရှင်မောဂ္ဂလာန်သည် တရံ,တရံသောအခါလည်း အထက်နတ်ရွာသို့ ဒေသစာရီ ကြွချီတော်မူ၍ နေ့သန့်တော်မူသည်၊ တရံ,တရံသောအခါလည်း ငရဲရွာသို့ကြွတော်မူသည်၊ ယင်းသို့ကြွတော်မူရာ အထက်နတ်ရွာ၌ မြတ်စွာဘုရား၏ တပည့်သား အလုပ်အကျွေးဖြစ်ကုန်သော ယောကျ်ား, မိန်းမတို့သည် ကြီးကျယ်လှသောစည်းစိမ်ဗိမာန်ဖြင့် ပျော်စံကြသည်ကို တွေ့မြင်ခဲ့ရ၍ လူ့ပြည်သို့ လာသောအခါ “မည်သည့်ဥပါသကာသည် တာဝတိံသာ နတ်ပြည်၌ဖြစ်၏၊ မည်သည့်ဥပါသိကာသည် ယာမာ,တုသိတာနတ်ပြည်၌ ကြီးစွာသော စည်းစိမ်ကိုခံစားရ၏”ဟု လူတို့အားပြောကြား၏၊ငရဲပြည်မှပြန်လည်သောအခါလည်း “အညတိတ္ထိယတို့၏ အလုပ်အကျွေးဖြစ်သော မည်သည့် ဒါယကာသည် သိဥ္စိုဝ်းငရဲ၌ ဆင်းရဲကြီးစွာခံရသည်ကို ငါမြင်ခဲ့၏၊မည်သည့်ဒါယကာ,မည်သည့်ဒါယိကာမတို့သည် ကာလသုတ်ငရဲ၌ ဆင်းရဲခံရသည်ကိုငါမြင်ခဲ့၏”၊ဤသို့စသည်ဖြင့် လူတို့အားပြောကြား၏။

ထိုစကားကို လူတို့ကြားရသော် ဘုရားရှင့်အယူဝါဒသို့သာ လိုက်၍ သာသနာတော်၌သာ ကြည်ညိုလေးမြတ်ကုန်၏၊တိတ္ထိတို့ကို မကြည်ညို, မလှူဒါန်းကုန်၊ထို့ကြောင့်ဘုရားသခင်တပည့်သားသံဃာတော်တို့၌သာ

များစွာသော လာဘ်ပူဇော်သကာဖြစ်၍ တိတ္ထိယသာဝကတို့ကား-စားရာမဲ့, သောက်ရာမဲ့ ကြီးစွာဖြစ်လေကုန်၏။

ထိုအခါ တိတ္ထိအများတို့သည် ရှင်မောဂ္ဂလာန်အား ကြီးစွာသော ရန်ငြိုးကိုထား၍ ဤရဟန်းသေမှသာလျှင် ငါတို့လာဘ်ပူဇော်သကာရှိ ချေတော့မည်။မသေမကြေ အသက်ရှည်မူ ငါတို့ဒါယကာများပင် ငါတို့ အား သဒ္ဓါတရားပျက်ချိမ့်မည်ဟုကြံ၍ အရှင်မောဂ္ဂလာန်ကို သတ်စေ ခြင်းငှါ ရဲရင့်သန်စွမ်းသောခိုးသူကိုရှာသော် ရှန့်ရင်းကြမ်းကြုတ်စွာ ရတနာသုံးပါး ကျေးဇူးဂုဏ်ကိုမသိသော သမဏဂုတ္တိက မည်သော ခိုးသားကိုတွေ့၍ ထိုခိုးသားအား သပြာတထောင်ဖြင့်ငှါး၏။

သမဏဂုတ္တိက ခိုးသားလည်း များစွာသော အခြံအရံနှင့်တကွ ညအခါ ရှင်မောဂ္ဂလာန်ရှိရာသို့သွားလေ၏၊အရှင်မြတ်လည်း ခိုးသား လာကြောင်းကိုသိလျှင် စတုတ္ထဈာန်ဝင်စားလျက် ကောင်းကင်၌စကြံ ကြွ၍နေတော်မူ၏၊ခိုးသားတို့လည်းအရှင်မြတ်ကိုမတွေ့၍ ပြန်ခဲ့ပြီးလျှင် နောက်ညတဘန် သွားကြပြန်၏၊ အရှင်မောဂ္ဂလာန်လည်း ယုဂန္ဓိုရ်၊ တောင်ညွန့်သို့ကြွ၍ နေတော်မူ၏၊ ဤသို့သောနည်းအားဖြင့် ခြောက် ည၌ပတ်လုံး ခိုးသားတို့သွားသော်လည်း တန်ခိုးတော်ဖြင့်သာ ရှောင် ရှားလျက် ခုနစ်ရက်မြောက်သောအခါ ရှေးအပရာပရိယဝေဒနိယ ဖြစ်သော ဥပပီဠကကံသည် နှိပ်နယ်ခြင်းငှါ အခွင့်သာလေရကား-မရှောင်ရှားနိုင်ဘဲ ခိုးသားတို့ညှဉ်းဆဲသည်ကိုခံရလေ၏။

ထိုအရှင်အားလည်း အဘယ်သို့သော ရှေးဝဋ်ကြွင်းရှိလေသနည်း ဟူမူကား - ရှေးသောအခါ မဂရွှောဥ္ တဦးသောအမျိုးသားဖြစ်၍ မလိမ်မာသော မယားစကားကို နားထောင်မှားသဖြင့် မျက်စိမမြင် သော မိဘနှစ်ပါးကိုသတ်ခြင်းငှါ ရွာတပါးသို့သွားလိုသော အခြင်း အရာဖြင့် ယာဉ်သာထက်တင်၍ ဆောင်လေ၏၊ တောအုပ်သို့ရောက် သောအခါ ခိုးသားတို့လာသော အမှုအရာကိုပြု၍ မိဘနှစ်ပါးတို့အား ရိုက်ပုတ်ခတ်၏၊မိဘနှစ်ပါးတို့ကလည်း“ချစ်သားတို့….ငါတို့အား ခိုးသား တို့ ရိုက်သတ်လေပြီ၊ အမြောင်သာ လွတ်ရာသို့ပြေးလေတော့”ဟုဆို၍ သားကို မရိုက်စိမ့်သောငှါ တောင်းပန်ခါ ငိုကြွေး၏။

ထိုအခါ "ငါ၏မိဘတို့သည် ဤမျှလောက်နာကျင်ကြွားသော်လည်း ငါ၏အလို့ငှါသာ တောင်းပန်ကာငိုကြွေးပေကုန်၏၊သို့စဉ်ချစ်ခင်သော ကျေးဇူးရှင်နှစ်ပါးတို့အား ငါပြစ်မှားခြင်းသည်မသင့်ပေ"ဟု ကြံပြန်၍ ခိုးသားတို့သွားဟန်ပြုပြီးမှ မိဘဖျက်မမြင်နှစ်ပါးကို ကြည်နူးစုံမက်စွာ သက်သာရာကိုရစေ၍ ခြေလက်ဆုပ်နယ်ခြင်းကိုပြုပြီးမှ လှည်းထက်သို့ တင်၍ အိမ်သို့တဘန် ဆောင်ခဲ့ပြန်၏။

ထိုမကောင်းမှုကံသည် ကမ္ဘာရှည်လျားစွာ အကျိုးပေးခွင့်မသာဘဲ ပြာလွှမ်းသောမီးခဲကဲ့သို့ရှိ၍ ဤပစ္ဆိမဘဝ၌ အကျိုးပေးခွင့် ရလေရကား သိကြားမင်းနေရာ ဝေဇယန္တာပြာသာဒ်ကိုလျက် ခြေမတော်ဖျားဖြင့် လှုပ်ရှားခြင်းငှါစွမ်းနိုင်သော, နန္ဒောပနန္ဒနဂါးစသော သူတို့ကိုလျက် နှိပ်စက်ကွပ်ညှပ်၍ မြတ်သောတရားဓမ္မဖြင့်ဩဝါဒပေးခြင်းငှါ စွမ်းနိုင်သောတန်ခိုးတော်အဟုန်သည် ကုန်ခန်းလေသဖြင့် အသေသတ်ခြင်းငှါလာသောခိုးသားတို့လက်ထဲ၌ရိုက်နှက်ညှဉ်းဆဲခြင်းကိုခံရလေ၏။

အရိုးတော်တို့သည် မှုန့်မှုန့်ညက်ညက်ကြေ၍ ဂွမ်းအိတ်ကဲ့သို့နေမှ သေပြီ-ဟူသောအမှတ်ဖြင့် ပစ်ထား၍ ခိုးသားတို့ သွားကြလေကုန်၏၊ ထိုခိုးသားတို့လည်း မိမိတို့အိမ်သို့မရောက်မီပင် အရှင်မြတ်ကိုပြစ်မှားမိသော အနန္တရိယကံကြောင့် တောင်ကမ်းပါးယံကြားတွင် မြေမျို၍ အဝီစိငရဲသို့ရောက်လေ၏။

အရှင်မောဂ္ဂလာန်လည်း အတန်ငယ်သတိရသောအခါ ဈာန်သမာပတ်အဟုန်ဖြင့် အလုံးစုံသောကိုယ်ကိုခန့်ကျန်း၍ ဘုရားအထံတော်သို့လာပြီးသော် ကိုယ်တော်မြတ်ကို ရှိခိုးကန်တော့လျက် "အကျွန်ုပ်သည် ပရိနိဗ္ဗာန်ပြုခါတန်ချေပြီ၊ ခွင့်ပြုတော်မူပါ"ဟု လျှောက်ကြား၍ ထိုဣသိဂိလိတောင်နံပါး၌ပင် ပရိနိဗ္ဗာန်စံလွန်တော်မူ၏။

ထိုခဏ၌ စတုမဟာရာဇ်စသော နတ်ပြည်ခြောက်ရွာဝယ် "ငါတို့ဆရာဖြစ်သော အရှင်မောဂ္ဂလာန်သည် ပရိနိဗ္ဗာန်ပြုချေပြီ" ဟု အုတ်အုတ်ကျက်ကျက် တပြိုင်နက်သောကောလာဟလသည်ဖြစ်၏၊ရာဇဂြိုဟ်ပြည်သူလူအပေါင်းတို့လည်း သောင်းသောင်းညာညာ စည်းဝေးကြ၍ ပန်းနံ့သာစသည်တို့ကို ပူဇော်ကုန်သည်၊တင်းတလားစသည်ကို စုပုံကုန်

သည်၊ စန္ဒကူးထင်းပုံကား-ကုဋေဆယ့်ကိုးတောင် အမြင့်ဆောင်၏၊ဘုရား သခင်လည်း သံဃာအပေါင်းနှင့်တကွ ကြွ၍မ၍ သင်္ဂြိုဟ်တော်မူသည်။

ထိုအခါသင်္ဂြိုဟ်ရာဌာနမှ ထက်ဝန်းကျင် တယူဇနာမျှသောအရပ်၌ နတ်တို့၏ ပန်းမိုးယိုး, နံ့သာမိုးယိုးတို့ ရွာကုန်သည်၊ လူတို့၏အကြား၌ နတ်တို့သွားလာသည်ကိုမြင်ရကုန်သည်၊ ခုနစ်ရက်ပတ်လုံး အလောင်း တော်ကို ပူဇော်ချီးပပြီးမှ မီးသင်္ဂြိုဟ်တော်မူသည်၊ ထိုဓာတ်တော်ကိုယူ၍ ဝေဠုဝန်ကျောင်းတော် တံခါးမုတ်ဝ၌ စေတီတည်စေသည်။

ယင်းသို့ အရှင်မောဂ္ဂလာန်အား ဘုရားကိုယ်တော်တိုင် ကြွ၍မ၍ သင်္ဂြိုဟ်သောအရာကို သံဃာတော်တို့ ချီးမွမ်းကြသော စကားစပ်တွင် "သင်တို့၏အစ်ကိုလတ်ဖြစ်သော ချစ်သားမောဂ္ဂလာန်၏အလောင်းကို ကောင်းမွန်ကြီးကျယ်စွာ ယခုဘဝသာလျှင် ငါသင်္ဂြိုဟ်ရသည်မဟုတ် သေး၊ရှေးသောအခါ ငါဘုရားသည် သရဘင်္ဂရသေ့ဖြစ်၍ မောဂ္ဂလာန် သည် ကိသဝစ္ဆရသေ့ဖြစ်သောအခါ၌လည်း ဤနည်းအတူသာ ငါသင်္ဂြိုဟ်ရဘူးပြီ"ဟု အဋ္ဌုပ္ပတ္တိကိုပြ၍ သရဘင်္ဂဇာတ်ကို ဟော တော်မူသတည်း။

ဤသည်လျှင် လက်ဝဲတော်ရံ ရှင်မောဂ္ဂလာန်၏
ပရိနိဗ္ဗာန်စံယူတော်မူခန်း
အပြီးသတ်တည်း။

# ဤတွင် ရွှေပြည်ဝင်ဝတ္ထု

# ပြီး၏။

အမှတ် ၂၂၈၄၉
ရက်စွဲ..................

“ [illegible] ”

ဝံသော - [illegible]

ဟူသော [illegible] ဖြစ်၏။

“ဝံသော တန္တိ ပဝေဏီ” ဟူသော [illegible]

အညီ ဖြစ်စဉ် ဖြစ်ရပ် အကြောင်းအရာများကို ဖော်ပြသော

ကျမ်းများသည် “ဝံသကျမ်း” မည်၏။

ထိုဝံသကျမ်းသည် -

၁။ ဗုဒ္ဓဝင် ၂။ အနာဂတဝင် ၃။ ဒီပဝင်

၄။ မဟာဝင် ၅။ ဓာတုဝင် ၆။ ဒါဌာဓာတုဝင်

၇။ နလာဋဓာတုဝင် ၈။ ထူပဝင်

၉။ ရွှေပြည်ဝင် နှင့် ကမ္ဘ

ဆကေသဓာတုဝင်, သာသနဝင်,

ဂန္ဓဝင်, ရာဇဝင် စသည်ဖြင့်

များစွာရှိလေသည်။

သဗ္ဗညုတဉာဏ်ရှင် မြတ်စွာဘုရားသခင်နှင့် တကွ
နှစ်ပါးသော အဂ္ဂသာဝက အစုံတို့၏
ပရိနိဗ္ဗာန် ပြုတော်မူပုံ
အကြောင်းစုံအဋ္ဌုပ္ပတ်ကို ပြဆိုအပ်သည့်
ဝင် ၉-ဝင် အဝင်အပါ

# ရွှေပြည်ဝင်ဝတ္ထု

၆၈

ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ)
ပဓာနနာယက၊ မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်၊ ရန်ကုန်
၉-ဗိုလ်မောင်ထွေးချုပ်ဆရာတော်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ
အများသူငါ ဗဟုသုတဖြစ်စိမ့်သောငှါ
ပြန်လည်ကူးယူ ဓမ္မဒါနပြု လှူဒါန်းပါသည်